www.burmeseclassic.com

# ဦးသန်းရွှေ
သို့မဟုတ်
# နေပြည်တော်မင်းသားကြီး

သန်းဝင်းလှိုင် (V)



www.burmeseclassic.com

www.burmeseclassic.com

# ဦးသန်းရွှေ
(သို့မဟုတ်)

# နေပြည်တော်မင်းသားကြီး

---

Ⓥ
သန်းဝင်းလှိုင်

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ဖြန့်ချိရေး** – လွင်ဦးစာပေ (လှည်းတန်း)

ပထမအကြိမ်၊ ၂၀၁၄၊ မေလ

**အုပ်ရေ** – ၅၀၀

**မျက်နှာဖုံးဒီဇိုင်း**

ဇော်မောင်

**ထုတ်ဝေသူ**

ဦးလွင်ဦး (မြ–၀၄၉၅၈၁)

အမှတ် ၁၃၅၊ ရဲဘော်သုံးလမ်း၊ ဖော့ကန်ရပ်ကွက်၊

အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ (မြ–၀၇၉၅၈)

အမှတ် (၁၄၀)၊ ၄၅ လမ်း၊ ရန်ကုန်မြို့။

**တန်ဖိုး – ၂၅၀၀ ကျပ်**

**စာအုပ်ကတ်တလောက်အညွှန်း (CIP)**

၉၂၃.၂

သန်းဝင်းလှိုင်

ဦးသန်းရွှေ (သို့မဟုတ်) နေပြည်တော်မင်းသားကြီး/

သန်းဝင်းလှိုင်။ – ရန်ကုန်။

လွင်ဦးစာပေ (လှည်းတန်း)၊ ပထမအကြိမ်၊ ၂၀၁၄။

၂၂၄ စာ၊ ၁၃.၃ x ၂၀.၉ စင်တီ။

(၁) ဦးသန်းရွှေ (သို့မဟုတ်) နေပြည်တော်မင်းသားကြီး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

– နိဒါန်း ၃
– နောက်ခံသမိုင်း ၆၃
အခန်း (၁)
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဘဝ အရင်းဦး ၁၀၁
အခန်း (၂)
တပ်ချုပ်ကြီးဘဝ ၁၀၉
အခန်း (၃)
ဗိုလ်ချုပ်မှူးကြီး သန်းရွှေမိသားစု ၁၁၇
အခန်း (၄)
အာဏာရှင်ဘဝ၏အစ ၁၂၁
အခန်း (၅)
စစ်သက်ရှည် ဗိုလ်ချုပ်မှူးကြီး ၁၅၅
အခန်း (၆)
ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား အရေးယူလိုက်ခြင်း ၁၆၇
အခန်း (၇)
အာဏာရှင်လက်ထက် လက်ဝါးကြီးအုပ်ထားသော
စီးပွားရေးလုပ်ငန်းများ ၁၈၅
အခန်း (၈)
နေပြည်တော်တည်ဆောက် ၁၉၅
စာရေးသူ၏အတ္ထုပ္ပတ္တိ ၂၁၁

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



နအဖခေတ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏အကြောင်းကို ရေးသားရသည်မှာ မလွယ်ကူလှပေ။ မြန်မာ့စာပေလောက၌ သူ့အကြောင်း တရားဝင်ရေးသားထုတ်ဝေသော စာအုပ်ဟူ၍ မရှိသလောက်ပင်ဖြစ်သည်။ သူနှင့်ပတ်သက်၍ The Irrawaddy အပတ်စဉ် ဂျာနယ်၌ ယင်းဂျာနယ် တည်ထောင်သူနှင့် အယ်ဒီတာချုပ် အောင်ဇော် ရေးသားခဲ့သော "အာဏာရှင်များနှင့် မြန်မာ့တပ်မတော်" အခန်းဆက်ဆောင်းပါးတွင်သာ တစ်စွန်းတစ်စ ပါရှိသည်။

ထိုင်းနိုင်ငံရှိ Silkworm စာအုပ်တိုက်မှ ၂၀၁၀ ပြည့်နှစ်က ထုတ်ဝေပြီး ဘင်နဒစ် ရော်ဂျာစ် (Benedict Rogers) ရေးသားခဲ့သော Than Shwe: Unmasking Burma's Tyrant (ဦးသန်းရွှေ၊ မြန်မာ့နိုင်ငံ၏ မင်းဆိုးမင်းညစ် တစ်ဦးကို မျက်နှာဖုံး ခွာကြည့်ခြင်း) စာအုပ်၌လည်း ဦးသန်းရွှေနှင့်ပတ်သက်၍ အချက်အလက် အတော်များများမှာ မှားယွင်းနေသည်ကို တွေ့ရသည်။ ဘင်နဒစ်ရော်ဂျာစ်သည် ဗြိတိန်အခြေစိုက် ကမ္ဘာတစ်ဝန်းရှိ ခရစ်ယာန်ဘာသာဝင်များ သွေးစည်းညီညွတ်ရေးအဖွဲ့ (Christian Sdidarity World wide)၌ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသူဖြစ်ပြီး ထိုင်းမြန်မာ နယ်စပ်တစ်လျှောက်၌ တိုင်းရင်းသားလူမျိုးများအရေးကို ကာလရှည်ကြာစွာ ဆောင်ရွက်ခဲ့သူဖြစ်သည်။ သူသည် နိုင်ငံတကာထုတ် နယ်ဇင်းများ၌ မျက်မှောက်ခေတ် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို အများအပြားကို ရေးသားနေသူလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးသန်းရွှေ (သို့မဟုတ်) နေပြည်တော်မင်းသားကြီး



www.burmeseclassic.com

www.burmeseclassic.com





၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံ

သူရေးသားခဲ့သော "ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (သို့မဟုတ်) မြန်မာနိုင်ငံ၏ မင်းဆိုးမင်းညစ်တစ်ဦးကို မျက်နှာဖုံးခွာကြည့်ခြင်း"ဟု အမည်ပေးထားသော စာအုပ်၌ အခန်း (၁၅)ခန်းခွဲကာ သူ လက်လှမ်းမီသရွေ့ မေးမြန်းစုံစမ်းရရှိခဲ့သော အချက်အလက်များကို အခြေခံ၍ ရေးသားထားသည်ဟုဆိုသည်။ အဆိုပါ စာအုပ်တွင် အငြင်းပွားဖွယ် အချက်အလက်အများအပြား ပါဝင်နေသည့်အပြင် အတည်ပြုရန်ခက်သော အချက်များလည်း ပါရှိနေသည်။ ယင်းစာအုပ်ကို လွတ်လပ်သော အာရှ ရေဒီယို(RFA) မြန်မာနိုင်ငံအစီအစဉ် လေလှိုင်း စာအုပ်စင်၌ အောင်သူငြိမ်းက စာအုပ်ထွက်ပြီး မကြာမီမှာပင် အသံလွှင့်ဆောင်းပါးအဖြစ် ထုတ်လွှင့်ခဲ့ပြန်သည်။

## အခန်း (၁)

## နိဒါန်း

ရော်ဂျာစ်၏ စာအုပ်အဖွင့် နိဒါန်းတွင် အင်တာနက် ဂူးဂဲလ် အွန်လိုင်း စာမျက်နှာ၌ ကမ္ဘာတစ်ဝန်းမှ အာဏာရှင်များအကြောင်း အလွယ်

www.burmeseclassic.com

www.burmeseclassic.com



တကူ ရှာဖွေနိုင်သော်လည်း မြန်မာနိုင်ငံ၌ စစ်အာဏာရှင်ကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အကြောင်းအရာများမှာတော့ ပျောက်နေသည်ဟုဆိုသည်။ ထို့ကြောင့် လစ်လပ်နေသောဟာကွက်ကို ဖြည့်ဆည်းသည့်အနေဖြင့် ဤစာအုပ်ကို ရေးသားခဲ့ရကြောင်း ရေးသားဖော်ပြထားသည်။

## အခန်း (၂)
## စာပို့သမားဘဝမှ အာဏာရှင် ဖြစ်လာခြင်း

စာအုပ်အခန်း (၂)၌ စာပို့သမားတစ်ဦးမှ အာဏာရှင်ဖြစ်လာခြင်းခေါင်းစဉ်ငယ် တပ်ကာ ရေးသားထားသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏အကြောင်းအရာ အတ္ထုပ္ပတ္တိကို နိုင်ငံပိုင်သတင်းစာများက တရားဝင် ဖော်ပြရေးသားထားမှုမှာ အနည်းအကျဉ်းသာရှိကြောင်း၊ သူ့ဘဝ အကြောင်းနှင့်ပတ်သက်၍ သူကိုယ်တိုင် ရေးသားဖော်ထုတ်မှုကလည်း မရှိသလောက်ဖြစ်ကြောင်း၊ သူနှင့်အတူ လုပ်ကိုင်ခဲ့သော ပုဂ္ဂိုလ်၊ တပည့်တပန်းများလည်းသူ့အကြောင်း စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားမှုမျိုး မရှိသည့်အပြင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင်က သိုသိုသိပ်သိပ် နေထိုင်တတ်သူ ဖြစ်ကြောင်း။

သူသည် ဗိုလ်ချုပ်မှူးကြီး ဖြစ်မလာခင် အစောပိုင်းကာလ၌ လူဆိုးလူမိုက်ကြီးတစ်ဦး မဟုတ်ခဲ့ကြောင်း၊ လွန်မင်းစွာ ပပလွှားလွှား စည်းစိမ်ဥစ္စာ ခံစားလိုသည့် လူစားမျိုးလည်း မဟုတ်ခဲ့ကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၃၀ က သိကျွမ်းခဲ့သော ပုဂ္ဂိုလ်များ၏ ပြောဆိုချက်အရ သူ့ဘဝသည် သာမန်လူများနှင့် သိပ်မကွာလှဘဲ ရိုးရိုးရှင်းရှင်းနိုင်လှကြောင်း၊ ရိုးရိုးကုပ်ကုပ်သာ ကျိုးကျိုးနွံနွံ နေလေ့ရှိကြောင်း၊ သူသည် ဇင်ဘာဘွေနိုင်ငံမှ အာဏာရှင်ကြီး မူဂါဘီနှင့်စရိုက်လက္ခဏာအတော်ဆင်ကြောင်း။

သူ အဘယ့်ကြောင့် အာဏာရှင်ဖြစ်သွားခဲ့သနည်း ဆိုသည့် မေးခွန်းကို ထုတ်ရင်း သူတွေးမိသည်မှာ လော့ဒ်အက်တွန် (Lord Acton) ပြောကြားခဲ့သော "အာဏာသည် လူကို ပျက်စီးစေသည်၊ အကြွင်းမဲ့အာဏာသည် လူကို ပို၍ ဆိုးရွားစွာ ပျက်စီးစေသည်" ဟူသော နာမည်ကျော် စကားတစ်ခွန်းကဲ့သို့ အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပျက်နှာဖုံးကို

www.burmeseclassic.com

www.burmeseclassic.com





ကမ္ဘာကို ကိုင်လှုပ်ခဲ့သော ဒီမိုကရေစီ အရေးတော်ပုံအတွင်း ဆန္ဒပြနေကြသည်။

ခွာကြည်ရန် ကြိုးစားကြည့်ရာမှ အဆိုပါစာအုပ်ကို ရေးသားပြုစုရန်ဆန္ဒဖြစ်ပေါ်လာကြောင်း၊

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာပြည်အထက်ပိုင်းက ကျောက်ဆည် သားဖြစ်ပြီး ၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် နေ့၌ ဖွားမြင်သည်ဟု ဆိုသည်။ သူ၏ ငယ်စဉ်ဘဝအကြောင်းကလည်း သိသူ အလွန်နည်းလှသည်။ သူ့တွင် မွေးချင်း ဘယ်နှဦးရှိသည်ကိုပင် အတိအကျ မသိကြချေ။ အချို့က သူ့ကို မြင်းစု ဟုခေါ်သော ရွာငယ်တစ်ရွာ၌ ဖွားမြင်သည်ဟု ဆိုသော်လည်း ဗိုလ်ချုပ်သန်းရွှေနှင့်နီးစပ်သည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကမူ သူ့ကို ညောင်ခြေထောက် ဟုခေါ်သော မြို့ငယ်တစ်ခု၌ မွေးဖွားခဲ့သည်ဟု ပြောပြခဲ့ကြောင်း၊ နောက်ပိုင်းတွင် ကျောက်ဆည်နယ်အတွင်း ပေါင်းစည်း လာသည့်မြို့ဟုလည်း ဆိုသည်။ ကျောက်ဆည်ဒေသသည် ပူပြင်းခြောက်သွေ့သည့် မြေပြန့်ဒေသဖြစ်သည်။ ဒေသခံတို့သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက ထားကာ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ရန်ကုန်–မန္တလေး မီးရထား လမ်းပေါ်၌တည်ရှိ၍ ရှမ်းပြည်နယ်မှ ဧရာဝတီမြစ်တွင်းသို့ စီးဝင်သော ဇော်ဂျီချောင်းမှ ရေကိုသာ မှီခိုအားထားနေရကြောင်း

www.burmeseclassic.com



ကျောက်ဆည်တွင် လှူဝင်ပြီး ကရသည့် 'ဆင်ရုပ်ကပွဲ'သည် အထူးပင် နာမည်ကျော်လှသည်ဟု ဆိုသည်။

သိရှိသူများ ပြောဆိုချက်အရ ဗိုလ်ချုပ်သန်းရွှေ၏ မိဘများသည် ဆန်စပါး စိုက်ပျိုးသော လယ်သမားများဖြစ်ပြီး ဆန်အပြင် နှမ်း၊ သရက်၊ ကြက်သွန်၊ ပြောင်းနှင့် ပဲအမျိုးမျိုးကိုလည်း စိုက်ပျိုးကြသည်ဟု ဆိုသည်။ ဗိုလ်ချုပ်သန်းရွှေ မွေးဖွားကြီးပြင်းခဲ့သည့် ကာလနှင့် မြန်မာ့သမိုင်း ဖြစ်စဉ်များကိုလည်း ပြန်ပြောင်းကြည့်ပါက သူ့မမွေးခင် ၂ နှစ်ခန့်၌ ၁၉၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ကိုလိုနီနယ်ချဲ့ အုပ်ချုပ်ရေးကို မခံမရပ်နိုင်သော ဆရာစံ ခေါင်းဆောင်သည့် တောင်သူလယ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ကြောင်း၊ အဆိုပါသမိုင်းဖြစ်စဉ်များသည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအပေါ် ဩဇာလွှမ်းမိုးဖို့ မဖြစ်နိုင်ကြောင်း၊

ဗိုလ်ချုပ်သန်းရွှေ၏ ငယ်စဉ်ဘဝ ပညာရေးကလည်း သိပ်မကောင်းခဲ့ကြောင်း၊ သို့သော် စစ်အစိုးရ၏ တရားဝင် ထုတ်ပြန်ခဲ့သော အချက်အလက်များအရ ဗိုလ်ချုပ်သန်းရွှေသည် ၁၉၄၂ တွင် အခြေခံ မူလတန်းကျောင်းပြီး၍ ကျောက်ဆည် အထက်တန်းကျောင်းတွင် တက်ရောက်သင်ကြားရင်း ၁၉၅၁ ခုနှစ်တွင် အထက်တန်း စာမေးပွဲအောင်မြင်ခဲ့သည်ဟု ဆိုသည်။ အချို့ကလည်း ဉာဏ်မှုအထိ ပညာရေးအဆင့်ရှိချင်မှ ရှိမည်ဟု ဆိုကြသည်။ ထို့နောက် ကျောက်ဆည်မြို့ တောင်ဘက်မိုင် ၆၀ ကွာဝေးသော မြို့ကလေး (မိတ္ထီလာ)၌ စာတိုက်စာရေးအဖြစ် တစ်နှစ်ခန့်လုပ်ခဲ့သေးသည်ဟု ဆို သည်။ စာတိုက်စာရေးဖြစ်ရန် အနည်းဆုံး ပညာအရည်အချင်း ၁၀ တန်း အဆင့်လောက်ရှိမှ ဖြစ်နိုင်သည်မို့ သူ ၁၀ တန်းအောင်ခဲ့သည်ဟု ယူဆနိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။ မြန်မာပြည်တွင် စာတိုက်စာရေးလေး ဘဝမှ အာဏာရှင်ကြီး ဖြစ်လာခဲ့သူမှာ သူတစ်ဦးတည်း မဟုတ်ချေ။ ယခင်အာဏာရှင်ကြီး ဦးနေဝင်းသည်လည်း စာတိုက်စာရေးလေးအဖြစ် လုပ်ကိုင်ခဲ့ဖူးသည်။

## အခန်း (၃) ငယ်စဉ်ဘဝ စစ်ထဲဝင်ရောက်ခဲ့ပုံ

အခန်း (၃) ၌ ငယ်စဉ်ဘဝ စစ်ထဲဝင်ရောက်ခဲ့ပုံကို ရေးသားထားလေသည်။ ကမ္ဘာ့သမိုင်းတစ်လျှောက် ထွန်းပြောင်ခဲ့သော နိုင်ငံများ၊ အင်ပါယာ

www.burmeseclassic.com

www.burmeseclassic.com





၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက် ဒီမိုကရေစီ အရေးတော်ပုံ

များအဖြစ် ရှိခဲ့ရာ ယင်းတို့၏ နေထွက်ချိန်၊ နေဝင်ချိန်များ ရှိခဲ့ကြောင်း၊ ဘုန်းမီးနေလ တောက်စားခဲ့သော အင်ပါယာကြီးများ၏သမိုင်းကို လေ့လာကြည့်ပါက အဆိုပါသမိုင်း၌ လူစွမ်းကောင်း ယောကျ်ား၊ မိန်းမများ၏ အကြောင်းအခြင်းအရာများလည်း ဆက်စပ်ပါဝင်နေပေသည်။ ယခုကဲ့သို့ စာအုပ်အဖြစ် မှတ်တမ်းတင်ခဲ့ရသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏အကြောင်းကို ပြန်ပြောင်းကြည့်လျှင် ရာဇဝင်ထဲမှ လူစွမ်းကောင်းတစ်ဦး၏ မှတ်တမ်းကို ဖတ်ရသကဲ့သို့ မဟုတ်ကြောင်း။

သူငယ်စဉ်ကလေးဘဝ ကျောက်ဆည်မြို့၌ နေထိုင်သည့်အချိန်အတွင်း ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေချိန်နှင့် တိုက်ဆိုင်နေပေသည်။ ဗိုလ်ချုပ်သန်းရွှေ ၉ နှစ်သား အရွယ်တွင် ဂျပန်တို့မှာ ကျောက်ဆည်မြို့ကို သိမ်းပိုက်နေချိန်ဖြစ်သည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၌ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် ပြည်တွင်းစစ်မီး အကြီးအကျယ် တောက်လောင်ခဲ့သည်။ ဖဆပလအစိုးရသည် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ကိုင်းရင်းသား

www.burmeseclassic.com

www.burmeseclassic.com



အယူဝါဒပေါင်းစုံ လက်နက်ကိုင်တပ်ဖွဲ့များ ဆန့်ကျင်ပုန်ကန်တိုက်ခိုက်မှုကို ရင်ဆိုင်ခဲ့ရသည်။ ကချင်စစ်ဖိုလ် နော်ဆိုင်းတပ်များသည် ကျောက်ဆည်ကို ၁၉၄၉ ခုနှစ်တွင် သိမ်းပိုက်ထားစဉ်က ဗိုလ်ချုပ်သန်းရွှေသည် ၁၆ နှစ်သားခန့်သာ ရှိသေးသည်။ ထိုစဉ်ကာလ တိုင်းပြည် မတည်မငြိမ် ဖြစ်ခဲ့သည့် ပြည်တွင်းစစ်ဒဏ် ကြုံတွေ့ခဲ့မှုသည် ဗိုလ်ချုပ်သန်းရွှေအပေါ် မည်သို့ ရောင်ပြန်ဟပ်ခဲ့သည်ကိုတော့ အတိအကျ မပြောဆိုနိုင်ပေ။

ထို့နောက် ၅ နှစ်အကြာတွင် အထက်တန်းကျောင်း ပြီးသည့်နောက် စာတိုက်၌ စာရေးကလေး အဖြစ် တစ်နှစ်ခန့် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး မကြာမီမှာပင် သူသည်စစ်ထဲသို့ ဝင်ခဲ့ကြောင်း၊ ယင်းနောက် သူသည် O.T.Sခေါ် အလုပ်သင်ဗိုလ်လောင်းတက်ရောက်ရန် ရွေးချယ်ခံရပြီး မေမြို့ (ပြင်ဦးလွင်)၌ အလုပ်သင်ဗိုလ်လောင်း အပတ်စဉ် (၉)တွင် တက်ရောက်ခဲ့သည်။

အရာရှိလောင်း သင်တန်းများကို ဂျပန်တို့က မင်္ဂလာဒုံ၌ ၁၉၄၂ ခုနှစ်ကပင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာစစ်တပ်ကို ထိန်းချုပ်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည်။ သို့သော် O.T.S သင်တန်းများသည် အမျိုးသားရေးစိတ်ဓာတ် နိုးကြားပေါက်ဖွားရာ ဂျပန်ဆန့်ကျင်ရေး အခြေခံသင်တန်းများ ဖြစ်ခဲ့သည်ဟု မြန်မာစစ်တပ်အကြောင်း လေ့လာနေသူ ပညာရှင် မေရီကယ်လာဟန်က ရေးသားခဲ့သည်။ နောက်ပိုင်းတွင် စစ်တပ်အရာရှိများ မွေးထုတ်ရန် ရည်ရွယ်၍ အနောက်နိုင်ငံ စစ်ကျောင်းများကဲ့သို့ လေ့ကျင့်သင်တန်းပေးသည့် D.S.Aခေါ် စစ်တက္ကသိုလ်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ ဗိုလ်သန်းရွှေ O.T.S ဝင်ခွင့်ရစဉ်က ၁၉၅၃ တွင် ပြည်ပ ကျူးကျော်ရန် တရုတ်ဖြူအရေး၊ ပြည်တွင်းစစ်သူပုန်များ ရှိနေသည့်ကာလဖြစ်ကြောင်း၊ ဗိုလ်သန်းရွှေသည် ပြန်တမ်းဝင် အဆင့် မဟုတ်သည့် အရာရှိ (N.C.O)အဖြစ်နှင့် သင်တန်းသို့ ရောက်ရှိခဲ့သူဖြစ်သည်။ ထိုစဉ်က အထက်တန်း အောင်သူ၊ ပညာအဆင့်အတန်း ကောင်းသူတို့ နည်းပါးနေချိန်သည်ဖြစ်ရာ စစ်တပ်ကို အလျင်အမြန် အင်အားဖြည့်တင်းနေရသည့်ကာလလည်းဖြစ်သောကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

## စစ်တပ်အရာရှိငယ်ဘဝ

ဗိုလ်ချုပ်သန်းရွှေသည် ၁၉၅၃ ခုနှစ်၌ မြန်မာ့တပ်မတော်သို့ ဝင်ရောက်ပြီးနောက် များမကြာမီမှာပင် အလုပ်သင် ဗိုလ်လောင်း (O.T.S) တက်ရန် ရွေးချယ်ခံရသည်။ သင်တန်းကာလသည် တစ်နှစ်နီးပါး (၉)လ ခန့်သာ ကြာလိမ့်မည်ဟု ယူဆရသည်။ အဘယ်ကြောင့် ဆိုသော် ထိုစဉ်က ပြည်တွင်းစစ်၊ တရုတ်ဖြူ ပြည်ပကျူးကျော်မှုတို့ကဲ့သို့ ခြိမ်းခြောက်မှုများကြောင့် စစ်တပ်ကို အလျင်အမြန် တိုးချဲ့နေရချိန်ဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။

ဗိုလ်သန်းရွှေသည် သင်တန်း၌ မည်သည့်ဘာသာရပ်များ သင်ကြားတတ်မြောက်ခဲ့သည်ကို အတိအကျ မသိရသော်လည်း စာရေးသူ ရော်ဂျာစ်က မြန်မာ့တပ်မတော်မှ အခြား O.T.S သင်တန်းဆင်းအရာရှိများ၏ ပြောကြားချက်အရ စစ်မြေပြင် တိုက်ပွဲများအတွက် စစ်ရေးနည်းနာများ၊ တပ်စိတ်၊ တပ်စုများကို ဦးဆောင်ကွပ်ကဲနိုင်ရန်အတွက် ခံ၊ ခွာ၊ ချီ၊ တက် စစ်ရေးများကို ပို့ချပေးလေ့ရှိသည်ဟု ဆိုသည်။ ထို့ပြင် ရန်သူသည် မည်သည့်နေရာ၌ ရှိသည်ကို သဲကွဲစွာ မသိနိုင်သည့်အခါ Searching fire ဟု ခေါ်သည့် နေရာ ရှာဖွေ ပစ်ခတ်ခြင်းမျိုးကို ဗိုလ်သန်းရွှေ လေ့လာခွင့် ရခဲ့သည်ဟု ဆိုသည်။ နောက်ပိုင်း သူ၏ နိုင်ငံရေးဗျူဟာများ၌ တစ်ခုခုကို မလုပ်ခင် ကြိုတင်ခန့်မှန်းနိုင်ရန် အစမ်း လှုပ်ရှားမှုမျိုးကို ပြုလုပ်ခဲ့သည်ကိုတွေ့ရကြောင်း ဖော်ပြထားသည်။

၁၉၅၃ ခုနှစ်၊ ဇူလိုင်လတွင် ဗိုလ်သန်းရွှေ သင်တန်း ပြီးဆုံးပြီးနောက် တပ်စုမှူး ဒုဗိုလ်အဖြစ် တာဝန်ပေးခြင်း ခံရကြောင်း၊ ၁၉၉၃ ဖေဖော်ဝါရီလထုတ် လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်)သတင်းစာ၌ တပ်မတော်ခေါင်းဆောင်များအကြောင်း ကဏ္ဍ၌ ဗိုလ်သန်းရွှေသည် O.T.S ဗိုလ်သင်တန်းကျောင်းဆင်းပြီးနောက် ဗမာ့သေနတ်ကိုင်တပ်ရင်း (၁) (သနက–၁)၌ တာဝန်ထမ်းဆောင်ခဲ့သည်ဟုဖော်ပြထားကြောင်း၊မည်သည့် နေရာဒေသ၌ စစ်မှုထမ်းခဲ့သည်ကို အတိအကျ ဖော်ပြထားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းချက်အရ ကရင်ပြည်နယ် ဘားအံမြို့ ပတ်ဝန်းကျင်၌ ကရင်လက်နက်ကိုင်အဖွဲ့များကို တိုက်ခိုက်ရန် တာဝန်ယူနိုင်ဖွယ်ရှိကြောင်း၊

ထိုစဉ်က မြန်မာနိုင်ငံတွင် ဦးနု ခေါင်းဆောင်သော ပါလီမန်ဒီမိုကရေစီ အစိုးရ အုပ်ချုပ်နေသည့်ကာလဖြစ်ပြီး ပြည်တွင်းရောင်စုံ သူပုန်ထမှုများ ပြန်လည်ကျဆင်း၍ အစိုးရက မြို့ရွာဒေသအများအပြားကို ပြန်လည်ထိန်းချုပ်နိုင်သည့် ကာလဖြစ်ကြောင်း၊

ထိုစဉ်က တပ်စုမှူး ဗိုလ်သန်းရွှေသည် ကရင်ပြည်နယ်တွင် တာဝန်ကျခဲ့ကြောင်း၊ တာဝန်ကျရာ သနက-၁ တပ်ရင်း၌ပင် ဒုဗိုလ်မှ ဗိုလ်အဆင့်သို့ တိုးမြှင့်ခံရကြောင်း၊ ထိုဒေသ၌ပင် ဒေါ်ကြိုင်ကြိုင်နှင့် ဖူးစာဆုံတွေ့ခဲ့ပြီး ၁၉၅၆ တွင် အိမ်ထောင်ကျခဲ့ကြောင်း၊ ဒေါ်ကြိုင်ကြိုင်သည် ပအို့ဝ်၊ တရုတ်ကပြား ဟု စာရေးသူ ဘင်နဒစ်ရော်ဂျာစ်က ဖော်ပြထားသည်။ ဒေါ်ကြိုင်ကြိုင်မှာ ဘားအံနှင့်သထုံကြားက ရွှေကုန်းဒေသသူ ဖြစ်သည်ဟု ဆိုသည်။

အချို့သတင်းရပ်ကွက်များ၏ အဆိုအရ ဒေါ်ကြိုင်ကြိုင်သည် မုဆိုးမဟုဆိုကြောင်း၊ ခင်ပွန်းဟောင်းက တိုက်ပွဲကျသွားပြီးနောက် ဗိုလ်သန်းရွှေနှင့် အကြောင်းပါခဲ့ကြောင်း၊ အချို့သတင်းရင်းမြစ်များအရ ဗိုလ်သန်းရွှေ၌လည်း ဒေါ်ကြိုင်ကြိုင်နှင့် အိမ်ထောင်မကျခင်က အရင် အိမ်ထောင် ရှိခဲ့ဖူးကြောင်း၊ သားတစ်ယောက်ပင် ထွန်းကားခဲ့သည်ဟု ဆိုသည်။ အဆိုပါသားကို ၂၀၀၀ ပြည့်နှစ်တွင် နအဖ အစိုးရ၏ အတွင်းရေး မှူး (၃) ဒု ဗိုလ်ချုပ်ကြီးဝင်းမြင့်က ပြန်လည် ရှာဖွေပေးပြီး မိသားစု ပြန်ပေါင်းထုပ်ခဲ့ကြောင်း၊ သို့သော် မည်သည့်အရာမှ တရားဝင် အတည်မပြု နိုင်ကြောင်း ရော်ဂျာ က ရေးသားထားသည်။

အဆိုပါ စာအုပ်၌ပင် ရော်ဂျာက ပြည်ပရောက် မြန်မာ့သမိုင်းလေ့လာနေသူ ဦးအောင်စောဦး၏ အဆိုအရက ဒေါ်ကြိုင်ကြိုင် အမည်သည် နောက်မှတွင်ခဲ့သည်ဖြစ်ပြီး အမည်ရင်းမှာ ခေတ်မဆန်လှသည့်ဒေါ်မကြိုင်ဟု ဆိုသည်။ ၎င်းက ဗိုလ်သန်းရွှေအာဏာမရခင် ၁၉၈၀ ပြည့်နှစ်များ၌ ဘုရားတန်ဆောင်း အလှူမှတ်တမ်းများကို အခြေခံပြီးပြောဆိုခဲ့

www.burmeseclassic.com

www.burmeseclassic.com





ဆူးလေဘုရားအနီး၌ ဆန္ဒပြနေစဉ်

ကြောင်း၊ ဒေါ်ကြိုင်ကြိုင်သည် ပအို့ဝ်ကပြား လူမျိုးဖြစ်သော်လည်း သူ့တိုင်းရင်းသားအရေးအတွက် ထက်သန်လှသူ မဟုတ်ဟု ဆိုသည်။

အိမ်ထောင်ကျပြီး မကြာခင်မှာပင် စစ်အစိုးရ၏ တရားဝင် ထုတ်ပြန်သည့် ကိုယ်ရေးရာဇဝင် အကျဉ်းအရ ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလ၌ ဗိုလ်သန်းရွှေသည် ဗိုလ်ကြီးအဆင့် တိုးမြှင့်ခံရသည်။ ထို့နောက် သံလွင်မြစ်အရှေ့ဘက်ခြမ်း ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသတို့တွင် တာဝန်ထမ်းရွက်ခဲ့ရသည်။ ကရင်လက်နက်ကိုင်များ၊ တရုတ်ဖြူများနှင့် ရင်ဆိုင်တိုက်ပွဲများကို ကြုံတွေ့ကောင်းကြုံတွေ့နိုင်သော်လည်း ထိုစဉ်ကာလ ထမ်းရွက်ခဲ့သော တပ်မှူးများ၏ ပြောဆိုချက်အရ ဗိုလ်သန်းရွှေသည် စစ်ရေးစစ်ရာတွင် ထူးချွန်ပြောင်မြောက်မှု မရှိဟုဆိုသည်။ သူသည် တပ်ရင်း၏ နောက်တန်း၌သာ တာဝန်ကျခဲ့သည်ဟု ထင်စရာရှိကြောင်း၊ သူ့အထက်အရာရှိ တစ်ဦးဖြစ်သူ တပ်မှူး၊ ဒုဗိုလ်မှူးကြီး တင်ထွန်းက ဗိုလ်သန်းရွှေအား "သူက နည်းနည်းပျင်းတယ်"ဟု ဆိုသည်။ ကွမ်းစွဲနေသည့်အတွက်ကြောင့်လည်း အစည်းအဝေး လာတက်လျှင် ပါးစပ်ဆေးပြီးမှလာခဲ့ဟု ကြိမ်းမောင်းမှုတွေ ခံရကြောင်း စာရေးဆရာရော်ဂျာအား ပြောပြခဲ့ပုံကို ရေးသားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅) အရာရှိငယ်ဘဝ အစိတ်ခါတ်စစ်ဆင်ရေးအရာရှိအဖြစ် စစ်တပ်နှင့် နိုင်ငံရေးကြား ဖြတ်သန်းခဲ့ပုံ

ဗိုလ်ချုပ်သန်းရွှေသည် ၁၉၅၃ ခုနှစ်၌ မြန်မာ့တပ်မတော်ထဲ ဝင်၍ အလုပ်သင် ဗိုလ်သင်တန်းကျောင်း (O.T.S) တက်ရန် ရွေးချယ်ခံရသည့် အကြောင်း၊ ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဗိုလ်ကြီး တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ကြောင်း၊ ထိုစဉ်ကာလ၌ မြန်မာနိုင်ငံတွင် ပါလီမန် ဒီမိုကရေစီအစိုးရ အုပ်ချုပ်နေသည့် ကာလဖြစ်သော်လည်း နိုင်ငံရေးပါတီများ၏ အကွဲအပြဲ မုန်တိုင်းများ ပြင်းထန်နေချိန်ဖြစ်ရာ စစ်တပ်သည် ပြည်တွင်းစစ်ကို အကြောင်းပြု၍ နိုင်ငံရေး၌ ဩဇာတိက္ကမ ကြီးထွားလာခဲ့သည်။ ဘီအိုင်ဒီစီ ကုန်သွယ်မှုလုပ်ငန်း၊ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၊ မြဝတီပုံနှိပ်တိုက် စသည့် စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းများ ထူထောင်ပြီး တဖြည်းဖြည်း ခြေကုပ်ယူလာချိန်ဖြစ်ကြောင်း၊ ဤသို့ ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်သော အိမ်စောင့်အစိုးရက ဦးနုအား အာဏာပြန်လည် အပ်နှင်း၍ မကြာမီမှာပင် ၁၉၆၂ ခုနှစ် မတ်လတွင် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော တော်လှန်ရေးကောင်စီ စစ်အစိုးရက အာဏာသိမ်းပိုက်ခဲ့ကြောင်း။

ထိုစဉ်ကာလအတွင်း ဗိုလ်ကြီးသန်းရွှေသည် မိတ္ထီလာစစ်တပ်ဌာနချုပ်၌ ၂လ၊ ၃ လ ခန့် ထောက်လှမ်းရေးအရာရှိအဖြစ် တာဝန်ယူခဲ့သေးကြောင်း၊ သူ၏အဓိကတာဝန်က စိတ်ဓာတ်စစ်ဆင်ရေးဌာန၌ တာဝန်ယူခဲ့ခြင်းဖြစ်ကြောင်း၊ စိတ်ဓာတ်စစ်ဆင်ရေး ဌာနဆိုသည်မှာ ထိုစဉ်ကာလ ဘဝ်ဓတော်က ရင်ဆိုင်နေရသည့် ကွန်မြူနစ်သူပုန်များ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကို တန်ပြန်ဝါဒဖြန့်နိုင်ရန်ဖြစ်ကြောင်း။ စိတ်ဓာတ် စစ်ဆင်ရေးဌာနကို ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ဒုတိယဗိုလ်မှူးကြီး ဘသန်း (ဘသန်း–ခမ္ဘိက)တို့က ဦးဆောင်၍ ၁၉၅၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ နောက်ပိုင်းတွင် ယင်းဌာနသည် ဗိုလ်ချုပ်ကြီးနေဝင်း ၁၉၆၂ ခုနှစ် အာဏာသိမ်းပိုက်မှုကို တရားဝင် မှန်ကန်မှုဖြစ်ကြောင်းသက်သေ အချက်အလက်များ ကြံဖန်တင်ပြရန်နှင့် ဝါဒဖြန့်ဌာနဖြစ်ခဲ့ကြောင်း၊ အဆိုပါဌာန ၌ စစ်တပ်အရာရှိ ၃ ဦးနှင့် အရပ်သားအရာရှိများဖြင့် ပါဝင်

www.burmeseclassic.com

www.burmeseclassic.com





တပ်မတော်ထိပ်သီး စစ်ဗိုလ်ချုပ်ကြီးများ

ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းအဖွဲ့သည် ဗိုလ်ချုပ်နေဝင်း စစ်အစိုးရ၏ဥာဏ်ကြီးရှင် (Think Tank)အဖွဲ့၊ အယူအဆရေးရာ ကျောထောက်နောက်ခံပံ့ပိုးပေးရာအဖွဲ့လည်းဖြစ်ခဲ့သည်။ ယင်းဌာနသည် မြန်မာ့ရိုးရာ ဓလေ့ထုံးစံ ဆိုရှယ်လစ်ဝါဒ၊ မာ့စ်ဝါဒ၊ ဗုဒ္ဓဘာသာစသည်တို့ကို ရောသမမွှေထားသည့် သဘောတရားရေးရာများကို ပြုစုထုတ်ဝေခဲ့ရသေးကြောင်း ဖော်ပြထားသည်။

စိတ်ဓာတ်စစ်ဆင်ရေးဌာနကို ဒုတိယဗိုလ်မှူးကြီးဘသန်းက ဦးဆောင်ခဲ့သည်။ ယင်းဌာန၌တာဝန်ယူခဲ့ရသူ အခြားတစ်ဦးမှာ ဦးချစ်လှိုင် (ကိုကိုမောင်ကြီး)ဖြစ်ပြီး သူ့အပြောအရသူက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကို တန်ပြန်နိုင်ရန် ဝါဒဖြန့်ဖို့ရန်နှင့်မာ့စ်ဝါဒနှင့် ဆိုဗီယက်ကွန်မြူနစ်ပါတီ တည်ဆောက်ခဲ့ပုံကိုလေ့လာပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို အကောင်အထည် ဖော်ပေးခဲ့ရသည်ဟု ဆိုသည်။ ကျန်တစ်ဦးက စီးပွားရေးရာကိစ္စများကို ကိုင်တွယ်ခဲ့ရသည်။ ဌာန၏ အရာရှိအချို့ကို အမေရိကန်သို့ စေလွှတ်ပြီး စိတ်ဓာတ်စစ်ဆင်ရေး နည်းနာများကို လေ့လာ ဆည်းပူးစေခဲ့သည်။

၁၉၅၈ ခုနှစ်၌ ဗိုလ်ချုပ်နေဝင်းအား ဝန်ကြီးချုပ်ဦးနုက အိမ်စောင့်အစိုးရအဖြစ် အတင်းအကျပ် အဏာ အပ်ခဲ့ရသည့် ကာလ၌ ဗိုလ်သန်းရွှေသည် ပညာရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၌ (၆)လ

www.burmeseclassic.com

www.burmeseclassic.com



ခန့် တာဝန်ပေးအပ်ခံရကြောင်း၊ နောက်ပိုင်းတွင် ဗိုလ်သန်းရွှေသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကို ရွှေ့ပြောင်းခံရကြောင်း။ ထိုစဉ်ကာလ မင်္ဂလာဒုံ၌ ဗိုလ်သန်းရွှေ ရှိနေစဉ် စိတ်ဓာတ်စစ်ဆင်ရေးဌာန၌ သင်တန်း တက်နေခြင်း သို့မဟုတ် ယင်းဌာန၌ တာဝန်အပ်နှင်းခံရခြင်း စသည်တို့ကို သဲကွဲစွာမသိခဲ့ကြောင်း အချို့ကလည်း စိတ်ဓာတ်စစ်ဆင်ရေးဌာန၌ တပ်ထောက်ဗိုလ်ကြီး အဖြစ်သာ တာဝန်ယူခြင်းသာဖြစ်ကြောင်း၊ နောက်ပိုင်းမှသာ စိတ်ဓာတ်စစ်ဆင်ရေး သင်တန်းများကို တက်ခဲ့သည် ဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။

မြန်မာ့အရေး လေ့လာသုံးသပ်နေသော နိုင်ငံခြားသားတစ်ဦး၏ အဆိုအရ ဗိုလ်သန်းရွှေသည် ဦးချစ်လှိုင်၏တပည့်အဖြစ် ထိုစဉ်ကသင်တန်း တက်ခွင့်ရှိသည်ဟု ခန့်မှန်းပြောဆိုခဲ့သည်။ ထိုကာလ၌ မဆလပါတီ ထိပ်ပိုင်းခေါင်းဆောင် အတော်များများက ဦးချစ်လှိုင်၏ နိုင်ငံရေးပို့ချချက်များနှင့် ကင်းခဲ့ရသူ အတော်နည်းပါးကြောင်း၊ ဦးချစ်လှိုင်သည် လက်ဝဲအယူဝါဒ တိမ်းညွှတ်သူဖြစ်ပြီး ဦးနေဝင်း အာဏာသိမ်းပိုက်ပြီးနောက် လမ်းစဉ်ပါတီဝါဒ သဘာတရားဖြစ်သော လူနှင့်ပတ်ဝန်းကျင်တို့၏ အညမည သဘောတရား စာတမ်းကို ရေးသားခဲ့သူလည်း ဖြစ်သည်။

ဗိုလ်သန်းရွှေ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ စိတ်ဓာတ်စစ်ဆင်ရေး ဌာန၌ တာဝန်ယူစဉ်က သူ့အထက်အရာရှိ တပ်မှူးမှာ နောင်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် N.L.D ၏ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်အောင်ရွှေပင် ဖြစ်သည်။ ထို့နောက် ဗိုလ်မှူးချုပ်အောင်ရွှေနေရာသို့ ဗိုလ်ချုပ်စန်းယုက ဆက်ခံခဲ့သည်။ ဗိုလ်သန်းရွှေသည် ဗိုလ်ချုပ်စန်းယု လက်အောက်သို့ တာဝန်ထမ်းဆောင်၍ အမှတ် (၁) နယ်လှည့်စိတ်ဓာတ်စစ်ဆင်ရေးတပ် တပ်မှူး အဖြစ် မန္တလေး၌ တာဝန်ပေးအပ်ခံရသည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အာဏာသိမ်းပိုက်စဉ်က ဗိုလ်သန်းရွှေသည် မန္တလေးမြို့၌ပင် ရှိနေခဲ့သည်။

တော်လှန်ရေးကောင်စီ စစ်အာဏာသိမ်းပြီးသည့်အခါ စိတ်ဓာတ် စစ်ဆင်ရေးဌာနက အရပ်သားအရာရှိ ဦးစောဦးသည် ပြန်ကြားရေးဝန်ကြီး (ဦးစောဦးသည် မည်သည့်အခါမှ ဝန်ကြီး မဖြစ်ခဲ့ချေ။ ပေါ်လစီညွှန်ကြားရေးဝန်သာဖြစ်ခဲ့သည်။ စာရေးသူ) ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com





ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော N.L.D အဖွဲ့ချုပ်အား ထောက်ခံနေသော ပြည်သူများ။

ထို့နောက် ၁၉၆၃ ခုနှစ်တွင် မင်္ဂလာဒုံ၌ ဗဟိုနိုင်ငံရေးသိပ္ပံတက္ကသိုလ် ဖွင့်လှစ်သောအခါ ဗိုလ်သန်းရွှေသည် အဆိုပါကျောင်း၌ တာဝန်ချထားခြင်း ခံခဲ့ရပြီး စစ်သည်များအား မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် ဆက်စပ်သော သမိုင်းဆိုင်ရာများကို သင်ကြားပို့ချခဲ့သည်။

ဤသို့ဖြင့် ဗိုလ်သန်းရွှေသည် စိတ်ဓာတ်စစ်ဆင်ရေး ဗျူဟာကို ကောင်းစွာ အသုံးချတတ်ခဲ့လေသည်။ သူသည် ကောက်ကျစ်၍ လိမ္မာပါးနပ်တာ သူ သင်ခဲ့သော မြန်မာ့သမိုင်းကို သူကိုယ်တိုင် ပြန်ယုံကြည်နေသူဖြစ်သည်။ သမိုင်းကို ရှုမြင်ပုံကအစ လွဲမှားကာ မိမိဘာသာ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ပုံဖျက်ထားသောသမိုင်းကို တစ်သက်လုံး စွဲမြဲယုံကြည်၍ ကြီးပြင်းလာခဲ့သည်ဟု ဆိုကြသည်။

## အခန်း (၆) စစ်တပ်၌ အဆင့်ဆင့် ရာထူးတက်လာပုံ

ဗိုလ်ချုပ်သန်းရွှေသည် မဆလခေတ် ဗဟိုနိုင်ငံရေးသိပ္ပံ တက္ကသိုလ်၌ ... အပိုင်းတွင် ဝါဒ သဘောတရားရေးရာနှင့် နောက်ပိုင်းတွင် သမိုင်း ...ရပ်ကို သင်ကြားပို့ချနေသော်လည်း သူသည် ယုံ...တတ်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ခဲ့ဟု စာရေးဆရာရော်ဂျာစ်က သူ့စာအုပ်တွင် ဖော်ပြထားသည်။ ထို့နောက် ဗိုလ်သန်းရွှေသည် စစ်တပ်သို့ ပြန်သွားခဲ့သည်။ ၁၉၆၆ မှ ၁၉၆၇ ခုနှစ်ကြား၌ ဗိုလ်သန်းရွှေ ဘယ်နေရာ၌ တာဝန်ယူခဲ့သည်ကို ရှင်းရှင်းလင်းလင်း မသိခဲ့ဟုဆိုသည်။ စစ်အစိုးရ ထုတ်ပြန်သည့် သူ့ကိုယ်ရေးရာဇဝင်၌ ခြေမြန်တပ်ရင်း (၁၀၁)၌ တပ်ထောက်ချုပ်တာဝန်ယူခဲ့ကြောင်း ဖော်ပြထားကြောင်း၊ ထိုစဉ်ကာလ မြန်မာ့စစ်တပ်သည် သောင်းကျန်းသူနှိမ်နင်းရေးအတွက် ဖြတ်လေးဖြတ် စစ်ဆင်ရေးကို ကျင့်သုံးနေချိန်ဖြစ်သည်။ သူပုန်တပ်ဖွဲ့များကို ထောက်ပံ့မှု၊ ရိက္ခာ၊ လက်နက်၊ လူသူ ဖြတ်တောက်နိုင်ရန်အတွက် ကျင့်သုံးခဲ့သည့် နည်းနာဖြစ်ပြီး လူ့အခွင့်အရေးအကြီးအကျယ် ချိုးဖောက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့သော် ဗိုလ်သန်းရွှေသည် ထိုစဉ်က တပ်ထောက်ရာထူးသာ တာဝန်ယူခဲ့ရသူမို့ စစ်ဆင်ရေးတာဝန်များနှင့် တိုက်ရိုက်မပတ်သက်ခဲ့ဟုလည်း ယူဆနိုင်ကြောင်း၊ သူသည် မြန်မာနိုင်ငံ အောက်ပိုင်းဒေသ ဧရာဝတီတိုင်း၌သာ တာဝန်ထမ်းရွက်ခဲ့သည်။

နောက်ပိုင်းတွင် ဗိုလ်သန်းရွှေသည် ဗကပ ခေါ် ဗမာပြည်ကွန်မြူနစ်ပါတီတပ်များကို တိုက်ခိုက်ရသည့် တိုက်ပွဲများ၌ ပါဝင်ခဲ့ပြီး ဗိုလ်မှူး - အဆင့်ဖြင့် ခြေမြန်တပ်မ (၇၇)၌ တာဝန်ချထားခြင်း ခံခဲ့ရသည်။ တပ်မ (၇၇)သည် မြန်မာနိုင်ငံ၌ ပထမဆုံး စတင်ဖွဲ့စည်းခဲ့သော ခြေမြန်တပ်မဖြစ်ပြီး အမေရိကန်ပြည်ထောင်စု ခြေမြန်တပ်၊ တောင်ပေါ်တပ်များ ကဲ့သို့ အဆေးထိန်း ထိုးစစ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ သူတို့သည် ဒေသခံတိုင်းစစ်ဌာနချုပ်၏ အမိန့်ကိုယူစရာ မလိုဘဲ စစ်ရုံးချုပ်က တိုက်ရိုက်ကွပ်ကဲမှုကိုသာ နာခံကြရကြောင်း၊ ထိုစဉ်ကာလ ဗိုလ်သန်းရွှေ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းရည် (၃)ရပ်နှင့် စစ်ရည်စစ်သွေးများကို မမြင်ခဲ့ရဟု ဆိုသည်။ သို့သော်လည်း ရှေ့တန်းနှင့်ဌာနချုပ် အလဲအလှယ်သဘော တာဝန်ပေးသည့်ကြားမှပင် သူသည် တဖြည်းဖြည်း ရာထူးတက်လာခဲ့သည်။ ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီတွင် စစ်ရုံးချုပ်၌ ဦးစီးအရာရှိအဆင့်(၂)အဖြစ် တာဝန်ယူခဲ့ရသည်။ သူ၏ အဓိကတာဝန်မှာ နေ့စဉ် စစ်ဆင်ရေး ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်တင်ပြရခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ထိုစဉ်က သူ့အထက်လူကြီးမှာ ပထမပိုင်းတွင် ဗိုလ်ချုပ်ကြီးနေဝင်း ဖြစ်ပြီး၊ နောက်ပိုင်းတွင် ဗိုလ်ချုပ်စန်းယုနှင့် ဆုံခဲ့သည်။ မန္တလေး၌ တာဝန်ထမ်းဆောင်စဉ်က ဗိုလ်သန်းရွှေသည် ဗိုလ်ချုပ်စန်းယု လက်အောက်၌သာ ထမ်းရွက်ခဲ့ရသည်။

ယင်းနောက် ၁၉၇၁ ခုနှစ်မှ ၁၉၇၅ ခုနှစ်တွင် တပ်မ (၈၈) ၌ ထမ်းရွက်ခဲ့ရပြီး ဗမာပြည်ကွန်မြူနစ်ပါတီ တပ်များကို တိုက်ခိုက်ရန် ရှမ်းပြည်နယ်၌ တာဝန်ကျခဲ့သည်။ တပ်မ ၈၈ သည် မကွေးမြို့၌ အခြေစိုက်ထားသော်လည်း ရှေ့တန်းတပ်မရုံးသည် ရှမ်းပြည်နယ် ကွတ်ခိုင်ဘက်၌ ရှိသည်။ ထိုစဉ်က ဗိုလ်သန်းရွှေသည် တပ်ရင်းမှူး အဖြစ် တာဝန်ယူနေရချိန်ဖြစ်သည်။ သူ့အထက်အရာရှိမှာ တပ်မ (၈၈)၌ ဒုတပ်မမှူးမှ တပ်မှူးဖြစ်လာသူ ဗိုလ်မှူးကြီးအေးကိုဖြစ်သည်။ ဦးအေးကိုနှင့် ရင်းနှီးမှုသည် နောက်ပိုင်းတွင် ဗိုလ်သန်းရွှေအတွက် ဘဝတက်လမ်းဖြောင့်ဖြူးခဲ့သည်ဟု ဆိုရပေမည်။ နောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီးသူရကျော်ထင် ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာသောအခါ ဗိုလ်ချုပ်အေးကိုသည် ဒုတိယစစ်ဦးစီးအရာရှိချုပ်ဖြစ်လာခဲ့သည်။ ဤသို့ဖြင့် ဒုစစ်ဦးစီးအရာရှိ ဗိုလ်မှူးချုပ်အေးကို၏ ထောက်ခံချက်ဖြင့် ၁၉၇၂ ခုနှစ် စက်တင်ဘာလတွင် ဗိုလ်မှူးသန်းရွှေမှ ဒုတိယ ဗိုလ်မှူးကြီးသန်းရွှေဖြစ်လာခဲ့သည်။

www.burmeseclassic.com



ဒု–ဗိုလ်မှူးကြီးသန်းရွှေသည် ရှမ်းပြည်နယ်၌ ၄ နှစ်ကြာ တာဝန်ယူခဲ့ပြီးနောက် စစ်ရုံးချုပ်သို့ စစ်ဦးစီး ပထမတန်း ရာထူးဖြင့် ပြန်လည်ရောက်ရှိသွားပြန်သည်။ ဗိုလ်သန်းရွှေသည် စစ်ရုံးချုပ်၌ စစ်ဆင်ရေးဌာန တာဝန် ထမ်းဆောင်စဉ်က သူ့အထက်အရာရှိမှာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် နောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ (ယခု NLD) သဘာပတိအဖွဲ့ နာယက) ဗိုလ်ချုပ်ကြီး သူရတင်ဦး ဖြစ်သည်။ ဗိုလ်ချုပ်ကြီးတင်ဦး၏ စစ်ဆင်ရေးစီမံချက်ကို ဗိုလ်သန်းရွှေသည် သူ့အထက် အရာရှိဗိုလ်မှူးကြီးမောင်မောင်နှင့် ပူးတွဲတာဝန်ယူ အကောင်အထည်ဖော်ပေးခဲ့ကြရသည်။ ထို့နောက် ဗိုလ်သန်းရွှေသည် ၁၉၇၇ တွင် ရာထူးတိုးမြှင့်ခံရပြီးနောက် စစ်ရုံးချုပ်မှ ရှေ့တန်းသို့ စေလွှတ်ခံခဲ့ရပြန်သည်။ ထိုစဉ်က သူသည် တပ်မ (၈၈)၏ ယာယီ တပ်မမှူး၊ စစ်ဗျူဟာမှူး တာဝန်ယူခဲ့ရသည်။ တပ်ရင်းတစ်ခု၌ စစ်သည်အင်အား ၇၀၀ ကျော်ရှိရာ လူ ၈၀၀၀ ခန့်ကို အုပ်ချုပ်ရသည့်တာဝန်ပင် ဖြစ်သည်။

သူသည် စစ်ရုံးချုပ်၌ တာဝန်ထမ်းရွက်နေစဉ်အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော အရေးကြီးသည့် အရေးတော်ပုံကြီးများကို ဖြတ်သန်းခဲ့ရသည်။ ၁၉၇၀ ပြည့်နှစ်ကျော်တဝိုက် ဖြစ်ပွားခဲ့သော ကျောင်းသား အရေးအခင်း၊ အလုပ်သမားဆန္ဒပြပွဲ၊ ၁၉၇၆ မှိုင်းရာပြည့် အရေးအခင်း၊ (မှိုင်းရာပြည့် အရေးအခင်းခေါင်းဆောင် ဆလိုင်းတင်မောင်ဦးမှာ ၁၉၇၆ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ကြိုးပေးခံခဲ့ရသည်) ဗိုလ်ကြီးအုန်းကျော်မြင့်က စစ်တပ်အရာရှိအချို့ကို စည်းရုံး၍ ပါတီဥက္ကဋ္ဌ ဦးနေဝင်းအား လုပ်ကြံ အာဏာသိမ်းရန် ကြံစည်မှုတို့ပင် ဖြစ်သည်။ (ဗိုလ်ကြီး အုန်းကျော်မြင့်သည်လည်း နိုင်ငံတော်လုပ်ကြံမှုဖြင့် ၁၉၇၈ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ကြိုးပေးခံခဲ့ရသည်။ စာရေးသူ) သို့ကလို အရှုပ်အထွေးကြားကပင် သူသည် ဘဝတက်လမ်းကို ရှာဖွေခဲ့သည်။ ထို့နောက် ၁၉၈၃ ခုနှစ်တွင် ဗိုလ်သန်းရွှေသည် အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ တိုင်းမှူးဖြစ်လာခဲ့သည်။

အနောက်တောင်တိုင်း စစ်ဌာနချုပ်သည် ဧရာဝတီတိုင်းပုသိမ်မြို့၌ရှိ၍ မြန်မာနိုင်ငံ၏ အချက်အခြာဒေသတစ်ခုဖြစ်သည်။ ဗိုလ်မှူးချုပ်သန်းရွှေသည် အဆိုပါတိုင်း၌ အသက်အငယ်ဆုံး စစ်တိုင်းမှူးဖြစ်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com





မြန်မာစစ်ဗိုလ်ချုပ်ကြီးများ

သူလည်း ဖြစ်ပေသည်။ တိုင်းမှူးဘဝ၌ သူ့အကြောင်းသိသူများက သူသည် လူအေးတစ်ယောက်ဖြစ်ပြီး အရက်၊ ဆေးလိပ် မသောက်စားတတ်သော် လည်း ကွမ်းစားတတ်သည်ဟု ဆိုသည်။ မာန်မာန ထောင်လွှားမှုမရှိ။ သူ့ သားသမီးများကိုပင် စစ်တပ်က ထရပ်ကားဖြင့်သာ ကျောင်းတက်စေသည်။ ခေါင်းဆုံ၍ မည်သူနှင့်မဆို ရင်းနှီးခင်မင်လွယ်သည်။ သူ့ကို မည်သူမဆို အချိန်မရွေး တွေ့ဆုံ၍ အခက်အခဲကို တင်ပြနိုင်သည်ဟု ဆိုသည်။ သူသည် စစ်သားကောင်း ဖြစ်ရသည်ကို ဂုဏ်ယူနေသူဖြစ်ပြီး၊ စစ်တပ်နှင့် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ညွှန်ကြားချက်ကို လေးလေးစားစားလိုက်နာ အထိ တပ်တွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စိတ်ဝင်စားသူဖြစ်ကြောင်း ဖော်ပြထားသည်။ ဤအခန်း၌ ရော်ဂျာက ယခုအခါ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လုပ်ကိုင်ဆောင်ရွက်မှုသည် အရင်နှင့် တခြားစီဖြစ်သွားကာ နိုင်ငံတကာက မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော လူသားမျိုးနွယ်တစ်ရပ် အပေါ် ဆန့်ကျင်နေသည့် ရာဇဝတ်ပြစ်မှုများ၊ စစ်ရာဇဝင်ပြစ်မှုများ အတွက် အဓိကတာဝန်ရှိသည့် စစ်ရာဇဝတ်ကောင်အဖြစ် စွပ်စွဲပြောဆိုနေ သည်ကို သူ ကြားသိနေရကြောင်း၊ အဘယ့်ကြောင့် ဒီလိုပြောင်းလဲသွားသလဲဟု

www.burmeseclassic.com



ရှုစမ်းကြည့်ရာတွင် သူနှင့် ရင်းနှီးသူများ ပြန်ပြောင်းပြောပြသည်မှာ အာဏာသည် လူကို ပြောင်းလဲစေတတ်သည်။ အကြွင်းမဲ့အာဏာသည် လူကို ပိုမိုပျက်စီး ပြောင်းလဲစေသည့်အကြောင်းဟူ၍ သုံးသပ်ကြကြောင်း ဖော်ပြထားပေသည်။

## အခန်း (၇)
## ဗိုလ်သန်းရွှေ ရာထူးတက်လာရာ
## နောက်ခံနိုင်ငံရေးအခြေအနေ

ယခင်အခန်းများ၌ ဗိုလ်ချုပ်သန်းရွှေသည် အရက်သေစာ မသောက်၊ ဆေးလိပ် မသောက်၊ မာနထောင်လွှားမှု မရှိ၊ လူပေါင်းဆန့်ကြောင်း တင်ပြခဲ့သည်။ ဤကဲ့သို့ အခြေအနေမှ ယခုအခါ အာဏာရှင်ကြီး ပြောင်းလဲသွားခဲ့ရမှုသည် အာဏာကြောင့်၊ အကြွင်းမဲ့အာဏာ ကြောင့် လူကိုပိုမိုဖျက်ဆီးတတ်သည့်အကြောင်း သူ့အပေါ် သုံးသပ်ချက်များကို တင်ပြခဲ့ပြီး ဖြစ်သည်။ သူသည် စစ်တပ်အတွင်း တာဝန်ယူစဉ်က ကြုံတွေ့ခဲ့ရသော နိုင်ငံရေးအခြေအနေ၊ အခြားခေါင်းဆောင်များ၏ အတက်အကျ အပေါ်၌ လည်း သင်ခန်းစာယူ၍ မိမိဆက်လက်ရှင်သန်ရေးအတွက် ရုန်းကန်ကြိုးပမ်းမှုများကို တွေ့ခဲ့ရပေသည်။

တစ်ခါက ဗိုလ်ချုပ်သန်းရွှေသည် တပ်မတော်စစ်ရေးပြကွင်း၌ နှုတ်ဆက်နေစဉ်အတွင်း သူ လက်မြှောက်နေသည်ကို ဓာတ်ပုံဆရာတစ်ဦးက အမှတ်မထင် ရိုက်ကူးခဲ့ရာ လက်ဝါးပြင်၌ လက္ခဏာ အရေးအကြောင်းများသည် အခြားသူများနှင့် မတူကွဲပြားနေသည်ကို တွေ့ရသည်။ သာမန်လူအများစုမှာ လက္ခဏာ အရေးအကြောင်း သုံးခုသာ ရှိသော်လည်း ဗိုလ်ချုပ်သန်းရွှေသည် နှစ်ကြောင်းထဲသာ ရှိသောကြောင့် ဗမာများက 'လက်ပြတ်ကြီး'ဟု ခေါ်ဆိုသော လက်မျိုးဖြစ်ကြောင်း၊ အဆိုပါ လက်ပိုင်ရှင်သည် သနားကြင်နာမှု နည်းပါး၍ ရက်စက်ကြမ်းကြုတ်တတ်သည်ဟု အယူအဆ ရှိခဲ့ကြသည်။ ဗိုလ်ချုပ်သန်းရွှေ၏ ထူးခြားသော အရည်အချင်းမှာ အခြားသူများအမြင်၌ အဆိပ် မရှိသည့် ရေမြွေကဲ့သို့နေတတ်မှုပင် ဖြစ်သည်ဟု စာရေး ဆရာဂျော်ဂျာက သုံးသပ်တင်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com





တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး

မည်သို့ဆိုစေ သူဖြတ်သန်းခဲ့သည့် နောက်ခံဖြစ်ရပ်များကို သုံးသပ်ကြည့်ပါက ဗိုလ်ချုပ်သန်းရွှေသည် စစ်ရေး၌ ထူးချွန်ခဲ့သူတော့ မဟုတ်ခဲ့ချေ။ သူနှင့် လုပ်ကိုင်ခဲ့သော ခေတ်ပြိုင်အရာရှိအချို့၏ ပြောဆိုချက်အရ သူ သည် အမြဲတမ်း (Yes-Man) ခေါ် သူ့အရာရှိ အကြိုက်လိုက်ဆောင်တတ်သော ပုတ်သင်ညိုလို လူမျိုးဖြစ်သည်ဟု ဆိုကြသည်။ ထို့ပြင်စစ်ရေး

www.burmeseclassic.com




ချုပ်၌ တာဝန်ထမ်းရွက်နေစဉ် ကာလက သူနှင့် ထိတွေ့ခဲ့ဖူးခဲ့သည့် ထိပ်ပိုင်း ခေါင်းဆောင်များက သူ၏အလိုက်သိမှုကြောင့် သူ့ဘဝတက်လမ်းချော မွေ့ခဲ့ကြောင်း၊ သူနှင့်အတူ လုပ်ကိုင်ခဲ့ဖူးသော တပ်မ ၈၈ ဒုတပ်မမှူး ဗိုလ်မှူးချုပ်အေးကိုသည် ရာထူးတက်လာသည်နှင့်အမျှ ရေမြင့်လျှင်ကြာတင့်ဆိုသလိုသူလည်း ရာထူးတက်ခဲ့ကြောင်း၊ စစ်ရုံးချုပ်၌ စစ်ဦးစီးမှူး (ပထမတန်း) တာဝန်ထမ်းရွက်နေရာမှ မျှားမကြာမီအတွင်း သူသည် တပ်မ ၈၈ တပ်မမှူးဖြစ်လာခဲ့ကြောင်း၊ သူတပ်မမှူး တာဝန်ထမ်းဆောင်စဉ်ကာလ၌ နိုင်ငံရေးမတည်မငြိမ်မှုများ မြောက်မြားစွာ ကြုံတွေ့ခဲ့ရသည်။ ပြည်သူပိုင်သိမ်းပိုက်မှုကြောင့် လူထုတစ်ရပ်လုံး စီးပွားရေးကျပ်တည်းလာတာ နောက်ဆုံး ၁၉၇၄ ခုနှစ်တွင် ကျောင်းသားအလုပ်သမားအရေးအခင်း၊ မိုးရာပြည့်အရေးအခင်း၊ ဦးသန့်ဈာပနဆန္ဒပြမှု၊ ဗိုလ်ကြီး အုန်းကျော်မြင့်၏ နိုင်ငံတော်လုပ်ကြံမှု...စသည်များ ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့သည်။

စစ်ရုံးချုပ်၌ ဗိုလ်သန်းရွှေ တာဝန်ယူစဉ်ကာလ၌ သူ့အထက်အရာရှိမှာ နောင်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြီး သူရတင်ဦးဖြစ်သည်။ ဗိုလ်ချုပ်ကြီးတင်ဦးကို ရဲဘော်စစ်သည်များသာမက ပြည်သူလူထုတစ်ရပ်လုံးကပါ လေးစားချစ်ခင်အားကိုးခဲ့ကြသည်။ ဦးတင်ဦးသည် ပြုပြင်ပြောင်းလဲရေး လုပ်လိုသူလည်း ဖြစ်သည်။ ကျောင်းသားဆန္ဒပြပွဲများ၌ ဆန္ဒပြသမားများက နေဝင်း၊ စန်းယု အလိုမရှိ...အော်ကြသော်လည်း ဗိုလ်ချုပ်ကြီးတင်ဦးကိုမူ အားပေး ထောက်ခံခဲ့ကြသည်။ စစ်တပ်ထိပ်သီး ခေါင်းမာဂိုဏ်းသားများက ဗိုလ်ချုပ်ကြီးတင်ဦး၏ အဆိုပြုချက်ကို အများအပြားပယ်ချခံခဲ့ရကြောင်း လူထုကြီးက ကြားသိနေခဲ့သည်။ ဤကဲ့သို့ လူထုချစ်မြတ်နိုးသော သူရဲကောင်းမျိုးကို ဗိုလ်ချုပ်နေဝင်းက မလိုလားပေ။ သူ့အာဏာကို ခြိမ်းခြောက်နိုင်သည်ဟု ထင်မြင်ခဲ့သည်။ ထို့ကြောင့်ပင် သိပ်မကြာမီမှာပင် ဗိုလ်ချုပ်ကြီး သူရတင်ဦးကို လာဘ်စားမှုဖြင့် စွပ်စွဲ၍ ဖယ်ရှားခဲ့သည်။ နောက်ထပ် ဩဇာ တက်လာသူ ထောက်လှမ်းရေး တပ်မှူး နာမည်တူ ဗိုလ်မှူးချုပ်တင်ဦး (မျက်မှန်ကြီး)သည်လည်း ၁၉၇၇ တွင် ဖယ်ရှားခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com





တပ်မတော်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အလေးပြုခံနေစဉ်။

၁၉၇၆ ခုနှစ်တွင် စစ်တပ်အတွင်း၌ ဗိုလ်ကြီး အုန်းကျော်မြင့် ခေါင်းဆောင်သော အရာရှိငယ်များက အာဏာရှင်ဦးနေဝင်းနှင့် အပေါင်းအပါများကို လုပ်ကြံသတ်ဖြတ်၍ အာဏာသိမ်းရန် ကြံစည်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ သို့သော် လုပ်ကြံမည့်သတင်း ပေါက်ကြားသွားသဖြင့် ကြံစည်သူများ ဖမ်းဆီးခံရသည်။ စစ်တပ်အရာရှိ အများအပြားလည်း ရာထူးမှ ဖယ်ရှားခံရသည်။ ဗိုလ်ကြီးအုန်းကျော်မြင့်သည် ၁၉၇၈ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ကြိုးဒဏ်ပေးခံခဲ့ရသည်။ သူတို့သည် ထိုအချိန်က နိုင်ငံတော်လုပ်ကြံမှု အစီအစဉ်ကို ဗိုလ်သန်းရွှေအား ဖွင့်ဟတိုင်ပင်ခဲ့ခြင်း မရှိခဲ့ချေ။ အကြောင်းမှာ ဗိုလ်သန်းရွှေသည် ခပ်ထုံထုံလူ၊ တစ်ခုခုပြောဆိုတိုင်ပင်လျှင်လည်း အထက်အရာရှိကို ပထမဦးဆုံးပြေး၍ သတင်းပေးလေ့ ရှိသည်ဟု ဆိုသည်။ တဖန် ဗိုလ်သန်းရွှေ စစ်ရုံးချုပ်၌ တာဝန်ထမ်းရွက်နေစဉ်အတွင်း အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းရီကို ရာထူးမှ ဖယ်ရှား အပြစ်ပေးခဲ့သည်ကို ကြုံတွေ့ခဲ့သည်။ ဗိုလ်ချုပ်ထွန်းရီကို နပိုလီယံဟု နာမည်ပြောင်ပေးထားပြီး စစ်ရေးထက်မြက်သူတစ်ဦး ဖြစ်သည်။ ဗိုလ်ချုပ်ထွန်းရီသည် ဒေသပါတီ ဆွေးနွေးပွဲမှတ်တမ်းတစ်ခု တင်ပြရန်ပျက်ကွက်ခြင်း ရာထူးမှ ဖယ်ရှားခံရသည်ဟု စွပ်စွဲထားသော်လည်း အမှန်မှာ ပါတီ

www.burmeseclassic.com



ဥက္ကဋ္ဌကြီး ဦးနေဝင်း၏ မ-ဆ-လလမ်းစဉ်အပေါ် ဝေဖန်ခဲ့မှုကြောင့် ဖယ်ရှားခံခဲ့ရခြင်း ဖြစ်သည်။

ထို့ပြင် ၁၉၇၇ စတုတ္ထအကြိမ် ပါတီညီလာခံ၌ ပါတီခေါင်းဆောင်အချို့က နိုင်ငံရေး၊ စီးပွားရေး အခြေအနေများနှင့်ပတ်သက်၍ မကျေနပ်မှုကြောင့် ဦးနေဝင်းကို ဆန္ဒမဲဖြင့်ဖယ်ရှားရန် ကြိုးပမ်းခဲ့ကြသည်။ ဦးနေဝင်းက အရေးပေါ် ပါတီညီလာခံ ပြန်ခေါ်၍ သူ့အား မဲဖြင့် ဖြုတ်ချမည့် ပါတီခေါင်းဆောင်များကို ပါတီတွင်း သန့်စင်ရေးဟုဆိုကာ ဖြုတ်ချဖယ်ရှားခဲ့လေသည်။ ထိုစဉ်က ဦးနေဝင်း၏လူယုံတစ်ဦးဖြစ်သောဗိုလ်ချုပ်သန်းရွှေသည် နိုင်ငံရေးအရှုပ်အထွေး ဖြစ်ပွားနေစဉ်မှာပင် လမ်းစဉ်ပါတီ၏ ဗဟိုကော်မတီဝင် ဖြစ်လာခဲ့လေသည်။

သူသည် ဦးနေဝင်း၏ ၎င်းအပေါ် သစ္စာရှိသူများကိုသာ နေရာပေးသည့် လုပ်နည်းလုပ်ဟန်များ အတိုက်အခံ ပြိုင်ဘက်များအား အကြင်နာကင်းစွာ ချေမှုန်းဖြိုခွင်းပုံ စသည့် အာဏာရှင်၏သဘောသကန်များကို သင်ခန်းစာယူကာ နောင်တွင် မိမိအာဏာတည်မြဲရေးအတွက် အတုခိုးကျင့်သုံးခဲ့သည်ဟု ရေးသားထားသည်။

## အခန်း (၈)

## ၁၉၈၈ ကာလတစ်ဝိုက် ဗိုလ်ချုပ်သန်းရွှေ ဖြတ်သန်းခဲ့ပုံ

၁၉၈၃ ၌ ဗိုလ်ချုပ်သန်းရွှေသည် အနောက်တောင်တိုင်း စစ်ဌာနချုပ်၌ တိုင်းမှူးဖြစ်လာစဉ်က အသက် ၅၀ ခန့်သာ ရှိသေးသည်။ တိုင်းမှူးမဖြစ်ခင် တပ်မ (၈၈) တပ်မမှူးတာဝန်ယူစဉ်ကပင် သူသည် မဆလပါတီ၏ ဗဟိုကော်မတီဝင်တစ်ဦး ဖြစ်နေခဲ့သည်။ ထိုစဉ်က သူနှင့်အတူ လုပ်ကိုင်ခဲ့သူများက ဗိုလ်သန်းရွှေသည် စစ်သားတစ်ယောက်ဖြစ်ရသည်ကို ဂုဏ်ယူ၍ မဆလပါတီကို အကြွင်းမဲ့ ယုံကြည်နေသူဖြစ်ကြောင်း၊ ထိုစဉ်ကာလ ဧရာဝတီတိုင်းအတွင်း လမ်းတံတား ဆောက်လုပ်ရေးလုပ်ငန်းများကို အထူးစိတ်ဝင်စားခဲ့ပြီး၊ မိန့်ခွန်းတစ်ခါပြောလျှင် ၂ နာရီခန့်ကြာအောင် လေကြောရှည် ပြောတတ်သော်လည်း လက်ရှိနိုင်ငံရေးအခြေအနေနှင့် အနာဂတ်ကာလ၌ မည်သို့ပြုပြင်ဆောင်ရွက်လျှင် ကောင်းမည်ကို တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com






မှ မပြောဆိုခဲ့ကြောင်း၊ သူသည် ဘာသာရေးကို လေးလေးနက်နက် ကိုးကွယ်ယုံကြည်သော်လည်း သူ၏လုပ်ဆောင်ချက်များကို နတ်၊ ဗေဒင်၊ နက္ခတ်များ တွက်ချက်၍ လုပ်ဆောင်ခဲ့မှုများ မတွေ့ရကြောင်း ပြောဆိုကြသည်။ သို့သော် ယခုအခါ အရင်ကနီးစပ်သူများ ပြောဆိုသမျှနှင့် ဆန့်ကျင်ဘက်များသာ ဖြစ်နေကြောင်း ရော်ဂျာက သုံးသပ်တင်ပြထားသည်။

ယခုအခါ ဗိုလ်ချုပ်သန်းရွှေ၏ လုပ်ကိုင်ဆောင်ရွက်မှု မှန်သမျှ ဗေဒင်၊ နက္ခတ်၊ ဘိုးတော် အခါပေး ဆရာများ၏အကြံများကို ဦးစွာ ရယူပြီးမှ ဆောင်ရွက်နေသလို လူသူအများရှေ့၌လည်း မိန့်ခွန်း ပြောကြားခဲ့သည်။ တိုင်းပြည်လူထုကိုပင် နအဖအဖွဲ့ဥက္ကဋ္ဌအနေဖြင့်ပင် နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားမှု မရှိဟု ဆိုသည်။ ယခင် ဧရာဝတီတိုင်း တိုးတက်ဖွံ့ဖြိုးရေးကို စိတ်အား ထက်သန်ခဲ့သော ဗိုလ်သန်းရွှေသည် ယင်းတိုင်း၌ နာဂစ်မုန်တိုင်း ကြုံရစဉ်က လူအမြောက်အမြား သေကျေပျက်စီးနေသည်ကိုပင် မျက်နှာလွှဲ ခဲပစ်လုပ်ခဲ့သည်ဟု ဆိုသည်။ အဘယ်ကြောင့် ဗိုလ်ချုပ် သန်းရွှေ စိတ်ထားပြောင်းသွားခဲ့ လေသလားဟူ၍ စာရေးသူ ရော်ဂျာက မေးခွန်း ထုတ်ထားသည်။

၁၉၈၈ လူထုအုံကြွမှုကြီး ဖြစ်ပွားလာချိန်တွင် ရှစ်ဆယ့်ရှစ် ဒီမိုကရေစီ အရေးတော်ပုံကြီးကို ဖြိုခွင်းချေမှုန်းရန် စစ်ဆင်ရေးကိစ္စများကို

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူရသည့် ပုဂ္ဂိုလ်များ၌ ဗိုလ်ချုပ်သန်းရွှေသည် အဓိကနေရာက ပါဝင်ခဲ့သည်။ ၈၈ အရေးတော်ပုံ၏ မီးပွားအဖြစ် အစပျိုးခဲ့သော ၁၉၈၈ မတ်လ၌ ဖြစ်ပွားခဲ့သည့် ရန်ကုန်စက်မှုတက္ကသိုလ် ဆန္ဒပြပွဲနှင့် အင်းလျား ကန်စောင်း တံတားဖြူအနီး၌ စစ်တပ်က ဖြိုခွင်းခဲ့မှုလုပ်ရပ်သည် လွန်စွာ ရက်စက်ကြမ်းကြုတ်ခဲ့ကြောင်း၊ သေကျေဒဏ်ရာရသူပေါင်း သောင်းဂဏန်း ခန့်အထိ ရှိခဲ့ကြောင်း၊ သေကျေဒဏ်ရာရသူ အရေအတွက်ကို အတိအကျ မသိရသော်လည်း ကျောင်းသားများအား ရက်စက်စွာ ပစ်ခတ် သတ်ဖြတ် မှု၌ ထိုစဉ်က ကာကွယ်ရေးဝန်ကြီးနှင့် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် တာဝန်ကိုယူထားသော ဗိုလ်ချုပ်သန်းရွှေသည် ထိုကိစ္စများအတွက် လက် သည် တရားခံတစ်ဦးဖြစ်သည်မှာ ငြင်းမရဟု ဆိုသည်။

အမှန်စင်စစ် ၁၉၈၈ စက်တင်ဘာလ ၁၈ ရက်နေ့ အာဏာသိမ်း မှုသည်လည်း ဦးနေဝင်း၏ မီးစိမ်းပြမှုကြောင့်ဟု အများက ယုံကြည်ထားခဲ့ ကြသည်။ အာဏာသိမ်းသည့်ကာလ၌ အာဏာရှင်ဟောင်း ဦးနေဝင်းက ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်နှင့် စစ်ထောက်လှမ်းရေးမှူး ချုပ် ဗိုလ်မှူးကြီးခင်ညွန့်ကိုသာ အဓိက ဦးဆောင်စေ၍ ဗိုလ်ချုပ်သန်းရွှေကို သာမန်အဖွဲ့ဝင်အဖြစ်သာ ထားရှိခဲ့သည်။ သို့သော် ဗိုလ်ခင်ညွန့်သည် တပ် ပိုင်းဆိုင်ရာ၌ တိုင်းမှူး၊ တပ်မမှူး အဖြစ် ဦးဆောင်ခဲ့ဖူးသူ မဟုတ်သော ကြောင့် စစ်တပ်၏ အဓိက ထိပ်တန်းနေရာကို ရယူ၍ မဖြစ်နိုင်သောကြောင့် နောက်ပိုင်းတွင် ဗိုလ်ချုပ်သန်းရွှေကို နဝတ၏ ဒုတိယဥက္ကဋ္ဌအဖြစ် နေရာ ပေးခဲ့ကြသည်။ နဝတ အာဏာသိမ်း စစ်ကောင်စီကို ဗိုလ်ချုပ်မှူးကြီး စောမောင်က လုံးဝ ထိန်းချုပ်ထားချင်ပုံရသည်။ စစ်အစိုးရအတွင်းမှ သတင်းများအဆိုအရ ဗိုလ်ချုပ်သန်းရွှေသည် နိုင်ငံရေးဆန်သည့် တာဝန် မျိုးကို ယူချင်သော်လည်း ထိုစဉ်က ၎င်း၏တောင်းဆိုမှုကို ပယ်ချခံခဲ့ကြ ရသည်ဟု ဆိုပါသည်။

ယင်းနောက် ၁၉၉၀ ခုနှစ်၊ မေလ၌ ကျင်းပခဲ့သော ပါတီစုံ အထွေ ထွေ ရွေးကောက်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် မဲ အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ စစ်အစိုးရ သည် သူတို့လိုလားသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ

www.burmeseclassic.com





နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် အစိုးရအဖွဲ့ဝင်များ မိုးကုတ်မြို့ ကျောက်မျက်ရတနာတူးဖော်ရေးဌာနမှ ရရှိသည့် ကျောက်မျက်ရတနာများနှင့် ပြင်ပပုဂ္ဂလိကများနှင့် ဖက်စပ်တူးဖော်ရရှိခဲ့သော ကျောက်မျက်များကို ကြည့်ရှုနေစဉ်

(တစည) အနိုင်ရရှိလိမ့်မည်ဟု တွက်ဆထားရာ လွဲချော်သွားခဲ့မှုကြောင့် မူလက ဗိုလ်ချုပ်မှူးကြီးစောမောင် ပေးခဲ့သည့် ကတိဖြစ်သည့် အနိုင်ရပါတီကို အာဏာလွှဲပေးပြီးနောက် စစ်တန်းလျားကို ပြန်မည်ဟု ပေးထားသောကတိကို ဖျက်ခဲ့ရသည်။ ကတိ ဖောက်ဖျက်ခဲ့သည့်အတွက် ပြည်တွင်းပြည်ပ ဖိအားပေးမှုများကြောင့် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် စိတ်ဖောက်ပြန်သည့် ဒဏ်ကိုခံရပြီးနောက် ရူးသွပ်သွားခဲ့သည်။ အချို့က တမင်သက်သက် ဗိုလ်ချုပ်မှူးကြီးစောမောင်ကို ဆေးထိုးပြီး ရူးသွပ်အောင်လုပ်ခဲ့သည်ဟု ဆိုကြောင်း၊ ၁၉၉၂ ခုနှစ် ဧပြီလတွင် ဗိုလ်ချုပ်မှူးကြီးစောမောင်ကို ကျန်းမာရေးကြောင့်အနားပေးလိုက်ရပါသည်ဟု ကြေညာခဲ့သည်။ သို့သော် ဗိုလ်ချုပ်ခင်ညွန့်သည် တပ်ပိုင်းဆိုင်ရာ၌ ငယ်ရွယ်နေသူ ဖြစ်သောကြောင့် နဝတ ထိပ်ပိုင်းနေရာနှင့် တပ်ပိုင်းဆိုင်ရာ နေရာကို မယူနိုင်ပြန်သဖြင့် ဗိုလ်ချုပ်သန်းရွှေသည် နဝတစစ်အစိုးရ၏ အာဏာ အရှိဆုံးပုဂ္ဂိုလ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာတော့သည်။

နအဖ စစ်အစိုးရ တက်လာချိန်တွင် ယင်းတို့နှင့် တွေ့ဆုံဖူးသော နိုင်ငံခြားသံတမန်တစ်ဦး အဆိုအရ ဆွေးနွေးပွဲများ၌ အဓိက ဦးဆောင်ပြောကြသူများ၌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဗိုလ်ချုပ်ခင်ညွန့်တို့ဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြီးသန်းရွှေသည် အစည်းအဝေး၌ ရှိနေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးကြီးနှင့် ခေါင်းတညိမ့်ညိမ့်သာ လုပ်နေကြောင်း၊ ဘာတစ်ခွန်းမှ ဝင်မပြောဟုဆိုသည်။ သို့သော် ဗိုလ်ချုပ်ကြီးသန်းရွှေ နဝတ ဥက္ကဋ္ဌ ဖြစ်လာချိန်တွင် ဝန်ကြီးအားလုံး ညကျောင်းတက်ကြရသည်။ ညကျောင်းဆိုသည်မှာ ညပိုင်းမှခေါ်ပြီး ယင်းတို့၏ စဉ်းစားချက်၊ သုံးသပ်ချက်များကို တစ်လုံး တစ်ပါဒမကျန် ဗိုလ်ချုပ်ကြီးသန်းရွှေထံ တင်ပြအစီရင်ခံခဲ့ကြရသည်။ ၎င်း ဩဝါဒ ပေးသမျှကိုလည်း တစ်လုံးတစ်ပါဒမကျန် နာခံကြရသည်။ တစ်နည်းဆိုသော် အမိက အာဏာရှိသူမှာ မည်သူဖြစ်သည်ကို ကွဲပြား၍ သိရှိနိုင်ရန် သွယ်ဝိုက်ပညာပြသခဲ့သည်လည်း ဖြစ်နိုင်ကြောင်း စာရေးဆရာ ဇော်ဂျာက သုံးသပ်ထားလေသည်။

## အခန်း(၉)

## လူသားမျိုးနွယ်တစ်ရပ်လုံးအပေါ် ကျူးလွန်ချိုးဖောက်ခဲ့သလား

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နအဖ စစ်အစိုးရ ဥက္ကဋ္ဌ ဖြစ်လာသောအခါ နိုင်ငံတကာ မိသားစုက သဘောထားပျော့ပျောင်းသောသူ တစ်ဦးဖြစ်လာမည်လားဟူ၍ မျှော်လင့်ခဲ့ကြသည်။ သူ အာဏာရလာသည့်အချိန်မှာပင် နိုင်ငံရေးအကျဉ်းသား ရာဂဏန်းမျှ လွှတ်ပေးခဲ့သလို ICRC ခေါ် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ကိုလည်း အကျဉ်းထောင်အတွင်းသို့ စစ်ဆေးခွင့်ပေးခဲ့သည်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း လက်ခံ တွေ့ဆုံခဲ့သည်။ စီးပွားရေးဝန်ကြီးဗိုလ်မှူးချုပ်ဒေးဗစ်အေဘယ်ကို ဦးဆောင်စေ၍ စီးပွားရေး ပွင့်လင်းစေရန် လုပ်ဆောင်စေခဲ့သည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ၏ ပြည်တွင်းစစ် အကြောင်းလေ့လာသူ မာတင်စမစ် (Martin Smith)ကလည်း ယင်းသို့ပင် ဖော်ပြခဲ့သည်။ ဗိုလ်ချုပ်သန်းရွှေ နအဖ ဥက္ကဋ္ဌဖြစ်လာပြီး မကြာမီမှာပင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အကြောင်းပြု၍ ကရင်လက်နက်အဖွဲ့များအပေါ် ထိုးစစ်ဆင်နေသည့် မာနယ်ပလော ထိုးစစ်ကိုလည်း ဆိုင်းငံ့ပေးခဲ့သည်။ သို့သော် သိပ်မကြာပေ။ နောက်ပိုင်းတွင် တိုင်းရင်းသား လူမျိုးစုများအပေါ် ထိုးစစ်များ ပြန်စခဲ့သလို ကျန်သည့် ဖိနှိပ်မှု အဖုံဖုံကိုလည်း ဆက်လက်ပြုလုပ်လာခဲ့သည်။ အခုအချိန်တိုင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော

www.burmeseclassic.com

www.burmeseclassic.com






တိုင်းမဂ္ဂဇင်း၌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား မျက်နှာဖုံးဆောင်းပါးအဖြစ် ဖော်ပြထားစဉ်။

အကျဉ်းထောင်များ၌ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော် ကျန်ရှိနေသေးသည်။

အဆိုပါ အခန်း၌ပင် စာရေးဆရာ ရော်ဂျာသည် ကရင်ပြည်နယ်အတွင်း I.D.Pခေါ် ပြည်တွင်း၌ ရွှေ့ပြောင်း ထွက်ပြေးရသူ ဒုက္ခသည်များ၏ အဖြစ်အပျက်နှင့် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်သည့်လုပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



များကို ဖော်ပြထားသည်။ ရှေ့တန်း၌ တာဝန်ယူနေသည့် မြန်မာစစ်တပ်က စစ်သားများသည် အရပ်သားပြည်သူများကို မထင်လျှင် မထင်သလို သတ်ဖြတ်နေမှု၊ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်နေမှု၊ အမျိုးသမီးများ အပေါ်၌လည်း မုဒိန်းမှု အပါအဝင် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ အရွယ်မရောက်သေးသော ကလေးများအား အတင်းအကျပ် ကလေးစစ်သားအဖြစ် အသုံးပြုနေမှု စသည့် ကိစ္စရပ်များကို အထောက်အထား သာဓကများဖြင့် ဖော်ပြထားသည်။ အဓမ္မလုပ်အားပေးခိုင်းစေမှုများလည်း တစ်နိုင်ငံလုံးအနှံ့ ဖြစ်ပေါ်နေပြီး ဤကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်နေမှုများသည် နေရာဒေသတစ်ခုနှစ်ခုထဲ၌သာ ကွက်ပြီး ဖြစ်နေသည် မဟုတ်ပေ။ ယင်းသို့ လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်နေသည်ကို ဗိုလ်ချုပ်သန်းရွှေ မသိ၍ မဟုတ်၊ သိလျက်နှင့် ခွင့်ပြုထားသည်လားဆိုသည့် ကိစ္စသည် မေးခွန်းထုတ်စရာပင်။

ဤကိစ္စနှင့် ပတ်သက်၍ ၁၉၉၅ တွင် ဗိုလ်ချုပ်သန်းရွှေနှင့် သံအမတ်ခန့်အပ်လွှာ ပေးအပ်ရင်း တွေ့ဆုံ စကားပြောခွင့်ရသည့် သံအမတ်တစ်ဦး၏အပြောအရ ပထမပိုင်းတွင် စကား အေးအေးလူလူ ပြောဆိုနေရာမှ လူ့အခွင့်အရေး ကိစ္စအကြောင်း စကား စလာသည်နှင့် စကားဝိုင်းသည် တင်းမာသွားခဲ့သည်။ ဗိုလ်ချုပ်သန်းရွှေက "ကျွန်တော်တို့ဟာ ဗုဒ္ဓဘာသာဝင်တွေပဲ...ယင်ကောင်တစ်ကောင်တောင် မသတ်ဖူးဘူး" ဟု၍ လုံးဝငြင်းဆိုခဲ့သည်။ သံအမတ်က ဗိုလ်ချုပ်သန်းရွှေသည် ပိုးအိမ်ထဲက ပိုးကောင်လို သူ့ကမ္ဘာထဲမှာ သူ နေနေတယ်ဟု ဆိုခဲ့သည်။ အလားတူပင် စစ်အစိုးရ၏ သတင်းမီဒီယာများနှင့် မြန်မာသံတမန်များကလည်း အမြဲဘူးခံလေ့ရှိသည်။ ယင်းတို့အပေါ် နိုင်ငံတကာအမြင်များကို ပြောင်းလဲစေရန် စစ်အစိုးရ၏ သဘောထား ပြောင်းလဲတော့မယောင် သတင်းမှားများထုတ်လွှင့်၍ အနောက်တိုင်းမှ ပညာရှင်များကို အမြဲလှည့်ဖျား အသုံးချခဲ့သည်ဟု တစ်ချိန်က ထောက်လှမ်းရေးအရာရှိဖြစ်ခဲ့သူ ဗိုလ်မှူးအောင်လင်းထွဋ်က ပြန်ပြောင်းပြောပြသည်ဟု ဆိုသည်။

ထို့ပြင် ဗိုလ်ချုပ်သန်းရွှေကိုယ်တိုင် လူ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု ကျူးလွန်ခဲ့သည်ဆိုပြီး ဗိုလ်မှူးအောင်လင်းထွဋ်က သူ့အတွေ့

www.burmeseclassic.com






အကြံကို အခြေခံ၍ ပြန်ပြောင်းပြောပြခဲ့သည်။ ဖြစ်ရပ်မှာ မြန်မာနိုင်ငံ အောင်ပိုင်း ဓာဒက်ကြီး ရေတာပ်စခန်းအနီး၌ ၁၉၉၈ ခုနှစ်တွင် ဖြစ်ခဲ့သည်။ ထင်းအနီးနားရှိ ကျွန်းတစ်ကျွန်းတွင် အပြစ်မဲ့အရပ်သား (၈၁) ဦးကို စစ်ဆင်ရေး ကာလတစ်စုအတွင်း ဗိုလ်ချုပ်သန်းရွှေ အမိန့်ဖြင့် တစ်ယောက်မကျန်ပင် သတ်ခိုင်းခဲ့သည်။ ထိုစဉ်ကာလ စစ်ဆင်ရေးကို ဦးဆောင်နေသူမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး တာဝန်ယူနေသည့် လျှပ်စစ်ရွှမ်းအား ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဖြစ်သည်။ မြိတ်ကျွန်းစု အတွင်းရှိ ခရစ္စတီးဟု အမည်တွင်နေသော ကျွန်းပေါ်၌ စစ်အစိုးရသည် ဥးအေကို ဆန့်ကျင်ပြီး သစ်ခုတ်၊ ဝါးခုတ်နေသူများကို ဖမ်းဆီးမိခဲ့သည်။ ၁၉၉၈ ခုနှစ် မေလ မတိုင်မီကတည်းက ကာကွယ်ရေးဦးစီးချုပ်ဖြစ်မည်ဟု နာမည်

www.burmeseclassic.com



ပြေးနေသော ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်အောင်က ကျွန်းပေါ်တွင် မည်သူမှ နေခွင့် မရှိ ဟူ၍ အမိန့်ထုတ်ထားခဲ့သည်။ ရွာသားများကို ဖမ်းမိထားသည့် စစ်တပ်အရာရှိများက မည်ကဲ့သို့ ဆက်လက် လုပ်ဆောင်ရမည်ကို အထက်သို့ အမိန့်တောင်းခံခဲ့သည်။ (ထိုစဉ်က ဗိုလ်မှူးအောင်လင်းထွဋ်သည် ထောက်လှမ်းရေးမှူးအဖြစ် တာဝန်ထမ်းရွက်နေစဉ် ဖြစ်သည်) ထိုစဉ်မှာပင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင်က အားလုံး သတ်ပစ်ဖို့ အမိန့်ပေးခဲ့ရာ သက်ဆိုင်ရာစစ်တပ်အရာရှိများက အမိန့်အတိုင်း သတ်ဖြတ်ခဲ့ရသည်ဟု ဆိုသည့် "မိန်းမများ၊ ကလေးများအဆုံး ဘယ်သူမှ အသက်ရှင်လျက် မမြင်ချင်ဘူး"ဆိုသည့် ညွှန်ကြားချက်လည်း ရှိခဲ့သည်။ အကယ်၍ ဤသို့ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အမှန် မသိရှိဘူး ဆိုလျှင် သူကိုယ်တိုင် စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းပြီး ဆောင်ရွက်ရန် ရှိသည်။ ယင်းသို့ ကော်မရှင် ဖွဲ့စည်းစစ်ဆေးခဲ့မှုလည်း မရှိခဲ့ဟု လေ့လာသူများက ဆိုသည်။


ယင်းသို့ ဆိုးဆိုးရွားရွား လူ့အခွင့်အရေး ချိုးဖောက်ခဲ့မှုများကို မှတ်တမ်းတင်ထားချက်များ အများအပြား တွေ့ရှိရသည်။ ၂၀၀၀ မှ ၂၀၀၈ ခုနှစ်အထိ မြန်မာနိုင်ငံ လူ့အခွင့်အရေးကိစ္စ စုံစမ်းတင်ပြခဲ့သူ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူး ကိုယ်စားလှယ် ပေါ်လိုဆာဂျီယိုပင်ညဲရိုး"၏ အစီရင်ခံစာအရ "ပြီးခဲ့တဲ့ ၁၅ နှစ်ကာလအတွင်း မြန်မာစစ်တပ်က ကျေးရွာပေါင်း ၃၃၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ အခုလို ကျူးလွန်သည့် စစ်သည်များကိုလည်း အပြစ်ပေးအရေးယူခြင်း မရှိဘဲ လွတ်လွတ်လပ်လပ်ပဲ လွှတ်ထားတယ်"ဟူ၍ ဖော်ပြထားသည်။

ထို့ပြင် ဟားဗတ်တက္ကသိုလ် လူ့အခွင့်အရေး ကာကွယ် တားဆီးရေးဌာန၏ လေ့လာတင်ပြချက်အရ နိုင်ငံတကာ ရာဇဝတ် ခုံရုံးများ၌ တာဝန်ယူဖူးခဲ့သော တရားသူကြီးများက ကုလသမဂ္ဂလူ့အခွင့် အရေး အစီရင်ခံစာများကို သုံးသပ်ကြည့်လျှင်၊ မြန်မာနိုင်ငံတွင် ကျူးလွန်ချိုးဖောက်နေသည့် အနေအထားသည် လူသားမျိုးနွယ် တစ်ရပ်လုံးအပေါ် ကျူးလွန်ချိုးဖောက်သည့် ရာဇဝတ်မှု အနေအထား (Crimes against Humanity)သို့ ဆိုက်ရောက်နေပြီဟု သုံးသပ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လူမြင်ကွင်းရှေ့၌ ဗုဒ္ဓဘာသာဝင်ကောင်းများကဲ့သို့ ဘုရားကျောင်းကန်. သွားလာမှု၊ သံဃာတော်များကို လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ် (အလှူဒါန) ပြုနေသည်ကို မကြာခဏ တွေ့မြင်နေရသော်လည်း ၂၀၀၇ ရွှေဝါရောင် သံဃာလှုပ်ရှားမှုတွင် အကြမ်းဖက်ချေမှုန်းခဲ့သည်များကို တွေ့မြင်ရသောအခါ အာဏာနှင့် ပတ်သက်လျှင် သံဃာတော်များအပါ အဝင် မည်သူ့ကိုမျှ ခွင့်လွှတ် သည်းခံလိမ့်မည် မဟုတ်ကြောင်း နားလည် သဘောပေါက်ခဲ့ကြရသည် ဟူ၍ ရေးသားထားသည်။

## အခန်း (၁၀)

## မင်းတရားကြီးကဲ့သို့ ပြုမူနေသော ဗိုလ်ချုပ်မှူးကြီး

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ အငယ်ဆုံးသမီး မသန္တာရွှေ၏ မင်္ဂလာပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့သည်ကို မြင်တွေ့ရသောအခါ လူတိုင်းက အံ့ဩဒေါသဖြစ်ခဲ့ရသည်။ သတို့သား ဗိုလ်မှူးဇော်ဖြိုးဝင်းနှင့် ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



မှူးကြီး၏သမီး မသန္တာရွှေတို့၏ မင်္ဂလာပွဲကို မြန်မာ့ရိုးရာ ဓလေ့ထုံးစံနှင့် အနောက်တိုင်းပုံစံဖြင့် ဝှဲချီးကျင်းပခဲ့သည်။ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသည့် စစ်အစိုးရနှင့် နီးစပ်သူ လူကုံထံများ၊ စီးပွားရေးသမားများကလည်း မျက်နှာလို မျက်နှာရ လက်ဖွဲ့ပစ္စည်း အမြောက်အမြားပေးခဲ့ကြသည်။ ဗိုလ်ချုပ်မှူးကြီး၏သမီးသည် စိန်များ ညွတ်နေအောင် ဆင်ထားသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။ မင်္ဂလာလက်ဖွဲ့အနေဖြင့် ဇိမ်ခံကားများ၊ အိမ်များ အပါအဝင် အမေရိကန်ဒေါ်လာသန်း ၅၀ ဖိုးမျှ လက်ခံရရှိခဲ့သည်ဟု ဆိုသည်။ အဆိုပါ မင်္ဂလာအခမ်းအနားကို နိုင်ငံပိုင် ရုပ်သံများက ပြသခဲ့မှု မရှိခဲ့ချေ။ လူထုမြင်ခဲ့ကြရသည်မှာ ယင်း မင်္ဂလာပွဲကို ရိုက်ကူးထားသည့် ဗီဒီယိုအခွေ ပြင်ပသို့ ပေါက်ကြား၍ ပြည်ပသတင်း မီဒီယာများက လူထုအတွင်း လျှို့ဝှက်တစ်ဆင့် ဖြန့်ချိခဲ့ရာမှ လူတိုင်းသိရှိသွားခဲ့ခြင်း ဖြစ်သည်။ ယင်းတို့၏မင်္ဂလာပွဲကို 'စိန်စီသောသည'ဟု လူသိများပြီး ပြည်သူအများငတ်မွတ်ခေါင်းပါး ဆင်းရဲနေစဉ်၌ ယခုကဲ့သို့ ပပလွှားလွှား သုံးဖြုန်း မင်္ဂလာဆောင်နိုင်သည်ကို မြင်တွေ့လိုက်ရခြင်းကြောင့် အံ့သြဒေါသ ထွက်ခဲ့ကြရသည်။ ယခုကဲ့သို့ ကြီးကျယ်ခမ်းနားသည့် မင်္ဂလာပွဲကျင်းပရသည့် အကြောင်းကိုလည်း အများက ဆန်းစစ်ကြသည်။ အကြောင်းမှာ စစ်အစိုးရ ဒုတိယခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ မွေးစားသမီးနှင့် ဝန်ကြီး ဦးအောင်သောင်း၏သားတို့၏ မင်္ဂလာဧည့်ခံပွဲကို ရန်ကုန်မြို့ ဆိဒိုးနားဟိုတယ်၌ ကြီးကျယ် ခမ်းနားစွာကျင်းပခဲ့ရာ ယခု ဗိုလ်မှူးကြီး၏ သမီး မင်္ဂလာပွဲအလှည့်၌ ယင်းတို့ထက် ကြီးကျယ်သထက်ကြီးကျယ်စွာ ဂုဏ်တု ဂုဏ်ပြိုင် ကျင်းပခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြသည်။

အာဏာရှင်များသည် ယခုကဲ့သို့ သူတို့ကိုယ်သူတို့ ပိုမို ကြီးကျယ်ခမ်းနားအောင် ပြုလုပ်လေ့ရှိသည်ဟု စာရေးဆရာက သုံးသပ်ထားသည်။ ဇင်ဘာဘွေ နိုင်ငံမှ အာဏာရှင်ကြီး မူဂါဘီအကြောင်း ရေးသားခဲ့သော စာရေးဆရာ မောဒီဟော်လန်၏ စာအုပ်၌လည်း မူဂါဘီ၏ ၈၃ နှစ်မြောက် မွေးနေ့ကို ကြီးကျယ်စွာ ကျင်းပခဲ့ကြောင်း နှိုင်းယှဉ်ဖော်ပြထားသည်။ ပြည်သူလူထုတစ်ရပ်လုံး ဆင်းရဲမွဲတေကာ စားရမဲ့ သောက်ရမဲ့ အလံရောက်နေချိန်၌ ဒေါ်လာတစ်သန်းခန့် အကုန်ကျခံ ကျင်းပသော ဗိုလ်ချုပ်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်

သင်း မင်္ဂလာဆောင်သည် မူဂါဘီ၏ မွေးနေ့ကုန်ကျစရိတ်ထက် အနှစ် ၅၀ ကျော် ပိုမို ကုန်ကျခဲ့သဖြင့် မြန်မာပြည်သူလူထု တစ်ရပ်လုံးက ခေါ်သခံခြင်း ခဲ့ရသည်ဟု ဆိုသည်။

www.burmeseclassic.com



ရော်ဂျာ၏စာအုပ်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၌ သားသမီး ၈ယောက် ရှိသည်ဟု ဖော်ပြထားသည်။ ကိုနိုင်စန်းရွှေ၊ ကိုထွန်းနိုင်ရွှေ၊ မဒေဝါရွှေ၊ မခင်ပြုံးရွှေ၊ မကြည်ကြည်ရွှေ၊ ကိုသန့်ဇော်ရွှေ၊ မအေးအေးသစ်ရွှေ၊ မသန္တာရွှေတို့ ဖြစ်သည်။ ရော်ဂျာစာအုပ်၌ ဒေါ်ကြိုင်ကြိုင်ဘက်က အရင် အိမ်ထောင်နှင့်ပါလာသော ဘိုးတော်ဟု နာမည်ကျော်နေသူ ကိုမောင်မောင် ဆိုသူကို ထည့်သွင်း ဖော်ပြမထားဟု နိုင်ငံရေး အကဲခတ်သမားများက ဆိုသည်။ အဆိုပါ သားသမီးများအားလုံးသည် ဗိုလ်ချုပ်သန်းရွှေ ရာထူး ငယ်စဉ်က စစ်ကားဖြင့် အခြားစစ်သည် သားသမီးများကဲ့သို့ ကျောင်းတက် ခဲ့ရသည်။ မာန်မာနထောင်လွှားမှု မရှိဘဲ ရိုးရိုးကုပ်ကုပ်နေခဲ့သည်။ သို့သော် နိုင်ငံတော်အကြီးအကဲ တာဝန်ယူပြီးနောက် အရင်အချိုးများ မဟုတ်တော့ ဘဲ ပပလွှားလွှားနေခဲ့သည်ဟု သတင်းကျော်စောသလို အများကို ဗိုလ်ကျ၊ တစ်နိုင်ငံလုံးမှ ပစ္စည်းများကိုလည်း ကိုယ်ပိုင်သဖွယ် ထင်တိုင်းကျဲခဲ့သည် ဆိုသည့် သတင်းဆိုးများ ထွက်ပေါ်လာခဲ့သည်။ ယခု စိန်စီသောည မင်္ဂလာ ပွဲတစ်ခုတည်းတောင် မဟုတ်ချေ။

ဗိုလ်ချုပ်မှူးကြီး နှင့် မိသားစုသည် ထီးနန်းစိုးပိုက် ပြည့်ရှင်မင်း တရားကြီးကဲ့သို့ ပြုမူ၍ ဩဇာအာဏာ ပြလွန်းသည်ဟု အများက ပြောဆို လာခဲ့ကြသည်။ စာရေးဆရာ ရော်ဂျာစာအုပ်၌ အချို့သတင်းများကို အထောက်အထားများဖြင့် ကိုးကား၍ အောက်ပါအတိုင်း ဖော်ပြထားသည်။ ၂၀၀၂ ခုနှစ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် မိသားစု မော်လမြိုင်သို့ လာ ရောက်စဉ်အတွင်း ဆိုင်တစ်ဆိုင်၌ မီးထွန်းထားသည့် ဂျင်နရေတာစက်ကို သဘောကျသောကြောင့် သူတို့ ပြန်သောအခါ ထရပ်ကား တစ်စီးကို လွှတ်ပြီး အဆိုပါ မီးစက်ကို ယူစေဖို့ စစ်တိုင်းမှူးကို အမိန့်ပေးခိုင်းခဲ့သည် ဟု ဆိုသည်။ တခြားခရီးစဉ်တစ်ခု၌လည်း သူတို့တော်ဝင်မိသားစု မေမြို့ (ယခု ပြင်ဦးလွင်)သို့ သွားရောက်လည်ပတ်ရင်း သူ့သမီးများက ကုန်တိုက် တစ်ခုမှ ကြိုက်ရာပစ္စည်းများကို လက်ညှိုးထိုး ယူသွားကြသည်။ ငွေတစ် ကျပ် တစ်ပြားမှ မပေးခဲ့ဟု ဆိုသည်။ သူတို့ပြန်သွားသောအခါ မေမြို့၌ ရှိသော စစ်တက္ကသိုလ်မှ စစ်သည်အရာရှိများက ပစ္စည်းတန်ဖိုးပြန်ပေးရန် လူထုထံ မှ အတင်းအကျပ် အလှူကောက်ခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com





တစ်ခါကလည်း နယ်ခရီးစဉ် တစ်ခုအတွင်း၌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့် ဒေါ်ကြိုင်ကြိုင်တို့က 'မုန့်လင်မယား'စားချင်သည်ဆို၍ လိုက်ဝယ်ပေးရသူများ အတော်အခက်ကြုံခဲ့ရသည်။ ထို့ပြင်ဒေါ်ကြိုင်ကြိုင်က ဆပ်ပြာဆိုလျှင် 'ဆန်းလိုက်'ဆပ်ပြာမှ ကြိုက်နှစ်သက်သည်။ ယင်းတို့၏ အဝတ်အစားများကို အဝတ်လျှော်စက်ဖြင့် မလျှော်ခိုင်းဘဲ ဆန်းလိုက် ဆပ်ပြာဖြင့် လက်ဖြင့်သာ လျှော်ခိုင်းသောကြောင့် အောက်ခြေ တပ်မှူး၊ တပ်သားကတော်များ ဒုက္ခကြုံကြရသေးသည်။

ဗိုလ်ချုပ်မှူးကြီး အချစ်ဆုံး မြေးမှာ 'ဖိုးလပြည့်'ဖြစ်သည်။ သူ့နာမည်အရင်းက 'နေရွှေသွေးအောင်'ဖြစ်သည်။ သူ့မိဘများက အိမ်ထောင်ရေး အဆင်မပြေကြသည့်အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်ကြိုင်ကြိုင်တို့က ကရုဏာပိုပြီး မွေးစားထားသည့် မြေးငယ်ဖြစ်သည်။ သူသည် ဆာလုံးဝါသနာအိုးဖြစ်သလို အလိုလိုက်လွန်း၍ ကဲချင်တိုင်း ကဲနေသည့် ကလေးလည်းဖြစ်သည်။ ၂၀၀၇ ဧပြီလ မေမြို့သို့ သွားရောက်သည့်ခရီးစဉ်တစ်ခု၌ သူ့မြေး နေရွှေသွေးအောင်အတွက် တပ်မတော်ရဟတ်ယာဉ်တစ်စင်းကို စေလွှတ်၍ ရန်ကုန်မြို့၊ တရုတ်တန်းမှ ဘဲကင် ဝယ်ခိုင်းသည်တု

www.burmeseclassic.com



ဆိုသည်။ ယင်းနှစ်၌ ပင် နေရွှေးသွေးအောင်၏ (၁၆)နှစ်မြောက် မွေးနေ့ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကြီးကျယ် ခမ်းနားစွာ ကျင်းပခဲ့သည်။ ယင်းသို့ ပလွှား သုံးဖြုန်းခြင်းကြောင့် သူကလည်း အဆိုတော် ရုပ်ရှင်မင်းသားများကဲ့သို့ နာမည်ကျော် တစ်ယောက် ဖြစ်နေလေသည်။ ပြည်သူလူထုက 'စိန်မျောက်မျောက်' ဟု နာမည်ပြောင်ပေးထားသည်ဟု ရော်ဂျာ၏စာအုပ်၌ ရေးသားဖော်ပြထားသည်။

တချိန်က ဗိုလ်ချုပ်မှူးကြီးသည် လငပုပ်ဖမ်းစဉ်က ရိုးရိုးကုပ်ကုပ်နေလာခဲ့သည့် သူတို့ဘဝသည် ယခုအခါ စင်ပေါ်ရောက်၍ လမင်းထိန်ထိန်သာသည့်အခါ၌တွင်ကား သားသမီးများကလည်း ထင်တိုင်းကြဲကာ လောဘရမ္မက် အတောမသတ်နိုင်ဖြစ်ပုံများကို ရော်ဂျာက ခရေစေ့တွင်းကျဖော်ပြထားပြန်သည်။ ၂၀၀၈ ခုနှစ်က မန္တလေးမြို့၂၂ လမ်းက သမာဓိရွှေဆိုင်မှ ဗိုလ်ချုပ် မှူးကြီး သန်းရွှေ သားသမီးများသည် ကျပ်သန်း ၁၀၀ ဖိုးမျှ ရွှေများကို တစ်ချိန်တည်း ဝယ်ယူခဲ့သည်။ ထိုစဉ်က ပြည်သူတစ်ဦး၏ ကျန်းမာရေး အသုံးစရိတ်မှာ ဒေါ်လာ ဆင့် ၄၀ (ကျပ် ၄၀၀ ခန့်) သာ သုံးစွဲနေသည့် အချိန်ဖြစ်သည်။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ် –အာဆီယံ စီးပွားရေးဖုံ ဥယျာဉ်ထဲမှ မြန်မာနိုင်ငံအတွက် ရရှိခဲ့သော မြေကွက်ကို ဒုတိယသမီး မခင်ပြုံးရွှေ က အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြင့် တရုတ်ကုမ္ပဏီ ၂ ခုကို ပြန်လည်ရောင်းစားခဲ့သည်ဟု ဆိုသည်။ ယင်း ကိစ္စ၌ မြန်မာနိုင်ငံ ကုန်သည်ကြီးများ အသင်းကလည်း ကူညီပံ့ပိုးခဲ့ရသည်ဟု အတည်မပြုနိုင်သော သတင်းရပ်ကွက်က ဆိုခဲ့ကြောင်း ဖော်ပြထား သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မိမိ သားသမီးများ လူယုံဝန်ကြီး၊ ဝန်လေးများ၊ တပည့်တပန်းများ၏ ခြစားမှု၊ အကျင့်ပျက်လာဘ်စားမှုကို မျက်ကွယ်ပြုထားခဲ့သည်။ တိုင်းပြည်သယံဇာတနှင့် ပြည်သူပိုင်ပစ္စည်းများကို သူတို့ဘိုးဘွားပိုင်အမွေဟု ထင်မြင်နေပုံရသည်။ ထို့ပြင် မြို့တော်ကို ပျဉ်းမနားကြပ်ပြေးသို့ ရွှေ့ပြောင်း၍ နေပြည်တော်ဟု အမည်ပေးထားသော မြို့တော်သစ် ဆောက်လုပ်ရေးလုပ်ငန်းများအတွက်လည်း တိုင်းပြည်ဘဏ္ဍာငွေကို စိတ်ထင်တိုင်း သုံးစွဲခဲ့ကြသည်။ သူ့ကိုယ်သူ မြို့တည်နန်းတည် မင်းတရားကဲ့သို့ ထင်မှတ်နေပုံရသည်ဟု ဖော်ပြထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## ဗိုလ်ချုပ်မှူးကြီး၏ စိတ်ကူးပေါက်ရာ နိုင်ငံတော်စီမံကိန်းကြီးများ

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မိသားစုအကြောင်းဖြစ်ကြောင်း ကုန်စင်ဇာတ်လမ်းသည် ပြောမဆုံးပေါင် တောသုံးတောင်ဆိုသကဲ့သို့ မယုံကြည်နိုင်လောက်စရာ ထူးထွေဆန်းပြားလှသည်။ သူ့အကြောင်း မကြားချင် အဆုံး အံ့မခန်း သတင်းထူးများ ကြားရတတ်သည်။ သို့သော် အဆိုပါသတင်းများကို အတည်ပြုနိုင်ဖို့ ခက်သလို အမှန်တကယ် မဟုတ်ဘူးဟူ၍ ပြောဆိုရန်လည်း မလွယ်ကူလှပေ။ သူတို့မိသားစု ကြွယ်ဝလွန်းသည့်အချိန်၌ တိုင်းသူပြည်သားတို့က ဆင်းရဲမွဲတေနေသည်။ အဆိုပါ ကြွယ်ဝချမ်းသာမှုများ မည်သည့်နေရာက ရရှိခဲ့သနည်း။ အဆိုပါ ကိစ္စကို ဂျော်ဂျာက ဆန်းစွန်းထုတ်ထားသည်။ စာရေးဆရာ ဂျော်ဂျာက အချို့သော အစီရင်ခံစာအုပ် စာနယ်ဇင်းများကို ကိုးကား၍ မူးယစ်ဆေးဝါးကုန်သွယ်မှုနှင့် ပတ်သက်သည့်ငွေများ၊ သဘာဝဓာတ်ငွေ့၊ ကျောက်သံပတ္တမြား ကျွန်းသစ်ရောင်းချငွေများမှ ရရှိခဲ့သည်ဟု ဆိုသည်။

တစ်ခါက ဗိုလ်ချုပ်မှူးကြီး၏မြေး နေရွှေသွေးအောင်နှင့် ဗိုလ်ချုပ်ခင်ညွန့်၏သား အောင်ဇော်ရဲမြင့်တို့က လူကြီးသားသမီးများ ရမ်းကားသည့်ပုံစံမျိုးဖြင့် မူးယစ်ဆေးဝါး သုံးစွဲကြသည်။ သို့သော် သူတို့သည် အရေးယူခံရဘဲ မူးယစ်ဆေးဝါးတင်သွင်းပေးသည်ဆိုသည့်အမှုဖြင့် ခရိုနီ စီးပွားရေးသမား မောင်ဝိတ်က ကြားထဲမှ ထောင် ၂၅ နှစ် ကျသွားခဲ့သည်။ သို့ကလိုလူကြီးသားများကိုယ်တိုင် မူးယစ်ဆေးဝါးသုံးစွဲနေမှုနှင့် နိုင်ငံတကာ၌ မူးယစ်ဆေးဝါးဖြင့် ကျော်စောနေသော အေးရှားဝေါလ် အုပ်စုမှာ ဆက်ပြီး ချင်းသန်ကြီးထွား စီးပွားရေးလုပ်ငန်းကြီးများ လုပ်ခွင့်ရနေသည်ကို ကြည့်ခြင်းဖြင့် သိသာလှသည်ဟု ဆိုသည်။ ထို့ကြောင့် ဘိန်း၊ မူးယစ်ဆေးဝါးနှင့် ဆက်နက်ရောင်းဝယ်ရေးအပါအဝင် တရားမဝင်နည်းလမ်းများဖြင့် ရရှိထားသောငွေမည်းများကို အခြေပြု၍ တည်ထောင်ခဲ့သည့် ကုမ္ပဏီများအားဖြင့် ခဝါချမှု လုပ်ကိုင်နေမှုများကို စစ်အစိုးရက မျက်စိမှိတ်ခွင့်ပြုထားသည်ဟု သုံးသပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com





ယင်းအပြင် မြန်မာ့အရေးကျွမ်းကျင်သော ဘာတေးလ်လင့်တနာ ကလည်း ယခုအခါ ကမ္ဘာပေါ်၌ မူးယစ်ဆေးဝါး ကုန်သွယ်မှုကို နိုင်ငံတော် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်နေသည့်နိုင်ငံဟူ၍ မြောက်ကိုရီးယား နှင့် မြန်မာနိုင်ငံသာရှိသည်"ဟု သုံးသပ်ထားသည်ကိုလည်း ရော်ဂျာ၏ စာအုပ်၌ ထည့်သွင်းဖော်ပြထားသည်။

တစ်ဖန် မက်ဆာချူးဆက်တက္ကသိုလ်မှ ပါမောက္ခ ဂျာလားအလမ်းဂါး (Jalal Alamgir)၏ သုံးသပ်ချက်တစ်ခုမှာ... မြန်မာ့စီးပွားရေး ၅၀ ရာခိုင် နှုန်းကျော်က မူးယစ်ဆေးဝါးက ရရှိငွေများဖြင့် လည်ပတ်နေခြင်းဖြစ်သည် ဆိုသော သုံးသပ်ချက်ကို စာရေးဆရာရော်ဂျာက ကိုးကားထားသည်။

စစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အခြားဝင်ငွေပေါက်မှာ သဘာဝဓာတ်ငွေ့ရောင်းချငွေများပင်ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ မုတ္တမပင်လယ်ပြင်၌ သဘာဝဓာတ်ငွေ့ စတင်တွေ့ရှိပြီး ထိုင်းနိုင်ငံကို တင် ပို့ ရောင်းချနိုင်ခဲ့သည်။ ပထမသဘာဝ ဓာတ်ငွေ့သိုက်သည် ရတနာဓာတ် ငွေ့သိုက် ဖြစ်သည်။ ယင်းမှ စစ်အစိုးရသည် တစ်နှစ်လျှင် ဝင်ငွေဒေါ်လာ သန်း ၂၀၀၀ ခန့် ဝင်နေသည်။ ဩစတြေးလျနိုင်ငံ အခြေစိုက် Burma

www.burmeseclassic.com

www.burmeseclassic.com



Economic Watch က မြန်မာ့စီးပွားရေးအကြောင်း လေ့လာနေသူ ရှောင်ဘာနဲ့က စစ်အစိုးရသည် သဘာဝဓာတ်ငွေ့မှ ရရှိသော ဝင်ငွေများကို နိုင်ငံတော်ဘဏ္ဍာရေး စာရင်းအင်း၌ ထည့်သွင်း ဖော်ပြမှု မရှိခဲ့ချေ။ အကယ်၍ ဘဏ္ဍာရေး စာရင်းထဲထည့်သွင်းလျှင်တောင် တစ်ဒေါ်လာကို ၆ ကျပ်နှုန်းဖြင့် တွက်ပြီး ထည့်သွင်းမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ရရှိသည့် ဘဏ္ဍာတော်ငွေ၏ ၀ဒသမ ၅ ရာခိုင်နှုန်းလောက်သာ ဘဏ္ဍာငွေအဖြစ် ရောက်ရှိပြီး ကျန် ၉၉ ဒသမ ၅ ရာခိုင်နှုန်းသည် အလိုအလျောက် စာရင်းပျောက်သွားသည့် အနေအထားဟု ဆိုသည်။ ဤသို့ဖြင့် နိုင်ငံဘဏ္ဍာငွေများကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် "နိုင်ငံတော်အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး ကော်မတီ" ဥက္ကဋ္ဌအနေနှင့် ချုပ်ကိုင်ထားသည်။ စာရေးဆရာ ရော်ဂျာက ယင်းသို့ သဘာဝဓာတ်ငွေ့ရောင်းချရာမှ ဝင်ငွေများဖြင့် ကြွယ်ဝချမ်းသာသည်လည်း ဖြစ်နိုင်သည်ဟု သုံးသပ်တင်ပြထားသည်။ ထို့အပြင် ယခုအခါ ရေအားလျှပ်စစ် ရှာဖွေထုတ်လုပ်သည့် စီမံချက်များကိုလည်း ရည်ရွယ်ချက်ရှိရှိဖြင့် အကြီးအကျယ်ဆောင်ရွက်နေရာ ရင်းနှီးမြှုပ်နှံမှုများမှလည်း ဝင်ငွေ သောက်သောက်လဲရရှိသည်မှာ မလွဲဟု ဆိုသည်။

သို့သော် အဆိုပါ စီမံကိန်းကြီးများ နောက်ကွယ်မှ နစ်နာသူမှာ မြန်မာ ပြည်သူလူထုပင်ဖြစ်သည်ဟု အကိုးအကားများစွာဖြင့် ဖော်ပြထားသည်။ ရတနာဓာတ်ငွေ့ပိုက်လိုင်း ဖောက်လုပ်စဉ်က အတင်းအဓမ္မလုပ်အားခိုင်းစေမှုများ၊ လူထု၏ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်ထားသောလယ်မြေ၊ အိမ်ယာများမှာ အတင်း အဓမ္မ သိမ်းဆည်း ခံရမှုကြောင့် အိမ်ရာ စွန့်ပစ်ထွက်ပြေးရသူများ၊ အခြားနစ်နာဆုံးရှုံးရသူပေါင်း မြောက်မြားစွာ ရှိခဲ့သည်ဟု ဆိုသည်။

တစ်ချိန်က မြန်မာနိုင်ငံတွင် ဗြိတိသျှ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းခဲ့ဖူးသော မာ့က်ကန်နင်း (Mark Kanning) အဆိုအရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တည်ဆောက်ရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လွန်စွာစိတ်အားထက်သန်သည်ဟု ဆိုသည်။ လမ်း၊တံတား၊ တည်ဆောက်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ရေးကိစ္စများကို သူက သိပ်ဂုဏ်ယူ၍ တကယ့်စွမ်းဆောင်မှုကြီး ဟု ထင်နေဟန် ရှိသည်ဟု ဆိုခဲ့သည်။

အချို့လုပ်ငန်းများသည် ပြည်သူကို တစ်စုံတစ်ရာ အကျိုးရှိမည်ဖြစ်သော်လည်း လူထု ဒုက္ခကြုံရသည့် စီမံကိန်းများလည်း ရှိခဲ့သေးသည်။ လူထုသည် အထက်အမိန့်အရဆိုကာ နေကြာလည်းစိုက်လိုက်ရ၊ ကြက်ဆူပင်ဆိုလည်း တစ်ပြည်လုံးမစိုက်မနေရ ဒုက္ခရောက်ကြရသည်။ ကြက်ဆူပင် ဆိုသည်မှာ ဒေါ်အောင်ဆန်းစုကြည်ကို နာမ်နှိမ်ရန်အတွက် ကက်ထင်းခာတ်သဘော 'စုကြည်'၊ 'ကြက်ဆူ'ဆိုပြီး ဗေဒင်ဆရာများ၏ အခါပေးချက် ယတြာချေသည့်အနေဖြင့် စိုက်ခိုင်းခဲ့သည်ဟု စာအုပ်တွင် ဖော်ပြထားသည်။ သို့သော် ယခုအခါ ကြက်ဆူပင် စီမံကိန်းအဘာယ်ကြောင့် ပျက်သွားသည်ကို ကွဲကွဲပြားပြားမသိဟု ဆိုသည်။ ယင်းသို့ ယတြာချေသည်ဆိုသော်လည်း တိုင်းနှင့်ပြည်နယ်တိုင်း၌ ကေသိန်းကျော် မစိုက်မနေ စိုက်ခိုင်းသလို ကြက်ဆူပင်ပေါက်များကိုလည်း သက်ဆိုင်ရာ အာဏာပိုင်များက အတင်းဝယ်ခိုင်း၍ ငွေရှာလိုက်သေးသည်။

ယင်းနောက် အခြား အဟောသိကံဖြစ်ရသည့် စီမံကိန်းမှာ ရေနက်ကွင်း စီမံကိန်းဖြစ်သည်။ ဗိုလ်ချုပ်သန်းရွှေ တက်ခါစ၌ အကြီးအကျယ်ရေနက်ကွင်းစပါးကို လုပ်ခဲ့ဖူးသည်။ သို့သော် နောက်ပိုင်းတွင် ပွဲပြီး မီးသေဆိုသကဲ့သို့ ပြီးပြီးပျောက်ပျောက် ဖြစ်သွားခဲ့လေသည်။

ယခုအခါ စစ်အစိုးရသည် ဝင်ငွေများလာသည့်အတွက် သူတို့စိတ်ထင်ရာ စီမံကိန်းကြီးများကို လုပ်နေနိုင်ပြီဖြစ်သည်။ နေပြည်တော် မြို့သစ်ကြီး တည်ဆောက်သည့် လုပ်ငန်းသည် အဓိကထင်ရှားမှုပင်ဖြစ်သည်။ နောက်စစ်ရေး ရည်ရွယ်ချက်ဖြင့် မြေအောက်ဥမင်ဆောက်လုပ်မှု၊ အနုမြူစီမံကိန်း လုပ်ဆောင်မှုများသည် နိုင်ငံတော်ဘဏ္ဍာငွေ လွန်မင်းစွာ ငွေကြေးကုန်ကျသည့်စီမံကိန်းများပင် ဖြစ်သည်။ မြန်မာနိုင်ငံကို လာတိုက်မည့်ပြင်ပရန်က တကယ်ရှိနေပြီလား။ အနုမြူစီမံကိန်း အောင်မြင်နိုင်မည့်အလားအလာ ဘယ်လိုရှိသလဲ ...ယင်းမေးခွန်း၏ အဖြေကို မည်သူမှ တိတိပပ မဖြေနိုင်သေးပေ။ သို့သော် အဆိုပါ စီမံကိန်းများကြောင့် ပြည်သူလူထုသည် မွဲတေ ဒုက္ခရောက်ကြရသလို စီမံချက်ကြီးများကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြားက အမြတ်ထွက် သွားသူမှာ လူနည်းစု ခရိုနီများသာ ဖြစ်နေပေသည်ကို မည်သူမှ မငြင်းနိုင်ဟု ရော်ဂျာ က သုံးသပ်ထားသည်။

## အခန်း (၁၂)

## စစ်အစိုးရအား ပြည်တွင်းပြည်ပ ထောက်ခံမှုရစေရန် ကြိုးပမ်းခဲ့ပုံ

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်သည့် စစ်အစိုးရက မူးယစ်ဆေးဝါးနှင့် ပတ်သက်နေမှု အင်မတန် ဆိုးရွားကြီးလေးသည့် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများကြောင့် အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံများက စီးပွားရေး၊ သံတမန်ရေးအရ ဒဏ်ခတ်ပိတ်ဆို့မှုများပြုလုပ်ခဲ့ကြသည်။ အမှန်စင်စစ် နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးရေးနည်းနှင့် ဖြေရှင်းနိုင်လျှင် (သို့မဟုတ်) လူ့အခွင့်အရေး မှတ်တမ်းများပြန်လည်ကောင်းမွန်လာလျှင် ပိတ်ဆို့ဒဏ်ခတ်မှုများ ပြေလျော့သွားမည် ဖြစ်သည်။ သို့သော် စစ်အစိုးရက ယင်းသို့ မဖြေရှင်းဘဲ အနောက်နိုင်ငံအစိုးရများကို မြူဆွယ် သိမ်းသွင်းစည်းရုံးပေးရန် ကုမ္ပဏီအချို့ကို ငွေကုန်ကြေးကျခံကာ ငှားရမ်းခဲ့သည်။

အချို့ကုမ္ပဏီများကလည်း ငွေမျက်နှာဖြင့် စစ်အစိုးရ၏ လုပ်ငန်းများကို ဖာထေး၍ အကျိုးဆောင်ပေးခဲ့သည်ဟု စာရေးဆရာ ရော်ဂျာက ထည့်သွင်းဖော်ပြထားသည်။

အမှန်စင်စစ် ယခုကဲ့သို့ Lobbyistဟု ခေါ်သော အနောက်နိုင်ငံက အစိုးရအရာရှိ အာဏာပိုင်များကို စည်းရုံး သိမ်းသွင်းရန် ကုမ္ပဏီများကို ငှားရမ်း အသုံးပြုမှုသည် နိုင်ငံတကာ၌ စစ်အစိုးရအတွက် မျက်နှာပန်းလှစေရန်ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်လောက်မှစ၍ ကုမ္ပဏီများကို ငှားရမ်းအသုံးပြုခဲ့သည်။ ထိုစဉ်က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ သံအမတ်ကြီးအဖြစ် တာဝန်ယူနေသူမှာ နောင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဖြစ်လာသူ ဦးသောင်းဖြစ်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တစ်မြို့တည်းသားဆွေမျိုးပေါက်ဆည်ဖွား ဖြစ်သလို လူယုံသက်တော်ရှည် အမတ်ကြီးအဖြစ်လည်း

www.burmeseclassic.com

www.burmeseclassic.com



လူသိများသည်။ သူသည် အနုမြူလျှို့ဝှက်စီမံကိန်းကို ဦးဆောင်ခဲ့သလို ၂၀၀၃ ဒီပဲယင်း သတ်ဖြတ်မှု၊ ၂၀၀၇ ရွှေဝါရောင် သံဃာ့အရေး အခင်းများ၌ သွေးထွက်သံယိုချေမှုန်းမှုများကိုလည်း ဦးဆောင်ခဲ့သည့် အကျော်ဇေယျ ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်သည်။

သူသည် အမေရိကန်ဆိုင်ရာ မြန်မာ သံအမတ်ကြီးအဖြစ် တာဝန်ယူနေစဉ် ကလိုဘာ့ဂ်နှင့် အပေါင်းအသင်းများ ကုမ္ပဏီ (Kloberg & Associates)ကို ငှားရမ်းခဲ့သည်။ ယင်းသို့က မြန်မာသံရုံးကို ကိုယ်စားပြုသည့်အတွက် အမေရိကန်ရှိ လွှတ်တော်အမတ်များ၊ ထင်ရှားသည့် ပုဂ္ဂိုလ်များ၊ အစိုးရအရာရှိများ၊ သမ္မတရုံးအဖွဲ့ အုပ်ချုပ်ရေး အရာရှိများကို ဆက်သွယ် စည်းရုံးပေးခဲ့သည်။ ယင်းတို့၏ ရည်ရွယ်ချက်မှာ မြန်မာသံရုံးနှင့် မြန်မာစစ်အစိုးရအပေါ် အဆိုးမြင်နေမှုကို တုန့်ပြန်ဖြေရှင်းရန်ဖြစ်သည်။ သံအမတ်ကြီး ဦးသောင်းနှင့် လွှတ်တော်အမတ်ပေါင်း (၂၃) ဦး တွေ့ဆုံနိုင်ရန်အတွက် စည်းရုံးစီစဉ်ပေးနိုင်ခဲ့သည်။


ယင်းသို့ လုပ်ဆောင်နိုင်ရန်အတွက် မြန်မာစစ်အစိုးရသည် တစ်လလျှင် ဒေါ်လာတစ်သောင်းအပြင် အခြားကုန်ကျစရိတ်များကို ပေးခဲ့ရသည်။ သို့သော် သိပ်မကြာခင်မှာပင် မြန်မာစစ်အစိုးရဘက်မှ သဘောတူညီချက် ချိုးဖောက်မှုကြောင့် အစီအစဉ်ပျက်သွားခဲ့ရသည်။ သံအမတ်ကြီးဦးသောင်းက ဒီကိစ္စတွေ ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူးဟူ၍ ပြောင်လိမ်ခဲ့သည်။ မြန်မာပြည်ဖွား အမေရိကန်နိုင်ငံသားများက မျိုးချစ်စိတ်ဖြင့် စည်းရုံးလုပ်ဆောင်ခဲ့ သည်ဖြစ်ပြီး သူတို့နှင့် လုံးဝမပတ်သက်ဖူးလို့ ငြင်းဆိုခဲ့သည်။ သို့သော်လည်း Progressive မဂ္ဂဇင်း၌ ကလိုဘာ့ဂ်နှင့် အင်တာဗျူး ဖော်ပြထားချက်အရ ဦးသောင်းလိမ်လည်သည်အချက်၊ သူတို့ကိုတောင်လိမ်ပြီး ငွေပေးချေဖို့ ကျန်နေသည့်အချက်များကို ထုတ်ဖော်ပြောကြားခဲ့ရာမှ ဘူးပေါ်သလို ပေါ်သွားခဲ့လေသည်။

မကြာမီမှာပင် ဦးသောင်းသည် ကလိုဘာ့ဂ် ထက် ပိုမိုထိရောက်သည့် Lester L. Wolff(လက်စတာ အယ်လ်ဝုဖ်)ဟုခေါ်သည့် လွှတ်တော်အမတ်ဟောင်းကို ထပ်မံ ငှားရမ်းခဲ့သည်။ သူ့ကိုလည်း ဒေါ်လာ တစ်သောင်းနှင့် အခြားကုန်ကျစရိတ်များ လစဉ်ပေးခဲ့ရသည်။ အဆိုပါ အမတ်

www.burmeseclassic.com

www.burmeseclassic.com





မဆလပါတီ ဗဟိုနိုင်ငံရေးသိပ္ပံကျောင်း
တောင်သူလယ်သမားရေးရာ အမှတ်စဉ် (၇) တပ်ခွဲ(၁) တပ်စု ၃ နှင့် ၄
၂၀–၅–၆၇ မှ ၁၉–၈– ၆၇ ထိ ရွှေတန်းဝဲမှယာ ၁၁ ယောက်မြောက်
ဗိုလ်ကြီးသန်းရွှေ (သင်တန်းမှူး)

ဟောင်းက ယခင် မူးယစ်ဆေး နှိမ်နင်းရေးကော်မတီ၏ ဥက္ကဋ္ဌဟောင်း ဖြစ်သလို အာရှ ပစိဖိတ်ရေးရာ နိုင်ငံခြားရေးကော်မတီ၌လည်း ပါခဲ့ဖူးသူ ဖြစ်သည်။ သူ့ကို မြန်မာ စစ်အစိုးရ စရိတ်ဖြင့် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်၍ လည်ပတ်စေခဲ့သည်။ ယင်းတို့က အချက်အလက် လေ့လာရှာဖွေရေး ခရီးစဉ် ဟု အကြောင်းပြခဲ့သည်။ သို့သော် နောက်ပိုင်းတွင် အမတ်ဟောင်း ဝုဖ် အာဘယ့်ကြောင့် ဆက်မလုပ်သည်ကို စုံစမ်းမရဟု ဆိုသည်။ တစ်ခါ ၁၉၉၇ ခုနှစ်၌ ရုပ်မြင်သံကြား သတင်းထောက်ဟောင်း Jack son Bain (ဂျက်ဆင်ဘိန်း)နှင့် ဇနီးတို့ ဦးဆောင်သည့် Bain & Associates ကုမ္ပဏီ ကိုလည်း စစ်အစိုးရ ကိုယ်စားစည်းရုံးပေးရန် ငှားရမ်းအသုံးချခဲ့သေးသည်။ ငှားရမ်းသူမှာ စစ်အစိုးရနှင့် ပလဲနံပသင့်နေသော ခေတ်ပျက်သန်းကြွယ် ခရိုနီ တစ်ဦးဖြစ်သူ ဇေကမ္ဘာ ဦးခင်ရွှေဖြစ်သည်။ သူသည် မြရိပ်ညိုနှင့် အရဝိတ်ဟိုတယ်လုပ်ငန်း၊ ဇေကမ္ဘာဆောက်လုပ်ရေး၊ ငွေလဲလှယ်ရေးလုပ် ငန်းများ လုပ်ကိုင်နေသူဖြစ်သည်။ သူ၏နာမည် ရှေ့၌ ရုံဖန်ရံခါ ဒေါက် တာ (ပါရဂူဘွဲ့)တပ်လေ့ ရှိသည်။ သူသည်လည်း မြေယာများ မတရားသိမ်း

www.burmeseclassic.com



ပိုက်မှုကြောင့် နာမည်ပျက်နေသည်။ သို့သော် အဆိုပါကုမ္ပဏီသည် ဝါရှင်တန်သံရုံး၊ နိုင်ငံခြားရေး ဝန်ကြီးဌာနများကို အမြဲတမ်းလိုလို အစီရင်ခံစာများ ပေးပို့နေခဲ့သည်။ ထိုစဉ်က သံအမတ်ကြီး ဖြစ်နေသူမှာ နောင်တွင် နိုင်ငံရေးဝန်ကြီးဖြစ်ပြီး ဗိုလ်ခင်ညွန့်၏ ထောက်လှမ်းရေး တစ်ဖွဲ့လုံး ဖျက်သိမ်းဖမ်းဆီးခံရသည့်အခါ ဗိုလ်ခင်ညွန့်လူ ဖြစ်သည်ဆို၍ ထောင်ကျသွားခဲ့သည့် ဦးဝင်းအောင်ဖြစ်သည်။ သူသည် ထောင်ထဲ၌ပင် ကွယ်လွန်သွားရရှာသည်။ အဆိုပါ ဘိန်းနှင့် အပေါင်းအသင်းများ ကုမ္ပဏီ ကို လစဉ် ဒေါ်လာနှစ်သောင်းကျော် ပေးခဲ့ရသည်။ ယင်းတို့က မြန်မာနိုင်ငံတွင် ရေနံတူးဖော်နေသော ယူနိုက်တက်ကုမ္ပဏီ၊ အာရှ–ပစိဖိတ် စီးပွားရေးကောင်စီများဖြင့် ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။

တစ်ခါ ၁၉၉၇ တွင် Myanmar Resources Development Ltd. (မြန်မာအရင်းအမြစ်များ ဖွံ့ဖြိုးရေးလီမိတက်) ဆိုသည့် စစ်အစိုးရနှင့် ပတ်သက် ဆက်စပ်နေသည့် ကုမ္ပဏီတစ်ခုက ဂျက်ဖာဆင် ဝါတာမင်း အင်တာနေရှင်နယ် (Jefferson Waterman International) ကုမ္ပဏီ၏ဥက္ကဋ္ဌ Ann Wrobleski (အဲန်းရိုဘယ်စ်စကီး)ကို ကုန်သွယ်နှင့် နိုင်ငံခြားဆက်ဆံ ရေးကိစ္စများကို ကူညီရန် ငှားရမ်းခဲ့ပြန်သည်။ ငှားရမ်းခ ဒေါ်လာ ၄ သိန်းခန့် ပေးခဲ့ရသည်ဟု ဆိုသည်။ ထို့ပြင် ခရီးစရိတ်ပါ ထောက်ပံ့ရသည်။ ယင်းတို့က စစ်အစိုးရသည် မူးယစ်ဆေးဝါးများကို ထိထိရောက်ရောက် နှိမ်နင်းနေကြောင်း ကောင်းသတင်းများ လိမ်လည်ဝါဒဖြန့်ရင်း စစ်အစိုးရအလို ဆောင်ကြဉ်းပေးရသည်။

၂၀၀၂ ခုနှစ်တွင် ဗိုလ်ချုပ်ခင်ညွန့် ဦးဆောင်သည့် ထောက်လှမ်းရေးအဖွဲ့က ဝါရှင်တန်အခြေစိုက် D.C Group အုပ်စု ကုမ္ပဏီကို ယင်းကဲ့သို့ စည်းရုံးပေးရန် ငှားရမ်းခဲ့ပြန်သည်။ ဒေါ်လာ ၃ သိန်း ၄ သောင်းပေးခဲ့ရသည်။ ထိုစဉ်က အမေရိကန် သမ္မတဂျော့ဒဗလျူဘုရှ်နှင့် သမ္မတ ကတော် လော်ရာဘုရှ်တို့က မြန်မာပြည် ဒီမိုကရေစီအရေးကို ခိုင်ခိုင်မာမာ အားပေးနေသည့် ကြားကပင် အဆိုပါ စည်းရုံးရေးလော်ဘီကုမ္ပဏီအုပ်စုက မြန်မာပြည် စစ်အစိုးရနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာပြည်စစ်မြေပြင်၌ ကျဆုံးခဲ့သော အမေရိကန်စစ်သည်

www.burmeseclassic.com

www.burmeseclassic.com



များ၏ ရုပ်ကြွင်းများ ကောက်ယူရေးကိစ္စများ၌ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ရှာကြံတိုက်တွန်းခဲ့သလို အိမ်ဖြူတော် အရာရှိများကိုလည်း တွေ့ဆုံ စည်းရုံးခဲ့သည်။

အဆိုပါ အချက်များကို ကြည့်ခြင်းဖြင့် စစ်အာဏာရှင်ကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ခပ်အအ၊ ခပ်ထုံထုံ၊ နိုင်ငံတကာရေးရာ ကိစ္စများကို မသိသူမဟုတ်ကြောင်း ထင်ရှားပေသည်။ မြန်မာပြည်အပေါ် ပိတ်ဆို့ဒဏ်ခတ်မှုများ၏ ပြဿနာမှာ လူ့အခွင့်အရေးအခြေအနေကောင်းလျှင် ဒီမိုကရေစီ အင်အားစုများဖြင့် တွေ့ဆုံညှိနှိုင်းလျှင် ပြေလည်သွားမည်သာ ဖြစ်သည်။

ယင်းသို့ ပြဿနာကို မဖြေရှင်းဘဲ ငွေကုန်ကြေးကျခံကာ စစ်အစိုးရအာဏာ ဆက်လက် ရပ်တည်နိုင်ရန် ယင်းတို့၏ စည်းရုံးရေးနယ်ပယ်ကို ချဲ့ထွင်နိုင်ရန် ဆောင်ရွက်နေသည်။ ငွေလမ်းခင်းပြီး မိမိ၏ အာဏာစက်ခိုင်မြဲရန် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ ပြည်တွင်း၌ ကျန်းမာရေး၊ ပညာရေး အသုံးစရိတ် ချို့ချို့တဲ့တဲ့ သုံးနေရသည့်အချိန်၌ ယခုကဲ့သို့ လုပ်ဆောင်နေကြောင်း စာရေးဆရာဇော်ဂျာက သုံးသပ်တင်ပြထားလေသည်။

## အခန်း (၁၃)
## ဗိုလ်ချုပ်မှူးကြီး၏ ဘုရင်ဖြစ်ချင်သည့် စိတ်ကူးနှင့် နေပြည်တော် နာဂစ်မုန်တိုင်း ကပ်ဘေးကာလ

ဤအခန်း၌ စာရေးဆရာ ဇော်ဂျာက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ နေပြည်တော်မြို့သစ် တည်ဆောက်ပြီး ပြောင်းရွှေ့ခဲ့ပုံကို တစ်ခန်း တစ်ကဏ္ဍအနေဖြင့် သီးသန့်ထည့်သွင်းဖော်ပြထားသည်။ ၂၀၀၅ ခုနှစ်၌ နေပြည်တော်မြို့တော်သစ်ကို ပြောင်းရွှေ့ခဲ့ပုံကလည်း ထူးခြားခဲ့သည်။ ၂၀၀၅ ခု၊ နိုဝင်ဘာလ ၆ ရက်၊ နံနက် ၆ နာရီ ၃၇ မိနစ်တွင် ဝန်ထမ်းများပါသည့် ကားတန်းကြီး စထွက်ခဲ့သည်။ စထွက်စဉ် ကားပေါ်မှ လူများက "ထွက်ပြီ၊ ထွက်ပြီ" ဟု အော်ကြရသလို၊ ကျန်ခဲ့သည့် ဝန်ထမ်းများကလည်း "ထွက်၊ ထွက်" ဟု ပြန်အော်ကြရသည်ဟု ဆိုသည်။ တစ်ဖန် ၅ ရက်

www.burmeseclassic.com

www.burmeseclassic.com



အကြာ၌ မြို့တော်သစ်သို့ နောက်ထပ်ဝန်ထမ်း တစ်သုတ် ကားတန်းများ ထွက်ကြရသည့် အချိန်မှာလည်း ၅ ရက်အကြာ၊ နိဝင်ဘာလ ၁၁ ရက်၊ နံနက် ၁၁း၀၀ နာရီတိတိတွင် ဖြစ်သည်။ စစ်တပ်၊ တပ်ရင်း (၁၁) ခု၊ ဝန်ကြီးဌာန (၁၁) ခုက ဝန်ထမ်းများကို စစ်တပ် ထရပ်ကား ၁၁၀၀ က သယ်ဆောင်ပြီး ထွက်ခဲ့ရကြောင်း ဖော်ပြထားသည်။ ဤသည်ကို ဖတ်ရသောအခါ မကြာခင် ကျင်းပတော့မည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကလည်း (၁၁)လ မြောက် နိဝင်ဘာလ ၇ ရက်နေ့ ဖြစ်နေသောကြောင့် တကယ့်ကို ထူးထူးခြားခြား တိုက်ဆိုင်မှုလေလားဟူ၍ စဉ်းစားနေမိပါသည်။ အမှန်စင်စစ် ဗေဒင်ကိန်းခန်းများနှင့် တွက်ချက်ပြီးမှ ပြောင်းရွှေ့ကြခြင်း၊ ရွေး ကောက်ပွဲ ရက်ကိုလည်း တွက်ချက်ပြီးမှ ကျင်းပသည်မှာ ဖြစ်နိုင်ပါပေသည်။

နေပြည်တော်မြို့သစ် ပြောင်းရွှေ့ရခြင်း၏ ရည်ရွယ်ချက်ဖြစ်သည့် နိုင်ငံရေး၊ လုံခြုံရေးဆိုင်ရာ အကြောင်းအချက်များကိုလည်း စာရေးဆရာရော်ဂျာက စာတမ်း၊ စာအုပ်များကို ကိုးကားဖော်ပြထားသည်။ နေပြည်တော် မြို့တော်သစ် ပြောင်းရွှေ့ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရန်ကုန်၌ လူထု ဆူပူအုံကြွမှုများ ကြုံရမည်ကို စိုးရိမ်ခဲ့သလို အာဏာတည်မြဲရေးနှင့် ၎င်းတို့၏ လုံခြုံရေးအတွက် ဖြစ်နိုင်ကြောင်း စာရေးဆရာက သုံးသပ်ထားပြန်သည်။

အမှန်စင်စစ် နေပြည်တော်ဆိုသည်မှာ ကြံဖန်ပြီး လူတည်ဆောက်ထားသည့်မြို့၊ ဘာမှမရှိသည့်နေရာ၌ ယခုမှ အသစ် လုပ်ကြံတည်ဆောက်ထားသည့်မြို့ဖြစ်သောကြောင့် ပျင်းစရာ အလွန်ကောင်း၍ သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသည့်မြို့ဟူ၍ သံတမန်အချို့က ပြောဆိုချက်ကို ကိုးကားထားလေသည်။ နေပြည်တော်သည် အမေရိကန်ပြည်ထောင်စုမြို့များနှင့် နှိုင်းယှဉ်ကြည့်လျှင် ပင်စင်စားများ နေကြသည့် တိတ်တိတ်ဆိတ်ဆိတ်ဖလော်ရီဒါပြည်နယ်မှ မြို့ကဲ့သို့ဖြစ်ပြီး အမေရိကန် အနေ‌ာက် အလယ်ပိုင်းက တောမြို့ကလေးကဲ့သို့ပင်ဖြစ်ကြောင်း ဖော်ပြထားသည်။

နေပြည်တော်၌ ကားအစီးရေ နည်းပါးသော်လည်း ၆ လမ်း၊ ၈ လမ်းသွား ကားလမ်းမကြီးများ ဖောက်လုပ်ထားသည်။ သံတင်းထောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး၏အဆိုအရ လမ်းတစ်လျှောက် ကား ၂ စီး၊ ၃ စီးခန့်သာ တွေ့ရသည်ဟု ဆိုသည်။ နေပြည်တော်ကိုသာ အမြန်ပြောင်းရွှေ့ခဲ့ကြသည်။ စနစ်တကျ ပြောင်းရွှေ့ပုံမျိုးမဟုတ်ဟု ဗြိတိသျှသံအမတ်ကြီး မာ့က်ကန်းန်း၏ ပြောဆိုချက်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြထား သည်။ "ဘတ်စ်ကားဂိတ်များရှိသော်လည်း ကားများ မရှိချေ။ တယ်လီဖုန်းရုံများရှိသော်လည်း တယ်လီဖုန်းများက မရှိ။ နိုင်ငံခြားရေးဝန်ကြီးဌာနကို သွားရာကားကို လမ်းမကြီးမှ ခွဲပြီး လမ်းကျဉ်းကလေးထဲသို့ မောင်းဝင်ရသေးသည်။ အထဲရောက်သောအခါ ကားရပ်နားရန် နေရာ မရှိပြန်ချေ။ တစ်ဖန် ရွှေ့ပြောင်းစမို့ ဖုန်း၊ အင်တာနက်၊ ဖက်စ်၊ ဆယ်သွယ်ရေးကိစ္စများကိုအသုံးပြုရန် ခက်ခဲလှသည်။ မြန်မာစစ်အစိုးရ၏ ထားချင်သော နိုင်ငံခြားဆက်ဆံရေးစနစ်ဆိုသည်မှာ ဤသို့ပါတကား ဟု မှတ်ယူရသည်။ နေပြည်တော်၌ ကြေးရုပ်တုကြီး(၃) ခု (အနော်ရထာမင်း၊ ဘုရင့်နောင်၊ အလောင်းမင်းတရား) စိုက်ထူထားမှု ဥပ္ပါတသန္တိစေတီတော် တည်ထားမှု စသည်တို့ကလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဘုရင် ဖြစ်ချင်သည့် စိတ်ကူးကိုလည်း ဖော်ပြထားသေးသည်။ သို့သော်လည်း ဝမ်းနည်းစရာကောင်းသည်မှာ ယခုကဲ့သို့ မြို့တော်သစ် ပြောင်းရွှေ့ခဲ့သည့် အကြံဉာဏ်စိတ်ကူးကို မည်သူ တစ်ဦးတစ်ယောက်မှ မေးခွန်းထုတ်ခဲ့ခြင်း မရှိခြင်းပင် ဖြစ်သည်ဟု ရော်ဂျာက ရေးသားထားလေသည်။

ထို့ပြင် နာဂစ်မုန်တိုင်းကာလနှင့် ၂၀၀၇ ခုနှစ် သံဃာတော်များ မေတ္တာပို့ ဆုတောင်းကြသည့်အချိန်၌ ဗိုလ်ချုပ်သန်းရွှေ၏ တုံ့ပြန်ပုံကိုလည်း ဖော်ပြထားသည်။ ဗိုလ်ချုပ်သန်းရွှေသည် တိုင်းပြည်အတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို အမှန်တကယ် မသိ၍လား၊ သိလျက်နှင့် တမင် လုပ်ခဲ့သည်လားဆိုပြီး စာရေးဆရာက မေးခွန်းထုတ်ထားသည်။ သူ ခရီးသွားလေရာ တိုင်းခန်းလှည့်လည်ရာ တစ်လျှောက်၌ ကိစ္စအားလုံးကို အဆင်ပြေချောမွေ့စေရန် အပြင်အပြများ ပြုလုပ်ထားကြရသည်။

မကောင်းသည် မမြင်ရလေအောင်၊ မလှသည် မရှိလေအောင် လုပ်ထားကြရသည်။ သတင်းများကလည်း အဆင့်ဆင့် စိစစ်ပြီးမှသာ သူ့ဆီသို့

www.burmeseclassic.com



ရောက်ရှိလာသည်။ မလေးရှားနိုင်ငံက ခေါင်းဆောင်ကြီး မဟာသီဟာလည်း အလားတူ ကိစ္စမျိုးများ ကြုံရဖူးပါသည်။ သို့သော် မလေးရှားနိုင်ငံသည် မြန်မာထက်တော့ပို၍ ပွင့်လင်းမြင်သာမှု ရှိပေသေးသည်။

နိုင်ငံတကာကို ပိုထိတွေ့မှုများ ရှိသကဲ့သို့ လိုလျှင်လိုသလို နေရာအတော်များများ၌ သူသည် ရုတ်တရက် ဝင်ရောက်ကြည့်ရှုတတ်သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကတော့ မဟာသီယာကဲ့သို့ မဟုတ်ချေ။ သူ့ကိုပြသရာကိုပဲ ကြည့်ပြီး ဤကဲ့သို့သော အမှောင်ကမ္ဘာလေး၌ပင် နေထိုင်တတ်လေ သည်။ သို့သော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရုတ်တရက် လှုပ်ခါလိုက်မှုသည် ၂၀၀၇ ရွှေဝါရောင်သံဃာ့အရေး အခင်းပင်ဖြစ်သည်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၁၉ တွင် လောင်စာဆီဈေးနှုန်း ရုတ်တရက်တိုးမြှင့်လိုက်သည့်အတွက် မင်းကိုနိုင်၊ ကိုကိုကြီးတို့ ဦးဆောင်သော ၈၈ မျိုးဆက်ကျောင်းသားများ ဦးဆောင်ကာ လမ်းလျှောက် ဆန္ဒပြခဲ့ရာ ဩဂုတ်လ ၂၁ ရက်တွင် ကျောင်းသားအများအပြား ဖမ်းဆီးခံရသည်။ ထို့ပြင် မကွေးတိုင်း ပခုက္ကူမြို့ရှိ ကျောင်းတိုက်များမှ သံဃာတော်များ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှစ၍ မြို့တွင်းသို့ စီတန်းလှည့်လည်မေတ္တာပို့နေသည်ကို အာဏာပိုင်များက သံဃာတော်သုံးပါးအား ဓာတ်တိုင်တွင် ကြိုးဖြင့်တုပ်ပြီး ရိုက်နှက်ခဲ့မှုများ ဖြစ်ပွားပြီးနောက် ရွှေဝါရောင် သံဃာလှုပ်ရှားမှုအဖြစ် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ သံဃာတော်များက ပတ္တနိက္ကုဇ္ဇနကံဆောင် ဖြစ်ပေါ်လာသည်။ အေးချမ်းစွာ လမ်းလျှောက်မေတ္တာပို့နေသော သံဃာတော်များ အင်အား တဖြည်းဖြည်းကြီးထွားလာမှုကြောင့် စက်တင်ဘာလ ၂၆ ရက်နေ့ အရုဏ်တက်နေ့မှ စ၍ လက်နက်ဟူ၍ အပ်တစ်ချောင်းမျှပင် မရှိသော မေတ္တာပို့ခဲ့သည့် သံဃာတော်များ သီတင်းသုံးရာကျောင်းတိုက်များသို့ ညအချိန်မတော်တွင် စစ်မြေပြင်သဖွယ် စစ်တပ်ဖြင့် ဝင်ရောက်စီးနင်းခဲ့လေသည်။

ထို့နောက် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီခြေရင်းနှင့် ဆူးလေဘုရားလမ်းတလျှောက်၌ မေတ္တာပို့တန်းလှည့်လည်နေသော သံဃာတော်များကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏အမိန့်ဖြင့် ပစ်ခတ်ဖြိုခွင်း၍ လူ ၆၀၀၀ နှင့် သံဃာတော် ၁၄၀၀ ကျော်ကို ဖမ်းဆီးခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂျပန်သတင်းထောက် Mr. Nagai Kengi (၅၂ နှစ်) အပါအဝင် ရဟန်း၊ ရှင်၊ လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သည်။ သို့သော် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့ထုတ် အစိုးရသတင်းစာများ၌ စက်တင်ဘာလ ၂၇ ရက်နေ့၌ ရန်ကုန်မြို့တွင် ဆန္ဒပြလူအုပ်စုများကို လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ခဲဖြင့်ပေါက်၊ လေးခွ၊ ဂျင်ကလိ၊ တုတ်၊ ဓားတို့ဖြင့် ပစ်ခတ်ပြီး အင်အားသုံး စီးနင်းလျက် လုံခြုံရေးတပ်ဖွဲ့များ၏ လက်နက်များကို လုယူရန် ကြိုးပမ်းသောကြောင့် လုံခြုံရေး တာဝန်ရှိသူများက အတန်တန် ဖျောင်းဖျမေတ္တာရပ်ခံသော်လည်း မရသဖြင့် မတတ်သာသည့်အတွက် ခြောက်လှန့်ပစ်ခတ်ရာ ရန်းရင်းဆန်ခတ်မှုဖြစ်စဉ်များတွင် ဆူပူသူများ၏ လက်ချက်ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဆန္ဒပြအုပ်စုများမှ အမည်မသိ အမျိုးသား ၉ ဦး သေဆုံးကာ အမျိုးသားပေါင်း ၁၀ ဦးနှင့် အမျိုးသမီး ၁ ဦး ထိခိုက်ဒဏ်ရာ ရရှိသည်။ အထက်ပါ သေဆုံးသူများတွင် ခရီးသွား ဗီဇာဖြင့် ဝင်ရောက်လာသော ဂျပန်နိုင်ငံသား MR. Nagai Kengi အသက် ၅၂ နှစ်ခန့် ရှိသူတစ်ဦး ပါဝင်ပြီး ၎င်းသည် ခရီး သည် ဗီဇာဖြင့် ဝင်ရောက်လာသော်လည်း ဆန္ဒပြသူများနှင့် လိုက်ပါ သတင်းယူရာမှ ယခုကဲ့သို့ ထိမှန်သေဆုံးခဲ့ခြင်းဖြစ်သည်ဟူ၍ ဖော်ပြ ထားသည်။

သို့ကလို ၂၀၀၇ ရွှေဝါရောင် သံဃာအရေးတော်ကို အကြမ်းဖက်ဖြိုခွင်းမှုကြောင့် နိုင်ငံတကာ၏ ဝေဖန်မှုများ ပေါ်ထွက်ဆူညံလာပြီးနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန်အတွက် အလုပ်သမားဝန်ကြီး ဗိုလ်မှူးချုပ်အောင်ကြည်ကို ခန့်အပ် တာဝန်ပေးခဲ့သည်။ ယခုအခါ၌ ယင်းတို့သည် နိုင်ငံတကာကို လှည့်ဖြားရုံကိစ္စများသာဖြစ်ကြောင်း ပေါ်လွင်နေပြီဖြစ်သည်။

၂၀၀၈ ခုနှစ်၊ မေလ နာဂစ်မုန်တိုင်း ဖြစ်ပွားနေစဉ်၌လည်း အကြင်နာတရား ခေါင်းပါးပုံကို လူထုက ပို၍ မြင်တွေ့ခဲ့ရပြန်သည်။ နာဂစ် မုန်တိုင်းသည် မြန်မာ့သမိုင်း၌ မကြုံစဖူး အပြင်းအထန်ဆုံး ကပ်ဘေးဟု ဆိုနိုင်သည်။ လူသိန်းပေါင်းများစွာ သေကျေပျောက်ဆုံးခဲ့ရသည်။ ဤသို့ အခြေ

www.burmeseclassic.com



အနေဒ္ဓိပင် အစိုးရ၏ကူညီမှု နှောင့်နှေးနေသည့်အပြင် ကူညီလိုသော နိုင်ငံတကာ အကူအညီများကိုလည်း ပိတ်ဆို့ဟန့်တားခဲ့လေသည်ဟူ၍ ရေးသား ထားလေသည်။

## အခန်း (၁၄)

## မည်သူက သူ့ရန်သူလဲ၊ သူ့အရိုက်အရာကို ဆက်ခံမည့်သူနှင့် ပေါင်းပြီးစီးပွားဖြစ်နေသူများ

ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ပတ်သက်၍ အမြင်အမျိုးမျိုးရှိကြသည်။ ထိုင်းနိုင်ငံမှ အထက်လွှတ်တော်အမတ် 'ခရိုင်ဆက်ချူဟာဝန်'က "သူဟာ အရူးပဲ၊ ဒါပေမဲ့လည်း ဘာကြောင့်မို့လို့ ဒီလောက်အထိ အာဏာကြီးနေရတာလဲ"ဟူ၍ မေးခွန်း ထုတ်ဖူးသည်။ သို့သော် သူနှင့် တွေ့ဆုံဖူးသော အနောက်တိုင်းသံတမန် တစ်ဦးကမူ ယင်းမှတ်ချက်ကို သိပ်ဘဝင်မကျလှချေ။ "သူဟာ အရူးတော့ မဟုတ်ဘူး၊ သူက သူ ရသမျှ သတင်းအချက်အလက်တွေအပေါ်မှာ အခြေခံ၍ ကျိုးကြောင်း ဆီလျော်စွာ စဉ်းစားတတ်သူ၊ ကြီးပြင်းလာတဲ့ ယဉ်ကျေးမှုဘောင်ထဲက စဉ်းစားတဲ့သူ"ဟု ဆိုခဲ့သည်။

သို့သော် သေချာတာကတော့သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အာဏာသိပ်ထက်လွန်နေမှုပင်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ သူသည် မည်သို့မည်ပုံ အာဏာကို ထိန်းချုပ်ထားနိုင်သည်ကို လူအများက စိတ်ဝင်စားကြသည်။ အနောက်တိုင်း သံတမန်တစ်ဦး၏ သုံးသပ်ချက်မှာ "သူက စစ်တပ်ရဲ့ အလွှာအားလုံးကို ထိန်းချုပ်ထားနိုင်တယ်၊ အထူးသဖြင့် စစ်ရာထူးခန့် ထားတဲ့ကိစ္စများကို ကိုင်၍ ထိန်းချုပ်ထားတယ်။ ဒါကတော့ သဘာဝကျပါတယ်။ မိမိယုံကြည်စိတ်ချရသူများကိုသာ ရာထူးရာခံ ပေး၍ ခန့်ထားလေ့ရှိကြပါတယ်။ စစ်တပ်ကြီးတစ်ခုလုံးက စည်းလုံးနေနေ၊ ပြိုကွဲနေနေ အဲဒီဗိုလ်ချုပ်တွေကတော့ ဘယ်သူကွဲကွဲတို့မကွဲ အမြဲစည်းလုံးနေမယ်ဆိုတာ အသေအချာပါပဲ"ဟု ဆိုခဲ့သည်။

ဗိုလ်ချုပ်သန်းရွှေသည် သူ တာဝန်ရှိစဉ်ကာလအတွင်း စစ်တပ်ရာထူး အပြောင်းအလဲများ၊ အုပ်စုလိုက် ထုတ်ပစ်၊ ပြောင်းလဲမှုမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်မြောက်မြားစွာ ပြုလုပ်ခဲ့သည်။ ရွေးကောက်ပွဲ နီးလာသည့်အချိန် ခကြာသေးမီလပိုင်းအတွင်းကလုပ်ခဲ့သည့် စစ်တပ်ရာထူး အပြောင်းအလဲများ အပါအဝင်ဖြစ်သည်။ ၂၀၀၁ ခုနှစ်၌ ယခင် အာဏာရှင်ဟောင်း ဦးနေဝင်း၏ မြေးများကို အာဏာသိမ်းရန်ကြံစည်မှုဖြင့် ဦးနေဝင်းနှင့် သမီးခင်စန္ဒာဝင်း ကို နေအိမ်အကျယ်ချုပ်ချ၍၊ သမက်နှင့် မြေးများကို နှစ်ရှည်ထောင်ဒဏ် များချခဲ့သည်။

ယခင်က သူတို့ စစ်တပ်၏ လက်ဦးဆရာ ဟုဆိုနိုင်သည့် ဦးနေဝင်း ကိုတောင် နေအိမ်အကျယ်ချုပ် ချထားခဲ့သည့် ဆုံးဖြတ်ချက်သည် ခပ်ပေါ့ ပေါ့ ဆုံးဖြတ်ချက်တော့ မဟုတ်ပေ။ သူ၏အာဏာတန်ခိုး မည်မျှကြီးမား သည် ကို ဖော်ပြမှုလည်းဖြစ်သည်။ ထို့ပြင် ဦးနေဝင်းအုပ်စုနှင့် နီးစပ်သည် ဟု ယူဆရသည့် စစ်တပ်တပ်မှူးများလည်း တစ်ယောက်မကျန် ဖယ်ရှားပစ် ခဲ့သည်။ ဤသို့ဖြင့် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ဦးနေဝင်း ကွယ်လွန် သွားခဲ့သည်။ တပ်မတော်၏ဖခင်ကြီး၊ အာဏာရှင်ဟောင်းကြီး ဦးနေဝင်း၏ ဈာပနကိုပင် သပိတ်မှောက်ပြီး မပို့ဆောင်ဘဲထားရန် ညွှန်ကြားခဲ့သေး သည်။

စစ်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အပြင်၌ သာ ခြသေ့ ဖြစ်နေသော်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရှေ့မှောက်သို့ ရောက်သောအခါ ယုန်ကလေးကဲ့သို့ လုံးဝ ပြားဝပ်ကျိုးနွံနေသည်ဟု ယခင် ဘူသမဂ္ဂ မြန်မာပြည်အထူးသံတမန် ရာဇာလီ အစ္စမိုင်လ်က ဆိုသည်။ နောက်ပိုင်းတွင် ထိုစဉ်က ဝန်ကြီးချုပ် တာဝန်ယူထားသူ ဗိုလ်ချုပ်ကြီးခင် ညွန့် အပါအဝင် ထောက်လှမ်းရေးတစ်ဖွဲ့လုံးကို ဖျက်သိမ်းခဲ့သည်။ ထို့ပြင် ထောက်လှမ်းရေးတပ်မှ တာဝန်ရှိသူ တပ်မှူးအတော်များများကို နှစ်ရှည် ထောင်ဒဏ်များ ချမှတ်ခဲ့သေးသည်။ မြန်မာနိုင်ငံတွင် စစ်တပ်သည်အစိုးရ တာဝန်နေရာ အတော်များများ၌ ထိုးဖောက်ယူထားပြီးလည်း ဖြစ်သည်။ "စစ်တပ်ဟာ နိုင်ငံတော်အတွင်းမှာ နောက်ထပ် နိုင်ငံတော် အသေးတစ် ခု ထပ်ဖြစ်နေသည်ဟု မြန်မာနိုင်ငံအကြောင်း စာအုပ်မြောက်မြားစွာ ရေးသားခဲ့သော ဘာတေးလင့်တနာက သုံးသပ်ခဲ့သည်။ အဆိုပါစစ်တပ် ကို ဗိုလ်ချုပ်မှူးကြီး၏ သစ္စာခံ ဗိုလ်ချုပ်များဖြင့် ချုပ်ကိုင်ထား၍ ယင်းဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



ချုပ်များကိုလည်း ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် ပြန်ထိန်းချုပ်ထားပေ သည်။

ဗိုလ်ချုပ်သန်းရွှေကို အနီးကပ်ဆက်ခံပိုင်ခွင့်ရှိသူများလည်း အနည်းငယ်သာရှိသည်။ ယခုအခါ နိစ္စဓူဝတာဝန်များကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆုံးဖြတ်နေသည် မဟုတ်ချေ။ စစ်ရုံးသို့ ပေါ်မလာသည့်ရက်များ အတော်များများရှိသည်။ သို့သော် အရေးပါသည့် ဆုံးဖြတ်ချက်တော်တော်များများကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှသာ ဆင်းသက်လာခြင်းဖြစ်သည်။ ဗိုလ်မှူးကြီးစိုးရိန်၊ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်ချုပ်ကျော်ဝင်း၊ သူ့သစ္စာတော်ခံ ဗိုလ်ချုပ်မြင့်ဆွေ (ယခု ရန်ကုန်တိုင်းဒေသကြီးစစ်ဦးစီးချုပ်)၊ ဦးအောင်သောင်း စသည်ဖြင့် အနည်းအကျဉ်းကိုသာ အတွေ့ခံ တိုင်ပင်လေ့ရှိသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆုံးဖြတ်ချက်ချပုံနှင့် ပတ်သက်၍လည်း လူပြောများလှ သည်။ စစ်တပ်အတွင်း သူနှင့်တွဲလုပ်ဖူးသော ဗုဂ္ဂိုလ်များအပြောအရ ဗိုလ်ချုပ်သန်းရွှေသည် ဉာဏ်မျှလောက်ကြီး ဆိုးသွမ်းကြမ်းကြုတ်နေသူ မဟုတ်ချေ။ တစ်နည်းဆိုရသော် အရောင်အသွေးမရှိသည့်သူ လူထဲသူထဲ ထင်ထင်ပေါ်ပေါ် ခေါင်းဆောင်မဟုတ်သည့်သူဖြစ်သည်။ သူ၏ထူးခြားချက်မှာ ၂ ချက်ရှိသည်။ ပထမအချက်မှာ သူသည် ဆုံးဖြတ်ချက်ကို ခပ်လွယ်လွယ် အလျင်အမြန် မချတတ်ပေ။ သူသည် အခြေအနေကို အတိုင်းလွယ်ထားပြီး ရင့်မှည့်လာမှ သင့်တော်သလိုကြည့်၍ ဆုံးဖြတ်တတ်လေသည်။ သူသည် ကိုယ့်ကိုယ်ကိုယ်တောင် ယုံကြည်မှုမရှိချေ။ ဆုံးဖြတ်ချက်များ အမြဲနောက်ကျနေသည်ဟူ၍ပင် အဝေဖန်ခံရသည်။ ဒုတိယထူးခြားချက်မှာ သူသည် တစ်ခုခုကို တုံ့ပြန်သည့်အနေဖြင့်သာ ဆုံးဖြတ်ချက်ချတတ်သည် ဟု ဝေဖန်သုံးသပ်မှုများရှိသည်။ ယင်းသို့ သစ္စာခံ စစ်ဗိုလ်ချုပ်တစ်စု ချယ်လှယ်နေသည့် အခြေအနေများကိုလည်း မကျေနပ်သူအတော်များများရှိသည်။ သို့သော် ယင်းတို့သည် စိန်ခေါ်ရဲခြင်း၊ ပြန်လှန်မေးခွန်း ထုတ်ရဲခြင်း မရှိကြချေ။ အပြင်ဘက် သူ့ကွယ်ရာ၌သာ မကျေနပ်ကြောင်း ရင်ဖွင့်တတ်ကြသည်။ အဘယ်ကြောင့် သူတို့က ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လူနည်းစု ဗိုလ်ချုပ်တစ်အုပ်ကို ပြန်မလှန်ရဲသနည်း ဆိုသည်ကို စာရေးဆရာရော်ဂျာက မေးခွန်းထုတ်ထားသည်။ ဗိုလ်များသည် အထက်လူကြီး စကားဆိုလျှင် မပယ်ရှားဝံ့သည့် ဓလေ့ကြောင့်များလား။

www.burmeseclassic.com

www.burmeseclassic.com





ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်

အခြားအကြောင်း အချက်များကြောင့်လား၊ ဘာသာရေးကြောင့်လား၊ သူဆေခွဲမတတ်ဟုဆိုသည်။

သူ လွန်ပြီးနောက် သူ့နေရာကို ဆက်ခံမည့်သူသည် မည်သူဖြစ်မည်ဟုဆိုသည်ကိုလည်း စာရေးဆရာက စောကြော သုံးသပ်ထားသည်။ စာရေးဆရာ ရော်ဂျာက ဗိုလ်ချုပ်မှူးကြီးမောင်အေးကိုမူ သိပ်မထင်လှချေ။ သူသည် နံပါတ် ၂ နေရာ၌ ရှိနေသူဖြစ်သည်။ နံပါတ် ၂ သည် ၁ ဖြစ်ကောင်းဖြစ်မည်။ သို့သော် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို ကျော်၍ လုပ်မည့်သူမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ချေ။ အရက်ကိုလွန်စွာသောက်နေသည့် ဗိုလ်ချုပ်မောင်အေးအနေဖြင့်လည်း *တစ်နည်းကို ဦးအောင်ဦးရွက်ပြုကာ လှုပ်ရှားနိုင်သူလည်း မဟုတ်ပေ။ မကျေ* နပ်မှုများရှိခဲ့လျှင်တောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သက်ရှိထင်ရှား ရှိနေစဉ် အတွင်း နံပါတ် (၁) ဖြစ်လာမည့်ပုဂ္ဂိုလ်မဟုတ်ပေ။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနေရာကို ဆက်ခံရန် ရွေးချယ်ထားသော ပုဂ္ဂိုလ်များ စာရင်း၌ စာရေးဆရာရော်ဂျာက ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဗိုလ်ချုပ်မြင့်ဆွေ၊ ဗိုလ်ချုပ်မြင့်အောင်တို့ကို တည့်သွင်းထားသည်။

## အခန်း (၁၅)

### သူ့အရိုက်အရာကို ဆက်ခံမည့်သူနှင့် သူနှင့်ပေါင်း၍ စီးပွားဖြစ်နေသူများ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ နောက်ပိုင်းကာလကို ဆက်ခံနိုင်မည့် သူများအဖြစ် ဗိုလ်ချုပ်သူရရွှေမန်းကို စာရေးဆရာ ရော်ဂျာက ညွှန်းဆိုထား သည်။ ထို့ပြင် ဗိုလ်ချုပ်မြင့်ဆွေ၊ ဦးအောင်သောင်း၊ သူ့ကြံ့ဖွံ့ပါတီကို သစ္စာခံနေသော ဦးဌေးဦး ကဲ့သို့ အမာခံခေါင်းဆောင်များကိုလည်း ဖော်ပြ ထားသည်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ နောက်ကွယ်၌ စွမ်းအားရှင်ကဲ့သို့ လူရမ်း ကားအဖွဲ့များကိုလည်း ဖွဲ့စည်းထားသည်။ နာဇီဂျာမနီက ရုပ်ညိုတပ် များကဲ့သို့လည်းကောင်း၊ တရုတ်ပြည်မှ မော်စီတုန်း၏ တပ်နီလူငယ် များကဲ့သို့ လည်းကောင်း နှိုင်းယှဉ်ဖော်ပြထားသည်။


မည်သို့ဖြစ်စေ ယခုအခါ ရွေးကောက်ပွဲနီးလာသည့်နှင့်အမျှ ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် နိုင်ငံ့တဝန်းသို့ ခရီးဆက်တိုက် လှည့်လည်နေသည်။ တဖန် ဆင်ဖြူငါးစီးရထားသည့်ကာလ၊ နေပြည်တော်ကြီးလည်းတည်ထား ပြီးသည့်အချိန်၊ ရွှေတိဂုံစေတီတော်ကြီးထက် တစ်ပေခန့်သာ ဉာဏ်တော် နိမ့်သည့် စေတီတော်ကြီးသည်လည်း တည်ထားပြီးသည့်အချိန်ဖြစ်နေ သည်။

သူ၏ရန်သူသည် မည်သူဖြစ်နိုင်သနည်း။ ဒီမိုကရေစီအင်အားစု များလည်း ဖြစ်နိုင်သလို ပြည်ပက ကျူးကျော်လာမည့် ရန်ကိုလည်း စိုးရိမ် ကြောက်ရွံ့နိုင်သည်။ ထို့ကြောင့် ယခုကဲ့သို့ လျှို့ဝှက် စစ်ပြင်ဆင်မှုများ၊ ငွေကုန်ကြေးကျ များလွန်းသည့် အဏုမြူစီမံကိန်းကဲ့သို့ ကိစ္စများကို လုပ်

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်အခမ်းအနားတစ်ခု၌
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးတို့အား တွေ့မြင်ရစဉ်။

နေခြင်းဖြစ်သည်။ ထို့ပြင် စစ်တပ်အတွင်းက သဘောကွဲလွဲသည့် အင်အားစုများကို လျှော့တွက်၍မရပေ။ ယခင်အာဏာရှင်ဟောင်း ဦးနေဝင်းနှင့် စစ်ထောက်လှမ်းရေးအကြီးအကဲ ဝန်ကြီးချုပ် ဗိုလ်ချုပ်ခင်ညွန့်အပါ အဝင် တစ်အုပ်စုလုံးကို ဖြိုခဲ့သည့် သမိုင်းလည်း ရှိနေသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ကြား ဆက်ဆံရေး အခြေအနေကိုမူ စာရေးဆရာ ရော်ဂျာက ဤသို့ သုံးသပ်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးသည် သူ့ပုဂ္ဂိုလ်ရေး ခံစားချက်များအပေါ်၌ နက်နက်ရှိုင်းရှိုင်း အခြေတည်နေသည်ဟုဆိုသည်။ ဗိုလ်ချုပ်မှူးကြီးက အကြီး၊ ဒေါ်စုကအငယ် အဖအရာနေရာမျိုး၊ လေးစားမှု လိုချင်သလို၊ သူပြောသမျှ ဒေါ်အောင်ဆန်းစုကြည်က နာခံလိုက်နာရမည်။ မငြေဖန်ရဘူး၊ စောဒကမတက်ဘူး လိုချင်သည့်ပုံပေါ်နေသည်။ သို့သော် စစ်အုပ်စုအတွင်းရှိ သဘောထားတင်းမာသော ပုဂ္ဂိုလ်များက ဒေါ်အောင်ဆန်းစုကြည်၏ ပြည်တွင်းပြည်ပ ထောက်ခံရနေမှု၊ သူ့ပညာအရည်အချင်း၊ ခေါင်းဆောင်မှု အရည်အသွေး စသည်တို့အပေါ် မနာလိုတိုရှည်ဖြစ်နေသည့်သူများလည်း ရှိသည်။ ယင်းတို့နှင့် ယှဉ်လိုက်ပါက ဒေါ်အောင်ဆန်းစုကြည် ထင်ပေါ်ကျော်ကြားမှု၊ နိုင်ငံတကာ မိတ်ဆွေကွန်ရက် ကျယ်ပြန့်မှုတို့ကို ယင်းတို့သည် မည်သို့မျှ မယှဉ်နိုင်ပေ။

အဓိကအချက်မှာ လက်ရှိစစ်ခေါင်းဆောင်များအားလုံးနီးပါး သည် ပညာအရည်အချင်း နိမ့်ကျ၍ ဘဝတစ်လျှောက် အမှားများလုပ်ခဲ့ကြသည့် သမိုင်းတရားခံများ ဖြစ်နေခြင်းပင် ဖြစ်သည်။ ဗိုလ်ချုပ်ကတော်များဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်အပေါ် ပို၍ပင် အမုန်းအာဃာတ ထားနေကြကြောင်း စာရေးဆရာ ရော်ဂျာက သုံးသပ်တင်ပြထားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား နှစ်ကြိမ်နှစ်ခါ တွေ့ဆုံဖူးသော်လည်း တွေ့ဆုံဆွေးနွေးမှုက ခရီး မရောက်ခဲ့ပေ။ သံတမန် တစ်ဦး၏အဆိုအရ ဗိုလ်ချုပ်မှူးကြီးက ဘာမှ ဟက်ဟက်ပက်ပက် ပြောဆိုခြင်း မရှိသလို၊ ဒေါ်စုကလည်း ရေနွေးထည့်ပေးခြင်း၊ ရာသီဥတု ကောင်းမွန်ကြောင်း ပြောမှုလောက်ဖြင့်သာ စကားဝိုင်းသည် တိတ်ဆိတ်စွာ ပြီးဆုံးခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အစိုးရကြား ကြားဝင် စေ့စပ်ပေးခဲ့သည့် ကုလသမဂ္ဂအထူးသံတမန် ရာဇာလီ အစ္စမိုင်းလ် ပြောဆိုချက်အရ သူသည် စစ်အစိုးရ ထိပ်သီးဗိုလ်ချုပ်များနှင့် NLDတို့အကြား ထမင်းဝိုင်း တစ်ခါကအတူ လက်ဆုံစားခဲ့ဖူးသည်။ ဗိုလ်ချုပ်သန်းရွှေက ဘာစကားမှ မပြောချေ။ ဝါအရ အသက်အရွယ်အရ ဒေါ်စုကလည်း စကားစပြောဖို့ ခက်နေသည်။ ထမင်းဝိုင်းသည် ဖွန်း၊ ခရင်းသံများသာ လွှမ်းမိုးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စုနှင့် စကားစမြည် စပြောသူမှာ ဗိုလ်ချုပ်မောင်အေးဖြစ်ပြီး ပြောသည့် အကြောင်းက မြန်မာပြည်တွင် သစ်တောများ ပြောင်သလင်းခါနေပြီဖြစ် ကြောင်းပင် ဖြစ်သည်။

နိုင်ငံတကာက ဒေါ်စုနှင့် တွေ့ဆုံညှိနှိုင်းရန် အနည်းဆုံး ဒေါ်စု၏ နိုင်ငံရေး အတွေးအမြင်များ စစ်တပ်ခေါင်းဆောင်များက နားထောင်သင့် ကြောင်း၊ ဒေါ်စုကို အသုံးချ၍ နိုင်ငံတကာ ဆက်ဆံရေး တိုးချဲ့ရန် သင့် ကြောင်းတို့ကို တိုက်တွန်းခဲ့မှုများလည်း ရှိခဲ့သည်။ ဤသို့ ကုလသံတမန် တစ်ဦးက တိုက်တွန်းပြောဆိုနေစဉ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အင်္ဂလိပ် လို "မြန်မာနိုင်ငံမှာ ဒီမိုကရေစီရရင် ခိုင်မာသည့် ခေါင်းဆောင်မှုမျိုး လိုသည်။ မလေးရှားနိုင်ငံမှ မဟာသီယာလိုမျိုးပေါ့၊ သူက ကိစ္စအတော် များများ ပြီးမြောက်အောင် လုပ်နိုင်သည်"လို့သာ တုံ့ပြန်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နီးစပ်၍ စီးပွားဖြစ်နေသူများကို ရော် ဂျာက အချို့ကို နာမည်ဖြင့် ဖော်ပြထားသည်။ ဦးတေဇ၊ ထွန်းမြင့်နိုင်၊ အောင်ကိုဝင်း၊ ဆာ့ဂျ်ပန်း၊ မောင်ဝိတ်၊ ဦးဌေးမြင့်၊ ဦးခင်ရွှေ၊ ဇော်ဇော်၊ ဦးအိုက်ထွန်း၊ ဦးချစ်ခိုင်စသည်တို့ဖြစ်သည်။ သူတို့သည် ဗိုလ်ချုပ်သန်းရွှေ ဆက်ညှိုးညွှန်သမျှ အကျိုးစီးပွားဖြစ်ထွန်းနေကြသူများ ဖြစ်သည်။ နောက် ပိုင်းတွင် ဗိုလ်ချုပ်များ၏ သား၊ သမီး၊ သမက်များလည်း စီးပွားရေး နယ် ပယ်ထဲသို့ အကျိုးတူဆက်စပ်ပါဝင်လာကြသည်။ ယင်းတို့သည် တိုင်းပြည် ကို ထင်သလို လုယက်ယူငင်နေကြသည်။

ဘဝတစ်သက်တာလုံး စိတ်ဓာတ်စစ်ဆင်ရေး စစ်ပွဲကို ဆင်နွှဲခဲ့သူ၊ အာဏာအကြောင်းကြောင့် တက်ကြွနေသေးသူ၊ ကျန်းမာရေးချွတ်ယွင်းနေ သေးသည့်တိုင် အာဏာကို ဆက်လက်ချုပ်ကိုင်ထားချင်သူ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအကြောင်းကို စာရေးဆရာ ရော်ဂျာက သုံးသပ်သမျှ စုဆောင်းတင်ပြ ထားသည်။ သူ့အဆိုအရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အာဏာအတွက် ဆိုလျှင် ပြည်တွင်းပြည်ပ ဥပဒေများကို ချိုးဖောက်ရန် ဝန်မလေးသူ၊ လိမ်ညာဖို့၊ ညှဉ်းပန်းနှိပ်စက်မှု၊ ထောင်ချမှု၊ မတရားမှုလုပ်ဖို့၊ အပြစ်ဆွဲဖို့၊ အယောင်ဆောင်ကတိများပေးဖို့ ဘာကိုမျှ ဝန်မလေးသူဟု သုံးသပ်ဖော်ထား သည်။ ဤကဲ့သို့သော အာဏာကို ကာလရှည်ကြာစွာ အုပ်ချုပ်ခဲ့မှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပင် မြန်မာနိုင်ငံသည် စီးပွားရေး ချွတ်ခြုံကျကာ လူထုဒုက္ခပင်လယ်ဝေခဲ့ရသည်။ ဗိုလ်ချုပ်မှူးကြီး ကမ္ဘာ့အဆိုးရွားဆုံးအာဏာရှင်ကြီး ဘွဲ့ထူးကို ရယူထားနိုင်သူဖြစ်ကြောင်း နိဂုံး၌ ဖော်ပြခဲ့သည်။

ရော်ဂျာ ရေးသားခဲ့သော 'ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ မြန်မာနိုင်ငံ၏ မင်းဆိုးမင်းညစ် တစ်ဦးကို မျက်နှာဖုံး ခွာကြည့်ခြင်း' Than Shwe: Unmasking Burma's Tyrant)အမည်ရှိ စာအုပ်သည် တိကျပြည့်စုံ၍ အတည်ပြုရန်ခက်သလို မဖြစ်နိုင်ဟု ငြင်းဆိုလည်း မလွယ်ကူလှပေ။ ထို့ပြင် အချို့ အချက်အလက်များ လွဲနေမှုများ၊ အတည်ပြုရန်ခက်ခဲသော တစ်ဆင့်စကား ပြောစကားများစွာကို ကိုးကားထားသော်လည်း မြန်မာနိုင်ငံမှ စစ်အာဏာရှင်ကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်းကို ပထမဆုံးရေးသားထုတ်ဝေသည့် စာအုပ်ဖြစ်သောကြောင့် စိတ်ဝင်စားစရာ ကောင်းလှပေသည်။

ယခုအခါ ဘင်နင်ဒစ်ရော်ဂျာ ရေးခဲ့သော ယင်းစာအုပ်ကိုပင် အခြေခံကာ စွယ်စုံအနုပညာရှင် ဇာဂနာက ဒါရိုက်တာ စတီဗင်ဆိုဒါပက်နှင့် တွဲဖက်၍ ရုပ်ရှင်ရိုက်ကူးမည်ဟု သိရသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## နောက်ခံသမိုင်း

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့၌ အဖွဲ့ဝင် ၁၇ ဦးပါဝင်သော ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် တော်လှန်ရေးကောင်စီသည် ပြည်သူ ရွေးကောက် တင်မြှောက်ထားသော ပါလီမန် ဒီမိုကရေစီ အစိုးရကိုလက်နက်အားကိုးဖြင့် ဖြုတ်ချ၍ အာဏာသိမ်းပိုက်ခဲ့ကာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု အပါအဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများကိုလည်း ဖမ်းဆီး ထိန်းသိမ်းလိုက်သည်။ ၁၉၆၂ ခု၊ မတ်လ ၇ ရက်နေ့တွင် တော်လှန်ရေးကောင်စီသည် ကြေညာချက်ထုတ်ပြန်၍ လက်ရှိ တရားဥပဒေအားလုံးသည် တော်လှန်ရေးကောင်စီက မရုပ်သိမ်းသမျှ (သို့မဟုတ်) မပြင်သေးသမျှ ဆက်လက်အာဏာတည်စေရမည်ဟု ပြဋ္ဌာန်းခဲ့သည်။ မတ်လ ၃၀ တွင် တရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်နှင့် တရားဝန်ကြီးများကို ရုပ်စဲပြီး၊ အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်တရားရေးဝန်ကြီးအဖြစ်ဆောင်ရွက်သော တရားရုံးချုပ်ကို အသစ်ပြန်လည် ဖွဲ့စည်းလိုက်သည်။ အစိုးရ၏ အကြံပေးကောက်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်တို့ကိုလည်း ဖျက်သိမ်းခဲ့သည်။ ဧပြီ ၁ တွင် တရားစီရင်ရေး တရားရုံးများ၊ အကျဉ်းထောင်များ၊ ပြည်သူ့ရဲတပ်ဖွဲ့ အချုပ်စခန်းများကို စီမံခန့်ခွဲ အုပ်ချုပ်ရန် နိုင်ငံတော်ကို တရားရုံးချုပ်ကို အသစ်ပြန်လည် ဖွဲ့စည်းပြီး တရားသူကြီးချုပ်နှင့် တရားသူကြီးများကို ခန့်ထားလိုက်သည်။

ထို့နောက် ၁၉၆၂ ခု၊ ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကို ကြေညာ၍ မဆလ

www.burmeseclassic.com

www.burmeseclassic.com



ပါတီကို စတင်တည်ထောင်ခဲ့သည်။ ၁၉၇၁ တွင် မဆလပါတီ၏ဦးဆောင်မှုဖြင့် ၁၉၇၄ ခု၊ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲ၍ ၁၉၇၄ ဒီဇင်ဘာလတွင် အယောင်ပြ ဆန္ဒခံယူပွဲကျင်းပကာ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို အခြေခံ၍ ၁၉၇၄ ခု၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှ စတင်ကာ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ကျင်းပခဲ့သည်။

တော်လှန်ရေးကောင်စီသည် ၁၉၇၄ ခု ဖေဖော်ဝါရီ ၂၈ ရက်စွဲပါ ကြေညာချက်အမှတ် ၁၁၅၊ ၁၁၆၊ ၁၁၇ တို့ကို ထုတ်ပြန်ကာ ပြည်သူ့ လွှတ်တော် အစည်းအဝေး ကျင်းပသည့်နေ့မှစ၍ ကချင်ပြည်နယ် ဦးစီးအဖွဲ့၊ ကယားပြည်နယ် ဦးစီးအဖွဲ့၊ ရှမ်းပြည်နယ် ဦးစီးအဖွဲ့နှင့် ချင်းရေးရာ ဦးစီးအဖွဲ့တို့ကိုလည်းကောင်း၊ တော်လှန်ရေးကောင်စီ၏ အတိုင်ပင်ခံ အဖွဲ့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်က ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ကို ရွေးချယ်တင်မြှောက်သည့် နေ့မှစ၍ ပြည်သူ့ငွေစာရင်း စစ်ဆေးရေးကော်မတီကိုလည်းကောင်း ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။

၁၉၆၂ မှ ၁၉၈၈ ခုနှစ်အထိ တစ်ပါတီ အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်၍ နှစ်တိုနှစ်ရှည်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ခဲ့သော်လည်း အာဏာ အလွဲသုံးစားမှုများ၊ ကိုယ်ကျိုးစီးပွားရှာမှုများ၊ လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှုများ၊ လေလွင့်ပြုန်းတီးမှုများ၊ ရင်းနှီးမြှုပ်နှံမှု ခွဲဝေပုံ မှားယွင်းမှုများ၊ အုပ်ချုပ်ရေး အရည်အချင်းညံ့ဖျင်းမှုများကြောင့် မည်သည့် စီမံကိန်းမျှ အောင်မြင်မှု မရဘဲ နိုင်ငံတော်စီးပွားရေးသည် တဖြည်းဖြည်း ချွတ်ခြုံကျကာ ပြည်ပနိုင်ငံများထံမှ ချေးငှားထားသော ကြွေးမြီများ လည်း ကြောက်ခမန်းလိလိ ကြီးထွားလာခဲ့သည်။

ဤသို့ဖြင့် နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံးသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနိမ့်ကျကာ စားဝတ်နေရေးပြဿနာများ ကြုံတွေ့လာခဲ့ရသည်။ ကမ္ဘာပေါ်တွင် ကြွေးတင်နိုင်ငံများအနက် မြန်မာနိုင်ငံသည် တလွဲဆံပင်ကောင်းကာ မည်သည့်နိုင်ငံ၏ ဩဇာမျှမခံဘဲ လွဲမှားစွာ လွတ်လပ်တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့မှုကြောင့် နောက်ဆုံးတွင် ၄၂ နှစ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ၁၉၈၇ ဒီဇင်ဘာလ ၁၁

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့၌ ကျင်းပသော ၉၆ ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက် (၄၂/၄၂၈)အရ ဖွံ့ဖြိုးမှုအနည်းဆုံး (ဝါ) ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်း ဝင်သွားခဲ့သည်။ ဤသို့ဖြင့် သယံဇာတပေါကြွယ်၍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးသည် ကမ္ဘာ့ မိသားစုအလယ်၌ ခေါင်းမဖော်ဝံ့အောင် ဂုဏ်သိက္ခာ ကျဆင်းသွားခဲ့ရလေ သည်။

ယင်းသို့ ပြည်သူတစ်ရပ်လုံး ဒုက္ခအခက်အခဲမျိုးစုံ ရင်ဆိုင်နေရစဉ် အတွင်း အာဏာရှင် ဗိုလ်နေဝင်း ခေါင်းဆောင်နေသော တစ်ပါတီအာဏာရှင် အစိုးရသည် နိုင်ငံတော်အကျိုးမျှော်ကိုး၍ ဖွံ့ဖြိုး တိုးတက်ရန် ဆောင်ရွက် ရမည့်အစား မြန်မာနိုင်ငံအတွင်း လှည့်ပတ်သုံးစွဲလျက်ရှိသော ငွေစက္ကူကျပ် ၁၀၀ တန်၊ ကျပ် ၅၀ တန်နှင့် ကျပ်၂၀ တို့ကို ၁၉၈၅ နိုဝင်ဘာ ၃ ရက် နေ့တွင်လည်းကောင်း၊ ၁၉၈၇ စက်တင်ဘာလ ၅ ရက်နေ့တွင် နိုင်ငံတော် ဗဟိုဘဏ်က မကြာမီကမှ အသစ်ထုတ်ဝေထားသော ၂၅ ကျပ်တန်၊ ၃၅ ကျပ်ရန်၊ ၇၅ ကျပ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှလည်းကောင်း၊ ၃၀ဒေက်ဲ့သို့သော အာဏာတည်သော အမိန့် [အမိန့်အမှတ် (၁) ၁၉၈၇] ကို ထုတ်ပြန်၍ ရပ်စွဲပစ်လိုက်လေသည်။ လူထုတစ်ရပ်လုံး ချွေးနှဲစာ စုထား သော ငွေအားလုံးကို အေးမားပြ အတိုက်ခံလိုက်ရသကဲ့သို့ ခံစားလိုက် ရသည်။

သို့ကလို ပြည်သူလူထု တစ်ရပ်လုံးသည် အခက်အခဲ၊ အကျပ် အတည်း ဒုက္ခမျိုးစုံ ဖြစ်ပေါ်လာကာ ဒုက္ခပင်လယ်ဝေ၍ အထွေထွေမကျေနပ် မှုများ ဖြစ်ပွားနေစဉ်အတွင်း၊ ၁၉၈၈ မတ်လ ၁၂ ရက်နေ့တွင် ကမ္ဘာကို တိုင်လှုပ်ခဲ့သော ရှစ်ဆယ့်ရှစ် ဒီမိုကရေစီ အရေးတော်ပုံကြီးအစ မတ်လ ကျောင်းသားအရေးအခင်း စတင်ဖြစ်ပွားခဲ့လေသည်။

## ရှစ်လေးလုံးအရေးတော်ပုံကြီး၏ဇာစ်မြစ်အစ

၁၉၈၈ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ ည ၉ နာရီ အချိန်ခန့်တွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း၊ ဘုတာအနီး စန္ဒာဝင်းလက်ဖက်ရည် ဆိုင်တွင် ရန်ကုန် စက်မှုတက္ကသိုလ် ဒုတိယနှစ် ကျောင်းသားများ ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သော ဝင်းမြင့်(နွားထိုးကြီး) အမည်တူ ဝင်းမြင့် (ပုလဲ)နှင့် ကျော်ဆန်းဝင်းတို့သည် အဆိုတော် စိုင်းထီးဆိုင်၏သီချင်းခွေဖွင့်ရန်ပြောကြားရာမှ ဆိုင်အတွင်း၌ အရက်မူးနေသော ရပ်ကွက်လူငယ် ဇော်ဇော် (ခေါ်) ညီညီလွင်နှင့် အချင်းများခဲ့သည်။ ထို့နောက်ညီညီလွင်က ထိုင်ခုံတစ်လုံးကို ကောက်ကိုင်ကာ ဝင်းမြင့်(ပုလဲ)၏ ခေါင်းကို ရိုက်ချလိုက်သည်။ ရိုက်ပွဲမှာ မကြာလိုက်ပါ။ ကျောင်းသားသုံးဦးအနက် ဝင်းမြင့်နှင့် ကျော်ဆန်းဝင်းတို့ ခေါင်းကွဲသွား၍ စိုးရိမ်စိတ်ဖြင့် နီးရာဆေးခန်းသို့ ခေါ်သွားကြသည်။ ယင်းသို့ဖြစ်ပွားခဲ့သော အဖြစ်အပျက်ကို ကျောင်းသားများက အနီးဆုံး အင်းစိန်ရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ အသေးစိတ် မှတ်တမ်းယူပြီး နောက်အချင်းဖြစ်ပွားခဲ့သည့် လက်ဖက်ရည်ဆိုင်သို့ ရဲများသွားရောက်၍ ဇော်ဇော်နှင့် တရားခံ ငါးဦးကို ဖမ်းဆီး၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅/၁၁၄ အရ အမှုဖွင့်ခဲ့သည်။ ဒဏ်ရာရရှိခဲ့သော ဝင်းမြင့်မှာ ခေါင်းတွင် ပတ်တီးအဖွေးသားဖြင့် ကျောင်းဆောင်သို့ ပြန်သွားခဲ့သည်။

သို့သော် ထိုကိစ္စ ထိုမျှပင် ပြီးမသွားခဲ့ချေ။ ကျောင်းသား ဝင်းမြင့်ကို ရိုက်သူမှာ ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌ၏ သား ဖြစ်နေသောကြောင့် ရဲက တရားခံများကို မတ်လ ၁၂ ရက်နေ့ နေ့လယ်ပိုင်းကပင် ပြန်လွှတ်ပေးလိုက်သည်။ ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌဆိုသည်မှာ ဗိုလ်နေဝင်း၏တစ်ပါတီ အာဏာရှင်စနစ်တွင် နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားကို လည်ပတ်စေသော ရပ်ကွက်ဆိုင်ရာအခြေခံ ဒေါက်တိုင်များပင် မဟုတ်ပါလော။

ထိုသတင်းကို မတ်လ ၁၃ ရက် တနင်္လာနေ့ နံနက်တွင် စက်မှုတက္ကသိုလ် ကျောင်းသားများ ကြားသိသောအခါ ဒေါသူပုန်ထကြတော့သည်။ ဆိုင်ရှင်ထံမှ ရိုက်နှက်သူ၏ အမည်ကို သိရှိခဲ့ရာမှ ကျောင်းသား ၃၀ ခန့် ပြည်သူ့ကောင်စီရုံးသို့သွား၍ ရိုက်နှက်သူများကို ထုတ်ပေးရန်တောင်းဆိုခဲ့ကြသည်။ ကောင်စီဥက္ကဋ္ဌက ကျောင်းသားများ၏ နစ်နာချက်များကို နားမထောင်လိုကြောင်း ငြင်းပယ်လိုက်သဖြင့် ကျောင်းသားများက ခဲများဖြင့် ရပ်ကွက်ကောင်စီရုံးကို ပစ်ပေါက်ကြရာ ရုံး၏ပြတင်းပေါက်

www.burmeseclassic.com

www.burmeseclassic.com



များ ပျက်စီးသွားသည်။ အချို့ကျောင်းသားများက ရုံးအတွင်းသို့ဝင်ရောက်ကာ စားပွဲ၊ ကုလားထိုင်များ ဗီရိုများကို ရိုက်ချိုးဖျက်ဆီးခဲ့ကြသည်။

ထို့နောက် ကျောင်းသားများသည် ကျောင်းသို့ပြန်၍ လူစုခဲ့ကြသည်။ ဤအကြိမ်တွင် ကျောင်းသားဦးရေ နှစ်ရာ သုံးရာခန့် လက်ဖက်ရည်ဆိုင်အနီး လမ်းဆုံသို့ ချီတက်ခဲ့ကြသည်။ လမ်းဆုံသို့အရောက်တွင် မျှော်လင့်သော မြင်ကွင်းတစ်ရပ်က စောင့်ကြိုလျက်ရှိသည်။ မီးသတ်ပိုက်အသင့်ပြင်ထားသော မီးသတ်ရဲများနှင့် ဒိုင်းများ၊ နံပါတ်တုတ်များ၊ ရိုင်ဖယ်သေနတ်များ ကိုင်ဆောင်ထားသော လုံထိန်း ၅၀၀ ခန့်က စောင့်နေကြသည်။

အရေးအခင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက အေးချမ်းစွာ ညှိနှိုင်းဖြေရှင်းနိုင်ပါလျက် တဆိတ်ရှိလက်နက် အားကိုးဖြင့် အတင်းအဓမ္မ ဖြေရှင်းလိုကြသည့် အာဏာပိုင်တို့၏ လုပ်ရပ်ကို ကျောင်းသားထုက တွေ့မြင်လိုက်ရသောကြောင့် ယမ်းပုံအအပေါ် မီးကျသလို ဒေါသပေါက်ကွဲချေတော့သည်။

လုံထိန်းများရှိရာသို့ ခဲများပစ်ပေါက်ကြပြီး မကြာမီမှာပင် ရတ်တရက်ဆိုသလို မောင်းပြန် သေနတ်သံများ ဆက်တိုက်ထွက်ပေါ်လာတော့သည်။ ကျောင်းသားအတော်များများ လဲကျသွားသည်။ လမ်းမပေါ်တွင် သွေးချောင်းစီးလျက် ရှိသည်။ သွေးအလူးလူးနှင့် အသက် ၂၃ နှစ်သာ ရှိသေးသော စက်မှုတက္ကသိုလ်ကျောင်းသား မောင်ဖုန်းမော်အား သူ့ သူငယ်ချင်းများက ကျောင်းဆောင်သို့ သယ်ယူခဲ့ကြသည်။ အဆောင်ရောက်ပြီး ခဏကြာတွင် ဖုန်းမော်သည် ပြင်ပဒဏ်ရာ ၁၃ ချက်၊ ကျည်ဝင်ဒဏ်ရာ ၃ ချက်ဖြင့် သူ့ဆရာလက်ပေါ်၌ပင် အသက်ပျောက်သွားခဲ့ရလေသည်။ ထိုနေ့အား မတ်လ ၁၃ ရက်နေ့ပင်တည်း။ (နောင်တွင် ဖုန်းမော်ကျဆုံးသောနေ့ကို မြန်မာနိုင်ငံလူ့အခွင့်အရေးအဖြစ် သတ်မှတ်ကာ ကျင်းပလာခဲ့ကြသည်)

သေနတ်ဒဏ်ရာ ရထားသော ကျောင်းသား ၆ ယောက်အား လမ်းဆိုင်ခတ်ကာ လှိုင်မြို့နယ် ရဲစခန်းသို့ ခေါ်သွားသည်။ လေးဦးမှာ သတိလစ်နေသည်။ သူတို့ကံကြမ္မာ မည်သို့ရှိသည်ကို မသိရသော်လည်း စတုတ္ထနှစ် ဓာတုအင်ဂျင်နီယာကျောင်းသား စိုးနိုင်နှင့် မြင့်ဦးတို့မှာ ရက်များ

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဆေးရုံ၌ပင် သေဆုံးခဲ့ရသည်။ စိုးနိုင်၏ အသည်းထဲသို့ကျည်ဆန် ဝင်သွားပြီး၊ မြင့်ဦးမှာ ဝမ်းဗိုက်တွင်တစ်ချက် ဆီးအိမ်တွင်တစ်ချက် ကျည်ထိမှန်ခဲ့သည်။ အာဏာပိုင်တို့က သူတို့အား ခွဲစိတ်ကုသမည့် ဆရာဝန်များကို တားမြစ်ခြင်း မရှိခဲ့ပါက အသက်ရှင်ကောင်း ရှင်နိုင်ပေလိမ့်မည်။ သို့ဖြင့် ကိုစိုးနိုင်သည် နှစ်ခါခွဲစိတ်ခံရကာ ဧပြီလ ၅ ရက်နေ့တွင် သေဆုံးသွားခဲ့ရသည်။

ရက်စက်ကြမ်းကြုတ်မှုမှာ ရင်နင့်စရာပင်။ ပထမဆုံး သေဆုံးခဲ့ရသော မောင်ဖုန်းမော်သည် မဆလပါတီ၏ လမ်းစဉ်လူငယ် ခေါင်းဆောင်တစ်ဦးဖြစ်ပြီး စက်မှုတက္ကသိုလ် ကြက်ခြေနီ အသင်းခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။ ထို့အပြင် ဓာတုအင်ဂျင်နီယာသင်တန်းတစ်လျှောက်တွင် ထူးချွန်သောကျောင်းသားတစ်ဦး ဖြစ်ခဲ့သည်။

ထိုဖြစ်ရပ်နှင့် တစ်ဆက်တည်း ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုမှာ လက်ဖက်ရည်ဆိုင်အနီး ပြည်သူ့ဆိုင်မီးလောင်မှု ဖြစ်သည်။ ရပ်ကွက်လူကြီးများနှင့် သမယဝါယမ လူကြီးများက ကျောင်းသားများ မီးရှို့သည်ဟု စွပ်စွဲပြီး၊ အရပ်သားများက ဆိုင်တာဝန်ခံများ မီးရှို့ခြင်း ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ ပြဿနာ ရှုပ်ထွေးနေသည်ကို အခွင့်ကောင်းယူပြီး ငွေစာရင်းနှင့်ကုန်ပစ္စည်းစာရင်း၊ မှတ်တမ်းစာအုပ်များကို မီးရှို့ဖျောက်ဖျက်ခြင်းသာ ဖြစ်သည်။

ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး၏ အိတ်ဖွင့်ပေးစာ၌လည်း "သမဝါယမဆိုင် မီးရှို့တာ ကျောင်းသားတွေ မဟုတ်ပါ။ သမဝါယမ စာရင်းပိတ်ခါနီးလို့ စာရင်းတွေ ကွာနေတာကို ဖျောက်ချင်လို့ ရောင်တော်ပြန်လွှတ်တဲ့အနေနဲ့ သူတို့ဘာသာ ရှို့ခဲ့တာပါ"ဟူ၍ ဖော်ထားသည်။

ထိုနေ့ညတွင် ခံပြင်း ဒေါသ ထွက်နေကြသော ရန်ကုန် စက်မှုတက္ကသိုလ် ကျောင်းသားများသည် ကျောင်းဆောင်များ၌ စည်းဝေးတိုင်ပင်ကာ အချက် (၇)ချက်ပါ တောင်းဆိုချက်ကို တောင်းဆိုခဲ့သည်။

(က) ကျောင်း မပိတ်ရေး။

(ခ) ကျောင်းပတ်ဝန်းကျင် လုံခြုံရေးချထားသော ရဲများကို အမြန်ရုပ်သိမ်းပေးရေး။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) တောင်းဆိုချက်များကို အမြန်ဆုံး ဖြေရှင်းပေးနိုင်သည့် တာဝန်ရှိသူ တစ်ဦးဦးနှင့် ဖြေရှင်း မပေးနိုင်ပါက တာဝန်ရှိသူများအနီးသို့ မလာရောက်ရန်။

ထို့အပြင် ထိုနေ့မွန်းလွဲ ၂ နာရီခန့်တွင် သက်ဆိုင်ရာ အာဏာပိုင်များထံ ထပ်မံပေးပို့ခဲ့ပြန်ပါသည်။

(က) ၁၃–၃–၈၈ နေ့ဖြစ်ရပ်ကို သတင်းစာထဲ၌ အမှန်အတိုင်း ရေးသားဖော်ပြရန်။

(ခ) ကျဆုံးသွားသော ကျောင်းသားများကို ကိုယ်တိုင်သင်္ဂြိုဟ်ခွင့်ပြုရန်။

(ဂ) အပြစ်မဲ့သော သေဆုံးသူ သူငယ်ချင်းများအား ဝမ်းနည်းကြောင်း မှတ်တမ်းတင်ပေးရန်။

(ဃ) မျက်ရည်ယိုဗုံး၊ မီးကျည်ပစ်သူတို့ကို အရေးယူပေးရန်။

(င) ကျောင်းသားများလိုလားချက်ကို တရားဝင် အဖွဲ့အစည်းတစ်ရပ်ရပ်မှ တာဝန်ယူ ဆောင်ရွက်ပေးရန်။

ခံယူချက် ပို၍ ပြင်းထန်သော ကျောင်းသားများက မောင်ဖုန်းမော်အား နိုင်ငံတော် ဈာပနအခမ်းအနားဖြင့် ဂုဏ်ပြု သင်္ဂြိုဟ် ပေးရန်အထိ တောင်းဆိုခဲ့သည်။ အမာခံကျောင်းသား ၁၃ ဦးက ကျစ်လျစ်သော သွေးသောက်အဖွဲ့ ဖွဲ့စည်းလိုက်ပြီး မိမိတို့အနေဖြင့် အဖြစ်မှန် ပေါ်ထွက်ရေးအတွက် အသက်ပင်စတေးရန် ပြင်ဆင်ထားကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမောင်ဒီသည် စက်မှုတက္ကသိုလ်သို့ ညတွင်းချင်းရောက်ရှိလာပြီး ကျောင်းသားများ၏ တောင်းဆိုချက်အားလုံးကို ပယ်ချလိုက်သည်။

သန်းခေါင်ယံ မတိုင်မီကလေး၌ပင် ကျောင်းသားတစ်စုသည် ဖုန်းမော် သေဆုံးခဲ့သော နေရာ၌ပင် လွမ်းသူ့ပန်းခွေများချကာ ဂုဏ်ပြုခဲ့ကြသည်။ အချို့မှာ လမ်းပေါ်တွင် ဒူးတုပ်၍ ပန်းခွေရှေ့တွင် ဦးချ၍ ကြွေးပြီး ပစ်ခတ်သတ်ဖြတ်မှုကို ခံပြင်းကာ ရှုတ်ချခဲ့ကြသည်။ တက္ကသိုလ် ဝရိဝုဏ်အတွင်း၌လည်း အစိုးရ၏ လုပ်ရပ်ကိုရှုတ်ချ ကြွေးကြော်သံများ ပြခဲ့သည်။ မတ်လ ၁၅ ရက်အင်္ဂါနေ့တွင် လုံထိန်းနှင့်စစ်သား ၆၀ ခန့် သည်

www.burmeseclassic.com

www.burmeseclassic.com



မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် စက်မှုတက္ကသိုလ် ဝင်းအတွင်းသို့ အတင်းဝင်ရောက်လာကြပြီး စစ်ကားများပေါ်မှ ခုန်ဆင်းလာသော လုံထိန်းများသည် နံပါတ်တုတ်များ ဝင့်ကာ ကျောင်းသားအုပ်ဆီသို့ ညာသံပေး၍ ပြေးတက်လာကြသည်။

ကျောင်းသားအများအပြား သတ်ဖြတ်၊ ရိုက်နှက်ဖမ်းဆီးခြင်း ခံခဲ့ရသည်။

ညပိုင်းတွင် မြန်မာ့အသံမှ စက်မှုတက္ကသိုလ် အခင်းဖြစ်ပွားမှုသတင်းကို ထုတ်ပြန်ကြေညာခဲ့သည်။ အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ ကျောင်းသားများအပေါ် အပြစ်လုံးလုံး ပုံချလိုက်သည်။ မတ်လ ၁၆ ရက်နေ့တွင် ကျောင်းသားများ သတ်ဖြတ်ခြင်း၊ ရိုက်နှက်ခံရခြင်းနှင့် ဖမ်းဆီးခံရခြင်းသတင်းများသည် ရန်ကုန်မြို့ရှိ အခြားတက္ကသိုလ်နယ်မြေများသို့ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။

ဆန္ဒပြပွဲသည် တဖြည်းဖြည်း အစိုးရ ဆန့်ကျင်ရေး အသွင်သို့ ကူးပြောင်းသွားတော့သည်။ အထူးသဖြင့် မနေ့ညက မြန်မာ့အသံမှ မဟုတ်မမှန် လုပ်ကြံသတင်းထုတ်လွှင့်မှုကြောင့် ကျောင်းသားထု၏ ဒေါသကို မီးလောင်ရာလေပင့်ဆိုသလို ဖြစ်ပွားခဲ့ရသည်။

မတ်လ ၁၆ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် (ပင်မ) ပရိဝုဏ်မှတစ်ဆင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)သို့ ပူးပေါင်းရန် ချီတက်လာရာ တံတားဖြူအနီးသို့ အရောက်တွင် သံဆူးကြိုးခွေများ လမ်းမပေါ်၌ ဖြတ်ကာ၍ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသော စစ်သားများက ရင်ပေါင်တန်း ရပ်နေသည်ကို တွေ့လိုက်ရသည်။ တပ်ဖွဲ့၏ လမ်းခါးလယ်ရောက်၍ ဘရင်းကယ်ရီယာ (စစ်သေနတ် တပ်ဆင်ထားသော သံချပ်ကာ)များ ရပ်ထားသည်။

မကြာမီအတွင်း အမိန့်ပေးသံတစ်ခု ထွက်ပေါ်လာပြီးနောက် ဝါးရင်းတုတ်များ၊ ကြိမ်ဒိုင်းများ၊ ရိုင်ဖယ်သေနတ်များနှင့် သံခမောက် ဆောင်းထားသော လုံထိန်းများက ကျောင်းသားထုအတွင်းသို့ အတင်းဝင်ရိုက်တော့သည်။ နံပါတ်တုတ်များ၏ ရိုက်နှက်မှုကြောင့် အရိုးကျိုးအက်သံများ အတိုင်းသား ကြားနေရသည်။ သွေးများလူးနေသော ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



များ၏ ညည်းတွားသံများ ငယ်သံပါအောင် အော်ဟစ်နေသံများ ပွက်လောရိုက်သွားသည်။ ကန်ပေါင်ရိုးလေ့ကားမှတစ်ဆင့် ကန်ပေါင်ပေါ်သို့ ပြေးအက်ရန် ကြိုးစားကြသည့် ကျောင်းသူကျောင်းသားများမှာ အတုန်းအရုံးလုံထိန်းတို့၏ ပိတ်၍ ရိုက်ခံရလေသည်။ တချို့လုံထိန်းများက ကျောင်းသူများကိုသာ မဲ၍ ရိုက်နှက်ကာ ဝတ်ဆင်ထားသော လက်ဝတ်ရတနာများ၊ လက်ပတ်နာရီများကို အတင်းချွတ်ယူကြသည်။

တချို့က ပြေးလွှားနေသော ကျောင်းသားများကို အင်းလျားကန်ထဲသို့ မောင်းချကာ ခေါင်းကို ရေထဲနစ်၍ မသေမချင်း သတ်ခဲ့ကြသည်။ လူသတ်ပွဲမှာ တစ်နာရီခန့်အကြာတွင် ကန်ပေါင်အနီး ပြည်လမ်းမတစ်လျှောက်တွင် တုံးလုံးပက်လက် လဲနေသော ကျောင်းသားများ၏ အလောင်းများမှာ သုသာန်တစပြင်ကဲ့သို့ မြင်မကောင်းအောင် ပြန့်ကျဲနေလေ သည်။ ရုတ်ခြည်း ကန်ပေါင်ပေါ်ရှိ '**တံတားဖြူ**'သည် '**တံတားနီ**'ဘဝသို့ ကူးပြောင်းသွားခဲ့ရသည်။

မတ်လ ၁၆ ရက်နေ့ ညသန်းခေါင်ယံယွင် လုံထိန်းကားတစ်စီး ဖြင့်ညသည့်နေရာမှ ခေါ်ဆောင်လာသည် မသိရသော မိန်းကလေးသုံးဦးကို ကန်ပေါင်ပေါ်တွင် မုဒိန်းကျင့်၍ ပစ်ထားခဲ့ရာ တွေ့မြင်လိုက်ရသော ကျောင်းသားတစ်စုက အဆိုပါ မေ့မျောနေသည့် မိန်းကလေးများကို ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးလိုက်ကြသည်။ ဆေးရုံမှ သူနာပြုဆရာမတစ်ဦးက ဒီလိုအမှုတွေ အများကြီး ဆေးရုံရောက်နေသည်ဟု ဆိုသည်။ မိန်းကလေးတစ်ဦးဆိုလျှင် အုပ်စုလိုက် မတရားပြုကျင့်ခံရသောကြောင့် သားအိမ်ကွဲပြီး မနေ့ညက သေဆုံးသွားခဲ့သည်ဟု ပြောပြသည်။

အစိုးရက မတ် ၁၆ ရက်နှင့် ၁၇ ရက်နေ့ ဖြစ်ပွားသော အရေးအခင်းတွင် ကျောင်းသားကျောင်းသူ ၁၅၄ ယောက်ကို စိစစ် ထိန်းသိမ်း၍ သေဆုံးသူ၊ ဒဏ်ရာရသူ လုံးဝမရှိ။ လိမ်ညာသတင်း ထုတ်လွှင့်ခဲ့သည်။ အမှန်စင်စစ် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်အရ ကျောင်းသားကျောင်းသူ တစ်ထောင်ကျော် ~~ထိန်းသိမ်း~~ခံရပြီး ၁၀၀ ကျော်ခန့် သေဆုံးခဲ့သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ကလို ကျောင်းသားများ ရိုက်နှက်သတ်ဖြတ် ဖမ်းဆီးခြင်း ခံရသဖြင့် ပြည်သူတစ်ရပ်လုံးက မခံမရပ် အုံကြွလာမည်ကို ရိပ်မိသွားသောကြောင့် မတ်လ ၁၇ ရက်နေ့တွင် ပြည်သူ့တရားသူကြီးအဖွဲ့ဝင် ဦးဘမော် ဥက္ကဋ္ဌ အဖြစ်ပါဝင်သော စုံစမ်းရေးကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ထိုကော်မရှင်သည် (၁၂-၃-၈၈)ရက်နေ့တွင် ရန်ကုန် စက်မှုတက္ကသိုလ် ကျောင်းသားအချို့နှင့် ကြို့ကုန်းအနောက်ရပ်ကွက်မှ လူထုအချို့တို့ ဖြစ်ပွားခဲ့သော အရေးအခင်းကို စုံစမ်းတင်ပြရမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါကော်မရှင်ကို ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီမှ ၁၉၈၈ ခုနှစ် မတ်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၅/၈၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့ရာ ထိုအမိန့်ကြော်ငြာစာအရ ထိုကော်မရှင်တွင်-

(က) ဦးဘမော် (ပြည်သူ့တရားသူကြီးအဖွဲ့ဝင်) - ဥက္ကဋ္ဌ

(ခ) ဦးလှတင့် (ပြည်သူ့ဥပဒေအကျိုးဆောင်) - အဖွဲ့ဝင်

(ဂ) ဒေါက်တာမောင်ရှိန် (ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့) - အဖွဲ့ဝင်

တို့ပါဝင်ခဲ့သည်။

စုံစမ်းရေးကော်မရှင်သည် အရေးအခင်း မည်ကဲ့သို့ စတင်ပေါ်ပေါက်ခဲ့မှု၊ သေဆုံးထိခိုက်ဒဏ်ရာ ရရှိမှု အခြေအနေ အချက်အလက်များကို စုံစမ်း၍အစီရင်ခံစာကို (၁၇-၄-၈၈)ရက်နေ့အရောက် နိုင်ငံတော်ကောင်စီသို့ တင်ပြရန် ပါရှိသည်။ ကော်မရှင်သည် သက်သေ ၉၇ ဦးကို စစ်ဆေးခဲ့ရာ၊ ဒုဝန်ကြီး နှစ်ဦးပင် ပါဝင်သည်ဟုဆိုသည်။ ကော်မရှင်သည် စစ်အာဏာပိုင်များအား မလွန်ဆန်နိုင်သောကြောင့် အဖြစ်မှန်ကို ဖုံးဖိ၍ လိမ်ညာ အစီရင်ခံစာ ပြုစု တင်ပြခဲ့ကြသည်။ထိုနေ့မှာပင် မောင်ဖုန်းမော်အသုဘသို့ နောက်ဆုံးအကြိမ် ဂါရဝပြုရန် ထောင်ပေါင်းများစွာသော လူထုကြီးက ကြံတောသချိုင်း အပြင်ဘက်တွင် စုဝေးရောက်ရှိနေကြသည်။ သို့သော် မောင်ဖုန်းမော်၏ ရုပ်အလောင်းကို အစိုးရက တစ်နေရာတွင် လျှို့ဝှက်မီးသဂြိုဟ်ခဲ့ပြီဖြစ်ကြောင်း သိလိုက်ရမှ တဖြည်းဖြည်း လူစုကွဲသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တက္ကသိုလ် ပင်မ ကျောင်းဝင်း အတွင်း၌ ပြုလုပ်သော အစည်းအဝေးတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂဟု ဖွဲ့စည်းလိုက်သည်။

မတ်လ ၁၈ ရက်နေ့တွင် ထောင်ပေါင်းများစွာသော ကျောင်းသားများ ရန်ကုန်မြို့လယ်ရှိ ဆူးလေဘုရားသို့ ချီတက်ကြပြီး တခြားကျောင်းသားများနှင့် ပူးပေါင်းကြသည်။ အစိုးရကလည်း တပ်မ ၂၂၊ ၆၆ နှင့် ၇၇ တို့ကို ခေါ်ယူလိုက်သည်။ ထောင်ပေါင်းများစွာသော ကန့်ကွက်ဆန္ဒပြသူများကို ဖမ်းဆီးကြသည်။ "သွေးစွန်းသော သောကြာနေ့"နေ့အဖြစ် လူသိများသော ထိုနေ့တွင် လုံထိန်းတို့၏ တပ်မှူး ဗိုလ်မှူးချုပ်စိန်လွင်မှာလည်း "ရန်ကုန်မြို့၏လူသတ်သမား"ဟု အမည်စတွင်ခဲ့သည်။ ကျောင်းများနှင့် တက္ကသိုလ်များကိုလည်း အစိုးရက ပိတ်လိုက်ကြသည်။

ထိုနေ့ညဥ့်သန်းခေါင်ကျော် အချိန်၌ ရန်ကုန်မြို့တွင်း၌ ဆန္ဒပြခဲ့သူများကို အချုပ်ကားများဖြင့် အင်းစိန် ဗဟိုအကျဉ်းထောင်သို့ ပို့ခဲ့ရာ ထောင်သို့ ရောက်ရှိသောအခါ (၇၁) ဦး တင်ဆောင်လာသော မော်တော်ကား တစ်စီးတွင် (၄၁) ဦး သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ အစိုးရက အချုပ်ကား မလုံလောက်မှုကြောင့် အချုပ်သားဦးရေ ပို၍ တင်ဆောင်ခဲ့ရခြင်း၊ ၄၅ မိနစ်သာ မောင်းရသည့် ခရီးကို လမ်းများ ပိတ်ဆို့မှုအခြေအနေ ၂ နာရီခန့်ကြာအောင် မောင်းနှင်ရခြင်းတို့ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု အကြောင်းပြကာ (၁၉–၇–၈၈)ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထို့နောက် အစိုးရက ဖွဲ့စည်းပေးထားသော စုံစမ်းစစ်ဆေးရေးကော်မရှင် က မတ်လ အဓိကရုဏ်းတွင် ကျောင်းသား ၃ ယောက်သာ သေဆုံးပြီး၊ ၆၂၅ ယောက် အဖမ်းခံရကာ ၁၄၁ ယောက်ကို ဆက်လက်ထိန်းသိမ်းထားသည်ဟု ကြေညာခဲ့သည်။ ထိုနေ့မှာပင် စာမျက်နှာ ၄၂ မျက်နှာပါသော အိတ်ဖွင့်ပေးစာကို ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးက ဦးနေဝင်းထံ ရေးသားပေးပို့ခဲ့သည်။

ထိုစဉ်အတွင်း ဧပြီလ ၁၁ ရက်နေ့တွင် ဦးနေဝင်းနှင့် အဖွဲ့ဝင်များသည် အနောက်ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ခွာသွားသည်။ မေလ

www.burmeseclassic.com

www.burmeseclassic.com



၁၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ထုတ်ဝေခဲ့သော စာမျက်နှာ (၇၁) မျက်နှာရှိသည့် ထုတ်ပြန်ချက်တွင် မြန်မာ့တပ်မတော်သည် ဖမ်းဆီးသတ်ဖြတ်မှုများ၊ နယ်စပ်ဒေသများတွင် ညှဉ်းပန်းမှု၊ အမျိုးသမီးများကို အဓမ္မပြုကျင့်မှုများနှင့် ရွာသားများကို ပေါ်တာ (ရှေ့တန်းလုပ်အားပေး)အဖြစ် အတင်းစေခိုင်းကာ လူမျိုးစု လက်နက်ကိုင်များကို တိုက်ခိုက်ရာတွင် 'လူသားမိုင်းရှင်းကိရိယာ'အဖြစ် တပ်ဖွဲ့ရှေ့မှ သွားစေခြင်းတို့အတွက် အဓိက တာဝန်ရှိကြောင်း ပါရှိသည်။

မေလ ၉ ရက်နေ့တွင် ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးက ၁၉၈၈ မတ်လအတွင်း ဖြစ်ပွားသော အရေးအခင်းနှင့် စပ်လျဉ်း၍ အိတ်ဖွင့်ပေးစာတစ်စောင်ကို ထုတ်ဝေဖြန့်ချိလာပြန်သည်။

မေလ ၁၂ ရက်စွဲတပ်ထားသော–

"ကိုင်း... အခုတော့ ကောင်းနိုင်ကြသေးရဲ့လား" ခေါင်းစဉ်တပ်ထားသော အဆိုပါစာ၌ တော်လှန်ရေးကောင်စီ အာဏာသိမ်းပြီး ၂၆ နှစ်အကြာ အခြေအနေသည် ယိုယွင်းရုံသာမက ပျက်စီးခြင်းမက ပျက်စီးသွားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားလုံး ကျဆုံးခြင်းမက ကျဆုံးခဲ့ကြောင်း၊ လက်အောက်ရှိ တာဝန်ရှိသူများက တာဝန်ယူကြရန် ခေါင်းခံလိုကြောင်း၊ မိမိအနေဖြင့် စာတမ်းတစ်စောင် ရေးသားတင်ပြခဲ့ကြောင်း၊ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး နုတ်ထွက်ခါနီး ပါတီဥက္ကဋ္ဌကြီးက သုံးနှစ်လုပ်မယ်၊ မအောင်မြင်လျှင် ဗိုလ်အောင်ကြီးတို့ လုပ်ကြပါဟု ပြောခဲ့ကြောင်း၊ နိုင်ငံရေးသမား လုပ်ဖော်ကိုင်ဖက်တွင် ဦးနုနှင့် ပါတီဥက္ကဋ္ဌကြီး သာရှိပြီး ကျန်လူများ ကွယ်လွန်ပြီဖြစ်ကြောင်း၊ မကြာမီ တိုင်းပြည်တွင် ဆန်ပြဿနာ ဖြစ်တော့မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းအားလုံးလိုလို ပိတ်ပင်ထားရကြောင်း၊ ဒုက္ခရောက်မည့်အရေးကို သတိပေးကြောင်း ဖော်ပြထားသည်။

မေလ ၂၆ ရက်နေ့ ဥပရောပသို့ ခရီးထွက်သွားသော ဦးနေဝင်းနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာခဲ့ပြီး နောက် မေလ ၃၀ ရက်နေ့တွင် ကျောင်းများနှင့် တက္ကသိုလ်များ အားလုံး ပြန်လည် ဖွင့်လှစ်ခဲ့သည်။ သို့သော် ကျောင်းသားဦးရေ ၃၀ ရာခိုင်နှုန်းသာ ကျောင်းပြန်တက်ခဲ့ကြသည်။ တက္ကသိုလ်ကျောင်းဝင်းများ၌ အစိုးရ ဆန့်ကျင်ရေး စာရွက်

www.burmeseclassic.com

www.burmeseclassic.com



စာတမ်းများ ပြန်လည်ထွက်ပေါ်လာသည်။ အင်းစိန်ထောင်မှ ပြန်လွတ်လာသော ကျောင်းသားများက စစ်ကြောရေးစခန်းများ၌ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ အရိုက်အနှက်ခံရခြင်းနှင့် လျှပ်စစ်ခါတ်ဖြင့်ထိုးကာ စစ်ဆေးခဲ့မှုများကို ပြန်လည် ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အကျဉ်း ကျခံနေစဉ်အတွင်း လုံထိန်းများက ကျောင်းသူများကို အဓမ္မကျင့်ခဲ့သည့်သတင်းများလည်း ပေါ်ထွက်လာခဲ့သည်။

ဇွန်လ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့များတွင် ရန်ကုန်တက္ကသိုလ် (ပင်မ)၌ ဆန္ဒပြပွဲများနှင့် စည်းဝေးပွဲများ ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ဇွန် ၁၇ ရက်နေ့တွင် ဆန္ဒပြပွဲ ဆက်လက် ဖြစ်ပေါ်နေသဖြင့် ရန်ကုန်တက္ကသိုလ် (ပင်မ)မှ သင်တန်းများ အားလုံးလို အစိုးရအာဏာပိုင်များက ရပ်စဲလိုက်ပြန်သည်။ ဆန္ဒပြပွဲနှင့်ဆွေးနွေးပွဲများ ပြည်လမ်း ဆေးတက္ကသိုလ် (၁)သို့ ရွှေ့ပြောင်းသွားသည်။

ဇွန်လ ၂၀ ရက်တွင် ရန်ကုန်မြို့၌ ကျောင်းသားအင်အား ၆၀၀၀နှင့် ပြည်သူများပါ ပူးပေါင်းကာ တောင်းဆိုဆန္ဒပြခဲ့ကြသည်။ တောင်းဆိုမှုများ၌ ကျောင်းထုတ်ခံရသော ကျောင်းသားများကို ကျောင်းပြန်တက်ခွင့် ပေးရန်နှင့် မတ်လအတွင်း သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့သူတို့အား အရေးယူအပြစ်ပေးရန်တို့ ဖြစ်သည်။ ဦးနေဝင်းကို ထိုးနှက်တိုက်ခိုက်သော ပိုစတာများလည်း ထွက်ပေါ်လာခဲ့သည်။ ဦးနေဝင်း၏ ဆွစ်ဇာလန်ဘဏ်များတွင် အပ်နှံထားသော ငွေကြေးအရှုပ်တော်ပုံ သတင်းများလည်း ပျံ့နှံ့ထွက်လာသည်။ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အနီးရှိ အထည်အလိပ်စက်ရုံ အလုပ်သမားများကလည်း ကျောင်းသားများနှင့်အတူ ပူးပေါင်း၍ ဆန္ဒပြခဲ့ကြသည်။

ယင်းနောက် ဇွန်လ ၂၁ ရက်နေ့တွင် ပြည်လမ်းရှိ ဆေးတက္ကသိုလ် (၁)မှ ထောင်ပေါင်းများစွာသော ကျောင်းသားများသည် ရန်ကုန်မြို့လယ်သို့ ကြွေးကြော်သံများဖြင့် ချီတက်ဆန္ဒပြခဲ့ကြသည်။ ဟံသာဝတီလမ်းဆုံတွင် ကျောင်းသားများကို လုံထိန်းများက တားဆီးကာ မျက်ရည်ယိုဗုံးများ၊ ရိုင်ဖယ် သေနတ်များဖြင့် ပစ်ခတ်ကြသောကြောင့် ကျောင်းသားများက ခဲများ၊ ဂျင်ကလိများဖြင့် ပစ်ခတ်ကြကာ အဓိကရုဏ်းဖြစ်ပွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



သဖြင့်၊ ပြည်သူ ၈၀ ကျော်နှင့် လုံထိန်း ၂၀ ခန့် သေဆုံးခဲ့ရသည်။ ထိုနေ့၌ အာဏာပိုင်တို့က လူစုဝေးခြင်းကို ရက်ပေါင်း ၆၀ မျှ မပြုလုပ်ရန် ကြေညာခဲ့သည်။ ရန်ကုန်မြို့၌ ဇွန်လ ၂၁ ရက်မှ ဩဂုတ်လ ၁၉ ရက်နေ့ အထိ ညနေ ၆ နာရီမှ နံနက် ၆ နာရီအတွင်း အပြင်မထွက်ရ အမိန့်ကို ထုတ်ပြန်ခဲ့သည်။ ဆေးတက္ကသိုလ်(၁) (၂) နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ သင်တန်းအားလုံး ရပ်စဲလိုက်သည်။ ဇွန်လ ၂၂ ရက်နေ့တွင် ကျောင်းသားများသည် သမိုင်းဝင် ရွှေတိဂုံ စေတီတော်သို့ နေရာရွှေ့ပြောင်း၍ လူစုဆေးခြင်း မပြုရဟူသော ပိတ်ပင်တားမြစ်မှုကို ဖီဆန်ကာ သပိတ်စခန်း ဖွင့်လှစ်လိုက်သည်။ လူထုမငြိမ်သက်မှုများသည် ရန်ကုန်မြို့ နှင့် မိုင် ၅၀ ခန့်ကွာဝေးသော ပဲခူးအထိ ပျံ့နှံ့သွားလေသည်။ ပဲခူး၌ အဓိက ရဏ်းဖြစ်ပွားမှုကြောင့် လူ ၇၀ ကျော် သေနတ်ဖြင့် ပစ်သတ်ခံရသည်။ မော်လမြိုင်နှင့် ပြည်မြို့သို့လည်း ဆန္ဒပြမှုများ ပျံ့နှံ့သွား သည်။

ဇူလိုင်လ ၁ ရက်နေ့တွင် အပြင် မထွက်ရ အမိန့်ကို ည ၈ နာရီမှ နံနက် ၄ နာရီသို့ လျှော့ပေါ့ပေးလိုက်သည်။ ထိုကန့်သတ်ချိန်၌ အပြင်ဘက်သို့ထွက်ခဲ့သူ လူအတော်များများကို ရဲနှင့် စစ်တပ်ကသေနတ်များဖြင့် ပစ်ခတ်ခဲ့ကြသည်။

ဇူလိုင် ၃ ရက်မှ ၆ ရက်နေ့အတွင်း ငွေစက္ကူများ ထပ်မံ ဖျက်သိမ်းတော့မည် ဟူသော ကောလာဟလများကြောင့် ကုန်ဈေးနှုန်း အဆမတန်ကြီးထွားလာခဲ့ရာ ဇူလိုင်၇ ရက်နေ့၌ ဇူလိုင်လ ၂၃ ရက်နေ့တွင် မဆလပါတီက အရေးပေါ် ပါတီညီလာခံကို ကျင်းပခဲ့မည်ဖြစ်ကြောင်း ကြေညာသည်။

ဇူလိုင် ၉ ရက်နေ့တွင် ရန်ကုန်၊ ပဲခူး၊ ပြည်နှင့် မော်လမြိုင်မြို့တို့တွင် ထုတ်ပြန်ထားသော ည မထွက်ရ အမိန့်ကို အစိုးရက ပြန်လည်သိမ်းလိုက်သည်။ ကျောင်းထုတ်ခံရသော ကျောင်းသားများ ကျောင်းပြန်တက်ခွင့် ပြန်လည်လျှောက်ထားနိုင်ကြောင်း ကြေညာခဲ့သည်။

သို့သော် ဇူလိုင် ၁၂ ရက်နေ့တွင် ဗုဒ္ဓဘာသာနှင့် အစ္စလာမ်ဘာသာဝင်များ လူမျိုးရေးပဋိပက္ခဖြစ်ပွားခဲ့ရာ ရှမ်းပြည်နယ်တောင်ကြီးမြို့တွင် အရေးပေါ်အမိန့်ထုတ်ပြန်လိုက်သည်။ အဆိုပါပဋိပက္ခများတို

www.burmeseclassic.com



အစိုးရက လူထုအား အာရုံပြောင်းရန် တမင်လှုံ့ဆော်ဖန်တီးခဲ့သည်ဟု ကျောင်းသားများက စွပ်စွဲပြောဆိုခဲ့သည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဦးမင်းဂေါင်အား နုတ်ထွက်ခွင့်ပြုလိုက်သည်။ ဦးမင်းဂေါင်က မတ်လအတွင်းက ဖမ်းဆီးခံရသူများအား အင်းစိန်ထောင်သို့ ပို့ဆောင်ရာတွင် ဆန္ဒပြသူ ၄၁ ဦး ထောင်ကားပေါ်၌ အသက်ရှူကျပ်ကာ သေဆုံးခဲ့မှုတွင် သူ့တွင် တာဝန်ရှိကြောင်း ဝန်ခံခဲ့သည်။

ဤသို့ အဓိကရုဏ်းများ ဖြစ်ပွားနေစဉ်အတွင်း ဇူလိုင်လ ၂၃ ရက်နေ့တွင် မဆလပါတီ၏ အရေးပေါ် ညီလာခံ စတင် ကျင်းပခဲ့ရာ ဦးနေဝင်းက မိန့်ခွန်းပြောကြား၍ သူတို့နှင့်အတူ ပါတီ ဒုတိယဥက္ကဋ္ဌ ဦးစန်းယု၊ အထွေထွေ အတွင်းရေးမှူး ဦးအေးကို၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးစိန်လွင်၊ ဗဟိုကော်မတီ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးကျော်ထင်နှင့် ဦးထွန်းတင်တို့ပါ အနားယူတော့မည်ဟု ကြေညာသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်နှင့် တစ်ပါတီစနစ် (သို့မဟုတ်) ပါတီစုံစနစ် ကျင့်သုံးရန် ကိစ္စအတွက် ပြည်သူ့ဆန္ဒ ခံယူပွဲကျင်းပရန် အဆို တင်သွင်းလိုက်သည်။

သို့သော် ကိုယ်စားလှယ်များက ဦးနေဝင်းအား ရာထူး၌ ဆက်လက်နေရန် တိုက်တွန်းကြပြီး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်ကို [illegible]တ်နိုင်သည်ဟူသော အကြောင်းပြချက်ဖြင့် တစ်ပါတီစနစ် ကျင့်သုံးရေးအတွက် ပြည်သူ့ဆန္ဒ ခံယူရန် အဆိုကို ကန့်ကွက်ကြသည်။

ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပသော အရေးပေါ် အစည်းအဝေးတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်မြှင့်ရန်နှင့် ညီလာခံက ပြည်သူ့ဆန္ဒ ခံယူပွဲကို သဘော မတူကြောင်း ဦးအေးကိုက အဆိုတင်သွင်းသည်။ ညီလာခံက နောက်ဆုံးတွင် ဦးနေဝင်းအား ပါတီဥက္ကဋ္ဌ အဖြစ် အနားယူမှုကိုသာ ခွင့်ပြုကာ ပြည်သူ့ဆန္ဒ ခံယူပွဲမပြုလုပ်ရန် သဘော ဆုံးဖြတ်ခဲ့ကြသည်။

နောက်တစ်နေ့တွင် မဆလပါတီ ဗဟိုကော်မတီအစည်းအဝေးကို ကျင်းပ၍ ဦးစိန်လွင်ကို ပါတီဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခဲ့သည်။ ဦးစန်းယု

www.burmeseclassic.com

www.burmeseclassic.com



အား နုတ်ထွက်ခွင့်ပြုသော်လည်း ဦးကျော်ထင်၊ ဦးအေးကိုနှင့် ဦးထွန်းတင်တို့ကို ပြန်လည်ရွေးကောက်တင်မြှောက်ကြသည်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌဦးမြင့်မောင်နှင့်အတူ ဝန်ကြီးချုပ် ဦးမောင်မောင်ခ တို့ကို ရာထူးမှ ထုတ်ပယ်လိုက်သည်။

ဇူလိုင်လ ၂၇ ရက် ပြည်သူ့လွှတ်တော် အစည်းအဝေး ကျင်းပရာ ဦးစိန်လွင်ကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ (နိုင်ငံတော်သမ္မတ)အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ ဦးကျော်ထင်အား နိုင်ငံတော်ကောင်စီအတွင်းရေးမှူး၊ ဦးထွန်းတင်အား ဝန်ကြီးချုပ်နှင့် ဒေါက်တာမောင်မောင်အား နိုင်ငံတော် ပြည်သူ့ဥပဒေအချိုးဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ်အသီးသီး ရွေးကောက်တင်မြှောက်လိုက်ကြသည်။

ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်က ၁၉၈၈ ဩဂုတ်လ ၈ ရက်နေ့တွင် တစ်ပြည်လုံးအနှံ့အထွေထွေ သပိတ်ကြီး ဆင်နွှဲရန် ဆော်ဩသည့် စာရွက်စာတမ်းများ ဖြန့်ဝေကြသည်။ ဩဂုတ်လ ၃ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့၌ စစ်ဥပဒေအမိန့် ထုတ်ပြန်ထားသော်လည်း ဆန္ဒပြသူ လူတစ်သောင်းက အမိန့်ကို ဖီဆန်၍ မြို့တွင်းသို့ လှည့်လည်ဆန္ဒပြခဲ့ကြသည်။ အစိုးရက စစ်ဥပဒေကို ဖီဆန်မှုဖြင့် ရာပေါင်းများစွာသော ပြည်သူတို့ကို ဖမ်းဆီးလိုက်သော်လည်း ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။ အရေးအခင်းကြီး ဖြစ်ပွားနေစဉ်မှာပင် ဩဂုတ်လ ၆ ရက်နေ့တွင် မဆလအစိုးရသည် တရုတ်ပြည် ယူနန်နယ်ရှိ ထုတ်ကုန်သွင်းကုန် ကော်မရှင်နှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။ ထိုအချိန်မှစ၍ အရည်အသွေး ညံ့ဖျင်း၍ ဈေးပေါသော တရုတ်ပစ္စည်းများ မြန်မာနိုင်ငံသို့ လှိမ့်ဝင်လာခဲ့သည်။

ဩဂုတ်လ ၈ ရက်နေ့တွင် ကမ္ဘာကပင် တုန်လှုပ်ခြောက်ခြားခဲ့ရသော ရှစ်ဆယ့်ရှစ် ဒီမိုကရေစီ အရေးတော်ပုံကြီးဖြစ်ပွားခဲ့သည်။ သောင်းပေါင်းများစွာသော ဆန္ဒပြလူထုက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရန်၊ မဆလပါတီနုတ်ထွက်ပေးရန်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်အဆုံးသတ်ရန် တောင်းဆိုကြသည်။ ထိုနေ့ည ၁၁ နာရီ ၄၅ မိနစ်တွင် ဆူးလေဘုရားနှင့်

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်ခန်းမရှေ့၌ ဆန္ဒပြနေသော လူအုပ်ထဲသို့ စစ်တပ် က မောင်းပြန် သေနတ်များဖြင့် ပစ်ခတ်ခဲ့သည်။ လူထုဆန္ဒပြပွဲများသည် ဩဂုတ်လ ၉ ရက်နေ့၌ မြို့ပေါင်း ၄၀ သို့ ပျံ့နှံ့သွားသည်။ ရန်ကုန်မြို့တွင်တပ်မ ၂၂ မှ တပ်ဖွဲ့များက ဆန္ဒပြသူများကို ပစ်ခတ်ရှင်းလင်းရာ လူ ၅၀၀၀ ကျော် သေကျေ၍ ထောင်ပေါင်းများစွာ ဖမ်းဆီးခံရသည်။ အစိုးရက သေဆုံးသူ အမျိုးသား ၁၀၆ ဦး၊ အမျိုးသမီး ၈ ဦး စုစုပေါင်း ၁၁၄ ဦး သာ သေဆုံးခဲ့ သည်ဟူ၍ ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ဒဏ်ရာရသူ ၃၃၆ ဦးနှင့် ဖမ်းဆီးခံ ထားသူပေါင်း ၂၉၆၅ ဦး ရှိသည်ဟု ဆိုသည်။ သို့သော် ဆန္ဒပြမှုများ ဆက် လက်ဖြစ်ပွားရာ မြန်မာနိုင်ငံရှိ ကျောင်းအားလုံးကို ပိတ်လိုက်ရတော့ သည်။

စစ်ကိုင်းမြို့တွင် ရဲနှင့် စစ်တပ်က ဆန္ဒပြနေသော လူထုကို ပစ် ခတ်ခဲ့သဖြင့် လူ ၄၀၀ ကျော်ခန့် သေဆုံးခဲ့ရသည်။

၁၉၈၈ ဩဂုတ်လ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ဘရင်းကယ် ရီယာများပေါ်မှ စစ်သားများ၏ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူ ကျောင်း သားနှင့် အရပ်သား အမြောက်အမြား သေဆုံးခဲ့ရပြန်သည်။ ဆန္ဒပြသူများ ကလည်း စစ်သားများကို ခါတ်ဆီဗုံး၊ ဂျင်ကလိ၊ ဓားရှည်နှင့် လှံများ အသုံးပြုကာ ပြန်လည်တိုက်ခိုက်ခဲ့ကြသည်။ ထိုနေ့၌ ရန်ကုန်ဆေးရုံကြီး ၌ စစ်တပ်က ဆေးရုံအမှုထမ်းများ ပစ်ခတ်မှုကြောင့် သူနာပြုဆရာမများ၊ ဆရာဝန်နှင့် လူနာအချို့ သေဆုံးခဲ့ရသည်။ မြောက်ဥက္ကလာပတွင် ဒေါသ ထွက်နေသော လူအုပ်ကြီးက ရဲတပ်သားအချို့အား ပထမဆုံး အကြိမ် ခေါင်းဖြတ်သတ်လိုက်ကြသည်။

ဩဂုတ်လ ၁၁ ရက်နေ့တွင် အထွေထွေသပိတ်ကြောင့် အစိုးရ ဌာနများများ လုံးဝရပ်ဆိုင်းသွားသည်။ စစ်တပ်အဖွဲ့များ သွားလာမှုကို ဟန့်တားရန် လူထုက တားဆီးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြသည်။ အမေ ရိကန် အထက်လွှတ်တော်က မဆလအစိုးရနှင့် မြန်မာပြည်မှ လုံခြုံရေးတပ် များအား ရှုတ်ချသည့် အဆိုကို တညီတညွတ်တည်း အတည်ပြုလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ဩဂုတ်လ ၁၂ ရက်နေ့ သမ္မတသက်တမ်း ၁၇ ရက်သာ ရှိသေးသည့် သမ္မတဦးစိန်လွင်သည် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတအဖြစ်မှ ဆင်းပေးလိုက်ရပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပေးလိုက်ရသည်။ ဦးစိန်လွင် ပြုတ်ကျသွား၍ ရန်ကုန်မြို့လယ်လမ်းများပေါ်ထွက်လာသော ပြည်သူလူထုက ပျော်ရွှင်စွာ ကခုန်ခဲ့ကြသည်။

ဩဂုတ် ၁၅ ရက်တွင် ဩဂုတ်လ ၉ ရက်နေ့မှစ၍ ရန်ကုန်၊ စစ်ကိုင်းနှင့် အခြားမြို့များတွင် လုံခြုံရေး တပ်ဖွဲ့များက ကလေးများ၊ ကျောင်းသားများနှင့် ပြည်သူများကို သေနတ်ဖြင့် ပစ်သတ်ခြင်းနှင့် လှံစွပ်ဖြင့် ထိုးသတ်ခြင်းတို့မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများကို လုံးဝ ဆန့်ကျင်ရာရောက်ကြောင်း ရန်ကုန် ရှေ့နေများကောင်စီက ထုတ်ပြန်ကြေညာသည်။ ဒေါ်အောင်ဆန်းစုကြည်က ကျောင်းသားနှင့် အစိုးရကြားတွင် ဝင်ရောက်စေ့စပ်ပေးနိုင်ရန်အတွက် ပြည်သူ့အတိုင်ပင်ခံ ကော်မတီတစ်ရပ် ဖွဲ့စည်းရန် အဆိုပြုလိုက်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနု၊ သမ္မတဟောင်း မန်းဝင်းမောင်တို့ အပြင် ၁၉၆၂ ခုနှစ်မတိုင်မီက နိုင်ငံရေးဆောင်ရွက်ခဲ့သော ဝါရင့်နိုင်ငံရေးခေါင်းဆောင်များက ထောက်ခံကြိုဆိုခဲ့ကြသည်။

ဩဂုတ်လ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဆရာဝန်များအသင်းက ရန်ကုန်မြို့တွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းကို ကန့်ကွက်ခဲ့ကြသည်။ ဩဂုတ်လ (၁၇)ရက်နေ့တွင်မူ ရန်ကုန်ဆေးရုံကြီး အပြင်ဘက်၌ လူ ၃၀၀၀ ခန့် ဆန္ဒပြနေစဉ် စစ်တပ်မှ သံချပ်ကာများနှင့် ဝန်းရံထားလိုက်သည်။

ဩဂုတ်လ ၁၉ ရက်နေ့တွင် မဆလအစိုးရက စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေး ကျင်းပကာ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် ဒေါက်တာမောင်မောင်ကို ရွေးချယ်တင်မြှောက်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ထိုနေ့မှာ နိုင်ငံတော်ကောင်စီ ကြေညာချက် (အမှတ် ၃/၈၈)ဖြင့် ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်အောင်ဟိန်း၊ ဦးဆောင်သည့် ပြည်သူ့ဆန္ဒ လေ့လာစုံစမ်းရေး ကော်မရှင်ကို ဖွဲ့စည်းလိုက်သည်။

ဩဂုတ်လ ၂၀ ရက်တွင် ဆန္ဒပြသူများက ဒေါက်တာမောင်မောင် သမ္မတ ရာထူးမှ နုတ်ထွက်ပေးရန်နှင့် အထွေထွေ ရွေးကောက်ပွဲကို ကျင်းပရန်အတွက် ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရန် တောင်းဆိုကြ သည်။ ဩဂုတ် ၂၂ မှ ၂၃ ရက်နေ့အထိ ပြည်သူထောင်ပေါင်းများစွာ လမ်းပေါ်ထွက်၍ ဆန္ဒပြခဲ့ကြသည်။ အထွေထွေသပိတ်ကြီးက အစိုးရနုတ်ထွက်ရန် တောင်းဆိုခဲ့ကြသည်။ ဟင်္သာတ၊ မုံရွာ၊ ရေဦး၊ ရေနံချောင်း၊ ချောက်၊ ကျေး နှင့် အထက် မြန်မာပြည်မြို့ကြီးများတွင်လည်း နေ့စဉ်လိုလို ဆန္ဒပြခဲ့ကြသည်။ အထွေထွေ သပိတ်ကြီးတွင် လူထုခြောက်သိန်းခန့် ပါဝင်ဆန္ဒပြခဲ့သည်ဟု သိရသည်။

ဩဂုတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အေဒီလမ်း (ယခု မေခလမ်း) ရှိ ဦးနေဝင်းအိမ်တွင် အရေးပေါ် အစည်းအဝေး တစ်ခု ပြုလုပ်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာသည်။ ထို အစည်းအဝေး တွင် လူထုမငြိမ်သက်မှုများကို ဖြိုခွင်းရန် သေနင်္ဂဗျူဟာ အသစ် ရေးဆွဲကြသည်။

သမ္မတဒေါက်တာမောင်မောင်သည် ဩဂုတ်လ ၂၄ ရက်နေ့တွင် စာရင်းလော စစ်ဥပဒေကို ရုပ်သိမ်းလိုက်သည်။ ရန်ကုန်မြို့၌ ချထား သောတပ်များလည်း ပြန်လည်ရုပ်သိမ်းသွားသည်။ ဒေါက်တာမောင်မောင် က တစ်ပါတီစနစ် (သို့မဟုတ်) ပါတီစုံစနစ် ကျင့်သုံးရန်ကိစ္စအတွက် ပြည်သူ့ဆန္ဒခံယူပွဲကို ပြုလုပ်ပေးရန် ကတိပြုလိုက်သည်။

ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းတွင် ဇူလိုင်လ ၂၉ ရက်နေ့က ဖမ်းဆီးထားခဲ့သည် ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးနှင့် အပေါင်းအပါ ၉ ဦးကို ပြန်လည်လွှတ်ပေးလိုက်သည်။ ထိုနေ့မှာပင် ဩဂုတ်လ ၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဖမ်းဆီးခဲ့သော သံဃာယော် ၂၇ ပါး၊ ကျောင်းသား ၅၉၇ ဦး၊ ကျောင်းသူ ၁၄၇ ဦး၊ အရပ်သား ၁၅၈၈ ဦး၊ အရပ်သူ ၂၂၂ ဦး နှင့် ရဟန်း ၁၆၉ ဦး စုစုပေါင်း ၂၇၅၀ ဦးတို့ကို ပြည်လည် လွှတ်ပေးခဲ့သည်။

ထိန်းသိမ်းရာမှ ပြန်လည် လွတ်မြောက်လာသော ဗိုလ်မှူးချုပ် ဟောင်း အောင်ကြီးသည် ထိုနေ့ ညနေပိုင်းတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာ

www.burmeseclassic.com



ကွင်း၌ လူထုအစည်းအဝေး ပြုလုပ်၍ လူထုကြီးအား "စစ်တပ်ကို စိတ်နှင့်တောင် မပြစ်မှားကြနဲ့ဟု" ပြောဆိုခဲ့သောကြောင့် သုံးဖက်ချွန်အောင်ကြီးဟူ၍ လူထု၏ ကင်ပွန်းတပ်ခြင်းခံခဲ့ရသည်။

အလားတူ ဩဂုတ်လ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်၌ မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါ လူထုအစည်းအဝေးပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းသည် ဒေါ်အောင်ဆန်းစုကြည်၏ မြန်မာနိုင်ငံခရီးစဉ်၌ ပထမဆုံး ပြောကြားခဲ့သော မိန့်ခွန်းဖြစ်သလို လူထုတစ်ရပ်လုံးက ဒေါ်အောင်ဆန်း စုကြည်၏ မိန့်ခွန်းကို သဘောကျ နှစ်ခြိုက်ကာ ထိုနေ့မှ စတင်ကာ လူထုခေါင်းဆောင်အဖြစ် အားလုံးက သတ်မှတ်ခဲ့ကြလေသည်။

ဩဂုတ်လ ၂၆ ရက်မှ ၂၈ ရက်အတွင်း အင်းစိန်ထောင်၌ ထောင်တွင်းဆူပူမှုများ စတင်ဖြစ်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံအဝှမ်းရှိ မြို့ပေါင်း (၉)မြို့မှ ထောင်များတွင်လည်း အဓိကရုဏ်းများတစ်ပြိုင်နက်ဖြစ်ပေါ်လာပြီးနောက် အစိုးရက အကျဉ်းသား ၉၀၀၀ ကျော်ခန့်ကို လွှတ်ပေးလိုက်သည်။

ဩဂုတ်လ (၂၇)ရက်နေ့တွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံကြီးအရေးပေါ်ဌာနရှေ့၌ ကာကွယ်ရေး ဦးစီးချုပ်ဟောင်းနှင့် ကာကွယ်ရေး ဝန်ကြီးဟောင်း ဦးတင်ဦးက မိန့်ခွန်းပြောကြားသည်။

ဩဂုတ်လ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ သမဂ္ဂကို ဖွဲ့စည်းတည်ထောင်၍ ဥက္ကဋ္ဌအဖြစ် မင်းကိုနိုင်ကို ရွေးချယ်တင်မြှောက်ကြသည်။ ထိုနေ့မှာပင် ဝန်ကြီးချုပ်ဟောင်း ဦးနုက ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ယာယီ)ကို တည်ထောင်ခဲ့ရာ ဗိုလ်မှူးအောင်၊ သခင်ခင်အောင်၊ သခင်ချစ်၊ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦး၊ ဗိုလ်မှူးချုပ်ဟောင်း အောင်ရွှေ၊ ဗိုလ်မှူးကြီးဟောင်း စောမြင့်၊ ဝိဓူရသခင်ချစ်မောင်၊ သခင်သိန်းဖေ (ဝါးခယ်မ) စသော ဝါရင့်နိုင်ငံရေးသမားကြီးများ ပါဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဩဂုတ်လ ၂၉ ရက်နေ့တွင် ရှေ့နေများ၊ စာရေးဆရာများ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များလည်း ဆန္ဒပြပွဲများတွင် ပါဝင်လာခဲ့ကြသည်။ လူထုလူတန်းစား အသီးသီး လူထုဆန္ဒပြပွဲတွင် ပါဝင်လာပြီးနောက် မဆလပါတီဝင် ထောင်ပေါင်းများစွာ ပါတီဝင်အဖြစ်မှ နုတ်ထွက်ခဲ့ကြသည်။

ဩဂုတ်လ ၃၁ ရက်နေ့တွင် အနောက်ဂျာမနီက ရန်ကုန်မြို့မှ သတ်ဖြတ်မှုများကို သဘော မတူကြောင်း ပြသရန်အတွက် ဂျာမန်မတ်ခွေ ၆၅ သန်း ထောက်ပံ့ကူညီမှုကို ရပ်စဲလိုက်သည်။

စက်တင်ဘာလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ ရှေ့နေများအသင်းက ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပေးရန် တောင်းဆို၍ ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခဲ့ခြင်းသာ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားကာ မြို့ကြီးမြို့ငယ် စုစုပေါင်း ၅၀ ခန့်မှာ ဆန္ဒပြသူများ လက်ထဲကျရောက်သွားသည်။

စက်တင်ဘာလ ၃ ရက်နေ့တွင် အမေရိကန်လွှတ်တော်အမတ် စတီဖင် ဂျေ ဆိုလာ့ဇ် (Stephen J.Solarz)ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး သမ္မတ ဒေါက်တာမောင်မောင်နှင့် တွေ့ဆုံခဲ့သည်။

စက်တင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့ရှိ စစ်မှုထမ်းဟောင်းများနှင့် ဝန်ထမ်းအများစု နေထိုင်ရာ တောင်ဥက္ကလာပမြို့နယ် စီမံကိန်း (၁)ရပ်ကွက်သို့ ကပစမှ ညအချိန်တွင် ဂျင်ကလီသေတ္တာများ လာရောက်ဆေးပို့ပြီးနောက် တစ်ဖက်နှင့်တစ်ဖက် အုပ်စုဖွဲ့အဓိကရုဏ်းများ ပေါ်ပေါက်ကာ လူပေါင်း ၂၃ ယောက် ခေါင်းဖြတ်မီးရှို့သတ်ဖြတ်ခံခဲ့ကြသည်။

ဆန္ဒပြအင်အားစုတို့သည် အထွေထွေ သပိတ်ကော်မတီ (G.S.C)၊ ကျောင်းသားများ စည်းကမ်း ထိန်းသိမ်းရေး ကော်မတီ (S.C.S)များ ဖွဲ့စည်းပြီး ရက်ပေါင်းများစွာ ဆန္ဒပြကာ ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးကို တောင်းဆိုနေကြသော်လည်း အချိန်ကြာညောင်းလာသည်နှင့်အမျှ သပိတ် အင်အားစုများလည်း ပင်ပန်းလာကြသည်။ ထိုစဉ်တွင်း ဗိုလ်မှူးကြီးခင်ညွန့် ဦးဆောင်သော ထောက်လှမ်းရေးတပ်ဖွဲ့များက လူထု

www.burmeseclassic.com



စားသုံးသော အစားအစာနှင့် ရေတို့တွင် အဆိပ်ခတ်၍လည်းကောင်း၊ ရပ်ကွက်တွင်းသို့ မီးကွင်းများပစ်၍လည်းကောင်း၊ ပြည်သူတို့ ကျီးလန့်စာစားဖြစ်စေရန် အဖျက်အမှောင့်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။

စက်တင်ဘာလ ၉ ရက်နေ့တွင် ဝန်ကြီးချုပ်ဟောင်း ဦးနုက ရန်ကုန်မြို့ ဝက်ဘာလမ်း ခြံအမှတ် ၁၀ ၌ သူ့ထံမှ လုယူခံရသော အာဏာတော်ကို သူ ပြန်လည်ရယူသည့်အနေဖြင့် တရားဝင် စင်ပြိုင်အစိုးရကို ဝန်ကြီးစာရင်း တင်ပြ၍ ဖွဲ့စည်းကာ ကမ္ဘာသို့ ကြေညာခဲ့သည်။

ဦးနု၏ တရားဝင် စင်ပြိုင်အစိုးရကို ဗိုလ် ကျောင်းသားများ သမဂ္ဂ၊ တိုက်ပွဲဝင် ရှေ့နေများအဖွဲ့၊ စက်မှု (၁) သမဂ္ဂ၊ ရေလုပ်ငန်းသမဂ္ဂ စသော အဖွဲ့ (၇)ဖွဲ့က ချက်ချင်းထောက်ခံကြောင်း ကြေညာခဲ့သည်။ အထွေထွေ သပိတ်ကော်မတီက ပထစ အစိုးရကို အသက်သွင်းခြင်းမဟုတ်ပါက စင်ပြိုင်အစိုးရကို ထောက်ခံမည်ဟု ကြေညာခဲ့သည်။ ထိုနေ့မှာပင် တပ်မတော်(လေ)မှ စစ်သည် စုစုပေါင်း ၂၀၀ ခန့်က လူထုဆန္ဒပြပွဲများတွင် ပူးပေါင်း ပါဝင်ကာ ဆန္ဒပြခဲ့ကြသည်။

ဦးနု၏တရားဝင် စင်ပြိုင်အစိုးရ ကြေညာပြီးနောက် မကြာမီမှာပင် ဒေါက်တာမောင်မောင်က မဆလပါတီ ဒုတိယအကြိမ် အရေးပေါ် ပါတီညီလာခံ ခေါ်ယူပြီး ၁၉၇၄ ခုနှစ် အခြေခံဥပဒေပုဒ်မ (၁၁) အရ မဆလတစ်ပါတီတည်းသာ ရှိရမည်ဟူသော ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ပေးမည်။ ပါတီများဖွဲ့ကြပါ။ သုံးလအတွင်း ပါတီစုံ အထွေထွေရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပပေးမည်၊ မဆလပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ မည်သူတစ်ဦးတစ်ယောက်မျှ အရွေးမခံပါ”ဟု ကြေညာခဲ့သည်။

ဦးနုက သပိတ်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ သမ္မတဒေါက်တာမောင်မောင်၏ ကတိကို ယုံကြည်ကြောင်း၊ ဒေါက်တာမောင်မောင်သည် ဂုဏ်သိက္ခာရှိသည့် လူကြီးလူကောင်းတစ်ယောက်ဖြစ်သည်။ သပိတ်ကော်မတီများ အနေဖြင့် ရွေးကောက်ပွဲဝင်သင့်ကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်ရှု့လွှတ်တော် အစည်းအဝေး ခန်းမ၌ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ဦးဘဆွေ

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ညွှန့်၊ ဦးစန်းမောင်၊ ဦးစောကြာခိုး၊ ဆရာချယ် တို့ပါဝင်သော ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးသည်။

သပိတ်ကော်မတီဝင်များက "ဒေါက်တာမောင်မောင်ကို မယုံကြည်ကြောင်း၊ အကယ်၍ ရွေးကောက်ပွဲဝင်ပါက မဆလပါတီသည် အဖွဲ့ဝင်အင်အား၊ ငွေကြေးအင်အား ပြည့်စုံသည့်အဖွဲ့ကြီးဖြစ်၍ ဒီမိုကရေစီအင်အားစုများအနေဖြင့် ယှဉ်ပြိုင် အနိုင်ယူဖွယ် မရှိကြောင်း" တင်ပြကြသည်။

သပိတ်ကာလ အချိန်ကြာလာပြီးနောက် တစ်စုံတစ်ရာ အဆုံးအဖြတ် မပေးနိုင်ဖြစ်လာသောအခါ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂက ဦးနု၊ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်ကြီးဟောင်း တင်ဦး တို့ကို ဆေးတက္ကသိုလ်(၁) ခန်းမသို့ ဖိတ်ကြား၍ မည်သို့ ဆက်လက်ဆောင်ရွက်သင့်ကြောင်း ဩဝါဒ ပေးပါဟုတောင်းဆိုခဲ့ကြ သည်။ ယခုချက်ချင်း အဆုံးအဖြတ်ပေးရန် မဟုတ်ဘဲ ၄၈ နာရီအတွင်း အဖြေပေးရန်ပန်ကြားရာ ဦးနုက နောက်တစ်နေ့တွင် တကသအဖွဲ့ဝင် ကျောင်းသားများနှင့် တွေ့ဆုံ၍ "သူ ဖွဲ့စည်းထားသော စင်ပြိုင်အစိုးရကို ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော ဒီမိုကရေစီ အင်အားစုများက ထောက်ခံကြပါ။ ထောက်ခံပါက အစစအရာရာ သူတာဝန်ယူမည်။ အကယ်၍ ဒေါ်အောင်ဆန်းစုကြည်တို့ တင်ပြထားသလို ကြားဖြတ်အစိုးရ ဖွဲ့မည်ဆိုလျှင် မိမိတို့ဘာသာဖွဲ့၍ အစိုးရဖွဲ့ပေးမည်ကို မစောင့်ပါနှင့်။ ဖွဲ့ပြီးပါက သူထောက်ခံမည်ဖြစ်ကြောင်း ပေးသည့်တာဝန်ကို သူထမ်းရွက်မည် ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် အင်အား တစ်သိန်းခွဲထောင်ရှိသော စစ်တပ်ကို မဆလပါတီမှ နုတ်ထွက်ခွင့်ပြုကြောင်း အစိုးရက ကြေညာသည်။ ထိုနေ့မှာပင် ကာကွယ်ရေးဝန်ကြီးဌာန အပြင်ဘက် ဖဆပလရပ်ကွက်အနီး၌ ဆန္ဒပြသူများနှင့် စစ်သားများ ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ပွားခဲ့သည်။ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးနှင့် အခြားပုဂ္ဂိုလ်များ က အခြေအနေကို ဝင်ရောက်ထိန်းသိမ်း၍ လူစုခွဲပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကုန်သွယ်ရေး ဝန်ကြီးဌာန အပေါ်မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သော စစ်သား ၂၄ ဦးစလုံးမှာ နောက်ဆုံး တွင် လက်နက်ချလိုက်ရသည်။ အစိုးရက နုတ်ထွက်ပေးရန်နှင့် ကြားဖြတ် အစိုးရဖွဲ့စည်းပေးရန် ငြင်းဆန်ခဲ့သဖြင့် ဆန္ဒပြမှုများ ပို၍ ပြင်းထန်လာခဲ့ သည်။ ကျောင်းသားအချို့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ တွင် စစ်သင်တန်းများ တက်ရောက်ရန်နှင့် လက်နက်များ ရရှိရန်အတွက် ထိုင်း–မြန်မာ နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဆန္ဒပြပွဲများ ဆက် လက်ဖြစ်ပွားနေခဲ့ရာ ထိုနေ့မှာပင် ကြိုတင် စီစဉ်ထားသည့်အတိုင်း ညနေ ၄ နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင်ဦးစီးသော စစ်တပ်က နိုင်ငံတော်အာဏာကို သမ္မတဒေါက်တာမောင်မောင် အစိုးရထံမှ လွှဲပြောင်းယူပြီးနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)ကို ဖွဲ့စည်းလိုက်ကြောင်း ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ကြေညာ ခဲ့သည်။ ပြည်ထောင်စု မြန်မာနိုင်ငံပြန်တမ်း အတွဲ၄၁၊ အမှတ် ၃၆ (၂၈– ၁၀–၈၈)၌ အာဏာသိမ်းခဲ့ခြင်းကို–

"နိုင်ငံတော်တစ်ဝန်း၌ အဘက်ဘက်၌ ယိုယွင်းနေသော အခြေအနေ ကို အချိန်မီထိန်းသိမ်းနိုင်ရန်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၁/၈၈ ဖြင့် နိုင်ငံတော်အာဏာ အရပ်ရပ်ကို တပ်မတော်က ထိန်းသိမ်းသည်"ဟူ၍ ဖော်ပြထားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းကြောင်း အမိန့်အမှတ် (၁/၈၈)ကို ထုတ်ပြန်ကြေညာ သည်။ ယင်းတို့မှာ–

| | | | |
|---|---|---|---|
| (၁) | ဗိုလ်ချုပ်ကြီးစောမောင် | – | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ | – | အဖွဲ့ဝင် |
| (၃) | ဗိုလ်ချုပ်မောင်မောင်ခင် | – | ။ |
| (၄) | ဗိုလ်ချုပ်တင်ထွန်း | – | ။ |
| (၅) | ဗိုလ်မှူးချုပ်အောင်ရဲကျော် | – | ။ |
| (၆) | ဗိုလ်ချုပ်ဘုန်းမြင့် | – | ။ |

www.burmeseclassic.com

www.burmeseclassic.com



(၇) ဗိုလ်ချုပ်စိန်အောင် – ။
(၈) ဗိုလ်ချုပ်ချစ်ဆွေ – ။
(၉) ဗိုလ်မှူးချုပ်ကျော်ဘ – ။
(၁၀) ဗိုလ်မှူးကြီးမောင်သင့် – ။
(၁၁) ဗိုလ်မှူးချုပ်မောင်အေး – ။
(၁၂) ဗိုလ်မှူးချုပ်ဉာဏ်လင်း – ။
(၁၃) ဗိုလ်မှူးချုပ်မြင့်အောင် – ။
(၁၄) ဗိုလ်မှူးချုပ်မြသင်း – ။
(၁၅) ဗိုလ်မှူးချုပ်ထွန်းကြည် – ။
(၁၆) ဗိုလ်မှူးချုပ်အေးသောင် – ။
(၁၇) ဗိုလ်မှူးချုပ်မျိုးညွန့် – ။
(၁၈) ဗိုလ်မှူးချုပ်ခင်ညွန့် အတွင်းရေးမှူး (၁)
(၁၉) ဗိုလ်မှူးကြီးတင်ဦး အတွင်းရေးမှူး (၂)
တို့ဖြစ်သည်။

ထိုနေ့မှာပင် နဝတအဖွဲ့သည် ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာ ပြည်သူ့ကောင်စီအဆင့်ဆင့် စသည့် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများနှင့် ဒုတိယဝန်ကြီးများအား တာဝန်မှ ရပ်စဲသည့် ကြေညာချက်အမှတ် (၂/၈၈)ကို ထုတ်ပြန်ခဲ့သည်။

ညဘက်တွင် ပြည်သူလူထုက လမ်းများအားလုံးကို တားဆီးပိတ်ဆို့မှုများ ချထားလိုက်ပြီး၊ လျှပ်စစ်ဝါယာကြိုးများကို ဖြတ်တောက်ကာ လမ်းမီးများအားလုံးကို အမှောင်ချထားလိုက်သည်။ နဝတအစိုးရ ပြည်သူလူထုအား စီတန်းလှည့်လည်ခြင်း၊ သပိတ်စခန်းဖွင့်ခြင်း၊ လမ်းပိတ်ဆို့ဆန္ဒပြခြင်းနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်သူများကို နှောင့်ယှက်ခြင်း မပြုရန် နှင့်ည မထွက်ရအမိန့်ကို ထုတ်ပြန်ခဲ့သော်လည်း လူထုက ဆန့်ကျင်ကာ ဆက်လက်ဆန္ဒပြခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြင်မြင်သမျှ ဆန္ဒပြသမားများကို ပစ်ခတ်ရှင်းလင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေ ၄း၁၀ နာရီမှ ၄း၅၀ နာရီအထိ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမသစ်တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်နှင့် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေတို့က နိုင်ငံတော်အာဏာကို သိမ်းပိုက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလည်းသည့် အစည်းအဝေးတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ ဗိုလ်ချုပ်ကြီးစောမောင်အပါအဝင် စစ်တပ်အရာရှိကြီး ပေါင်း ၅၆ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်က ...

"ယနေ့အခြေအနေ အရပ်ရပ်အရ မိမိတို့အနေနှင့် ဤတာဝန်ကို ထမ်းဆောင်လိုက်ရသည်မှာ နိုင်ငံတော်၏အခြေအနေသည် ယင်းသို့ မလုပ်လျှင် မရတော့သဖြင့် လုပ်လိုက်ကြရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စက်ယန္တရားအားလုံးမှာ လုံးဝ ရပ်ဆိုင်းနေပြီး လူတွေလည်း စားဝတ်နေရေး အခက်အခဲများ တွေ့နေရကြောင်း၊ အထိတ်ထိတ် အလန့်လန့်ဖြင့် နေကြရ၊ သွားရေးလာရေး အဆင်မပြေ၊ တရားဥပဒေ စိုးမိုးရေးကလည်း မရှိ စသည့် အခြေအနေမျိုးများရှိပြီး တစ်ဖက်ကလည်း ပြန်လေ့လာကြည့်လျှင် သာမာန်အားဖြင့် ဒီမိုကရေစီတောင်းဆိုသည့်အရေးအခင်းမှ တဖြည်းဖြည်း ပုံသဏ္ဌာန်ပြောင်းလာသည်မှာ နောက်ဆုံးတွင် မင်းမဲ့စရိုက်ဆန်သည့် အခြေအနေသို့ရောက်ရှိခဲ့ပြီး၊ ၎င်းမှ ပိုမိုဆိုးရွားသည့်အခြေအနေမျိုးဖြစ်ပေါ်လာနိုင်ကြောင်းကို အထောက်အထားများအရသော်လည်းကောင်း၊ အခြားအကြောင်းအချက်များအရသော်လည်းကောင်း၊ မိမိတို့မှန်းဆ၍ ရကြောင်း၊ ကျောင်းသူကျောင်းသားများနှင့် ဒီမိုကရေစီရေးအတွက် မှန်မှန်ကန်ကန်လုပ်ဆောင်သည့် အခြားသော အဖွဲ့အစည်းများကို ရှေ့တန်းတွင် ဇန်းပြတားပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးကို ဖျက်ဆီးပစ်ရန် အာဏာရလိုသည့် အဖွဲ့အစည်းများ၏ လှုပ်ရှားမှုကို ပေါ်ပေါ်လွင်လွင် တွေ့ရကြောင်း၊ ယင်းအခြေအနေမျိုးတွင် ထိန်းသိမ်းရန်မှာ တပ်မတော်၏ တာဝန်သာဖြစ်ကြောင်း၊ မိမိတို့ကြာခဏပြောသကဲ့သို့ လွတ်လပ်ရေး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲအောင် တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ရှိအောင် ရပ်

www.burmeseclassic.com

www.burmeseclassic.com



ရှာအေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးရရှိအောင် ဆောင်ရွက်ပေးရမည်မှာ ပြည်သူ့တပ်မတော်၏ တာဝန်သာဖြစ်ကြောင်း၊ ယင်းမှာ မိမိတို့တစ်ဖွဲ့တည်းနှင့် ဆောင်ရွက်ရမည့်ကိစ္စဟုတ်ဘဲ အခြားသော သက်ဆိုင်ရာဝန်ကြီးအဖွဲ့၊ ဌာနများ စုပေါင်းယူကြရန် လိုကြောင်း၊ သို့သော်လည်းပဲ အခုခိုင်ခိုင်မြဲမြဲနှင့် တည်တည်တံ့တံ့ ရပ်တည်နိုင်သည်မှာ မိမိတို့ကာကွယ်ရေးဝန်ကြီးဌာန တစ်ခုသာလျှင်ကျန်ကြောင်း၊ တစ်ဖက်က ထိုးနှက်မှု၏ အနေအထားများကို ဆန်းစစ်ကြည့်လျှင် ကာကွယ်ရေးဝန်ကြီးဌာနအဖွဲ့အောက်တွင်ရှိသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အဖွဲ့အစည်းများ ပြိုကွဲရေးကို ဦးတည်လာနေသည်ကို တွေ့ရကြောင်း၊ ဤအဖွဲ့ပြိုကွဲသွားလျှင် နိုင်ငံတော်၏အခြေအနေမှာ ထိန်းမနိုင် သိမ်းမရဖြစ်သွားပြီး ပြည်တွင်းရေးရာကိစ္စများသာမက ပြည်ပစွက်ဖက်မှုများပါ ဖြစ်ပေါ်လာနိုင်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေနှင့် အာဏာကို လိုချင်၍ မဟုတ်ကြောင်း၊ တိုင်းသူပြည်သားများ၏ ဆန္ဒနှင့်အညီ ဥပဒေအရ ဒီမိုကရေစီစနစ်အရ ပြည်သူလူထုက တောင့်တနေသည့် ဒီမိုကရေစီစနစ်ကို ဖော်ထုတ်ပြီး ပြည်သူလူထုက ၎င်းတို့အစစ်အမှန်ကို လိုလားနှစ်သက်သူများနှင့် ဖွဲ့စည်း သည့် လွှတ်တော်အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာပြီး၊ နိုင်ငံတော်ကိုအနာဂတ်တွင် ဦးဆောင်မည့် အစိုးရအဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်လာလျှင် မိမိတို့အာဏာကို အမြန်ဆုံး လွှဲပေးမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ဖို့ ဆိုသည်မှာ တိုင်းပြည်၏ ငြိမ်ဝပ်ပိပြားရေး တည်တည်ငြိမ်ငြိမ်ရှိရန် အရေးကြီးဆုံးဖြစ်ကြောင်း၊ ယင်းအပေါ်တွင် မူတည်ပြီး ယိမ်းယိုင်နေသည့်အခြေအနေများကို မိမိတို့ဝင်ရောက် မထိန်းသိမ်းလျှင် မဖြစ်တော့သည့်အတွက် မိမိတို့၏ တာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ယင်းသို့တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့ တပ်မတော်သားများ ထားရှိသည့် နဂိုဗီဇအတိုင်း ပုဂ္ဂိုလ်ရေးအာဃာတရှိမှု အစရှိသည်များ ရှိမည်မဟုတ်ကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် တရားဥပဒေစိုးမိုးပြီး ငြိမ်ဝပ်ပိပြားအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လွတ်လပ်မှုနှင့်အချုပ်အခြာ အာဏာ ဆုံးရှုံးအောင် ကာကွယ်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ငြိမ်ဝပ်ပိပြားမှု အမြန်ဆုံးရပြီး လူထုဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ပွဲလုပ်ပြီးသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်ခေါ်ခေါ်၊ ပါလီမန်ခေါ်ခေါ်၊ ယင်းသို့ အထွေထွေရွေးချယ်တင် မြှောက်ပွဲပြီး၍ လူထုကိုယ်စားလှယ်များ တက်လာပြီးမှ ဖွဲ့စည်းပုံ အခြေခံ ဥပဒေများ ရေးဆွဲကြပြီးလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်တွင် ပေါ်ပေါက် လာမည့်အစိုးရကို အာဏာလွှဲပေးဖို့ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းတာဝန်ကျေပွန်ဖို့ဆိုသည်မှာ မိမိတစ်ယောက်တည်းနှင့် မပြီးကြောင်း၊ မိမိကွပ်ကဲမှုအောက်တွင် ရှိနေသည့် တပ်မှူးကြီးများ၊ တပ်မှူးများ၊ တပ် ဖွဲ့မှူးများနှင့် တပ်မတော်ကြည်း၊ ရေ၊ လေ တပ်ရင်း၊ တပ်ဖွဲ့ တပ်မတော် သားအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြမှ ယင်းတာဝန် ပြီးဆုံးမည်ဖြစ် ကြောင်း၊ ယင်းသို့ တာဝန်ထမ်းဆောင်ကြသည့်အခါ ယနေ့အခြေအနေ အရတင်းမာမှုများ ဖြစ်ပေါ်ချင်လည်း ဖြစ်ပေါ်လာနိုင်ကြောင်း အားလုံးက လက်ခံပြီး ပြေပြေလည်လည် ဖြစ်သွားနိုင်လျှင်လည်း ဖြစ်နိုင်ကြောင်း၊ အချို့တဝက်လောက်က မကျေနပ်သဖြင့် တင်းမာမှုဖြစ်စေ အံတုမှုဖြစ်စေ၊ အပြုအမူမျိုး ပြုလုပ်လာနိုင်ကြောင်းလည်း မျှော်မှန်းကြရမည်ဖြစ်ကြောင်း ယင်းအခြေအနေမျိုးဖြစ်လျှင် မိမိတို့အနေနှင့် သွေးထွက်မှုအနည်းဆုံးဖြစ် အောင် တတ်စွမ်းသမျှကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ယနေ့လှုပ်ရှားမှု များကို ပြန်ကြည့်ရာတွင် ရိုးရိုးသားသားနှင့် တကယ့်ဒီမိုကရေစီရရှိအောင် ကြိုးပမ်းနေသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူအပေါင်း အမှုထမ်းများ၊ ကျောင်း သားလူငယ်များ စသည်ဖြင့် ရိုးရိုးသားသား ဆောင်ရွက်နေသူများ ရှိသကဲ့ သို့ အမှောင့်ပယောဂဝင်ပြီး ယင်းကို အခွင့်အရေးယူ အမြတ်ထုတ်ချင် သည့်သူများလည်းရှိကြောင်း၊ ယင်းအမျိုးအစား (၂)ခုကိုလည်း မိမိတို့ အမြဲသတိချပ်ရန်လိုကြောင်း၊ လုပ်ကြကိုင်ကြရာတွင် စဉ်းစဉ်းစားစား၊ ချင့် ချင့်ချိန်ချိန်၊ မှန်မှန်ကန်ကန်၊ မျှမျှတတ လုပ်ကြရန်လိုကြောင်း၊ နှိမ်နင်းဖို့ လိုအပ်မည်ဆိုလျှင်လည်း မသက်ဆိုင်သည့် ကလေးအရွယ်၊ ရဟန်းသံဃာ များကို အသက်ညှာဆုံး စဉ်းစား၍ ယင်းနောက်တွင် ကပ်ပါလာမည့် အမှောင့်ပယောဂကို ရွေးချယ်တတ်ရန်လိုကြောင်း၊ ယခုအချိန်အခါတွင် ပထမဆုံး ဆောင်ရွက်ရမည်မှာ ဆောင်ရွက်ကြသည့်အခါ မိမိတို့အင် အားကို အသုံးပြုရန်လိုအပ်ကြောင်း၊ တစ်ဖက်ကလည်း သွေးထွက်သံယိုမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရန် ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ရှိသည့်အင်အားကို သုံး၍ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးရအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ကြ သည့်အခါ ပစ်ခတ်မှုများလည်း ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံအတွက် တပ်မတော်အတွက် ယနေ့ဆင်နွှဲရမည့် တိုက်ပွဲသည် အခက်အခဲဆုံး တိုက်ပွဲဖြစ်ကြောင်း မိမိတို့စိတ်တွင် ခံယူထားရမည်မှာ မည်သို့သောအခက်အခဲမျိုးကိုမဆို ကျော်လွှားအောင်မြင်အောင် မိမိတို့တတွေ အားလုံးဝိုင်းဝန်းဆောင်ရွက်ရမည်ဟု ဆုံးဖြတ်ထားရန်ဖြစ်ကြောင်း၊ အောင်မြင်လျှင် ပြည်သူအတွက်ဖြစ်ပြီး၊ ဆုံးရှုံးမှုရှိလျှင် မိမိတို့အားလုံး မိမိတို့၏ အသက်ခန္ဓာကို စွန့် လွှတ်ရမည်ဖြစ်ကြောင်း၊ မိမိတို့ ယင်းကဲ့သို့ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်မှ လုပ်ငန်းအောင်မြင်မည်ဖြစ်ကြောင်း၊. အခြေအနေကို မိမိတို့ရှုမြင်သည့်အခါတွင် မှန်မှန်ကန်ကန် ရှုမြင်တတ်ရန် လိုပြီး တွေးခေါ် စဉ်းစားမှုကအစ မိမိမကြာခဏပြောသကဲ့သို့ အတိတ်က ဖြစ်ခဲ့သည့်ကိစ္စ၊ ပစ္စုပ္ပန်တွင် ဖြစ်နေသည့်ကိစ္စ၊ အနာဂတ်တွင် ဖြစ်ပေါ်လာမည့်ကိစ္စ စသည်ဖြင့် ယင်းတို့ကိုဆက်စပ်၍ တွေးမြင်တတ်ရန်လိုကြောင်း၊ ယနေ့ဖြစ်နေသည့် အခြေအနေကိုမျက်စိအောက်တွင်မြင်သဖြင့် ကြည့်ရှုတတ်မည်ဖြစ်သော်လည်း အတိတ်ကမည်သို့ဖြစ်ခဲ့ပြီးပြီ၊ ယနေ့ မည်သို့ ဖြစ်ပေါ်နေသည်။ နောင်တွင် မည်သို့ဖြစ်မည် စသည်ဖြင့် ရှည်ရှည်ဝေးဝေး တွေးပြီး၊ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ကြကိုင်ကြရာတွင် ပြတ်ပြတ်သားသားလုပ်ကြရန်လိုကြောင်း၊ မှန်မှန်ကန်ကန်၊ ရိုးရိုးသားသားနှင့် ဒီမိုကရေစီ ရရှိရေးအတွက် ကြိုးပမ်းသည့်သူများ ရှိသကဲ့သို့ ပယောဂ နှင့် လူမမယ်အရွယ်များကို ခိုင်းစေမှုများလည်းရှိကြောင်း၊ ရဟန်းသံဃာများ နှင့် ကျောင်းသားလူငယ်များကို ရှေ့တန်းတင်ပြီး နောက်ကကြိုးကိုင်နေသည့်သူများလည်းရှိရာ၊ ယင်းတို့ကို ကွဲကွဲပြားပြား နားလည်ပြီး အမှောင့်ပယောဂ ကပ်နေသည့်သူ၊ နောက်က ကြိုးကိုင်နေသည့်သူများကို ဖော်ထုတ်ရှင်းလင်းပစ်ရမည်ဖြစ်ကြောင်း၊ ယင်းမှာ လူပုဂ္ဂိုလ်ရေး မဟုတ်ကြောင်း၊ နိုင်ငံတော်အကျိုးကိစ္စကို ဆောင်ရွက်ခြင်းဖြစ်သည်ဟု ခံယူပြီး ပြတ်ပြတ်သားသားလုပ်ရမည်ဖြစ်ကြောင်း၊ လျော့လျော့ပေါ့ပေါ့ မည်သည့်ကိစ္စကိုမျှတွက်ရန်မဟုတ်ကြောင်း၊ အလေးအနက်ထားပြီး လုပ်သင့်သည်ကိုအချိန်မီလုပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရန်လိုကြောင်း၊ မိမိလုပ်ပိုင်ခွင့်အတိုင်းအတာအတွင်း လုပ်ပိုင်ခွင့်ရှိသည်များအားလုံးကို အထက်ဌာနက ညွှန်ကြားမှ မဟုတ်ဘဲ မိမိတို့၏ အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး လုပ်သွားရန်လိုကြောင်း၊ ယင်းမှာ မိမိတို့လုပ်ငန်းတာဝန် ဆောင်ရွက်သွားရမည့်အပိုင်းဖြစ်ကြောင်း၊ နောက်တစ်ပိုင်းအနေနှင့် ဤကဲ့သို့အချိန်မျိုးတွင် မိမိတို့၌ အာဏာအပြည့်အဝ ရှိနေရာယင်းအပေါ်တွင် အခွင့်အရေးယူ၊ အလွဲသုံးစားမှု၊ အဂတိတရား လိုက်စားမှုများ မပြုလုပ်ကြဖို့ အထူးသတိထားရန် လိုအပ်ကြောင်း၊ စစ်သည်တော်ကျင့်ဝတ်များနှင့် ပြည်သူ့တပ်မတော်သားကျင့်ဝတ်များတွင် ပါရှိသည့်အတိုင်း တိတိကျကျ လိုက်နာသွားကြရန်လိုကြောင်း၊ တပ်မတော်အနေနှင့်ထုတ်ပြန်ထားသည့် တပ်မတော်အက်ဥပဒေကို တိတိကျကျ လိုက်နာကြလျှင် မိမိတို့အမှားဖြစ်ရန် ဘာမျှမရှိကြောင်း၊ ယခုအချိန်တွင် အကောင်းဆုံးစံပြစည်းကမ်းများရှိရန် လိုကြောင်း၊ အပြောအဆို အနေအထိုင် အပြုအမူအကျင့်အကြံအားလုံး သမာသမတ်ရှိရမည်။ သမာဓိတရား ရှိရမည်။ ယင်းသို့ ဆောင်ရွက်ကြရန် လိုကြောင်း၊ ယနေ့ နိုင်ငံတော်တာဝန်သည်မိမိတို့ပခုံးပေါ်တွင် ရောက်လာပြီဖြစ်ရာ ယင်းကို မိမိတို့တတွေ အားလုံးညီညွတ်စွာ တက်ညီလက်ညီ စိတ်တူသဘောတူ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ ဆောင်ရွက်ရမည့်လုပ်ငန်း တာဝန်ပေါ်တွင်လည်းသံသယစိတ်ရှိရန် မသင့်ကြောင်း၊ အတိုချုပ်ပြောရလျှင် ဒီကနေ့ အင်မတန်ကြီးမားသည့် နိုင်ငံ့တာဝန်ကို မိမိတာဝန်ယူရသည်မှာ ခံစားမှု အများကြီးရှိကြောင်း၊ အာဏာကိုလိုချင်၍ မဟုတ်ကြောင်း၊ အာဏာကို ယူရမည့်အချိန်အခါလည်း မဟုတ်ကြောင်း၊ နိုင်ငံတာဝန်ကိုလည်း လုပ်သင့်လုပ်ထိုက် သလောက် မိမိတာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ မလွှဲမရှောင်သာ၍ ဤတာဝန်ကို မိမိထမ်းရခြင်းဖြစ်ကြောင်း၊ တစ်ဖက်ကလည်း မိမိတို့တွင် တာဝန်ရှိ၍ဖြစ်ကြောင်း၊ နောက်တစ်ချက်အနေဖြင့် တပ်မတော်ကိုအစဉ်အလာပြုစု ပျိုးထောင်ခဲ့သည့် တပ်မတော်အပေါ်တွင် အင်မတန်ကြီးမားသည့်သစ္စာခံယူထားပြီး တပ်မတော်ကို ယခုထိအောင် မိမိ၏ သားသမီးသဖွယ် ကြည့်ရှုပြုပြင် ကြပ်မတ်ပေးခဲ့သည့် ပုဂ္ဂိုလ်များရှိရာ တချို့လည်းသက်ရှိထင်ရှားရှိပြီး တချို့လည်း ကွယ်လွန်ကြပြီဖြစ်ကြောင်း သက်ရှိထင်

www.burmeseclassic.com

www.burmeseclassic.com



များရှိရာတွင်လည်း တိုင်းပြည်နှင့် တပ်မတော်အပေါ်တွင် တကယ့်စေတနာ အမှန်နှင့် တာဝန်ယူ ဆောင်ရွက်ခဲ့သည့်သူများ ရှိသလို အကြောင်းအမျိုးမျိုး ကြောင့် အကြီးအကဲများဖြစ်ပြီး ထွက်ကြပြုကြသူ များလည်းရှိကြောင်း၊ ယခုအချိန်တွင် နားမယောင်ရန်လိုကြောင်း၊ သကာမကင်းဖြစ်လျှင် စိတ် ထဲတွင် သံသယရှိလျှင် မိမိတို့ကို ပွင့်ပွင့်လင်းလင်း ပြောကြရန်လိုကြောင်း၊ ယခုအချိန်တွင် ဒီတာဝန်ကို မိမိယူသည့်အခါ မိမိလုပ်တာအားလုံး မှန် သည်ဟု မိမိမခံယူကြောင်း၊ ပြုပြင်သင့်တာရှိလျှင် ပြုပြင်သင့်တာတွေ့လျှင် မိမိကိုဝိုင်းပြီး အကြံပေးပါ၊ အကြံဉာဏ်ပေးဖို့လည်း မိမိဖိတ်ခေါ်ကြောင်း၊ နောက်ဆုံးပြောရလျှင် ယနေ့ကျရောက်လာသည့် တိုင်းပြည်၏ တာဝန်၊ နိုင်ငံတော်၏တာဝန်ကို မိမိတို့တတွေ ပူးပေါင်း၍ တက်ညီလက်ညီ ဆောင် ရွက်ကြရန်လိုကြောင်း မိန့်ကြားသွားပါသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေကလည်း အောက်ပါအတိုင်း မိန့်ခွန်းပြောကြားခဲ့ပြန်သည်–

"နယ်မြေမှူးများနှင့် ဒေသတာဝန်ခံများကို ရှေ့ဖြစ်လာမည့် အခြေ အနေများနှင့် ပတ်သက်၍ အနည်းငယ်ရှင်းပြလိုကြောင်း၊ နိုင်ငံတော် ငြိမ် ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြေညာချက် (၁/၈၈)ပေါ်တွင် စေတနာကောင်း၊ စေတနာမှန်ရှိသူတော်တော်များများက လက်ခံနိုင်မည် ဟု မိမိယုံကြည်ကြောင်း၊ ယနေ့ အခြေအနေအရပ်ရပ်အရ မည်သူမျှ ထိန်း နိုင်သည့် အခြေအနေ မရှိသဖြင့် တပ်မတော်က တာဝန်မယူချင်သော်လည်း ပြည်ထောင်စု တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့သည် မိမိတို့၏ အဓိက တာဝန်ကြီး (၃)ရပ် အပေါ်တွင် မလွဲမရှောင်သာဘဲ မိမိတိုင်းပြည်၏ မျက်နှာကို ကြည့်၍ လုပ် ကိုင်ရခြင်းဖြစ်ကြောင်း၊ မည်သူမျှ အာဏာကို မက်မောပြီး ယူချင်သည့် သူမရှိကြောင်း၊ စဉ်းစားလိုက်တိုင်း တာဝန်က ကြီးလေးလွန်း လှသည် အတွက် တာဝန် မယူချင်သော်လည်း တိုင်းပြည်၏ ယိုယွင်းနေသည့်အခြေ အနေများအရ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း၊ ယင်းကို တချို့တချို့သော ဝင်ခြင်တုံ့တရား ကင်းမဲ့သူများမှလွဲ၍ စေတနာကောင်း၊ စေတနာမှန် ရှိသည့်သူ အများစုက လက်ခံနိုင်မည်ဖြစ်ကြောင်း၊ နောက်တစ်ချက်အနေ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မြေပေါ်၊ မြေအောက် ကွန်မြူနစ်များက အောက်ခြေအပိုင်းနှင့် အလယ် အလတ်ပိုင်း အလွှာကို တော်တော်လေး စီးမိချုပ်ကိုင်မိနေသည့် အခြေအနေ မျိုးရှိကြောင်း၊ ယင်းကို အပြင်အပ အဖွဲ့အစည်း များအနေနှင့် သိရှိလက် ခံကြောင်း၊ ၎င်းတို့အနေနှင့်လည်း ထိမ်းနိုင်သိမ်းနိုင် လက်ခံနိုင်သည့် အနေအထား မရှိကြောင်း၊ အကြမ်းဖက်ပြီး လက်ရှိ အစိုးရကို မလိုလားသည့် သူများနှင့် ကွန်မြူနစ်ဝါဒကို လက်ခံပြီး အာဏာရရှိရေးလုပ်ရန် ဝင်လာသူ များအနေနှင့် လက်ခံနိုင်ဖို့ရာ အကြောင်း ရှိချင်မှရှိမည်ဖြစ်ကြောင်း၊ လက် မခံ နိုင်လျှင် မိမိတို့၏ စခန်းနေရာများကို ဝင်ရောက်နှောင့်ယှက် ပစ်ခတ် တိုက်ခိုက်မှုများ ဖြစ်လာနိုင်သည့် အခြေအနေများရှိကြောင်း၊ မိမိတို့ ရရှိ ထားသည့် သတင်းများအရလည်း ၎င်းတို့ တွင် လက်နက်တော်တော်များ များ စုဆောင်းထားသည်၊ သွင်းလာသည်ဟု သိရကြောင်း၊ မည်မျှအထိ မှန်ကန်မည်ဟု မသိရသေးသော်လည်း ယင်းအခြေအနေများကို မိမိတို့ ရဲဘော်များအား သဘောပေါက်အောင် ပြောထားရန်လိုကြောင်း၊ ယနေ့ တိုင်းပြည်၏ ချွတ်ယွင်းနေသည့်၊ ယိုယွင်းပျက်စီးနေသည့် အနေအထားသည် ပြည်ထောင်စုကြီး ပြိုကွဲသွားနိုင်ပြီး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲသွားနိုင်ကြောင်း၊ အချုပ်အခြာ အာဏာလည်း ဆုံးရှုံးသွားနိုင်ကြောင်း၊ ယင်းကြောင့် တပ်မတော်၏ အဓိက တာဝန်ကြီး (၃)ရပ်ပေါ်တွင် မိမိတို့ တတွေ မလွဲမရှောင်သာဘဲ လုပ်လိုက်ရခြင်းဖြစ်ကြောင်း၊ ယနေ့အခြေအနေ အရ ကွန်မြူနစ်များက အောက်ခြေနှင့် အလယ်အလတ်ပိုင်း တော်တော် များများကို စီးမိသည့်အနေ အထားမျိုးဖြစ်ပြီး တပ်မတော်ကို တိုက်နေသည့် အနေအထားမျိုး ရောက်နေကြောင်း၊ ယင်းသို့ ကြာရှည်နေခဲ့လျှင် တပ် မတော်အတွင်းတွင် ကွဲသွားပြီး တပ်မတော်ပါ အဖတ်ဆယ်မရဘဲ တိုင်း ပြည်က စုံးစုံးမြုပ်သွားသည့် အနေအထားမျိုးဖြစ်ကြောင်း၊ ယင်းအနေ အထားပေါ်တွင် မူတည်ပြီး လုပ်လိုက်ရခြင်းဖြစ်သည်ဆိုသည့် မိမိတို့၏ (cause)ကို သေသေချာချာ သဘောပေါက်အောင် ရှင်းလင်းရန်လိုကြောင်း၊ ရဲဘော်များ သဘောပေါက်ဆိုရာတွင်လည်း အောက်ခြေအထိ သေချာစွာ ထိတွေ့ပြီး၊ ရှင်းလင်းရန်လိုကြောင်း၊ နောက်တစ်ချက်အနေဖြင့် ယခုအချိန် တွင် လက်ရုံးကြီး (၃)ရပ် ဖြစ်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စသည်

www.burmeseclassic.com

www.burmeseclassic.com



တို့သည် တစ်ယောက်နှင့်တစ်ယောက် စည်းစည်းလုံးလုံး ကျောချင်းကပ်၍ ဖြစ်လာမည့် အန္တရာယ် ညီညီညွတ်ညွတ် တိုက်ဖျက်မည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ရှိရန် လိုသည်ဟု ပြောချင်ကြောင်း၊ ယခုအချိန်တွင် သွေးထိုးမှုကလည်း များပြီး တစ်ယောက်နှင့်တစ်ယောက် အထင်အမြင်လွဲမှားမှုတွေကလည်း များနေရာ ဘေးစကားတွေကို မယုံဘဲနှင့် ကာကွယ်ရေး ဦးစီးချုပ်ပြောခဲ့သည့်အတိုင်း သံသယရှိသည်ဆိုလျှင် မိမိတို့ကို မေးကြပါ၊ အတတ်နိုင်ဆုံး ဖြေရှင်း ပေးသွားမည်ဖြစ်ကြောင်း၊ သံသယပေါ်တွင် မူတည်ပြီး မိမိတို့အတွင်းတွင် သွေးကွဲလျှင် မိမိတို့၏လုပ်ငန်းစဉ် အောင်မြင်မည် မဟုတ်ကြောင်း၊ မိမိတို့ လုပ်ငန်းစဉ်သည်လည်း ဤကြေညာချက်ကို အပြန်အလှန်ဖတ်ကြည့်လျှင် မွန်မွန်မြတ်မြတ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့အာဏာလည်း မယူ၊ ထိန်းလည်းမထား ...ယနေ့ဖြစ်နေသည့် အခြေအနေကို တတ်နိုင်သမျှ ထိန်းပေး၍ ရွေးချယ်တင်မြှောက်ပွဲ လုပ်ပေးပြီး ပါတီစုံဒီမိုကရေစီဖြင့် ၎င်းတို့ဘာသာ တိုင်းပြည်အုပ်ချုပ်ကြရမည် ဖြစ်ကြောင်း မိမိတို့အနေဖြင့် အုပ်ချုပ်မည်မဟုတ်ကြောင်း၊ ယခုရှိသည့်သူများသည်လည်း ရွေးချယ်တင်မြှောက်ပွဲဝင်၍ အမတ်ရွေးခံပြီး လုပ်မည့်အဖွဲ့အစည်းလည်းမဟုတ်ကြောင်း နောက်တိုင်းပြည်တွင် တည်တည်တံ့တံ့နှင့် ဖြစ်သွားပြီး စနစ်တကျ ဖြစ်သွားအောင် လုပ်သည့်သဘောဖြစ်ကြောင်း၊ အားလုံးကို ချောချောမောမောဖြစ်အောင် ဝင်လုပ်သည့် အနေအထားဖြစ်ကြောင်း ပြန်ဆောက်သွားသည့်အခါတွင် တချို့ရဲဘော်များအနေနှင့် သွေးထိုးထားမှုများရှိချင်ရှိမည်၊ သံသယဝင်နေမှုများ ရှိချင်ရှိမည်ဖြစ်ရာ မိမိတို့တတွေ တပ်ဆောင်တွင် မထိန်းသိမ်းခဲ့လျှင် ယနေ့ တို့တာဝန် (၃)ရပ်က ပျက်စီးရတော့မည်ဖြစ်ရာ၊ ယင်း အခြေအနေအရ ခေတ္တခဏတည်ငြိမ်အောင် ဝင်ထိန်းပြီး တည်ငြိမ်သည်နှင့်အမျှ ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲများလုပ်ပြီး ခွဲလိုက်မည်ဆိုသည်ကို သဘောပေါက်အောင် ပြောရန်လိုကြောင်း ...ယင်းမှာ အဓိကအချက်ပင်ဖြစ်ကြောင်း၊ မိမိတို့သာ သဘောပေါက်ရုံမက တပ်သား၊ အကြပ်၊ အရာခံ၊ အရာရှိ စသည့် ကွင်းဆက် (၃)ဆက်လုံးနားလည်နေမှသာလျှင် မိမိတို့လုပ်သည့် လုပ်ငန်းများ အောင်မြင်မည် ဆိုသည်ကို သတိချပ်ပြီး၊ ငါသိရုံနှင့်ပြီးပြီ၊ အောက်ကလည်း သိနေမှာပါပဲလေဟု

www.burmeseclassic.com



သဘောမထားဘဲ အားလုံးက ရဲဘော်တွေကို ထိတွေ့ပြီး အမြဲတမ်း ရှင်းပြနေရန်လိုအပ်ကြောင်း၊ နောက် မိမိတို့၏ လက်ရုံးကြီးသုံးရပ်ဖြစ်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)သည် တစ်စုတပေါင်းတည်း၊ တညီတညွတ်တည်း မိမိတို့ ချမှတ်ထားသည့်တိုင်းပြည်၏ တာဝန်ကိုကျေပွန်အောင် ယုံယုံကြည်ကြည်နှင့် ထမ်းဆောင်သွားကြရန် လိုသည်ဟု ပြောလိုကြောင်း ဤမျှရေ့လျှောက် ဂရုစိုက်ရန် လိုသည်ဟု ပြောလိုကြောင်း ကွန်မြူနစ်များ အနေနှင့် ၎င်းတို့အတွက် ပိုပြီး အခွင့်အလမ်း ပိတ်သွားသဖြင့် မိမိတို့ကို ဖိတိုက်မည့်သဘော ဖြစ်လာပြီး၊ မိမိတို့ကို ရသည့်လက်နက်နှင့် အထဲတွင် ပြောက်ကျားသဘောမျိုး လိုက်လာနိုင်သည်ဖြစ်ရာ မိမိတပ်၏ လုံခြုံရေး၊ မိမိတစ်ဦးချင်း၏ လုံခြုံရေးကို ဂရုစိုက်ပြီး လုပ်သွားရန် ပြောလိုကြောင်း၊ နောက်တစ်ချက်အနေနှင့် ရပ်ရွာအေးချမ်း သာယာရေးအတွက် မိမိတို့ လုပ်ပေးရန်လိုကြောင်းနှင့် အောင်အောင်မြင်မြင်ဖြစ်အောင် ဆက်လုပ်သွားကြရန်လိုကြောင်း၊ တပ်မတော်၏မျက်နှာ၊ တိုင်းပြည်၏မျက်နှာ အမိအဖ (၂) ပါး၏ မျက်နှာကိုသာကြည့်ပြီး၊ မည်သူ့မျက်နှာကိုမျှ မကြည့်ဘဲ မိမိတို့၏ တာဝန်များကို ကျေပွန်အောင် လုပ်ရန်လိုကြောင်း” ပြောကြားသွားသည်။

ထို့နောက် နိဂုံးချုပ်အနေဖြင့် ဗိုလ်ချုပ်ကြီး စောမောင်က–

“မိမိတို့ ယနေ့ ဤသို့ကြေညာပြီး မနက်ဖြန်တွင် ရင်ဆိုင်ရမည့် သဘောရှိကြောင်း၊ မိမိတို့ဖြစ်ခဲ့သည့် ဖြစ်စဉ်များကို ပြန်ကြည့်လျှင် ပထမ လူစုလူဝေးနှင့် အော်ဟစ်ဆန္ဒပြကြ၊ စုဝေးကြ၊ အချိန်တန်လျှင် ညနေစောင်းလျှင် ပြန်သွားကြ၊ ယင်းသို့ဖြင့် စခဲ့ကြကြောင်း၊ နောက်တဖြည်းဖြည်းနှင့် ပုံမှန်လူပ်ရှားမှုလုပ်ကြောင်း ပုံမှန်လုပ်ရိုးလုပ်စဉ်မှာပဲဟု တွက်ပြီး ကြည့်နေရင်း ကြည့်နေရင်းနှင့် လွန်ခဲ့သည့် ဩဂုတ်လ ၈ ရက်နေ့က ပုံမှန်မဟုတ်တော့ကြောင်း၊ သာမန်အားဖြင့် ညနေတွင် လူစုကွဲသွားသော်လည်း ဩဂုတ်လ ၈ ရက်နေ့ ည ၈ နာရီ ၉ နာရီအထိ လူစု မကွဲသေးဘဲ နောက်ထပ်လူအုပ်များကလည်း ထောင်နှင့်ချီ၍ ချီတက်လာသည်ကို တွေ့ရသဖြင့် ယနေ့သည်ပင် မိမိတို့အတွက် အဆုံးအဖြတ်ပေးရတော့မည်ဟု မိမိတို့တွက်ကြောင်း၊ တကယ်တမ်းတွင်မူ စစ်အုပ်ချုပ်ရေးကို ဩဂုတ်လ ၃ ရက်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ကြေညာပေးခဲ့ပြီး ဩဂုတ် ၃ ရက်နေ့မှ ၇ ရက်နေ့အထိ စစ်အုပ်ချုပ်ရေးအာဏာ အပ်ထားသည့် ကာလအတွင်း သေနတ်တစ်ချက်မျှ မပစ်ခဲ့ကြောင်း ဩဂုတ်လ ၈ ရက်နေ့တွင် မလွဲမရှောင်သာတော့ဘဲ အင်အားနှင့်မဖြိုခွဲလျှင် နောက်နေ့တွင် အတောမသတ်နိုင်သည့် လူသတ်ပွဲကြီးများဖြစ်လာနိုင်ကြောင်း၊ ရှုံးချင်လည်း ရှုံးသွားမည်၊ လည်ပင်း ကြိုးကွင်းတပ်ပြီးဆွဲချင်လည်း ဆွဲသွားမည်၊ ယင်းသို့သော အခြေအနေများ ဖြစ်သည့်အတွက်မိမိတို့ ဩဂုတ်လ ၈ ရက်နေ့တွင် လူစုခွဲရခြင်းဖြစ်ကြောင်း၊ ယင်းကို မိမိတို့ရှင်းလင်းပြောကြားပြီးဖြစ်ကြောင်း၊ ယင်း အချိန်တွင် အင်မတန် ထောက်ထောက်ထားထားဖြင့် အပေါ်ကို ထောင်၍ ပစ်ဖောက် သတိပေးရသည့်အဆုံး Rubber Bullet ဖြင့် (၆)တောင့်သာ ပစ်ရာ ဒဏ်ရာရသည့်သူ (၄)ယောက်သာရှိကြောင်း၊ လူအုပ် သိန်းဂဏန်း နှင့်ရှိကြောင်း၊ ရဲဘော်၏ခြောက်ထောက်ကို ဖက်၍ တောင်းပန်သည့် နည်းများနှင့်လည်း လာဦးမည်ဖြစ်ရာ ရဲဘော်သည်လည်း နှလုံးသားနှင့် သူဖြစ်၍ မိမိတို့ မည်မျှ အမိန့်ပေးပေး ... ယင်းအချိန်တွင် ပါသွားမည်ကို မိမိတို့ စိတ်ပူကြောင်း၊ ဩဂုတ် ၉ ရက်နေ့တွင် အင်မတန်ကြီးမားသည့် လူအုပ်ကြီးနှင့် ရင်ဆိုင်ရကြောင်း ယင်းအချိန်တွင် မိမိတို့ မထိန်းနိုင်ကြောင်း၊ ရော်ဘာ ကျည်ဆန်နှင့် ပစ်မှန်းသိသည့်အခါ အကာအကွယ် လုပ်လာကြောင်း၊ ယင်းသို့ ပြုလုပ်၍ဓားဘိုင်၊ ဂျီသရီး စသည့် လက်နက်များကို သုံးလာရကြောင်း ပထမ warning shotသတိပေး၍ မိုးပေါ် ကျော်ပစ်ကြောင်း၊ နောက်တစ်ခါတည့်တည့်ပစ် စသည့် Sequenceနှင့် သွားကြောင်း၊ သို့သော် ယနေ့လုပ်ရမည့်စနစ်သည် ယင်းစနစ် မဟုတ်ကြောင်း warningပေး၊ လူစုကွဲ၍ မရလျှင်ပစ်ရမည်ဖြစ်ကြောင်း၊ မနေ့က ကုန်သွယ်ရေးဝန်ကြီးဌာနရှိ မိမိတပ်ခွဲလေးတစ်စုကို လူထောင်သောင်းနှင့် ချီ၍ဝိုင်းကြောင်း၊ ယင်းတပ်စုကိုရဟန်းသံဃာများ၊ ကျောင်းသားများ၊ တပ်မှူးဟောင်းများ ဝင်ကယ်သော်လည်း မရသည့်အဆင့်သို့ ရောက်သွားကြောင်း၊ နောင်လည်း ယင်းပုံမျိုးလာမည်ဖြစ်ကြောင်း၊ ယင်းတို့ကို ထိန်းရမည်။ ထောင်ပစ်၍ မဖြစ်ကြောင်း၊ဖြစ်နိုင်သမျှ မိမိတို့သတိမှတ်ပေးရမည်ဖြစ်ကြောင်း လူအုပ်တွေ့လျှင် warningပေး၍ လူစုခွဲရန် ပြောပြီး၊ မရလျှင်ပင် ထောင်ပစ်ရန် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com




ကြောင်း ဖြစ်နိုင်သည်မှာ ကျောင်းသား၊ ကလေး၊ အမျိုးသမီးကို ရှေ့တင်လာမည်ဖြစ်၍ ယင်းကို မျှော်မှန်းပြီး မိမိတပ်ကို ပြင်ဆင်စုဖွဲ့ရန် Grouping လုပ်ရန်လိုကြောင်း၊ အခြားသော တိုင်းနှင့် ပြည်နယ်များတွင် သိပ်ဆိုးဆိုးရွားရွားဖြစ်ရန် မရှိသော်လည်း ရန်ကုန်၊ မန္တလေး၊ မုံရွာ စသည့် နေရာများတွင် အကြိတ်အနယ်လုပ်ရမည်ဟု မှန်းထားကြောင်း၊ ယနေ့ အခြေအနေ ဤသို့ဖြစ်သဖြင့် မနက်ဖြန် သွေးထိုးစမ်းလာလိမ့်မည်ဟု မျှော်မှန်းကြောင်း၊ နောက်တစ်နေ့ဆိုလျှင် ပြင်းထန်သည့်အခြေအနေတွေ့နိုင်ရာ ပိတ်စရာ၊ ဆို့စရာရှိသည့် ဝင်ပေါက်၊ ထွက်ပေါက်များကို ပိုဆို့ရန်လိုကြောင်း၊ ရန်ကုန်တွင် ဗကပ၏အခြေစိုက် စခန်းများအနေနှင့် မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သာကေတ စသည်တို့တွင် block တွေ၊ စည်းတွေ အစရှိသဖြင့် လုပ်ဖို့လိုကြောင်း၊ မိမိတို့ တပ်မိသားစုများအနေနှင့်လည်း မြို့ထဲ၊ ရပ်ထဲတွင် နေကြသဖြင့် လုပ်ဖို့၊ ကိုင်ဖို့တော်တော်ခက်သော်လည်း မိမိတို့သည် နိုင်ငံ၏ မျက်နှာကိုသာ ကြည့်နိုင်ကြောင်း၊ မိသားစုအရေးကို မကြည့်နိုင်ကြောင်း၊ ယင်းသို့ ဆုံးဖြတ်ချက်နှင့် လုပ်ရကြောင်း၊ ယခုအချိန်တွင် မိုက်ပြရမည့် အချိန်အခါဖြစ်ကြောင်း၊ ဒါပြီးလျှင် မြို့တွင် ပြောက်ကျားတိုက်ပွဲများ ဖြစ်လာနိုင်သည်ဟု မိမိတို့မှန်းကြောင်း၊ တွက်ကြောင်း၊ မြို့များတွင် ယင်းသို့သော ပြောက်ကျားတိုက်ပွဲများ ဖြစ်ပြီးယင်းနောက် ရန်ကုန်၏အပြင်အပကို သွားမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ရေရှည်အတွက် မျှော်မှန်းပြီးပြင်ကြ၊ ဆင်ကြ၊ လုပ်ကြ ကိုယ့်တာဝန်ကိုကျေပွန်အောင်လုပ်၊ လက်မြှောက်တာအရှုံးပေးတာ မရှိအောင်၊ လက်မြှောက်အရှုံးပေးသည်ထက် သေသည်ကမှ မြတ်သည်ဟု မိမိတို့ကိုမိမိတို့ အဆုံးဟုသဘောထား၍ ယနေ့တိုက်ပွဲကို ဆင်နွှဲရမည်ဖြစ်ကြောင်း၊ ရဲဘော်များကိုပြောပြီးပြီဟူ၍ တစ်ခါတည်း မနေပါနှင့်၊ ရဲဘော်နှင့် လက်ပွန်း တတီးနေပါ၊ မကြာခဏ ပညာပေးပါ” ယင်းကို အထူးအလေး အနက်ထားပြီးမီးကုန်ယမ်းကုန် ဘယ်လိုပဲဖြစ်ဖြစ်၊ မိမိတို့ ရင်ဆိုင်ရတော့မည့် သဘောဖြစ်ကြောင်း ရင်ဆိုင်မည်ဟု ယတိပြတ်ဆုံးဖြတ်၊ ရင်မဆိုင်နိုင်လျှင်လည်း ကိုယ့်ဘဝဆုံးပြီဟုသာ မှတ်လိုက်ရန်ဖြစ်ကြောင်း၊ မိမိတို့လူသတ် ချင်သည့်လူသတ်ကောင် မဟုတ်ကြောင်း၊ နိုင်ငံတော်အတွက် လုပ်ရသည် ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com






အင်တာနက် အွန်လိုင်း စာမျက်နှာ၌ တင်ထားသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇာတာခွင်

တွေ့သမျှလူကို ပစ်ရမည်မဟုတ်ကြောင်း၊ လူကောင်းသူကောင်းတွေ အများကြီးရှိရာ ရန်ကုန်တွင် လူဦးရေနှင့်ကြည့်လျှင် ၂၈ သိန်းရှိရာ တကယ့် ဆူပူဆန္ဒပြသူထဲမှ အမြင့်ဆုံး ဂဏန်းသည် ရှစ်သောင်း၊ တစ်သိန်းသာ ရှိကြောင်း၊ ယင်းအထဲတွင် လူကောင်း အများကြီးပါရှိပြီး ပယောဂဝင် သည့် လူ (၂)သောင်း၊ (၃)သောင်းသာပါမည်ဖြစ်ရာ မိမိတို့ မတတ်နိုင် ကြောင်း၊ မိမိတို့လူများသည်လည်း အထိအခိုက်အဆုံးအရှုံးများ ရှိမည်ဖြစ် ရာ ယင်းကိုလည်း တွက်ဆပြီး ဆုံးရှုံးမှု မရှိအောင် စီမံရန်နှင့် သိပ်သွား ရန်လည်းလိုကြောင်း၊ ဤနေရာတွင် လုပ်ရကိုင်ရသည်မှာ စစ်ဆင်ရေး တွင် လုပ်ရကိုင်ရသည့် နည်းမျိုးမဟုတ်ကြောင်း၊ မိမိတို့လူမျိုးသည် သွေး ဆူလွယ်သည့် လူမျိုးဖြစ်ရာ ခြေလျင်က တပ်မှူးများ သိကြောင်း၊ ဗဏပတို့

www.burmeseclassic.com



ကေအင်န်ယူတို့ကို တိုက်ကြခိုက်ကြရာ အချို့နေရာများတွင် ရာနှင့်ချီပြီး ရဲဘော်များကို စွန့်လွှတ်ရကြောင်း၊ ဤနေရာတွင် အသက်ပေးရသည့် ကိစ္စများလည်း ဖြစ်လာနိုင်ကြောင်း၊ ဆယ်ဂဏန်း၊ ရာဂဏန်းထိ ရှိလာနိုင်ရာ ယင်းအပေါ်တွင် သွေးဆူပြီး ၎င်းတို့၏ အကွက်ထဲလည်း နင်း မသွားရန်လိုကြောင်း၊ ယင်းတို့ကို နားလည်ပြီးလုပ်ကြကိုင်ကြရန် ပြောလိုကြောင်း" မိန့်ကြားသွားသည်။

BURMESE CLASSIC

ယင်းနောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ အစည်းအဝေး၌ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်နှင့် ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းရွှေ တို့၏ မိန့်ခွန်းကို သေချာစွာ လေ့လာကြည့်ပါက ၁၉၈၈ စက်တင်ဘာလ ၁၈ ရက်နေ့တွင် အာဏာသိမ်းပိုက်ခဲ့မှုနှင့် ကျူးလွန်ခဲ့သော ရာဇဝတ်ပြစ်မှုများကို တပ်မတော်ကြည်း၊ ရေ၊ လေ မှ အရာရှိအရာခံအကြပ်တပ်သား များအား လိမ်ညာဝါဒဖြန့်လိုမှုနှင့် ယင်းတို့ လုပ်ဆောင်ခဲ့မှုကို ဥပဒေနှင့် အညီ တရားဝင် လုပ်ဆောင်ခဲ့သယောင်ယောင် ဖြစ်စေရန် ရှင်းလင်းခဲ့ခြင်း ဖြစ်သည်။ အဆိုပါ အစည်းအဝေး မှတ်တမ်းများကိုလည်း အောက်ခြေရဲဘော်များ သိစေရန်နှင့် သွေးအေးမသွားစေရန် တပ်ရင်းတပ်ဖွဲ့အဆင့်ဆင့် ရှင်းလင်း စေခဲ့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဘဝ အရေးဦး

သို့ကလို နဝတ အာဏာသိမ်းခဲ့စဉ်က နဝတအဖွဲ့၏ သာမန်အဖွဲ့ဝင်သာ ဖြစ်ခဲ့သော ဗိုလ်သန်းရွှေသည် အလုပ်သင် ဗိုလ်လောင်း (O.T.S) အပတ်စဉ် (၉) သင်တန်းဆင်း၍ ခလရ (၁)၊ ခမရ (၁၀၁)၊ တပ်မ (၈၈)၊ နတခ ခေါ် အနောက်တောင်တိုင်း စစ်ဌာနချုပ် စသည့် တိုက်ခိုက်ရေးတပ်များ၌ တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့ဖူးသော်လည်း တိုက်ခိုက်ရေးဘက်၌ ထူးချွန်သူတစ်ဦး မဟုတ်သလို၊ သူရဘွဲ့၊ သီဟသူရဘွဲ့ မဆိုထားဘိ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ပင် ရရှိခဲ့သူ မဟုတ်ပေ။

သူသည် ၁၉၈၀ ပြည့်နှစ်က တပ်မ(၈၈)တပ်မမှူး ဘဝဖြင့် ကျိုင်းတုံဒေသ၌ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်နေစဉ်အတွင်း တပ်မ (၈၈) ကို ဗကပ (၈၁၅) စစ်ဒေသ လက်အောက်ခံတပ်များက ပြင်းပြင်းထန်ထန် ဗိတ်ဆို့တိုက်ခိုက် ချေမှုန်းခဲ့သည့်အတွက် တပ်မ (၈၈)လက်အောက်ခံ အမှတ် (၃) ကချင်သေနတ်ကိုင်တပ်ရင်း ဌာနချုပ်သည် ကျဆုံးခဲ့သလို စစ်သည်နှင့် မိသားစု မြောက်မြားစွာ သေဆုံးခဲ့ရသည်။

သို့သော် ဗိုလ်ချုပ်သန်းရွှေသည် ထိုစဉ်က အာဏာရှင် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်း၏ အထူး ယုံကြည်စိတ်ချရသည့် တပည့်ရင်းဖြစ်နေသောကြောင့် အရေးယူမခံရသည့်အပြင် ၁၉၈၁ ခုနှစ် ဩဂုတ်လ ၃ရက်မှ ၈ ရက်နေ့အထိ မင်္ဂလာဒုံဗဟိုနိုင်ငံရေး တက္ကသိုလ်ဝင်းအတွင်းရှိ ညီလာခံ

www.burmeseclassic.com

www.burmeseclassic.com



ခန်းမ၌ ကျင်းပသော စတုတ္ထအကြိမ် ပါတီညီလာခံတွင် ဗဟိုကော်မတီဝင် အဖြစ် ချီးမြှင့်ခြင်း ခံခဲ့ရသည်။

ယင်းနောက် ၁၉၈၃ ဇူလိုင်လ ၂၂ ရက်နေ့တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဖြစ်လာပြီး ထိုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ဧရာဝတီတိုင်း၏ ဒေသပါတီကော်မတီဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ တစ်ဖန် ၁၉၈၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင် ဗိုလ်မှူးချုပ်ရာထူး တိုးမြှင့်ခံရပြီး နောက်တစ်နှစ် ၁၉၈၅ ခု နိုဝင်ဘာလ ၄ ရက်နေ့တွင် တပ်မတော် ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာသည်။ ထိုစဉ်က သူ့အသက်က ၅၂ နှစ် အရွယ်သာရှိပြီး ရာထူးအဆင့် (၂)ဆင့်ကို ခုန်ပျံကျော်တက်ပြီး ဒုတိယ ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာသည့်အတွက် သူ့ထက်ဝါရင့်ပြီး မေမြို့စစ်တက္ကသိုလ်ဆင်း၊ မဆလ တပ်မတော် ထိပ်ပိုင်းတပ်မှူးများက အတော်ပင် မကျေမနပ်ဖြစ်ခဲ့ကြသည်။

သို့သော်လည်း စစ်အာဏာရှင်ကြီး ဗိုလ်နေဝင်း၏ အကွက်ချ အစီအမံဖြစ်သောကြောင့် မိမိတို့၏ မကျေနပ်ချက်များကို မျိုသိပ်ထားခဲ့ရသည်။

သို့ကလို ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ် မတိုက်သော်လည်း အကင်းပါး၍ လူကြီးအကြိုက် ပြုမူဆောင်ရွက်တတ်ပြီး ကွက်ကျော်မြင်တတ်သောကြောင့် ရာထူးအတက်မြန်သည်ဟု ဆိုရပေမည်။

## မွေးဇာတိ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် သောကြာနေ့ နံနက် ၅ နာရီခန့်တွင် ကျောက်ဆည်မြို့နယ် အင်းရွာ၌ အဖ ဦးလေးမြင့်၊ အမိ ဒေါ်စိမ်းရင်တို့မှ ဖွားမြင်ခဲ့သည်။ သို့သော် မြန်မာ့သမိုင်း အဖွဲ့ဝင် ဦးကျော်ငြိမ်း ပြုစုသော "ကိုလိုနီခေတ် မြန်မာရက်စွဲသမိုင်း" (၁၈၈၆-၁၉၄၂)၌ ၁၉၃၃ ဖေဖော်ဝါရီလ ၂ ရက် ကြာသပတေးနေ့ ဖော်ထားသည်။ ထို့အတူ Benedict Rogers ရေးသား၍ ထိုင်းနိုင်ငံ Silkworm စာအုပ်တိုက်မှ ၂၀၁၀ ခုနှစ်က ထုတ်ဝေခဲ့သော Than Shwe Unmasking Burma's Tyrant စာအုပ် စာမျက်နှာ ၁၁ နှင့် အွန်လိုင်း


www.burmeseclassic.com

www.burmeseclassic.com





စာမျက်နှာ၁၌လည်း ယင်းအတိုင်းပင် ဖော်ပြထားသည်။ Emma Larkin ရေး၍ ပင်ကွင်းစာအုပ်တိုက်မှ ၂၀၁၀ တွင် ထုတ်ဝေသော Everything is Broken စာအုပ် စာမျက်နှာ ၁၆၇ ၌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မွေးသက္ကရာဇ် ၁၉၃၃ ဖေဖော်ဝါရီလ ၂ ရက်နေ့သည် မမှန်ဟု ဆိုသည်။ ၎င်းက ၁၉၃၂ ဧပြီ ၁ ရက် နံနက် ၆ နာရီသာ အမှန်ဟု ဆိုသည်။ သို့သော် အမည်ဖော်လိုသော ဝေဒပညာရှင် တစ်ဦးကမူ ၁၉၃၃ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက် သောကြာနေ့သာ ဖြစ်ရမည်ဟု ဆိုသည်။




ဦးသန်းရွှေ ဇာတာခွင်

အကြောင်းမှာ ဦးသန်းရွှေ၏ ချက်တဝိုက်၌ မှဲ့စလွယ် (သို့မဟုတ်) အမှတ်အသား ပါရှိသောကြောင့်ဟု ဆိုသည်။ ထို့ကြောင့် ၎င်း မွေးပေးသော မွေးသက္ကရာဇ်ကိုသာ ခေတ္တအတည်ယူထားလိုက်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ငယ်စဉ်က ကျောက်ဆည်မြို့၌ ကျောင်းပညာသင်ကြား၍ ၁၉၅၁ ခုနှစ် အသက် ၁၈ နှစ်၌ အင်္ဂလိပ်–မြန်မာ

www.burmeseclassic.com



၁၀ တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၀ တန်းစာမေးပွဲအောင် မအောင်ကို အတိအကျ မသိရသော်လည်း မဆလပါတီ ဗဟိုကော်မတီလောင်းကိုယ်ရေးမှတ်တမ်း အကျဉ်း၌ ၁၀ တန်းအောင်ဟု ဖော်ပြထားသည်။

ထို့နောက် ၁၉၅၂ ခုနှစ် မိတ္ထီလာမြို့ရှိ စာတိုက်၌ တစ်နှစ်ခန့် စာတိုက်စာရေး ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် တပ်မတော်အရာရှိ လေ့ကျင့်ရေးကျောင်း O.T.S အပတ်စဉ် (၉)သို့ တက်ရောက်ကာ ဒုဗိုလ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ သူ၏ ကိုယ်ပိုင်နံပါတ်မှာ ကြည်း ၆၇၁၀ ဖြစ်ပြီး အမှတ် (၁) ခြေလျင်တပ်ရင်းတွင် တာဝန်ကျခဲ့သည်။ သူ၏ အပတ်စဉ် တစ်ပတ်တည်း ကျောင်းဆင်းခဲ့သူများမှာ နဝတခေတ်၌ ပထမပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်ပြီးနောက်၊ များမကြာခင် ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီးအဖြစ် ရွှေ့ပြောင်းခံရသူ ကိုယ်ပိုင်နံပါတ် (ကြည်း –၆၅၉၀) ဒုဗိုလ်မှူးကြီးဟောင်း စိုးညွန့် (ကဗျာဆရာ ထီလာစစ်သူ) နှင့် ဗိုလ်ချုပ်ဘုန်းမြင့် (ကြည်း–၆၆၆၂)၊ ဗိုလ်ချုပ်မြသင်း (ကြည်း–၆၆၀၅)တို့ ဖြစ်သည်။ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်များတွင် KNU နှင့် ဗကပတို့ကို စစ်ဆင်ရေးတိုက်ပွဲများတွင် ပါဝင်ခဲ့သည်။ ထို့နောက် မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဗဟိုနိုင်ငံရေးသိပ္ပံကျောင်း၊ စိတ်ဓာတ်စစ်ဆင်ရေးဌာနတွင် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့ရသည်။ ၁၉၆၂ တွင် ဗဟိုနိုင်ငံရေးတက္ကသိုလ်၌ နည်းပြ၊ ဌာနမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၁ စတုတ္ထအကြိမ် ပါတီညီလာခံ ဗဟိုကော်မတီဝင်လောင်း ကိုယ်ရေးမှတ်တမ်းအကျဉ်း၌ ဦးသန်းရွှေ၏ ကိုယ်ရေးအကျဉ်းကို ဤသို့ ဖော်ပြထားသည်။

| | |
|---|---|
| **အမည်** | – ဗိုလ်မှူးချုပ်သန်းရွှေ |
| **ပါတီဝင်အမှတ်/သက်တမ်း** | – ၁၀၀၁၄၈၉/ ၂၂ နှစ် ၆ လ။ |
| **လူမျိုး** | – မြန်မာ၊ ပညာအရည်အချင်း အင်္ဂလိပ်–မြန်မာ ၁၀ တန်းအောင်။ |
| **မွေးနေ့သက္ကရာဇ်** | – ၂–၂–၁၉၃၃။ အသက် ၅၂ နှစ် |

www.burmeseclassic.com

www.burmeseclassic.com



ဗဟိုကော်မတီဝင် လက်ရှိပါတီတာဝန်/
လက်ရှိအလုပ်အကိုင် – ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်း၊ ဒေသပါတီကော်မတီ၊ တိုင်းမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်။

၁၉၃၃ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ– ကျောက်ဆည်မြို့ အစိုးရ မူလတန်းကျောင်းတွင် တတိယတန်း ပညာသင်ကြားခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ – ကျောက်ဆည်မြို့ အစိုးရ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေဆဲ ဖြစ်သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ – ၁၉၅၁ ခုနှစ်တွင် ကျောက်ဆည်မြို့ အစိုးရအထက်တန်းကျောင်းမှအင်္ဂလိပ် – မြန်မာ ၁၀ တန်း အောင်မြင်ခဲ့သည်။ ၁၉၅၂ – ၅၃ ခုနှစ်များတွင် မီးဘိုလာ စာတိုက်၌ စာတိုက်စာရေးအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဗိုလ်လောင်း အပတ်စဉ် (၉) တက်ရောက်ခဲ့ပြီး အမှတ် (၁) ခြေလျင်တပ်ရင်းတွင် ဒုဗိုလ်အဖြစ် စတင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် တပ်ခွဲမှူးတာဝန်ထမ်းဆောင်နေရာမှ အမှတ်(၁) နယ်လှည့်စိတ်ဓာတ်စစ်ဆင်ရေးတပ်သို့ ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ခဲ့ပြီး၊ ၁၉၆၂ ခုနှစ်တွင် နိုင်ငံရေးတက္ကသိုလ် နည်းပြ၊ ဌာနမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ယခုအထိ – ၁၉၆၆ ခုနှစ်တွင် အမှတ် ၁၀၁ ခြေလျင်တပ်ရင်း၌ ဌာနချုပ် တပ်ခွဲမှူးအဖြစ် လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ဦးစီးဌာနတွင် စစ်ဦးစီးမှူး (ဒုတိယတန်း)အဖြစ်လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးဌာနစု စစ်ဦးစီးမှူး (ပထမတန်း) အဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် အမှတ် ၈၈ ခြေမြန်တပ်မဌာနချုပ်၌ ဒုတိယ တပ်မမှူး၊ ၁၉၈၀ ပြည့်နှစ် မတ်လတွင် ယင်းတပ်မ၌ပင် တပ်မမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၈–၈–၈၃ ရက်နေ့တွင် အနောက်တောင်ပိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန် တိုးမြှင့်ထမ်းဆောင်ခဲ့သည်။ ၉–၈–၈၃ ရက်နေ့မှစ၍ ဧရာဝတီတိုင်း ဒေသ ပါတီကော်မတီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည်ဟူ၍ ဖော်ပြထားသည်။

၁၉၇၀ ပြည့်နှစ် အမှတ် (၁) ခြေလျင်တပ်ရင်းတွင် တပ်ရင်းမှူး တာဝန် ထမ်းဆောင်ခဲ့ပြီး သံလွင်မြစ်အရှေ့ပိုင်းနှင့် ရှမ်းပြည်မြောက်ပိုင်း နယ်မြေများတွင် စစ်ဆင်ရေးတာဝန်များယူခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ရန်ကုန်စစ်ရုံးချုပ် သို့ ရောက်လာပြီး စစ်ဆင် ရေးဗျူဟာများကို တာဝန်ယူခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် တပ်မ (၈၈) တပ်မမှူးအဖြစ် ခန့်အပ်ခံရပြီး ရှမ်းပြည်နယ်တွင် ဗကပများ နှိမ်နင်းရေး စစ်ဆင်မှုများကို ကွပ်ကဲခဲ့ရသည်။ ၁၉၈၃ ခုနှစ်တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဖြစ်လာသည်။

ထို့နောက် ဗိုလ်မှူးချုပ်သန်းရွှေသည် ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဗိုလ်ချုပ် အဆင့် တိုးမြှင့်ခံရသည်။ တဖန် တစ်နှစ်အကြာ ၁၉၈၇ ခု နိုဝင်ဘာလ ၄ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့် တိုးမြှင့် ခံရသည်။ ၁၉၈၈ ခု၊ ဇူလိုင် ၂၇ တွင် ဒုတိယ ကာကွယ်ရေးဝန်ကြီးဖြစ် လာသော်လည်း ၁၉၈၈ ခုနှစ်တွင် စစ်အာဏာရှင် ဦးနေဝင်းနှင့် သမီး ဗိုလ် မှူးခင်စန္ဒာဝင်း တို့က ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေကို ခေါ်ထားပြီး စစ် ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်ခင်ညွန့် ကိုသာ ရှေ့တန်းတင် ပွဲထုတ်ထားခဲ့သည်အတွက် မကျေမနပ်ဖြစ်ခဲ့သည်။ သို့သော် သူ၏ မကျေ နပ်ချက်ကို မျိုသိပ်ခဲ့လေသည်။

ထို့နောက် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလအတွင်း စစ်အာဏာရှင် ဦးနေဝင်း က ဗိုလ်ချုပ်ကြီးစောမောင်နှင့် ဗိုလ်မှူးချုပ်ခင်ညွန့်တို့ကို မရမ်း ကုန်းမြို့နယ်၊ (၇)ရက်ကွက်၊ မေခလမ်းရှိ သူ့အိမ်ကို ခေါ်ယူတွေ့ဆုံပြီး စစ်တပ်ဖြင့် အာဏာသိမ်းရန်နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေး ခေါင်းစဉ် တပ်ထားသော စစ်အာဏာ သိမ်းကောင်စီ၌ ဗိုလ်ချုပ်ကြီး စောမောင်ကို ဥက္ကဋ္ဌ လုပ်ခိုင်းပြီး ဗိုလ်မှူးချုပ် ခင်ညွန့်နှင့် ဗိုလ်မှူးကြီး တင်ဦးတို့ကို နဝတအဖွဲ့ အတွင်းရေးမှူး (၁) နှင့် (၂) ဆောင်ရွက်ရန် ညွှန် ကြားခဲ့သည်။ အာဏာသိမ်းရမည့် စက်တင်ဘာလ ၁၈ ရက်ကို ဦးနေဝင်း

www.burmeseclassic.com

www.burmeseclassic.com



တပင် ဂဏန်းဗေဒင်အရ တွက်ချက်ပေးခဲ့သည်။ ဦးနေဝင်းသည် ဂဏန်းဗေဒင်ပညာကို အလွန်ယုံကြည်သူဖြစ်ရာ သူ၏မွေးနံ ဂဏန်း (၆) နှင့် အကျိုးပေးသော ၃ နှင့် ၉ ဂဏန်းကို အလွန်နှစ်သက်သောကြောင့် စစ်အာဏာသိမ်းကောင်စီ၏ အမည်ကိုပင် ၉ ဂဏန်းကျစေရန် နဝတ (န = ၇ + ဝ = ၄ + တ = ၇ = ၁၈ = ၁+ ၈ = ၉) ဟူ၍ အတိုကောက် မှည့်ခေါ် စေသလို ၉ ဂဏန်းကျသော စက်တင်ဘာလ ၁၈ ရက်နေ့ကိုပင် အာဏာသိမ်းခိုင်းခဲ့လေသည်။

ဗိုလ်ချုပ်ကြီး စောမောင်ကလည်း ဒုတိယကာကွယ်ရေး ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသန်းရွှေကို နဝတအဖွဲ့၌ သာမန်အဖွဲ့ဝင်တစ်ဦးအဖြစ်သာ ထည့်သွင်းခဲ့ပြီး၊ အရေးပါလှသည့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာပေါ်လစီများကို ကိုင်တွယ်ခိုင်းခြင်း မရှိဘဲ လမ်းဖောက်၊ တံတားဆောက်သည့် လုပ်ငန်းအချို့တွင်သာ ကြီးကြပ်စေခဲ့သောကြောင့် ယင်းတို့ အပေါ်ချွင် အညိုးအတေး ထားခဲ့သည်။ သို့သော် မိမိ၏ မကျေနပ်မှုကို မျိုသိပ်ထား လေသံမျှပင် မဟခဲ့ချေ။

အလွန် အကင်းပါးသော ဗိုလ်မှူးချုပ်ခင်ညွန့်က နဝတအတွင်း စည်းလုံးညီညွတ်ရေးကို ရှေ့ရှုပြီး ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေကို နဝတအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရန် အခွင့်သာတိုင်း အကြိမ်ကြိမ် နားချစည်းရုံးခဲ့သည်။ သို့သော် ဗိုလ်ချုပ်သန်းရွှေကို ၁၉၈၉ မေလ ၃ မှာ စတင် ဖွဲ့စည်းခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုအဖွဲ့၌ ဥက္ကဋ္ဌအဖြစ်သာ ခန့်အပ်သည်။

ထို့နောက် ၁၉၉၀ ပြည့်နှစ် အစောပိုင်းတွင် နဝတဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးတာဝန် ယူထားသော ဗိုလ်ချုပ်ကြီးစောမောင်သည် ဗိုလ်ချုပ်မှူးကြီးရာထူးကို ယူခဲ့ပြီး ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေကို ဗိုလ်ချုပ်ကြီးရာထူးတိုးမြှင့်ကာ နဝတအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။

ထိုနှစ်မှာပင် နဝတ အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ်ခင်ညွန့်သည် ဗိုလ်ချုပ်အဆင့်သို့လည်းကောင်း၊ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးတင်ဦး

www.burmeseclassic.com

www.burmeseclassic.com



သည် ဗိုလ်မှူးချုပ်အဆင့်သို့လည်းကောင်း တိုးမြှင့်ခံရသည်။ ၁၉၉၁ စက်တင်ဘာလ ၁၈ ရက်နေ့ နဝတအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်သည် မိမိတာဝန်ယူထားသော နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝန်ကြီးတာဝန်ကို ဦးအုံးကျော်အား လွှဲပြောင်းပေးအပ်သည့် ကြေညာချက် အမှတ် ၁/၉၁ ကို ထုတ်ပြန်ခဲ့သည်။

ဗိုလ်ချုပ်ကြီးသန်းရွှေအား နဝတ ဒု-ဥက္ကဋ္ဌ ခန့်အပ်ခဲ့သော်လည်း အညိုးအတေးကြီးလှသော ဗိုလ်ချုပ်ကြီးသန်းရွှေသည် ဗိုလ်ချုပ်မှူးကြီး စောမောင်၏ ခြေလှမ်း အမှားကိုသာ စောင့်ဆိုင်းနေခဲ့သည်။ စစ်ထောက်လှမ်းရေးအကြီးအကဲနှင့် နဝတအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်ကိုမူ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံအတွင်း အဖျက်အမှောင့်လုပ်ငန်းများကို လျှို့ဝှက်လုပ်ကိုင်၍ စစ်အာဏာသိမ်းရန် အခြေအနေပေါ်ပေါက်ရန် ဖန်တီးလုပ်ဆောင်ပေးခဲ့သူဖြစ်သောကြောင့် ၎င်းအတွက် တစ်ချိန်ချိန်တွင် အသုံးတည့်နိုင်သည်ဆိုသည့် အတွေးဖြင့် အချိုသတ် ဆက်ဆံထားခဲ့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)
## တပ်ချုပ်ကြီးဘဝ

ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သော ပါတီစုံ အထွေထွေရွေးကောက်ပွဲ၌ မဆလ ပါတီအဖြစ်လဲ တစည ခေါ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ အနိုင်ရရှိမည်ထင်၍ ရွေးကောက်ပြီးလျှင် တပ်မတော်က စစ်တန်းလျား ပြန်မည်ဟု အာချောင်မိခဲ့သည်။ သို့သော် တကယ်တမ်း N.L.D ပါတီက အပြတ်အသတ် အနိုင်ရရှိသောအခါ နဝတအဖွဲ့အတွင်း သဘောထားတင်းမာသော ဗိုလ်ချုပ်ကြီး သန်းရွှေ ဦးဆောင်သည့် နဝတဗိုလ်ချုပ်များက လွှတ်တော်ခေါ်ပေးရန်နှင့် N.L.D ပါတီကို အာဏာလွှဲပြောင်းပေးမည့်ကိစ္စကို ပြင်းထန်စွာ ကန့်ကွက်သောကြောင့် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ကတိတည်သူအဖြစ် ပြည်တွင်းပြည်ပ၏ အကြီးအကျယ် ထိုးနှက်ဝေဖန်ခြင်းကို ခံခဲ့ရ သည်။

သို့ကလို ဘေးကျပ်နံကျပ် အခြေအနေများနှင့် ရင်ဆိုင်လာခဲ့သည့် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် စိတ်ထွက်ပေါက် ရှာသည့်အနေဖြင့် အရက်ကို နေ့ရောညပါ သောက်စားခဲ့ရာမှ နောက်ဆုံး၌ စိတ်ဝေဒနာ ခံစားလာပြီး မိန့်ခွန်းခြွေရာမှာပင် အမှားအယွင်းများ ဖြစ်ပေါ်လာသည်။ အကွက်ကောင်းကို ချောင်းနေသော ဗိုလ်ချုပ်ကြီး သန်းရွှေသည် ဗိုလ်ချုပ်မှူးကြီးစောမောင်၏ မိန့်ခွန်းများကို တစ်လုံးမှ ပြင်ဆင် သည်းဖြတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com





ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအား နှုတ်ဆက်နေစဉ်။

မပြုဘဲ ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခိုင်းခဲ့ပြီး ပြည်သူနှင့် တပ်မတော်အကြား၌ ပညာသားပါပါ သိက္ခာချခဲ့သည်။

ထို့နောက် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကျော်ဝင်း(နောင် ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး) ဦးဆောင်သည့် သမားတော်ကြီးများကို ဆေးစစ်ဆေးခိုင်းပြီး ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ကျန်းမာရေးအခြေအနေ မကောင်းကြောင်း၊ ဆေးထောက်ခံစာ တင်ပြခိုင်းသည်။ ဗိုလ်ချုပ်ကြီးသန်းရွှေသည် အဆိုပါ ဆေးစာကို နဝတအဖွဲ့နှင့် စစ်အစိုးရအဖွဲ့ဝင်များကို ပြသ၍ တစ်ဦးချင်း သဘောထားကို ခေါ်ယူမေးမြန်းခဲ့သည်။ ထိုစဉ်အတွင်း ၁၉၉၂ ခုနှစ် မတ်လ ၂၀ တွင် နဝတဖွဲ့၏ ကြေညာချက် ၆/၉၂ ဖြင့် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေသည် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် လွှဲပြောင်းယူ လိုက်သည်။

အစစအရာရာ အကွက်စေ့အောင် ဖန်တီးနိုင်ခဲ့သည့် ဗိုလ်ချုပ်ကြီး သန်းရွှေသည် သူကိုယ်တိုင် လက်မှတ် ရေးထိုးထားသည့် နဝတ ကြေညာချက်အမှတ် ၈/၉၂ ကို ၁၉၉၂ ခုနှစ် ဧပြီလ ၂၃ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်

www.burmeseclassic.com



ခဲ့ပြီး ဗိုလ်ချုပ်မှူးကြီး စောမောင်ကို တာဝန်အရပ်ရပ်က အနားပေးလိုက်ကြောင်း ကြေညာခဲ့သည်။ ကြေညာချက်၌...

"နိုင်ငံတော်၏ မြားမြောင်ကြီးလေးလှသော အလုပ်တာဝန်များ ၏ဒဏ်ကြောင့် ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ကျန်းမာရေးသည် အနားယူလျှင် မဖြစ်တော့သည့် အခြေအနေအထိ ချွတ်ယွင်းလာသဖြင့် တာဝန်များ ပြန်လည်ထမ်းဆောင်နိုင်သော ကျန်းမာရေးအခြေအနေသို့ ရောက်ရှိသည်အထိ အနားယူနေရန် ကျွမ်းကျင်သော ဆရာဝန်ကြီးများက အကြံပြုဆောက်ခံချက်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစည်းအဝေးတွင် တင်ပြပြီး ဗိုလ်ချုပ်မှူးကြီးစောမောင်၏အား အနားယူစေရန် ဆုံးဖြတ်လိုက်ကြောင်း ကြေညာအပ်ပါသည်"ဟူ၍ ဖော်ထားသည်။ နဝတ အဖွဲ့အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်ကလည်း အဆိုပါရက်စွဲဖြင့်ပင် နဝတ ကြေညာချက် ၉/၉၂ ကို ထုတ်ပြန်ခဲ့ပြီး နဝတ ဥက္ကဋ္ဌနေရာကို ယခု အချိန်မှစ၍ ဗိုလ်ချုပ်ကြီးသန်းရွှေက ဆက်လက်တာဝန်ယူသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အမှန်စင်စစ် ဗိုလ်ချုပ်ကြီးသန်းရွှေသည် ၁၉၉၂ ဧပြီလ ၂၂ ရက်နေ့ကတည်းကပင် ကာကွယ်ရေးဦးစီးချုပ် တာဝန်ကို စတင် ထမ်းဆောင်နေခဲ့ပြီ ဖြစ်သည်။

တစ်ဖန် ၁၉၉၂ ဧပြီလ ၂၄ ရက်နေ့တွင် နဝတအဖွဲ့၏ ကြေညာချက် ၁၀/၉၂ ဖြင့် န-ဝ-တ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေသည် အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ တာဝန်အပြင် ဝန်ကြီးချုပ်၏ တာဝန်ကိုပါ ထမ်းဆောင်ကြောင်း ကြေညာခဲ့သည်။

ဤသို့ဖြင့် ဗိုလ်ချုပ်မှူးကြီးစောမောင်သည် တပ်ချုပ်ကြီး ရာထူးနှင့် နဝတဥက္ကဋ္ဌရာထူးမှ ဖယ်ရှားခံလိုက်ရတော့သည်။ ဗိုလ်ချုပ်မှူးကြီးစောမောင်အပေါ် သစ္စာဖောက်ပြီးနောက်ကျောကို ဓားနှင့် ထိုးခဲ့ကြသည့် ဗိုလ်ချုပ်ကြီး သန်းရွှေနှင့် ဗိုလ်ချုပ်ခင်ညွန့်တို့ကို ဗိုလ်ချုပ်မှူးကြီး၏ နီးဒေါ်အေးရီက ခံပြင်းဒေါသထွက်ကာ ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ အထိ တက်၍ ရန်တွေ့ခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသန်းရွှေသည် ကာကွယ်ရေးဦးစီးချုပ်နှင့် နဝတ ဥက္ကဋ္ဌဖြစ်လာပြီးနောက် သူ့ရဲ့အာဏာ တည်တံ့ခိုင်မြဲရေးအတွက်

www.burmeseclassic.com





ဘန်ကီမွန်းနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ။

စစ်ရုံးချုပ်နှင့် ဗိုလ်ချုပ်ခင်ညွန့်၏ ထောက်လှမ်းရေးဌာနများ၌ "သူ့အတွင်းလူ"များကို နေရာချထားလိုက်သည်။ သူ တပ်မ (၈၈)တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်က စစ်ဦးစီးမှူး (ဒုတိယတန်း)အဖြစ် သူ့လက်အောက်တွင် တာဝန် ထမ်းဆောင်ခဲ့ဖူးသော ဒုဗိုလ်မှူးကြီး ကျော်ဝင်း (မန္တလေး အမှတ် (၁) စစ်ထောက်လှမ်းရေးတပ်မှူး)ကို ၁၉၉၂ မေလတွင် ရန်ကုန် စစ်ရုံးချုပ်ကို ချက်ချင်းခေါ်ယူခဲ့ပြီး၊ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံး၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ကာ ဗိုလ်ချုပ်ခင်ညွန့်ကို အနီးကပ် ထိန်းချုပ်နိုင်ရန် စတင် ကြိုးပမ်းခဲ့သည်။

ဗိုလ်ချုပ်မှူးကြီး စောမောင် လက်ထက်က စစ်ရုံးချုပ်မှ ယာယီနှင်ထုတ်ထားသော သူ့တပည့်ရင်း ဗိုလ်မှူးချုပ်တင်ဦး (အတွင်းရေးမှူး-၂) နှင့် စစ်ဦးစီး (ပထမတန်း) ဗိုလ်မှူးကြီး ခင်မောင်သန်းကို စစ်ရုံးချုပ်သို့ ပြန်လည်ခေါ်ယူ၍ တာဝန်ပြန်ပေးအပ်ခဲ့သည်။ ဗိုလ်မှူးကြီး ခင်မောင်သန်းကို တပ်မ (၁၁) တပ်မမှူးအနေဖြင့် ခန့်အပ်တာဝန်ပေးထားသော်လည်း အမှန်စင်စစ် ဗိုလ်ချုပ်ကြီးသန်းရွှေသည် သူ့အနီးခေါ်ယူသော တပ်မ (၁၁)

www.burmeseclassic.com

www.burmeseclassic.com



ကို စစ်ရုံးချုပ်မှနေ၍ ကွပ်ကဲစေသည်။ ဗိုလ်ချုပ်မှူးကြီးဟောင်း စောမောင်၏ အတွင်းလူများ အားလုံးကိုလည်း စစ်ရုံးချုပ်မှ ဖယ်ရှားပစ်ခဲ့ပြီးနောက်၊ ဗိုလ်ချုပ်ကြီးသန်းရွှေ နတခတိုင်းမှူးဘဝဖြင့် ပုသိမ်၌ နေထိုင်စဉ်အတွင်း သူ့ဇနီး ဒေါ်ကြိုင်ကြိုင်၏ စကားကို မြေဝယ်မကျ နားထောင်ခဲ့သော ဗိုလ်မှူး နေဝင်းကို ရာထူး အဆင့်ဆင့် တိုးမြှင့်ကာ နဝတဥက္ကဋ္ဌ၏ စစ်ဘက်ဆက်ထောက် ခန့်အပ်ခဲ့သလို၊ သူ့အတွင်းလူ ဗိုလ်မှူး ဆန်းဆင့်ကို ဗိုလ်ချုပ်ရာထူးအထိ အဆင့်ဆင့်တိုးပေး၍ စစ်ရာထူးခန့်ချုပ်အဖြစ် မြှောက်စားခဲ့သည်။ ထို့ပြင် ဗိုလ်ချုပ်ကြီးသန်းရွှေ တိုင်းမှူးဘဝက အိမ်တော်စောင့်ထုံးခြုံရေးအရာရှိလုပ်ခဲ့သော ဗိုလ်ကြီးလှအောင်သိန်းကိုလည်း စစ်ရုံးချုပ်ခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း အဖြစ် ခန့်အပ်ထားလိုက်သည်။

နောက်မကြာခင်မှာပင် ဗိုလ်ချုပ်ကြီးသန်းရွှေသည် ဗိုလ်ချုပ်မှူးကြီးရာထူးကို ယူလိုက်သည်။ ဗိုလ်ချုပ်မှူးကြီးရာထူးကို အင်္ဂလိပ်ဘာသာဖြင့် Senior General လို့ သုံးနှုန်းထားရာ တိုက်ရိုက်ဘာသာပြန်လျှင် ဝါရင့်ဗိုလ်ချုပ်ကြီးအဆင့်ရာထူးပင်ဖြစ်သည်။ အဆိုပါ ရာထူးများအားလုံးသည် အရှတ်စစ်တပ်ဖွဲ့စည်းပုံအရ တိုက်ရိုက်ကူးယူထားခြင်း ဖြစ်ပါသည်။ ထူးခြားမှုက တရုတ်စစ်တပ်မှာ Senior Major (ဝါရင့် ဗိုလ်မှူး)နှင့် Senior Sergeant(ဝါရင့်တပ်ကြပ်ကြီး)ရှိသော်လည်း မြန်မာ့တပ်မတော်၌ အဆိုပါရာထူးနှစ်ခုတော့ မရှိပါချေ။

မြန်မာ့တပ်မတော်၏ ပြန်တမ်းဝင် အရာရှိ ရာထူး အဆင့်ဆင့်ခန့်အပ်ထားပုံမှာ ဒုဗိုလ်၊ ဗိုလ်၊ ဗိုလ်ကြီး၊ ဗိုလ်မှူး၊ ဒုတိယဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီး၊ ဗိုလ်မှူးချုပ်၊ ဗိုလ်ချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်ကြီး၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး၊ ဗိုလ်ချုပ်မှူးကြီးတို့ပင် ဖြစ်သည်။

ဦးနေဝင်းနှင့် မဆလ ထိပ်တန်းခေါင်းဆောင်များက ၁၉၈၈ စက်တင်ဘာလ၌ တပ်မတော်ကို အာဏာသိမ်းရန် အမိန့်ပေးခဲ့စဉ်က အာဏာသိမ်းအဖွဲ့၌ ဗိုလ်ချုပ်မှူးကြီးစောမောင်ပြီးရင် ဗိုလ်ချုပ်ခင်ညွန့်ကို ဒုတိယခေါင်းဆောင်အဖြစ် သတ်မှတ်ပေးထားခဲ့သည်။

သို့သော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာပြီးနောက် လစ်လပ်သွားသော သူ၏ဒုတိယကာကွယ်ရေး ဦးစီးချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်အေးကို ၁၉၉၃ မတ်လ ၂၇ ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။

နဝတ ဒုတိယ ဥက္ကဋ္ဌရာထူးကို ဗိုလ်ချုပ်ခင်ညွန့်ကို ပေးလိုက်လျှင် စစ်တပ်၏ စည်းလုံးညီညွတ်မှု ပျက်စီးကာ နောက်ထပ်အာဏာသိမ်းမှုတစ်ခု ဖြစ်လာနိုင်သည်ဟု သူ ယူဆထားပုံရသည်။

ဗိုလ်ချုပ်မောင်အေးသည် ကန့်ဘလူမြို့၌ ၁၉၃၇ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့က ဖွားမြင်ခဲ့သည်။ ၁၉၅၄ ခုနှစ်၌ ဒသမတန်း အောင်မြင်ပြီး ၁၉၅၅ ခု၊ ဇွန်လ ၂၀ ရက်နေ့တွင် တပ်မတော်သို့ ဝင်ရောက်၍ မေမြို့ စစ်တက္ကသိုလ် ဗိုလ်သင်တန်း အပတ်စဉ် (၁) သို့ တက်ရောက်ခဲ့သူ ဖြစ်သည်။ ၁၉၅၉ ခုနှစ် ဇွန်လ ၁၂ ရက်၌ တပ်မတော် ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရပြီး ခလရ ၃၀ မှာ တပ်စုမှူး၊ တပ်ခွဲမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ထို့နောက် ၁၉၆၅ တွင် ကာကွယ်ရေးဝန်ကြီးဌာနလေ့ကျင့်ရေးနှင့် စီမံရေးညွှန်ကြားရေးမှူးရုံးသို့ ပြောင်းရွှေ့ပြီး၊ စစ်ဦးစီးအရာရှိ တတိယတန်းအဖြစ်လည်းကောင်း၊ ဗဟိုနိုင်ငံရေးသိပ္ပံကျောင်း၌ တောင်သူလယ်သမားရေးရာ အမှတ်စဉ် (၇) တပ်ခွဲ(၁) တပ်စု ၃ နှင့် ၄ တို့ကို ၁၉၆၇ ခုနှစ် မေလ ၂၀ မှ ဩဂုတ်လ ၁၉ ရက်နေ့အထိ သင်တန်းမှူးအဖြစ် သင်ကြားပေးခဲ့သည်။ ၁၉၇၃ ဒီဇင်ဘာလတွင် စစ်တက္ကသိုလ်မှ လေ့ကျင့်ရေး ညွှန်ကြားရေးမှူးရုံးသို့ စစ်ဦးစီးမှူး (ဒုတိယ တန်း)အဖြစ် ပြောင်းခဲ့သည်။ ၁၉၇၅ မတ်လ ၁၃ ရက်တွင် ခလရ ၆၈ တွင် ယာယီတပ်ရင်းမှူးအဖြစ် စတင် တာဝန်ထမ်းဆောင်ပြီး၊ ၁၉၇၆ မတ် ၁၃ တွင် ဒုတိယ ဗိုလ်မှူးကြီးအဆင့်ရရှိခဲ့သည်။ ၁၉၇၈ ဖေဖော်ဝါရီလ ၂၀ ရက်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သို့ စစ်ဦးစီးမှူး(ပထမတန်း)အဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရပြီး ၁၉၇၈ ခု၊ နိုဝင်ဘာလ ၁၅ မှ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် စစ်ဗျူဟာ စစ်ဗျူဟာမှူး၊ ၁၉၈၂ ဇန်နဝါရီလ ၁ ရက်တွင် ဒုတိယတပ်မမှူးအဖြစ် အမှတ် ၇၇ ခြေမြန်တပ်မဌာနသို့လည်းကောင်း၊ ၁၉၈၃ ဩဂုတ် ၈ ရက် တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးနှင့် မဆလခေတ် မိုးကောင်းမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စား

www.burmeseclassic.com

www.burmeseclassic.com



သူယ်အဖြစ် အသီးသီးထမ်းရွက်ခဲ့သူဖြစ်ပါသည်။ ထို့နောက် ရပခ တိုင်းမှူး ဖြစ်လာခဲ့သည်။

အမှန်စင်စစ် ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့ အသက် ၆၀ ပြည့်လျှင် သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားသွားခဲ့လျှင် မြန်မာ့တပ်မတော်ကို ဆက်လက် ဦးဆောင်ရန်အတွက်ကာကွယ်ရေး ဦးစီးချုပ်လောင်းအဖြစ် လျာထားခြင်း ခံရသူများ၌ မူလက ရတခ တိုင်းမှူး ဗိုလ်ချုပ်ဉာဏ်လင်း (D.S.A)အသက် ၅၂ နှစ်ကို သတ်မှတ်ထားခဲ့ကြသည်။ သို့သော် ဗိုလ်ချုပ်ဉာဏ်လင်းသည် ကျန်းမာရေး မကောင်းသည့်အတွက် ၁၉၉၁ မတ်လ ၁၈ ရက်နေ့တွင် ဆေးပင်စင်ဖြင့် အငြိမ်းစားယူသွားပြီး ၁၉၉၆ မတ်လ ၂၅ ရက်တွင် ကွယ်လွန်သွားခဲ့သောကြောင့် သူနှင့်အစ်တက္ကသိုလ် တစ်ပတ်တည်း ဆင်းခဲ့သော ဗိုလ်ချုပ်မောင်အေးကို မွေ့သာမရှောင်သာ ရွေးချယ်လိုက်ရသည်ဟု သိရှိသည်။

ထိုစဉ်က အသက် ၅၄ နှစ်သာရှိသေးသော ကျောက်တန်းသား ဗိုလ်ချုပ်ခင်ညွန့်သည် သူ့စစ်မှုထမ်း သက်တမ်းတစ်လျှောက် တိုက်ခိုက်ရေးတာဝန်များထက် ဦးစီးအရာရှိ တာဝန်များကိုသာ ထမ်းရွက်ခဲ့သောကြောင့် စစ်ဘက်ရေးရာကိစ္စထက် အုပ်ချုပ်ရေးပိုင်း၌သာ ပိုပြီး စိတ်ဝင်စားခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်ခင်ညွန့်သည် ဒုတိယကာကွယ်ရေး ဦးစီးချုပ်ရာထူးကို ရရှိရန် မျှော်မှန်း မထားသော်လည်း န-ဝ-တ ဒု ဥက္ကဋ္ဌရာထူးကိုမူ ရသာလျှင် ဖြစ်ထိုက်သည်ဟု ယူဆထားခဲ့သည်။

သို့သော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်ချုပ်ခင်ညွန့်ကို ယင်းရာထူးပေးရန် မူလကတည်းက စိတ်မကူးခဲ့ချေ။ ဗိုလ်ချုပ်ခင်ညွန့်သည် ထည်ရွယ်ချက် ကြီးမားပြီး အင်မတန် အကွက်မြင်၍ ပါးနပ်မှုလည်းရှိသည့်အပြင် ဦးနေဝင်း မိသားစုအပါအဝင် မဆလ စစ်ခေါင်းဆောင် အချို့ကလည်း သူ့ကို သဘောကျ အားပေးထောက်ခံနေသည့်အတွက် တစ်နေ့တွင် မိမိကိုယ်ပါ တက်နင်းသွားမည့်ကို စိုးရိမ်ခဲ့သောကြောင့် န-ဝ-တ ဒုတိယဥက္ကဋ္ဌရာထူးကို ဘယ်သူ့ကိုမှ မပေးဘဲ (၂)နှစ်နီးပါးခန့် အချိန်ဆွဲထားခဲ့သည်။ နဝတ စစ်အာဏာသိမ်းကောင်စီနှင့် အစိုးရ ဝန်ကြီးအဖွဲ့၌ အဆိုပါရာထူးကို ဗိုလ်ချုပ်ခင်ညွန့်သာ ရထိုက်သည်။ ဗိုလ်ချုပ်ကြီးမောင်အေးသာ

www.burmeseclassic.com



ထိုက်တန်သည်ဟူ၍ အတွင်းကြိတ် အုပ်စုတိုက်ပွဲလေးများ ပေါ်ပေါက်နေခဲ့သည်။ သို့သော် နောက်ဆုံးတွင် ဗေဒင်ကိန်းခန်းပါမကျန် အမျိုးမျိုးတွက်ချက်ပြီးနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် န၀တ ဥက္ကဋ္ဌရာထူးကို ၁၉၉၄ ခုနှစ် ဧပြီ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး မောင်အေးကိုသာ ပေးအပ်လိုက်လေသည်။

ဗိုလ်ချုပ်ခင်ညွန့်သည် နောက်ဆုံး စိတ်ဓာတ်ကျသွားပြီး သူ့ကို န၀တ အဖွဲ့မှ နုတ်ထွက်ခွင့် ပေးရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အကြိမ်ကြိမ် တောင်းဆိုခဲ့သည်။ သို့သော် တပ်ချုပ်ကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နုတ်ခွင့်လည်းမပေး၊ လုပ်ပိုင်ခွင့်လည်း တိုးမပေးဘဲ ကြိုးရှည်ရှည်ဖြင့် လှန်ထားခဲ့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)
## ဗိုလ်ချုပ်မှူးကြီး သန်းရွှေမိသားစု

သွားလေသူ ဗိုလ်ချုပ်ကြီးစောမောင်က သူ့ကိုယ်သူ ကျန်ခဲ့သည့် စစ်သား (ဝါ)'ကျန်စစ်သား'ဟူ၍ သူ၏ကမ္ဘာကျော် မာရသွန် မိန့်ခွန်း ရှည်ကြီး၌ ထည့်သွင်းပြောဆိုခဲ့ဖူးသည်။ စစ်ထောက်လှမ်းရေးများ ဦးစီး၍ စစ်ထောက်လှမ်းရေး (၁၂)၏ သောင်းရင်းစာပေဗိုင်း ဟူ၍ အမည်တပ် ထားသော စာပေတိုက်မှ ထုတ်ဝေသော မြက်ခင်းသစ် မဂ္ဂဇင်းရှေ့ဆုံးစာမျက် နှာ၌ မုဒိတာ ခေါင်းစဉ်တပ်၍ "များစွာသော ခပ်သိမ်းသောသူအပေါင်းတို့ သည် သားတကွဲ၊ မယားတကွဲ၊ မိတကွဲ၊ ဘတကွဲ ဖြစ်ကြရကုန်၏။ ထိုသူတို့၏ ဆင်းရဲဒုက္ခကို ငါ ငြိမ်းပါအံ့။ ထိုသူတို့၏ မျက်ရည်ကို ငါ သုတ်ပေးပါအံ့။ ငါ၏လက်ယာ လက်ဖြင့် ဆန်စပါးရိက္ခာကိုပေးအံ့။ ငါ၏လက်ဝဲလက်ဖြင့် ဝတ်စားတန်ဆာကို ပေးအံ့။ အမိသည် သားငယ် ကို ရင်ခွင်၌ နှစ်သိမ့်စေ သကဲ့သို့ ငါသည်လည်း တိုင်းသူပြည်သားတို့ကို နှစ်သိမ့်စေသကဲ့သို့ ငါသည် လည်းတိုင်းသူပြည်သားတို့ကို နှစ်သိမ့်စေအံ့" (ကျန်စစ်သားမင်း ခရစ်နှစ် ၁၀၈၄-၁၁၁၂)ဟူ၍ ဖော်ပြကာ "မင်းရူး ဘုံဆော်" လုပ်ပေးခဲ့ကြ သည်။ နောက်ဆုံးတွင် ဗိုလ်ချုပ်မှူးကြီး စောမောင် သည် ယဉ်ယဉ်ကလေး မင်းရူးရူးကာ အထုတ်ခံလိုက်ရတော့သည်။

ဗိုလ်ချုပ်မှူးကြီးစောမောင်အား ဖယ်ရှား၍ အာဏာလွှဲယူလိုက်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုလည်း သူ ကိုးကွယ်နေသော ဘိုးတော်တစ်ဦးက

www.burmeseclassic.com

www.burmeseclassic.com



ညောင်ရမ်းမင်းဆက် (ခရစ် ၁၆၀၀–၁၇၅၂)မှ သာလွန်မင်းတရားကြီး (ခရစ် ၁၆၂၉–၀၂၆၄၈) ဝင်စားခဲ့သူဟူ၍ ပြောဆိုရာမှ နောက်ပိုင်းတွင် သူကိုယ်တိုင် အပါအဝင် တစ်အိမ်သားလုံးက ယုံကြည်သွားကြသည်။

သူ့ဇနီး ဒေါ်ကြိုင်ကြိုင်ကလည်း ၂၀၀၂ ခုနှစ်မှစပြီး သူ့ကို 'မယ်တော်ကြီး'ဟု ခေါ်စေပြီး သူ့သမီးများကို 'သမီးတော်'ဟု ခေါ်ဝေါ်ကြရန် သူတို့မိသားစုနှင့် နီးစပ်သော စစ်ဘက်အရပ်ဘက် အရာရှိကြီးများကို နှုတ်မိန့်ဖြင့် ညွှန်ကြားခဲ့ကြောင်း သိရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၆၉ ခု၊ ဇန်နဝါရီလ၌ ကရင်ပြည်နယ်ရှိအမှတ်(၇၇) ခြေမြန်တပ်မသို့ ဗိုလ်မှူး ရာထူးဖြင့် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များ လှည့်လည်သွားလာခဲ့ရသည်။

ဤသို့လှည့်လည်ရင်း ကရင်ပြည်နယ် ဘားအံမြို့ ကုန်ကလေးအရပ်၌ အဒေါ်များနှင့် နေထိုင်သော ဒေါ်ကြိုင်ကြိုင်နှင့် တွေ့ဆုံရင်းနှီးကာ ချစ်ကျွမ်းဝင်လက်ထပ်ခဲ့သည်ဟု သိရသည်။ ဒေါ်ကြိုင်ကြိုင်သည် ကရင်ပြည်နယ် မြိုင်ကလေးအနီးရှိ ထီလုံခြမ်း၌ အဖ တရုတ်လူမျိုး ဦးကြူတင်နှင့် မိခင် ပအိုဝ်သူ ဒေါ်ဖွားမေတို့မှ ဖွားမြင်ခဲ့သည်။ သို့သော် ကရင်ပြည်နယ် ကော့ကျိုက်မြို့၌ ကြီးပြင်းခဲ့သည်ဟု ဆိုသည်။ မွေးချင်း ၉ ဦးအနက် ပဥ္စမမြောက်သမီးဖြစ်သည်။ ဒေါ်ကြိုင်ကြိုင်၏ မွေးချင်းအစ်ကိုနှင့် ညီမနှစ်ဦးမှာ ဦးဘသိန်း၊ ဦးအောင်သန်း၊ ဒေါ်မြမေ၊ ဒေါ်မအုံ တို့ ဖြစ်သည်။ သူ့ဖခင် ဦးကြူတင်သည် အိမ်ထောင်နှစ်ဆက်ရှိသူဖြစ်ပြီး ပထမဇနီးမှာ ဒေါ်နန်းဝန်းဖြစ်သည်။ ပထမဇနီးနှင့် သား ဦးစိန်ကီး (မန္တလေး) (နှလုံးခွဲစိတ်ကုဆရာဝန် ဒေါက်တာ ခွန်စိုးမိုး၏ ဖခင်)နှင့် ဦးစောစ်ရွှေ (သမဝါယမမင်းကြီးဟောင်း) တို့ ထွန်းကားခဲ့သည်။ ဒုတိယ ဇနီး ဒေါ်ဖွားမေနှင့် သားသမီး (၉) ဦးထွန်းကားခဲ့သည်။

ဦးသန်းရွှေနှင့် အိမ်ထောင်မကျခင်က ဒေါ်ကြိုင်ကြိုင်သည် မော်လမြိုင်မြို့၌ ပညာသင်ကြားနေဆဲဖြစ်သည်။ ဒေါ်ကြိုင်ကြိုင်၏ အမည်ရင်းမှာ မကြန်ဖြစ်သည်။ နောင်တွင် အများက ဒေါ်မကြိုင်ဟုခေါ်တွင်ရာမှ ဒေါ်ကြိုင်ကြိုင် ဖြစ်လာသည်။ ဗိုလ်မှူးကလေး သန်းရွှေနှင့်ဒေါ်ကြိုင်ကြိုင်

www.burmeseclassic.com

www.burmeseclassic.com



အကြင်လင်မယား ဖြစ်ပြီးနောက် သား (၃)ဦးနှင့် သမီး (၅)ဦး [နိုင်စန်းရွှေ ထွန်းနိုင်ရွှေ၊ မဒေဝါရွှေ၊ မခင်ပြုံးရွှေ၊ မကြည်ကြည်ရွှေ (မဩ)၊ သန့်ဇော်ရွှေ (မောင်မောင်)၊ မအေးအေးသစ်ရွှေ၊ မသန္တာရွှေ (မပေါက်)]ထွန်းကားခဲ့သည်။

သား နိုင်စန်းရွှေ၏ ဇနီးမှာ ဒေါက်တာခင်ဝင်းစိန်ဖြစ်ပြီး၊ ထွန်းနိုင်ရွှေ၏ဇနီးမှာ သန္တာခင်ဖြစ်သည်။ သမီး ကြည်ကြည်ရွှေ၏ ခင်ပွန်းမှာ ဆေးတပ်အရာရှိ ဒေါက်တာနေစိုးမောင် ဖြစ်သည်။ သမီးငယ် ခင်ပြုံးရွှေ၏ ခင်ပွန်းမှာ ဗိုလ်မှူးကြီးသိန်းနိုင် (လေတပ်)ဖြစ်သည်။ ၎င်းသည် မကြာမီမှာပင် တပ်တွင်း အပြောင်းအလဲ၌ ဗိုလ်မှူးချုပ်အဆင့် တိုးမြှင့်ခံရကာ မင်္ဂလာဒုံ လေတပ်စခန်းမှူးအဖြစ် တာဝန်ပေးအပ်ခံရသည်။ အငယ်ဆုံးသမီးထွေး သန္တာရွှေ၏ခင်ပွန်းမှာ ဗိုလ်မှူးဇော်ဖြိုးဝင်းဖြစ်သည်။ ယင်းတို့၏ မင်္ဂလာဆောင်ကို ရိုက်ကူးထားသော "စိန်စီသောဘည" ဗွီဒီယိုခွေဖြင့် အွန်လိုင်းတွင် ပျံ့နှံ့ခဲ့သည်။ သမီးကြည်ကြည်ရွှေနှင့် ဒေါက်တာနေစိုးမောင် (နောင် ဒုတိယ ဗိုလ်မှူးကြီး၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ကထိက) တို့မှ သား နေရွှေသွေးအောင်ကို ဖွားမြင်သည်။ ဝါဆိုလပြည့်နေ့၌ ဖွားမြင်၍ "ဖိုးလပြည့်" အမည့်ခေါ်ထားပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အချစ်ဆုံး မြေးတော်ဖြစ်သည်။ ၎င်းသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖခင်ဝင်စားသူဟူ၍ မိသားစုက ယုံကြည်ခဲ့ကြသည်။

ထို့နောက် ကြည်ကြည်ရွှေသည် အိမ်ထောင်ရေး အဆင်မပြေမှုကြောင့် ဒေါက်တာနေစိုးမောင်နှင့် တရားဝင် ကွာရှင်းပြတ်စဲလိုက်သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိသားစုသည် စီးပွားရေးလုပ်ငန်းကြီးများ၌ ထင်ထင်ပေါ်ပေါ်လုပ်ကိုင်သည်ကို မတွေ့ရသော်လည်း နှစ်စဉ်သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးမှကန်တော့ငွေများ၊ ပုဂံလေကြောင်း အပါအဝင် ဆောက်မျက်အသင်းဥက္ကဋ္ဌနှင့် ထူး ကုမ္ပဏီပိုင်ရှင် ခရိုနီဦးတေဇ နှင့် ကြောခင် လွတ်မြောက်လာသော ဦးမောင်ဝိတ် တို့၏ စီးပွားရေးလုပ်ငန်းများ၌ အစုရှယ်ယာထည့်ဝင်ထားကြောင်း သိရသည်။

ဒေါ်ကြိုင်ကြိုင်သည် ဗိုလ်မှူးသန်းရွှေနှင့် လက်ထပ်ပြီးနောက် အောက်ခြေသိမ်း အိမ်မှုကိစ္စများသာမက ခင်ပွန်းဖြစ်သူ၏ အနာဂတ် တက်

www.burmeseclassic.com

www.burmeseclassic.com



လမ်းအတွက် အကြံဉာဏ်ရလိုရကြောင်း၊ နောက်ကွယ်၌ တတ်ကျွမ်းနားလည်သည့် ဗေဒင်လက္ခဏာဆရာများကို ချဉ်းကပ်ပြီး ခင်ပွန်း ဇာတာကို တွက်ချက်စစ်ဆေးလေ့ရှိသည်ဟု သိရသည်။

ဧရာဝတီဂျာနယ်အတွဲ-၁၊ အမှတ်-၅ (၂၀၁၄ ဖေဖော်ဝါရီ ၂ ရက်) ထုတ်၌ အောင်ဇော်ရေးသားခဲ့သော "အာဏာရှင်များနှင့် မြန်မာ့တပ်မတော် အပိုင်း(၅)" ဆောင်းပါး၌ "ဒေါ်ကြိုင်ကြိုင်သည် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်လောက်တွင် အခြားအရာရှိ ကတော်များနှင့်အတူ နာမည်ကျော် ဝေဒပညာရှင် ဦးဉာဏ်ဇော် ဆီ သွားရောက်ဗေဒင်တွက်ခဲ့ရာ သူ့ခင်ပွန်းသည် တစ်နေ့ကျလျှင် မြန်မာနိုင်ငံ၏အကြီးအကဲ ဖြစ်လာလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့ရာ ပထမပိုင်း၌ ဒေါ်မကြိုင်သည် မယုံကြည်ခဲ့ဟု ဆိုသည်။ ထို့ပြင် မလိုသူများ သိသွားလျှင် သူ့ခင်ပွန်း အလုပ်ပြုတ်သွားမည်ကိုလည်း စိုးရိမ်ခဲ့ကြောင်း၊ ထို့ကြောင့် ယင်းအကြောင်းကို မည်သူ့ကိုမျှ မပြောခဲ့ကြောင်း" ရေးသားဖော်ပြသည်။

ထို့နောက် အခြားဗေဒင်ဆရာများကလည်း ယခင်ဗေဒင်ဆရာများ ဟောခဲ့သည့်အတိုင်း ထပ်တူထပ်မျှ ထပ်မံဟောကြားခဲ့ရာ ဒေါ်ကြိုင်ကြိုင်သည် ယုံရအခက် မယုံရအခက် ဇဝေဇဝါဖြစ်လာခဲ့သည်။ ဦးသန်းရွှေ၏ ဖအေတူ အမေကွဲ အစ်မကြီးဖြစ်သူ ဒေါ်ကြီးခင် ကလည်း စကားစပ်၍ "မောင်သန်းရွှေက မွေးကတည်းက ထူခြားသူပါအေ" အချင်းစလွယ်သိုင်းမွေးခဲ့သလို သူ့ကိုယ်မှာလည်း မှဲ့စလွယ်ပါတယ်"ဟု ဆိုခဲ့သည်။ မြန်မာ့ရိုးရာ အစဉ်အလာ မှဲ့စလွယ်ပါသူများနှင့် အချင်းစလွယ်သိုင်း မွေးဖွားသူများသည် ဘုန်းရှင် ကံရှင်၊ ပါရမီထူးသူများဖြစ်ပြီး တစ်နေ့တွင် အကြီးအကဲ ဖြစ်သည့် ပုဗ္ဗနိမိတ်ဟူ၍ ယုံကြည်ခဲ့ကြသည်။

မည်သို့ဆိုစေ အမှန်တကယ်ပင် တစ်နေ့သောအခါ၌ သူသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နဝတအဖွဲ့၏ ဥက္ကဋ္ဌကြီး ဖြစ်လာခဲ့သောသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)
## အာဏာရှင်ဘဝ၏အစ

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှ ၂၀၁၁ ခုနှစ် မတ်လ အထိ စစ်အာဏာရှင် သုံးဦး ရာစုဝက်မျှ အုပ်ချုပ်မင်းမူခဲ့ရာ ဗိုလ်ချုပ်ကြီးနေဝင်း (၁၉၆၂-၁၉၈၈)၊ ဗိုလ်ချုပ်မှူးကြီးစောမောင် (၁၉၈၈-၁၉၉၂)၊ နှင့် နောက်ဆုံးအာဏာရှင်ကြီးမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေပင် ဖြစ်သည်။ သူတို့သုံးဦးအနက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၂ ခုနှစ် အာဏာ မရခင်အထိ လူသိများ ထင်ရှားခဲ့သူ မဟုတ်ချေ။ သို့သော် သူသည် ဆရာ့ဆရာများထက် တပည့်လက်ဝါးစောင်းထက်ဆိုသလို ဆရာသမားတို့၏ စံချိန်ကို ချိုးကာ အကြွင်းမဲ့အာဏာရှင်အဖြစ် ၁၉၉၂ မှ ၂၀၁၀ အထိ ၁၈ နှစ်တိုင်တိုင် အုပ်ချုပ်စိုးမိုးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် သူတို့ သုံးဦး မင်းမူအုပ်ချုပ်သွားခဲ့မှုကြောင့် အရှေ့တောင်အာရှတွင် သယံဇာတ အကြွယ်ဆုံး၊ လူသား အရင်းအမြစ်အဖွံ့ဖြိုးဆုံးနှင့် အာရှတွင် ဖွံ့ဖြိုးတိုးတက် အလားအလာအရှိဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် စုတေ၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနယ်ပယ် အရပ်ရပ်တွင် ချွတ်ခြုံကျသွားသော ကျရှုံးနိုင်ငံ (Failed Country)အဖြစ် သတ်ဆင်းသွားခဲ့ရပေသည်။

ယခုအချိန်အထိ ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေသည် နောက်ကွယ်မှ နိုင်ငံတော်အာဏာ အရပ်ရပ်ကို ချုပ်ကိုင်ထားနိုင်သော တစ်ဦးတည်းသော သက်ရှိထင်ရှားရှိသည့် အာဏာရှင်ကြီးပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





အလေးချိန် ၄၆ဖြ ဒသမ ၅ ကရက်ရှိ အဖိုးမဖြတ်နိုင်သည့် ပတ္တမြား
(နောင် နဝတပတ္တမြား)ကို ကြည့်ရှုနေစဉ်။

စင်စစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အောက်ခြေမှ အဆင့်ဆင့် ထိပ်ပိုင်းသို့ရောက်လာသော ဝါရင့်စစ်သားကြီးတစ်ဦးမျှသာ ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များတွင် မဆလပါတီ ဗဟိုကော်မတီတစ်ဦးအဖြစ် တာဝန်ယူခဲ့ရုံမျှလွဲ၍ မည်မည်ရရ နိုင်ငံရေးအတွေ့အကြုံမရှိလှပေ။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်းတို့ကဲ့သို့ နိုင်ငံရေး အစဉ်အလာရှိသူလည်း မဟုတ်ချေ။

ထို့ကြောင့်လည်း နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းတွင် သူသည် စစ်ရေးအမြင်၊ စစ်ရေးရပ်တည်မှု၊ စစ်အာဏာတည်မြဲမှုကိုသာ ရှေးရှု၍ အရာရာကို စစ်ရေးအမြင်ဖြင့်သာ ရှုမြင်သုံးသပ် ဆောင်ရွက်ခဲ့သည်။ သူသည် စစ်ရေးအင်အားကိုသာ အားပြုခဲ့သည်ဟု ဆိုနိုင်ပေသည်။

သူသည် အာဏာရရှိလာသည်နှင့် တစ်ပြိုင်နက် စစ်တပ်ဖွံ့ဖြိုးကြီးပွားရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ပြည်သူလူထု၏ လိုလားထောက်ခံမှုထက် စစ်တပ်၏ထောက်ခံမှုရရှိရေးသာ အဓိကဟု ခံယူထားသည်။ စစ်တပ်ထောက်ခံမှု ခိုင်မာမှ သူ့အာဏာကုလားထိုင်မြဲမည်ဟူ၍လည်း လက်ခံထားသူဖြစ်သည်။ နှစ်ပေါင်း ၂၀ ကျော် သူ၏အာဏာရှင်အုပ်စိုးမှုက ဤသို့သော စစ်တပ်ထောက်ခံမှု ကျောထောက်နောက်ခံကို သုံး၍ ပိုင်ပိုင်နိုင်နိုင်ရယူနိုင်ခဲ့ကြောင်း ညွှန်းဆိုပြလျက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယခင်ကာကွယ်ရေး ဦးစီးချုပ်များအသက် ၆၀ ပြည့်လျှင် မယူမနေရ သက်ပြည့်ပင်စင် အငြိမ်းစားယူခဲ့ရမည်

www.burmeseclassic.com

www.burmeseclassic.com





ပြည်ပသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားမည့်
ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နှုတ်ဆက်နေစဉ်။

အစဉ်အလာ စည်းကမ်းကို ချိုးဖောက်၍ အသက် ၇၈ နှစ် အချိန်အထိ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရာထူးကို ဆုပ်ကိုင်ထားခဲ့သည်။ ရည်ရွယ်ချက်မှာ စစ်တပ်ကို ဆက်လက် ထိန်းချုပ်နိုင်ရန် ဖြစ်သည်။ သူယုံကြည် စိတ်ချထားသူ အနည်းငယ်မှလွဲ၍ ကျန်စီနီယာ စစ်အရာရှိကြီးများ အားလုံးကို အငြိမ်းစား ယူစေ၍ စစ်တပ်မှ ထွက်ခိုင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သာဓကအားဖြင့် ခပ်ရင့်ရင့် စစ်တိုင်းမှူးများဖြစ်ကြသော နမခ (နောင် လပခ)တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်၊ မပခတိုင်းမှူး ဗိုလ်ချုပ်ကျော်ဘ နှင့် လပခတိုင်းမှူး ဗိုလ်ချုပ်အေးသောင်တို့သည် စစ်ရုံးချုပ်မှ ဗိုလ်ချုပ်ကြီးများကို သိပ် ဂရုမစိုက်ဘဲ ယင်းတို့လုပ်ချင်ရာကို စွပ်လုပ်တတ်သူများအဖြစ် နာမည်ကြီးပေသည်။

ဗိုလ်ချုပ်ထွန်းကြည် ၁၉၃၈ ခု၊ မေလ ၁ ရက်နေ့တွင် မုံရွာမြို့၌ ဖွားမြင်ခဲ့ပြီး ၁၉၅၄ ခုနှစ်၊ မေမြို့ စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့သူဖြစ်သည်။ ၁၉၅၉ တွင် ပြန်တမ်းဝင်အရာရှိ ဒုဗိုလ်အဖြစ် ခန့်အပ်ခံရပြီးနောက် အမတ ၁ တွင် တပ်စုမှူး၊ တပ်ထောက်၊ ၁၉၆၄ တွင် ဗထူးမြို့ရှိ တိုက်ခိုက်ရေးသင်တန်းကျောင်း (တမရ)၌ နည်းပြအရာရှိ ၁၉၆၉ တွင် အမတ ၃ တပ်ခွဲမှူး၊ ၁၉၇၁ တွင် ခလရ ၂၆ ခွဲမှူး (ဗိုလ်မှူး)၊ ၁၉၇၂ ခုနှစ် နမခတွင် စစ်ဦးစီးမှူး (ဒုတိယတန်း)၊ ၁၉၇၆ တွင် မပခတွင် စစ်ဦးစီး (ပထမတန်း)၊ တိုင်းစည်းရုံးရေး ကော်မတီဝင်၊ ၁၉၈၁ တွင် တမခ ၈၈ ၌ တပ်မမှူး၊ တပ်မ စည်းရုံးရေး ကော်မတီ ဥက္ကဋ္ဌနှင့် ၁၉၈၈ မတိုင်မီ အနောက်မြောက်တိုင်း စစ်ဌာနချုပ် (နမခ) တိုင်းမှူးအဖြစ် ထမ်းရွက်ခဲ့သူ ဖြစ်သည်။

ဗိုလ်ချုပ်ကျော်ဘသည် ၁၉၃၂ ခု ဇွန်လ ၇ ရက်နေ့တွင် လှိုင်ကော်မြို့၌ ဖွားမြင်ခဲ့ပြီး မော်ချီးမိုင်းနှင့် လှိုင်ကော်မြို့၌ ပညာသင်ကြားခဲ့သည်။ ၁၉၅၀ အဋ္ဌမတန်း၌ ပညာသင်ကြားနေစဉ် ဆသရ တပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၅၃–၅၄ တို့တွင် နဂါးနိုင်၊ ဘုရင့်နောင် စစ်ဆင်ရေးတို့၌ ပါဝင်ဆင်နွှဲခဲ့သည်။ ၁၉၅၇ တွင် တန်းမြင့်ကျောင်းထွက် စာမေးပွဲကို ပြင်ပမှ ဖြေဆိုအောင်မြင်ပြီး ဗိုလ်လောင်းသင်တန်း အပတ်စဉ် (၂၁) သို့ တက်ရောက်ခဲ့သည်။ ယင်းနောက် ပြန်တမ်းဝင်အရာရှိ ဒုဗိုလ် အဖြစ် ခလရ ၂ တွင် တာဝန်ချထားခြင်း ခံရသည်။

ခလရ ၂ တွင် စုမှူး၊ ခွဲမှူးနှင့် တပ်ရေး၊ တပ်ထောက်တွင် ထမ်းရွက်ခဲ့ရာ၊ ၁၉၆၅ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ခံရသည်။ ၁၉၆၅ ခု၊ ဩဂုတ်လမှ ၁၉၇၁ ဇွန်လအထိ စစ်တက္ကသိုလ်တွင် ဗိုလ်လောင်းတပ်စုမှူး၊ တပ်ခွဲမှူး၊ လေ့ကျင့်ရေးတပ် တပ်ရေးတာဝန်များနှင့် ခလရ ၁၂တွင် ၁၉၇၁ ဇွန်လမှ ၁၉၇၄ ခု၊ ဇန်နဝါရီလအထိ တပ်ခွဲမှူး

www.burmeseclassic.com

www.burmeseclassic.com



(ဗိုလ်မှူး အဆင့်ဖြင့်) တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၇၆ မှ ၁၉၇၈ အထိ စစ်ဦးစီးတက္ကသိုလ်တွင် နည်းပြဆရာနှင့် လက်ထောက်ကျောင်းအုပ်ကြီး (ဒုဗိုလ်မှူးကြီး)၊ ၁၉၇၈ မှ ၁၉၇၉ အထိ ခလရ ၃၈ တွင် တပ်ရင်းမှူး၊ ရုပခနှင့် ကစထ– ၁ တွင် စစ်ဦးစီး (ပထမတန်း)၊ ၁၉၇၉ မှ ၁၉၈၀ အထိ တမခ ၄၄ တွင် နည်းဗျူဟာမှူး၊ ၁၉၈၀မှ –၁၉၉၈ အထိ တမခ ၆၆ တွင် နည်းဗျူဟာမှူး၊ ၁၉၈၁ မှ ၁၉၈၄ ထိ တမခ – ၉၉ တွင် ဒုတပ်မမှူးနှင့် ၁၉၈၄ မှ ၁၉၈၇ ထိ တမခ ၃၃ တပ်မမှူး၊ ၁၉၈၇ တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ တိုင်းမှူးတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဗိုလ်ချုပ်အေးသောင်သည် ၁၉၃၀ မတ်လ ၁၃ ရက်နေ့တွင် တောင်သာမြို့၊ ကျောက်ချောရွာ၌ ဖွားမြင်ခဲ့ပြီး ၁၉၄၃ တွင် အဋ္ဌမတန်းအောင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၈ မတ်လ ၁၃ ရက်နေ့တွင် တပ်မတော်သို့ တပ်သားအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ သနက ၃ တွင် တပ်သား အဆင့်မှ တပ်ကြပ်ကြီး အဆင့်အထိ ထမ်းရွက်ခဲ့သည်။ ၁၉၅၄ တွင် ဗိုလ်သင်တန်းတက်ခွင့်ရပြီးသနက–၅ တွင် တပ်စုမှူး၊ ထောက်လှမ်းရေးမှူး၊ တပ်ထောက်ဗိုလ်ကြီး၊ ဒုတပ်ခွဲမှူး စသည့် တာဝန်များ ထမ်းရွက်ခဲ့သည်။ ၁၉၅၉ ဇူလိုင်လ ၂၉ တွင် ဗိုလ်ကြီးအဆင့် တိုးမြှင့်ခံရပြီးနောက် ခလရ ၄၉ တွင် အုပ်ချုပ်မှုခွဲမှူး၊ တပ်ရေး၊ တပ်ထောက် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တရုတ်ဖြူပိတ်ဆို့ရေးတွင် ပါဝင်တိုက်ခိုက်ခဲ့သည်။

သနက–၃ တွင် ၁၉၆၈–၁၉၇၀ ထိ ထမ်းရွက်၍ ၁၉၇၀ စက်တင်ဘာ–၇ ရက် တွင် ခမရ ၁၀၇ သို့ ဗိုလ်မှူးအဆင့်ဖြင့် ခွဲမှူးတာဝန်ပြောင်းရွှေ့ ထမ်းရွက်ခဲ့ရသည်။ စစ်ဆင်ရေးတွင် ဗိုလ်ချုပ်ကျင်ဖေအား အသေရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာ ၂၂ တွင် တမခ ၇၇ ညှိနှိုင်းကွပ်ကဲရေးမှူး၊ ၁၉၇၃ ပြေိတွင် ခမရ ၁၀၈ တပ်ရင်းမှူးအဖြစ် ဆောင်ရွက်၍ ၁၉၇၅ ဇန်နဝါရီ ၁၄ တွင် ဒုဗိုလ်မှူးကြီးအဆင့် တိုးမြှင့်ခံရသည်။ ရမခတွင် စစ်ဦးစီးမှူး (ပထမတန်း) နတခ တွင် ယာယီ ဒုတိုင်းမှူးနှင့် စစ်ဗျူဟာမှူး၊ တတိယအကြိမ် ပါတီညီလာခံ ကိုယ်စားလှယ်အဖြစ် တမခ–၈၈ မှ ရွေးချယ်ခံရသည်။ ရမခတွင် ဒုတိုင်းမှူး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် တိုင်းမှူးအဖြစ် ထမ်းရွက်ခဲ့သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ သုံးဦးသည် ထိုအချိန်မှာပင် နာမည်ကြီးခဲ့သူများဖြစ်ပြီး (၄) လပတ် အစည်းအဝေးတစ်ခု၌ "ရတ်ရတ်ရတ်ရတ်တော့ မလုပ်နဲ့၊ တို့ (၃) ယောက် ပေါင်းလိုက်ရင် မြန်မာနိုင်ငံကို နှစ်ပိုင်း ခွဲပစ်လို့ရတယ်"ဟူ၍ပင် စစ်ရုံးချုပ်ကိုပင် ခပ်ပြောင်ပြောင် ခြိမ်းခြောက်ရဲသူများဖြစ်သည်။

ဒီလို စစ်တိုင်းမှူးတွေ ရှိနေသရွေ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တပ်မတော် တစ်ခုလုံးကို သူ့ခြေသူ့လက် ထင်သလို ချုပ်ကိုင်၍ မရနိုင်ကြောင်း ကြိုတင်သဘောပေါက်ခဲ့သူဖြစ်သည်။

ထို့နောက် သူသည် ဗိုလ်ချုပ်မှူးကြီးစောမောင် ကျန်းမာရေး အခြေအနေ ဆိုးလာသည့် အချိန်မှစ၍ ခပ်စွာစွာ၊ ခပ်ထောင်ထောင် ဗိုလ်ချုပ်များကို တပ်မှ ဗိုလ်ချုပ်များဖြစ်လာအောင် စနစ်တကျ စတင်လုပ်ဆောင်ခဲ့သည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် စစ်ရေးချုပ် ဗိုလ်ချုပ်မြင့်အောင်ကို လယ်ယာစိုက်ပျိုးရေးဝန်ကြီး၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြသင်းကို သမဝါယမဝန်ကြီးအဖြစ် ပြောင်းလဲခန့်ထားလိုက်သည်။

စစ်ရေးချုပ် ဗိုလ်ချုပ်မြင့်အောင်နှင့် နပခတိုင်းမှူး ဗိုလ်ချုပ်မြသင်းတို့သည်လည်း ခေသူများ မဟုတ်ပါ။ ဗိုလ်ချုပ်မြင့်အောင်သည် ရှစ်ဆယ့်ရှစ် ဒီမိုကရေစီအရေးတော်ပုံအတွင်း နတခတိုင်းမှူးအဖြစ်နှင့် ဧရာဝတီတိုင်း ပုသိမ်မြို့၌ တာဝန်ထမ်းဆောင်နေစဉ် "တစ်ပြည်လုံး ဒီမိုကရေစီရရင်တောင် ငါ့တိုင်းမှာတော့ မမျှော်လင့်နဲ့၊ ငါ့တစ်သက် ဘယ်တော့မှ မပေးဘူး"ဟူ၍ ခပ်တင်းတင်း ကြေညာခဲ့သူ ဖြစ်သည်။

ဗိုလ်ချုပ်မြင့်အောင်သည် ၁၉၃၂ ခု ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ငါးသိုင်းချောင်းမြို့တွင် ဖွားမြင်ခဲ့သည်။ ၁၉၃၂ မှ ၁၉၄၈ အထိ ငါးသိုင်းချောင်းမြို့တွင် အထက်တန်းအထိ ပညာသင်ကြား၍ ၁၉၅၁ တွင် တပ်မတော်သို့ ဝင်ခဲ့သည်။ ၁၉၅၇ တွင် ဗိုလ်သင်တန်း အပတ်စဉ် ၁၈ သို့ တက်ရောက်ပြီး သေနတ်ကိုင်တပ်ရင်း (သနက) ၅ တွင် ဒုဗိုလ်အဖြစ် စတင် ထမ်းရွက်ရသည်။ သာယာဝတီမြို့နယ်၊ နတ်တလင်းမြို့

www.burmeseclassic.com



တလျှောက်ရှိ စစ်ဆင်ရေးများတွင်လည်းကောင်း၊ ကျုံပျော်၊ ကျောင်းကုန်း၊ အိမ်မဲနယ်မြေအတွင်း စစ်ဆင်ရေးများတွင်လည်းကောင်း ပါဝင်ခဲ့သည်။

ထို့နောက် သနက ၅ တွင် တပ်ခွဲမှူးအဖြစ် ရှမ်းပြည်မြောက်ပိုင်း၌ ပြုလုပ်ခဲ့သော စစ်တံခွန် စစ်ဆင်ရေးတွင် ပါဝင်သည်။ ၁၉၆၅ တွင် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)စစ်ဆင်ရေးဌာန၌ ဦးစီးမှူး (တတိယတန်း) အဖြစ် ထမ်းရွက်၍ ၁၉၇၁ တပ်ခွဲမှူးအဖြစ် သနက–၅ သို့ ပြောင်းရွှေ့ခဲ့သည်။ ၎င်းမှတစ်ဆင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် (ဒုတိယတန်း)စစ်ဆင်ရေး အဖြစ် ထမ်းရွက်ခဲ့သည်။ ၁၉၇၄ တွင် ခလရ ၆၃ တပ်ရင်းမှူး အဖြစ် ထမ်းရွက်၍ မိုးမိတ်၊ မဘိမ်း၊ မန်တုံနယ်မြေတွင် ပြုလုပ်ခဲ့သော အောင်ကျော်မိုး စစ်ဆင်ရေးတွင် ပါဝင်၍ ၁၉၇၈ စစ်ဦးစီးမှူး (ပထမတန်း) အဖြစ် ရပခသို့ ပြောင်းရွှေ့ပြီး ၁၉၇၈ တွင် ရပခ၌ စစ်ဗျူဟာမှူးအဆင့်သို့ တိုးမြှင့်ခံရသည်။ ယင်းနောက် လေးမာရ်အောင် စစ်ဆင်ရေးတွင် ပါဝင်ခဲ့သည်။ ၁၉၇၉ တွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် (ရပခ)၌ပင် ဒုတိယတိုင်းမှူး အဆင့် တိုးမြှင့်ခံရပြီး လေးမာန်အောင် စစ်ဆင်ရေးအား ကွပ်ကဲသည်။ ထို့နောက် အနောက်တောင်တိုင်းစစ်ဌာနချုပ် (နတခ)တိုင်းမှူးအဖြစ် ထမ်းရွက်၍ စစ်ရေးချုပ်အဖြစ် ခန့်အပ်ခံရသည်။

ဗိုလ်ချုပ်မြသင်းသည် ၁၉၃၁ ဒီဇင်ဘာလ ၃၁ ရက် ဖွားမြင်၍ သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၉ တွင် တပ်မတော်သို့ဝင်၍ သနက–၂ တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၃ ဇူလိုင်လတွင် ဗိုလ်သင်တန်း ဆင်းပြီး ၁၉၅၄ ဩဂုတ်လအထိ ခလရ–၅ တွင်လည်းကောင်း၊ ၁၉၅၄ ခု ဩဂုတ်လမှ ၁၉၅၅ ခု ဖေဖော်ဝါရီလအထိ ခလရ–၁၅ တွင်လည်းကောင်း၊ ၁၉၅၅ ဖေဖော်ဝါရီလမှ ၁၉၆၀ ဇူလိုင်လအထိ တိုင်းလေ့ကျင့်ရေးနှင့် ဖြည့်တင်းရေးတွင်လည်းကောင်း၊ ၁၉၆၀ ဇူလိုင်လတွင် ခမရ ၁၀၆ သို့လည်းကောင်း အသီးသီးပြောင်းရွှေ့ထမ်း၍ တပ်ခွဲအရာရှိ၊ မော်တော်ယာဉ်မှူး၊ တပ်ခွဲမှူး၊ တပ်ရေးဗိုလ်ကြီးအဖြစ် ထမ်းရွက်ခဲ့သည်။

၁၉၆၂ မှ ၁၉၆၃ ခုနှစ် အထိ ခမရ ၁၀၆၊ ၁၉၆၃ ခု ဧပြီမှ ၁၉၆၆ ဇူလိုင်လအထိ ခလရ ၄၉၊ ၁၉၆၆ ဇူလိုင်လမှ ၁၉၆၉ဇူလိုင်လအထိ တမခ ၇၇၊ ၁၉၇၀ နိုဝင်ဘာလအထိ ၁၉၇၂ စက်တင်ဘာလအထိ ခမရ ၁၀၁၊

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၂ စက်တင်ဘာမှ ၁၉၇၅ ဖေဖော်ဝါရီအထိ ရတခ၊ ၁၉၇၅ မတ်လမှ ဩဂုတ်လအထိ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) စစ်ဆင်ရေးဌာန ၄ ချု၊ ၁၉၇၅ စက်တင်ဘာလမှ ၁၉၇၉ မတ်လအထိ ရတခ၊ ၁၉၇၉ ဧပြီလမှ ၁၉၈၃ ဩဂုတ်အထိ တမခ ၄၄၊ ၁၉၈၃ မှ ၁၉၈၆ ထိ နပခတွင် တပ်ရေး၊ တပ်ခွဲမှူး၊ နည်းဗျူဟာ ညှိနှိုင်းကွပ်ကဲရေးမှူး၊ တပ်ရင်းမှူး၊ တပ်ထောက်၊ စစ်ဦးစီး (ပထမတန်း)၊ ဒုတိယတိုင်းမှူး၊ တိုင်းစည်းရုံးကော်မတီဝင်၊ တပ်မမှူး၊ တပ်မ စည်းရုံးရေးကော်မတီဥက္ကဋ္ဌနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ရခိုင်ပြည်နယ် ဒေသပါတီကော်မတီဥက္ကဋ္ဌတာဝန်များကိုထမ်းရွက်ခဲ့သည်။ တတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် ယင်းမာပင်မြို့နယ်မှ ကိုယ်စားလှယ်အဖြစ်လည်း ရွေးချယ်ခြင်း ခံရသည်။

ထို့နောက် သုံးယောက်ပေါင်း လောင်းကျော်ဖြစ်သည့် စစ်တိုင်းမှူးများဖြစ်သော ဗိုလ်ချုပ်ထွန်းကြည်ကို ကုန်သွယ်ရေးဝန်ကြီး၊ ဗိုလ်ချုပ်ကျော်ဘကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး၊ ဗိုလ်ချုပ်အေးသောင်ကို အလုပ်သမားဝန်ကြီးအဖြစ်ဖြင့် ၁၉၉၂ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ခန့်အပ်ကာ တပ်နှင့် အဆက်ဖြတ်လိုက်လေသည်။ သို့သော် စစ်တိုင်းမှူးတာဝန်များမှ ရုပ်သိမ်း၍ တပ်နှင့် အဆက်ဖြတ်ထားသော်လည်း ဗိုလ်ချုပ်အဆင့်ဖြင့် စစ်ဘက်ဆိုင်ရာ ရာထူးများကို ဆက်လက်ပေးထားသည့်အပြင် မြိုးမြိုးမြက်မြက်လေး စားရသည့် ဝန်ကြီးဌာနများကို ပေးပြီး နှစ်သိမ့်လိုက်သည့်အတွက် ခပ်ထောင်ထောင် စစ်တိုင်းမှူးတစ်စုသည် အဆီရစ်၍ အိပက်အိပက် အငိုက်မိသွားခဲ့လေသည်။

ထိုနေ့မှာပင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင် နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း တို့ကိုလည်း ဒုတိယဝန်ကြီးချုပ်များအဖြစ် ပြောင်းရွှေ့ခန့်ထားကာ လေတပ်၊ ရေတပ်များနှင့် အဆက်ဖြတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်သည် ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဖွားမြင်၍ ရန်ကုန်တက္ကသိုလ် ဥပစာအထက်တန်းအထိ ပညာ သင်ကြားခဲ့သူဖြစ်သည်။ တက္ကသိုလ်သံမဏိတပ်တွင် ပါဝင်လှုပ်ရှားခဲ့ဖူး သည်။ ၁၉၄၈ ဧပြီလတွင် တပ်မတော် (ရေ)သို့ ဗိုလ်လောင်းအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ပြီး အင်္ဂလန်ပြည်သို့ ရေတပ်ပညာ သင်ကြား ပို့လွှတ်ခြင်း ခံရသည်။

သင်တန်းဆင်းပြီးနောက် ၁၉၅၀ ခုနှစ်၊ စက်တင်ဘာတွင် ဗိုလ် အဆင့် ခန့်အပ်ခံရသည်။ ရေတပ်တွင် ဆက်လက်၍ ဗိုလ်ကြီး၊ ဗိုလ်မှူး ရာထူး အဆင့်ဆင့်ဖြင့် ဒုစစ်ရေယာဉ်မှူး၊ စစ်ရေယာဉ်မှူး၊ စစ်ဦးစီးမှူး (ရေ)တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ထို့နောက် ၁၉၅၈ တွင် ယူဂိုဆလားဗီးယားနိုင်ငံ၌ ရေအောက်လက်နက်သင်တန်းတက်ရောက် အောင်မြင်ခဲ့ပြီးနောက် ၁၉၆၁ တွင် အမေရိကန်ပြည်ထောင်စု၌ ဆိပ်ကမ်းကာကွယ်ရေးသင်တန်းကို တက်ရောက်ခဲ့သည်။ ၁၉၆၁ တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (B.A) ရရှိခဲ့သည်။

၁၉၆၃-၆၄ တွင် ဗြိတိန်နိုင်ငံ၌ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်လက်ထောက် စစ်သံမှူးအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၆၄ နောက်ပိုင်းတွင် မြန်မာ နိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး ဗိုလ်မှူးကြီး အဆင့်ဖြင့် စစ်ရေယာဉ်မှူး၊ တော်ပီတိုရေယာဉ်စုမှူး၊ စစ်ဦးစီးမှူးတာဝန်များကို ထမ်းရွက်သည်။ ၁၉၇၄ မှ ၁၉၇၈ အတွင်း လမ်းစဉ်ပါတီမှ ဖွဲ့စည်းပေးထားသော ရေကြောင်းလုပ်ငန်းလုပ်သားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ မှ ၁၉၈၁ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စည်းရုံးရေးကော်မတီဝင်နှင့် တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး တာဝန်ကို ထမ်းရွက်ခဲ့သည်။ ၁၉၈၁ တွင် လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင်အဖြစ်လည်းကောင်း၊ မြိတ်အနောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း ရွေးချယ်ခြင်းခံရပြီး စစ်ဦးစီးဗိုလ်မှူးကြီး (ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး စည်းရုံးရေးကော်မတီဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည်။ ၁၉၈၂ တွင် ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်၊ လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟိုကော်မတီအဖွဲ့ဝင် (အချိန်ပိုင်း)တာဝန်များကို ထမ်းရွက်သည်။

ထို့နောက် ၁၉၈၅ တွင် ဒုတိယ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ရေ) အဖြစ် ခန့်အပ်ခြင်း ခံရပြီး၊ ၁၉၈၆တွင် ဗိုလ်ချုပ်၊ ၁၉၈၈ စက်တင်ဘာလ ၁၈ တွင် နဝတအဖွဲ့၌ အဖွဲ့ဝင် ဆောင်ရွက်၍ စက်တင်ဘာလ ၂၀ တွင်

www.burmeseclassic.com

www.burmeseclassic.com



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး အဖြစ် လည်းကောင်း ဆောင်ရွက်၍ ၁၉၉၀ ပြည့်နှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံရသည်။ ၁၉၉၂ စက်တင်ဘာလ ၂၄ တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသည်။

ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်းသည် ၁၉၃၀ ဒီဇင်ဘာလ ၂၈ ရက်တွင် ဖွားမြင်၍၊ ရန်ကုန်တက္ကသိုလ် ဥပစာ (သိပ္ပံ)တန်း အထိ ပညာသင်ကြား ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် တပ်မတော် (လေတပ်)သို့ ဝင်ရောက်၍ ဗြိတိန်နိုင်ငံ အင်္ဂလန်ပြည်တွင် လေယာဉ်မောင်းသင်တန်း တက်ရောက်ခဲ့သည်။ နဂါးစစ်ဆင်ရေး၊ ဘုရင့်နောင် စစ်ဆင်ရေးများတွင် ပါဝင်ခဲ့ပြီး သူရဲကောင်းမှတ်တမ်းဝင်အဖြစ် ချီးမြှင့်ခံရသည်။

၁၉၇၆ မှ ၁၉၈၁ ခုနှစ်အထိ စူးအက်ဒေသ ကုလသမဂ္ဂ အကဲခတ်အရာရှိအဖြစ်လည်းကောင်း၊ ၅၀၂ လေတပ်စခန်းမှူးအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။ တတိယအကြိမ် အရေးပေါ်ပါတီ ညီလာခံနှင့် စတုတ္ထအကြိမ် ပါတီညီလာခံတွင် ရန်ကုန်တိုင်းမှ ကိုယ်စားလှယ်အရွေးခံခဲ့ရသည်။ ၁၉၈၀ တွင် စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသည်။ ၁၉၈၈ စက်တင်ဘာလ ၁၈ ရက် အာဏာသိမ်းပိုက်ခဲ့သော နဝတအဖွဲ့၌ ဗိုလ်ချုပ်အဆင့်ဖြင့် အဖွဲ့ဝင်အဖြစ်ပါဝင်၍ စက်တင်ဘာလ ၂၀ ရက်တွင် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့တွင် ဝန်ကြီးတာဝန်များ ထမ်းရွက်ခဲ့သည်။ ၁၉၉၂ စက်တင်ဘာလ ၂၄ တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ဒုတိယဝန်ကြီးချုပ် တာဝန်ကိုပေးခံခဲ့ရသူဖြစ်သည်။

ထို့နောက် လစ်လပ်သွားသော ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် စစ်တိုင်းမှူးများနေရာ၌ ဗိုလ်ချုပ်ကြီး သန်းရွှေသည် ၎င်း၏ယုံကြည်စိတ်ချရသူများနှင့် အစားထိုးခန့်အပ်ခဲ့တော့သည်။ တပ်မမှူးနေရာများနှင့် စစ်ရုံးချုပ်မှ အရေးကြီးသည့် နေရာများ၌လည်း သူ၏ တပည့်ရင်းများကိုသာ တာဝန်ပေး ခန့်အပ်မှုများကို ချက်ချင်းပြုလုပ်ခဲ့သည်။ တစ်ဖန် တပ်နှင့် အဆက်ဖြတ်ခံရပြီး ဝန်ကြီး အပေးခံလိုက်ရသည့် ဗိုလ်ချုပ်များကို နှစ်သိမ့်ကြိုးပမ်းသည့်အနေဖြင့် ၁၉၉၃ မတ်လ ၂၇ ရက်

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးနေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးအဖြစ် တိုးမြှင့်ပေးခဲ့ပြီးနောက်၊ သူကိုယ်တိုင်လည်း ထိုနေ့မှာပင် ဗိုလ်ချုပ်မှူးကြီးရာထူးကို တိုးမြှင့် ရယူလိုက်လေသည်။ အတွင်းရေးမှူး (၁)နှင့် (၂)တို့တွင် ထမ်းရွက်လျက်ရှိသော ဗိုလ်ချုပ်ခင်ညွန့်နှင့် ဗိုလ်ချုပ်တင်ဦးတို့သည်လည်း ဒုတိယဗိုလ်ချုပ်ကြီးများ ဖြစ်လာကြသည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တစ်နှစ်နီးပါးခန့် လစ်လပ်ထားခဲ့သော ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် နေရာကို ဗိုလ်ချုပ်မောင်အေး အားပေးလိုက်သည့်အတွက် ၎င်းနှင့်အပတ်စဉ်တစ်ခုတည်းဆင်းများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်တို့အုပ်စုကလည်း ဗိုလ်ချုပ်မောင်အေးသာ တစ်နေ့ တပ်မတော်အကြီးအကဲဖြစ်လာခဲ့လျှင် သူတို့အတွက်လည်း အာမခံချက်နှင့် အခွင့်အရေးများ ယခုထက်ပိုမို ရရှိလိမ့်မည်ဟု မျှော်လင့်၍ ဗိုလ်ချုပ်မှူးကြီး၏ ဆောင်ရွက်မှုကို ထောက်ခံခဲ့ကြသည်။

သို့သော် ယင်းတို့ မျှော်လင့်ထားသလို ဖြစ်မလာဘဲ ဗိုလ်ချုပ်ကြီး မောင်အေးသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ကျော်လွန်၍ ဘာမှ မလုပ်ခဲ့သည့်အပြင် ဗိုလ်ချုပ်မှူးကြီးအကြိုက်ကိုသာ လိုက်နာလုပ်ဆောင်နေရသည့်အတွက် ဗိုလ်ထွန်းကြည်တို့ အုပ်စုသည် ယူကျုံးမရ ဒေါသထွက်ခံပြင်းခဲ့ကြသည်။

ထို့နောက် တစ်ဆင့်တက်၍ ဗိုလ်ချုပ်မှူးကြီးသည် ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ကို စည်းရုံး၍ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး (၁၃)ဦး၊ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးမြသင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်၊ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်မင်းတို့ကို အစုလိုက် အပြုံလိုက် ထုတ်ပယ်လိုက်လေသည်။ နဝတ စစ်အုပ်စုအတွင်းမှ ဒုတိယဗိုလ်ချုပ်ကြီး၊ ၁၃ ဦး ဖယ်ရှားပြီးနောက် ယင်းနေ့မှာပင် နိုင်ငံတော်

www.burmeseclassic.com



အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)အမည်ရှိ အဖွဲ့သစ်ကို ဖွဲ့စည်းကြောင်း ထုတ်ပြန်ခဲ့သည်။

နအဖအဖွဲ့၌ အဖွဲ့ဝင် ၁၉ ဦး ပါဝင်ပြီး ယခင် နဝတ အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီးမောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဒု–ဗိုလ်ချုပ်ကြီးတင်ဦးစသည့် (၄) ဦးသာပြန်လည်ပါဝင်ခဲ့သည်။ နိုင်ငံတော်တွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ဖွံ့ဖြိုးတိုး တက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရန်အလို့ငှာ" ဟူ၍ ကြေညာခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (State Peace and Development Council) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့သည်။

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ | – ဥက္ကဋ္ဌ |
| ၂။ | ဗိုလ်ချုပ်ကြီးမောင်အေး | – ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် | – အတွင်းရေးမှူး (၁) |
| ၄။ | ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး | – အတွင်းရေးမှူး (၂) |
| ၅။ | ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့် | – အတွင်းရေးမှူး (၃) |
| ၆။ | ဗိုလ်မှူးချုပ်ညွန့်သိန်း ကာကွယ်ရေးဦးစီးချုပ် (ရေ) | – အဖွဲ့ဝင် |
| ၇။ | ဗိုလ်မှူးချုပ်ကျော်သန်း ကာကွယ်ရေးဦးစီးချုပ်(လေ) | – အဖွဲ့ဝင် |
| ၈။ | ဗိုလ်ချုပ်အောင်ထွေး တိုင်းမှူး၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် | – အဖွဲ့ဝင် |
| ၉။ | ဗိုလ်ချုပ်ရဲမြင့် တိုင်းမှူး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် | – အဖွဲ့ဝင် |
| ၁၀။ | ဗိုလ်ချုပ်ခင်မောင်သန်း တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် | – အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com



၁၁။ ဗိုလ်ချုပ်ကျော်ဝင်း
တိုင်းမှူး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် – အဖွဲ့ဝင်
၁၂။ ဗိုလ်ချုပ်သိန်းစိန်
တိုင်းမှူး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် – အဖွဲ့ဝင်
၁၃။ ဗိုလ်ချုပ်သူရ၊ သီဟသူရစစ်မောင် – အဖွဲ့ဝင်
ကမ်းရိုးတန်းတိုင်း စစ်ဌာနချုပ်
၁၄။ ဗိုလ်မှူးချုပ်သူရရွှေမန်း
တိုင်းမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် – အဖွဲ့ဝင်
၁၅။ ဗိုလ်မှူးချုပ်မြင့်အောင်
တိုင်းမှူး၊ အရှေ့တောင်ပိုင်း စစ်ဌာနချုပ် – အဖွဲ့ဝင်
၁၆။ ဗိုလ်မှူးချုပ်မောင်ဘို
တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် – အဖွဲ့ဝင်
၁၇။ ဗိုလ်မှူးချုပ်သီဟသူရတင်အောင်မြင့်ဦး
တိုင်းမှူး၊ အရှေ့မြောက်ပိုင်း စစ်ဌာနချုပ် – အဖွဲ့ဝင်
၁၈။ ဗိုလ်မှူးချုပ်စိုးဝင်း
တိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် – အဖွဲ့ဝင်
၁၉။ ဗိုလ်မှူးချုပ်တင်အေး
တိုင်းမှူး၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် – အဖွဲ့ဝင်

တို့ဖြစ်သည်။

ထိုနေ့မှာပင် နအဖအဖွဲ့၏ အစိုးရသစ်ကိုလည်း အဖွဲ့ဝင် ၃၉ ဦးဖြင့် ပြန်လည် ပြင်ဆင်ဖွဲ့စည်းရာ ယခင် နဝတအဖွဲ့မှ ၂၃ ဦး ပြန်ပါလာသည်။ ဝန်ကြီးဌာန (၄၀)ခု ဖွဲ့စည်းခဲ့ပြီး တပ်မတော်ရေးရာ ဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှစ်ခုထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်။ ယင်းတို့မှာ...

| စဉ် | ဝန်ကြီးဌာန | အမည် |
|---|---|---|
| ၁။ | ဝန်ကြီးချုပ် | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ |
| ၂။ | ဒု-ဝန်ကြီးချုပ် | ဒုတိယဗိုလ်ချုပ်ကြီး<br>မောင်မောင်ခင် |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၃။ ဒုတိယဝန်ကြီးချုပ် | ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း |
| ၄။ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ |
| ၅။ တပ်မတော်ရေးရာဝန်ကြီးဌာန ဝန်ကြီး | ဒုတိယဗိုလ်ချုပ်ကြီးတင်လှ |
| ၆။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်ချုပ်ညွှန့်တင် |
| ၇။ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး | ဦးအောင်သောင်း |
| ၈။ အမှတ် (၂) စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်ချုပ်လှမြင့်ဆွေ |
| ၉။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဦးအုန်းကျော် |
| ၁၀။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ဝန်ကြီး | ဗိုလ်မှူးချုပ်အေဘယ်လ် |
| ၁၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ |
| ၁၂။ အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီး | ဒုတိယဗိုလ်ချုပ်ကြီး တင်အေး |
| ၁၃။ သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီး | ဦးသန်းအောင် |
| ၁၄။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဦးဝင်းစိန် |
| ၁၅။ စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး | ဦးခင်မောင်သိန်း |
| ၁၆။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဦးပန်းအောင် |
| ၁၇။ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်ချုပ်ကက်စိန် |
| ၁၈။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်ချုပ်ကျော်သန်း |
| ၁၉။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်ချုပ်စောလွင် |
| ၂၀။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဝန်ကြီး | ဦးစိုးသာ |
| ၂၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်မှူးချုပ်ဝင်းတင် |
| ၂၂။ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်ချုပ်စိန်ထွား |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၂၃။ | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်ချုပ်စောထွန်း |
| ၂၄။ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဝန်ကြီး | ဦးသောင်း |
| ၂၅။ | ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး | ဦးအောင်စန်း |
| ၂၆။ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီး | ဦးစောထွန်း |
| ၂၇။ | ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်ချုပ်ကြည်အောင် |
| ၂၈။ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်မှူးကြီးသိန်းညွန့် |
| ၂၉။ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်ချုပ်တင်ထွဋ် |
| ၃၀။ | အားကစားဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်မှူးချုပ်စိန်ဝင်း |
| ၃၁။ | သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး | ဦးအောင်ဖုန်း |
| ၃၂။ | ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်မှူးကြီးတင်လှိုင် |
| ၃၃။ | သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်မှူးချုပ်အုန်းမြင့် |
| ၃၄။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး | ဗိုလ်မှူးချုပ်ပြည့်စုံ |
| ၃၅။ | မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး | ဗိုလ်မှူးချုပ်မောင်မောင်သိန်း |
| ၃၆။ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး၊ ဝန်ကြီး | ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း |
| ၃၇။ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး၊ ဝန်ကြီး | ဗိုလ်မှူးချုပ်မောင်မောင် |
| ၃၈။ | ဝန်ကြီးရုံး၊ ဝန်ကြီး | ဗိုလ်မှူးချုပ်လွန်းမောင် |
| ၃၉။ | ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီး | ဦးသန်းရွှေ |
| ၄၀။ | ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီး | ဗိုလ်ချုပ်တင်ငွေ |

စသည်တို့ ဖြစ်သည်။

ဤသို့ ဒုတိယဗိုလ်ချုပ်ကြီး (၁၃)နှင့် ဗိုလ်ချုပ်စိုးမြင့်တို့ကို အစု လိုက် အပြုံလိုက် ဖယ်ရှားခဲ့ပြီးနောက် တပ်တွင်း မငြိမ်မသက်မှုများနှင့်

www.burmeseclassic.com

www.burmeseclassic.com



တပ်တွင်းပုန်ကန်မှုများ ပေါ်ပေါက်လာမည်စိုး၍ ၎င်းတို့ကို နအဖ အဖွဲ့၏ အကြံပေးအဖွဲ့အဖြစ် ဟန်ပြတာဝန်ပေးအပ်ခဲ့ပြီး စောင့်ကြည့်နေခဲ့သည်။

သို့သော် မြန်မာ့တပ်မတော်အတွင်းရှိ မည်သည့်တပည့်တပန်းမှ ဖြုတ်ထုတ်ဖယ်ရှားခြင်း ခံလိုက်ရသော ဒုတိယဗိုလ်ချုပ်ကြီးများအတွက် ဒေါသပေါက်ကွဲပြီး မကျေမနပ် ဆူပူအုံကြွမှုတွေ မလုပ်ခဲ့ချေ။ ရာထူးရာခံ ရရှိသွားသော ဒုတိယဗိုလ်ချုပ်ကြီးများသည် ၎င်းတို့ကောင်းစားစဉ်က မိမိတို့၏ တပည့်သားချင်းများကို ပြန်လည်ကြည့်ရှု စောင့်ရှောက်ခြင်း၊ ကူညီပံ့ပိုးခြင်းမရှိဘဲ အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား စိတ်ဓာတ်မျိုးရှိနေသူများသာ ဖြစ်သောကြောင့် မည်သည့်တပည့်မှ ဝမ်းနည်းကြေကွဲမှု မဖြစ်ခဲ့ကြပေ။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်အတွင်း တစ်စုံတစ်ရာ ရိုက်ခတ်မှု ဘာမျှ မရှိသည့်အတွက် (၇)လ အကြာ ၁၉၉၈ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် နအဖ အကြံပေးအဖွဲ့ကို ပြန်လည်ဖျက်သိမ်းလိုက်ကြောင်း ကြေညာခဲ့ပြန်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နအဖ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး နောက် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၊ အခြေစိုက် 'Leaders' မဂ္ဂဇင်း အယ်ဒီတာ မေးမြန်းမှုကို ဖြေကြားခဲ့သည်။ 'Leaders' မဂ္ဂဇင်းသည် သုံးလတစ်ကြိမ်ထုတ်ဖြစ်ပြီး ကမ္ဘာကျော်ထင်ရှားသော ခေါင်းဆောင်များ ထံသို့ ဖြန့်ချိပေးသည်။ မဂ္ဂဇင်း၏စောင်ရေကိုလည်း တင်းကျပ်စွာ ကန့်သတ်ထားသည်။

'Leaders' မဂ္ဂဇင်း အယ်ဒီတာ၏မှတ်ချက်မှာ မြန်မာနိုင်ငံအစိုးရ အဖွဲ့ကို စစ်ဘက်မှ ဦးဆောင်မှုရယူခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပြည်ပ စာနယ်ဇင်းများနှင့် တွေ့ဆုံရာတွင် နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၎င်း၏နိုင်ငံတော်တွင်း ဖြစ်ပျက်နေသည့်အကြောင်းခြင်းရာများကို တိတိ ပပရှင်းလင်းပြောပြရန် စိတ်အားထက်သန်လျက်ရှိနေပြီး၊ အနောက်အုပ်စု နိုင်ငံများအပေါ် ထားရှိသည့် ၎င်း၏ သဘောထား ရပ်တည်ချက်ကိုလည်း မကွယ်မထောက် ရှင်းရှင်းဘွင်းဘွင်း ဖွင့်ဆိုခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးက အမေရိကန်ပြည်ထောင်စုက မိမိတို့နိုင်ငံကို စီးပွားရေး ပိတ်ပင်မှုပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



လင့်ကစား ယင်းနိုင်ငံကို မိမိတို့က ရန်သတ္တုရုပြုလိုသည့် သဘောထား မရှိပါကြောင်း ပြောကြားခဲ့သည်။ နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်၏ကြွယ်ဝသည့် သဘာဝအရင်းအမြစ်များ အသုံးပြု ဆောင်ရွက်လျက်ရှိပြီး အရှေ့တိုင်းရှိ ၎င်း၏ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆက်ဆံရေး တိုးတက်ကောင်းမွန်လျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် စစ်ဘက်မှ အုပ်ချုပ်မှုကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် စီးပွားရေးတည်ဆောက်မှု ပိုမိုတိုးတက်လာသော ဒီမိုကရေစီနိုင်ငံတော်အဖြစ်ထူထောင်နိုင်မည်ဟု ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယုံကြည်ယူဆထားသည်။ စီးပွားရေး ပိတ်ပင်မှုရုပ်သိမ်းပေးကာ မြန်မာနိုင်ငံကို အကူအညီပေးခြင်းဖြင့် ပြည်သူလူထုထံသို့ နိုင်ငံတော်အာဏာ ပိုမိုလျင်မြန် သွက်လက်စွာ ပြန်လည်အပ်နှင်းနိုင်အောင် အနောက်နိုင်ငံများက အထောက်အကူပေးနိုင်သည်ဆိုသော အချက်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထောက်ပြပြောဆိုခဲ့သည်။ မိမိ၏စစ်မှန်သော ဆန္ဒမှာ မိမိ၏နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ကြွယ်ဝချမ်းသာလာသည်ကို တွေ့မြင်လိုရင်းပင်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီ စနစ်တစ်ရပ် ပေါ်ထွန်းလာသည်ကိုလည်း တွေ့မြင်လိုကြောင်း ၎င်းက ပြောဆိုသွားသည်။

အယ်ဒီတာမှ သိလိုသောအချက်များကို မေးမြန်းခဲ့ရာ ဗိုလ်ချုပ်မှူးကြီးက အောက်ပါအတိုင်း ဖြေကြားသွားသည်။ Leadersမဂ္ဂဇင်းအယ်ဒီတာနှင့် တွေ့ဆုံမေးမြန်းခန်းကို ၁၉၉၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လထုတ် Leadersမဂ္ဂဇင်းတွင် ဖော်ပြထားသည်။

**မေး – ယခု လူတွေ့ မေးမြန်းခန်းသည် ဗိုလ်ချုပ်မှူးကြီး အနေဖြင့် ပြည်ပ စာနယ်ဇင်းသမားတစ်ဦးနှင့် ပထမဆုံးအကြိမ် စကားပြောဆိုခြင်း ဖြစ်ပါသလား။ ဘာကြောင့် ယခုအခါ ပြည်ပစာနယ်ဇင်းများနှင့် တွေ့ဆုံရန် ဆုံးဖြတ်ခဲ့ပါသလဲ။**

ဖြေ –ပြည်ပစာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် ဆက်ဆံဖူးသည့် မိမိတို့၏ ယခင်အတွေ့အကြုံများအရ မိမိတို့ ပြောဆိုသမျှကို နားလည်မှု လွဲမှားလေ့ရှိကြပြီး ရံဖန်ရံခါတွင် နားလည်မှု မရှိသည့် အခြေအနေအထိ ဖြစ်ပေါ်စေသော လွဲမှားသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုများ ရှိခဲ့ပါသည်။ ဤနားလည်မှု

www.burmeseclassic.com

www.burmeseclassic.com



လွှဲမှားခြင်းများကို မိမိရှင်းလင်းလိုသော်လည်း အေးအေးဆေးဆေး နေလိုသည့် စရိုက်ရှိသဖြင့် ပြည်ပစာနယ်ဇင်းများနှင့် တွေ့ဆုံပြောဆိုမှု မပြုခဲ့ခြင်းဖြစ်ပါသည်။

**မေး –လူကြီးမင်း၏နိုင်ငံတော်နှင့် နိုင်ငံတော်၏ အနာဂတ်အရေးတို့အပေါ် အာရုံစိုက်ထားရသည့် နိုင်ငံခေါင်းဆောင်တစ်ဦးအနေဖြင့် ဤလိုတွေ့မေးမြန်းခန်းသည် ကမ္ဘာ့နိုင်ငံများကို သိလိုသည့်အချက်များအားဖော်ပြနိုင်ရန် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်တည်ဆောက်ရေးတွင် ယခုအချိန်အခါ၌ လူကြီးမင်းအနေဖြင့် မည်သည့်အချက်ကို အာရုံစိုက်နေပါသလဲ။ ဒီမိုကရေစီကျင့်စဉ်များ မကျင့်သုံးမီ နိုင်ငံတော်လုံခြုံမှု ရှိရန်လိုသည်ဟု လူကြီးမင်း ယူဆထားကြောင်း အနောက်နိုင်ငံများက မှတ်ထင်လျက်ရှိပါသည်။**

**ဖြေ** –ခင်ဗျားတို့ သိရှိကြသည့်အတိုင်း မိမိတို့သည် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများ၌ ဖွဲနပဲဖြင့် ကြိုးပမ်း အားထုတ်လျက်ရှိကြပါသည်။ မိမိတို့နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းရေးအတွက် မိမိတို့လုပ်ကိုင်လျက်ရှိကြပါသည်။ တစ်ချိန်တည်းမှာပင် မိမိတို့သည်မိမိတို့နိုင်ငံ ကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိကာ ဒီမိုကရေစီစနစ်တစ်ရပ် ထူထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြပါသည်။ သို့အတွက်ကြောင့် ပထမ ဦးစွာ မိမိတို့သည် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုရှိစေမည့် အခြေအနေ ကောင်းများနှင့် တရားဥပဒေစိုးမိုးမှု ဖြစ်ပေါ်လာစေရန် လုပ်ဆောင်ရပါ မည်။ တစ်ချိန်တည်းမှာပင် မိမိတို့သည် နိုင်ငံရေး တည်ငြိမ်မှု ရရှိရေး ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ သို့ရာတွင် မိမိတို့သည် နိုင်ငံတော်၏ စီးပွားရေး အုတ်မြစ်ကိုလည်း တည်ဆောက်ရပါသည်။ ထို့ကြောင့် မိမိတို့သည် နိုင်ငံရေးအရရော စီးပွားရေးအရပါ ကြိုးပမ်းလုပ်ဆောင်သွားကြရပါမည်။

တပ်မတော်အနေဖြင့် အချိန်ကာလကြာမြင့်စွာ နိုင်ငံတော်ကို တာဝန်ယူသွားရန်မှာ သဘာဝ မကျဟု မိမိတို့ ထင်မြင်ယူဆပါသည်။ မိမိတို့နိုင်ငံ၏ ထူးခြားသော အခြေအနေများကြောင့်သာလျှင် တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ကာလအတိုင်းအတာ တစ်ရပ်အထိ နိုင်ငံတော်ကို တာဝန်ယူထား ရသည် ဆိုသည့်အချက်ကို ခင်ဗျားတို့ သဘောပေါက်သင့်ကြပါသည်။

**မေး –အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ပင်မှုသည် မြန်မာနိုင်ငံတွင် ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ထိခိုက်နစ်နာစေပါသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနှင့်သာမက တရုတ်ပြည်နှင့်လည်း နယ်စပ်ချင်းထိစပ်နေပြီး အမေရိကန်နိုင်ငံနှင့် ဒေါင်လိုက်ဆက်ဆံရေး ရှိပါသည်။ ဤအနေအထားမျိုးတွင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံပေါ် စီးပွားရေးပိတ်ပင်မှုချမှတ်ကာ ဥရောပနိုင်ငံများကိုလည်း မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ပင်စေရန် ဩဇာသုံးနေခြင်းမှာ လူကြီးမင်း၏ နိုင်ငံအား တရုတ်ပြည်နှင့် စီးပွားရေးဆက်ဆံမှု ပိုမိုပြုလုပ်စေရန် အကြောင်း ဖြစ်စေပါသလား။**

ဖြေ –အမေရိကန်နိုင်ငံက မိမိတို့၏နိုင်ငံကို စီးပွားရေးပိတ်ပင်မှု ပြုလုပ်ထားသည်မှာ အမှန်ဖြစ်ပါသည်။ သို့ရာတွင် မိမိတို့နိုင်ငံသည် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော တရုတ်ပြည်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့နှင့် နယ်စပ် ကုန်သွယ်ရေးလုပ်ငန်း အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ဒေသတွင်းရှိ အခြားနိုင်ငံများမှ အကူအညီအထောက်အပံ့များ ရရှိနေသဖြင့် စီးပွားရေးပိတ်ပင်မှုများ၏ အကျိုးသက်ရောက်မှုမှာ ကြီးမားခြင်း မရှိလှပါ။

ဤစီးပွားရေး ပိတ်ပင်မှုများသည် မိမိတို့နိုင်ငံနှင့် အခြားနိုင်ငံများ၏ ဆက်ဆံရေးပေါ်တွင် အကျိုးသက်ရောက်မှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ရင်းနှီးချစ်ကြည်သော ဆက်ဆံရေး ထိန်းသိမ်းနိုင်ရန် အစဉ်အမြဲကြိုးပမ်းခဲ့ပါသည်။ ဤအချက်မှာ မိမိတို့နိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်လုံး မိမိတို့ တစိုက်မတ်မတ်ကိုင်စွဲလာခဲ့သော မူဝါဒပင်ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့နိုင်ငံအပေါ် အမေရိကန်နိုင်ငံက မည်ကဲ့သို့သော စီးပွားရေးပိတ်ပင်မှု ပြုလုပ်သည်ဖြစ်စေ မိမိတို့သည် ယင်းနိုင်ငံအား ရန်လိုမုန်းတီးစိတ် မထားရှိပါ။

**မေး –အမေရိကန်နိုင်ငံက ယင်းသို့ပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်နှင့် ဆက်ဆံမှု ပိုမို ဖြစ်ပေါ်စေခြင်းရှိသည် မဟုတ်ပါလား။**

ဖြေ –မဟုတ်ပါ။ အမေရိကန်၏ စီးပွားရေးပိတ်ပင်မှုများသည် မိမိတို့

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအနေဖြင့် တရုတ်ပြည်နှင့် ပိုမိုဆက်ဆံမှုရှိလာစေသည်ဟု မိမိမပြောနိုင်ပါ။

မိမိတို့သည် နိုင်ငံများအားလုံးနှင့် နွေးထွေးချစ်ကြည်သော ဆက်ဆံရေးများ ဆက်လက်ထိန်းသိမ်းလိုပါသည်။

မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ် အမြောက်အမြားရှိပြီး မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ယင်းသယံဇာတများကို ထိရောက်စွာ အသုံးပြုနိုင်စွမ်းလည်း ရှိပါသည်။ ၎င်းအပြင် ဒေသတွင်းရှိ နိုင်ငံများသည် မိမိတို့နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ယင်းနိုင်ငံများသည် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက်လည်း ကူညီကြပါသည်။ ထို့အတွက်ကြောင့် ပြည်ပနိုင်ငံများမှ အကူအညီရရှိမည်ဆိုလျှင် မိမိတို့နိုင်ငံ ပိုမိုဖွံ့ဖြိုးမှု ရရှိလာပါမည်။

နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများ ရရှိခြင်းဖြင့် မိမိတို့၏ စီးပွားရေးနှင့် နိုင်ငံရေးကြိုးပမ်းအားထုတ်မှုများတွင် ကြီးစွာ ကူပံ့ပေးနိုင်ပါသည်။ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ် တည်ဆောက်မှုကိုလည်း အားပေးနိုင်ပြီး နိုင်ငံတော်အာဏာကို ပြည်သူ့လက်သို့ ပြန်လည်အပ်နှင်းရေးအတွက်လည်း အထောက်အပံ့ဖြစ်စေပါမည်။

မိမိ၏စစ်မှန်သောဆန္ဒမှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်လိုခြင်း၊ ဒီမိုကရေစီစနစ်တစ်ရပ် ပေါ်ထွန်းလာသည်ကို တွေ့မြင်လိုခြင်းသာဖြစ်ပါသည်။ ဤရည်မှန်းချက် ဆန္ဒပြည့်ဝလာရေးကို ဦးတည်လျက် မိမိတို့အစွမ်းဆောင်နိုင်ဆုံး ကြိုးပမ်းလျက်ရှိကြပါသည်။

မိမိတို့နိုင်ငံအပေါ် စီးပွားရေးပိတ်ပင်မှုများ ချမှတ်မည့်အစား ကမ္ဘာ့လူ့အသိုက်အဝန်းက မိမိတို့ကို ကူညီမည်ဆိုပါလျှင် ဤရည်မှန်းချက်မှာ သုံးနှစ်အတွင်း ပေါက်မြောက်လာနိုင်ပါသည်။

**မေး** –သံတမန်အသိုက်အဝန်းရှိ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းက မြန်မာ နိုင်ငံတွင်ရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မည်သည့်အချိန်တွင် ရေးဆွဲပြီး မည်နည်းဟု မေးမြန်းလျက်ရှိပါသည်။ ၎င်းအပြင် မည်သည့်အချိန်တွင် လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပမည်ဆိုသည်ကို လည်း သိလိုကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနေဆဲဖြစ်သည်ဟုလည်း

www.burmeseclassic.com

www.burmeseclassic.com





စစ်တက္ကသိုလ် ဗိုလ်လောင်းများအား စစ်ဆေးနေစဉ်။

**မိမိသိရှိရပါသည်။ အနောက်နိုင်ငံများက သိလိုသောအချက်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲမှုပြီးစီးမည့်အချိန် ဖြစ်ပါသည်။**

ဖြေ –ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲမှု လုပ်ငန်းစဉ်ကို မိမိတို့အနေဖြင့် မလိုအပ်ဘဲ အချိန်ဆွဲထားလိုသည့် စိတ်ဆန္ဒ မရှိပါ။ အကယ်၍ မိမိတို့သည် နိုင်ငံတကာမှ ကူညီပံ့ပိုးမှုများ ရရှိမည်ဆိုပါက မိမိတို့နိုင်ငံတွင် ဒီမိုကရေစီ စနစ်တစ်ရပ် ထူထောင်ရေးလုပ်ငန်းစဉ်မှာ အရှိန်အဟုန် သွက်လက်လာပါမည်။ သို့ရာတွင် အခြားနိုင်ငံများမှ ရန်လိုသောသဘောထား တစ်ရပ် ရှိနေမည် ဆိုပါလျှင် ဒီမိုကရေစီ ထူထောင်ရေး လုပ်ငန်းစဉ်မှာ အချိန်ကြာမြင့်သွားနိုင်ပါသည်။ သို့ရာတွင် မိမိဘက်ကမူ ဤလုပ်ငန်းစဉ်ကို မလိုအပ်ဘဲ အချိန်ဆွဲလိုမှု အလျှင်းမရှိပါ။

**မေး –မြန်မာနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် စစ်ဘက်က အောင်ပွဲရရှိနိုင်သည့် အနေအထား ရရှိချိန် မရောက်မချင်း ဖွဲ့စည်းပုံ ရေးဆွဲပြီးစီးမည် မဟုတ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပမည် မဟုတ်ကြောင်း အမေရိကန် အစိုးရက အလွတ်သဘော ပြောဆိုလျက်ရှိပါသည်။**

ဖြေ –ရွေးကောက်ပွဲတွင် ပြည်သူလူထုသည် ၎င်းတို့ကြိုက်နှစ်သက်သူကို မဲပေးကြပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မေး –ကမ္ဘာ့ဘဏ် အကူအညီရရှိရေးကိစ္စ၊ စီးပွားရေးပိတ်ပင်မှုကိစ္စနှင့် မြန်မာနိုင်ငံ ဂုဏ်ဒြပ်ပိုမိုကောင်းမွန်လာစေရေးကိစ္စတို့အတွက် အမေရိကန်နိုင်ငံသို့ မြန်မာအဆင့်မြင့် တာဝန်ရှိပုဂ္ဂိုလ်များ သွားရောက်ရန် စဉ်းစားခြင်း ရှိပါသလား။ ၎င်းပြင် စီးပွားရေးပိတ်ပင်မှုများသည် အစိုးရအဖွဲ့ကို ထိခိုက်နစ်နာစေသည် မဟုတ်မူ၍ မြန်မာပြည်သူလူထုကိုသာလျှင် ထိခိုက်နစ်နာစေသည် ဆိုသောအချက်နှင့် မြန်မာနိုင်ငံ၌ အချိန်တန်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရန် အစိုးရက ကြိုးပမ်းလျက်ရှိသည်ဆိုသောအချက်တို့ကို သက်ဆိုင်သူများအားလုံးတို့ကို နား လည်သဘောပေါက်စေရေးအတွက် ရှင်းပြရန် ပြည်ပနိုင်ငံများသို့ မြန်မာ တာဝန်ရှိသူများ သွားရောက်ခြင်း ရှိပါသလား။

ဖြေ –ပြဿနာမှာ မိမိတို့အနေဖြင့် ဗီဇာ ရရှိရန် မလွယ်သည့် အခက်အခဲ ဖြစ်ပါသည်။

မေး –လူကြီးမင်းအနေဖြင့် အစိုးရအဖွဲ့ အကြီးအကဲတစ်ဦးအဖြစ် ကုလသမဂ္ဂတွင် မိန့်ခွန်းပြောကြားရန် အမေရိကန်နိုင်ငံသို့ လာရောက်နိုင်သည့် အနေအထားရှိသည် မဟုတ်ပါလား။

ဖြေ –ဤကဲ့သို့သော အခွင့်အလမ်းတစ်ရပ် ရှိမည်ဆိုပါက ယင်းအခွင့်အလမ်း ကို ရယူလိုပါသည်။

မေး –အမေရိကန်နိုင်ငံသည် ထိုင်းနိုင်ငံနှင့် ရင်းနှီးချစ်ကြည်သော ဆက်ဆံရေး ထူထောင်ထားရှိပြီး ယင်းနိုင်ငံတွင် စစ်စခန်းများလည်း ဖွင့်လှစ်ထားရှိထားသဖြင့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနှင့် တရုတ်ပြည်အကြား မဟာဗျူဟာမြောက်နေရာတစ်နေရာကို အသုံးပြုနိုင်ရန် အမေရိကန်နိုင်ငံကို ကမ်းလှမ်းနိုင်ပါသည်။ ဤအချက်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ နှင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ခြင်း ရှိ၊ မရှိ သိလိုပါသည်။

ဖြေ –ဤအချက်မှာ စဉ်းစားသင့်သည့် အချက်တစ်ရပ်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် နိုင်ငံကြီးနှစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည် အကြား ဘူမိပထဝီဝင်အရနှင့် ဘူမိနိုင်ငံရေးအရ အရေးပါသော နေရာတွင် တည်ရှိသဖြင့် အဆိုပါ နှစ်နိုင်ငံစလုံးနှင့် ကောင်းမွန်သော ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ရန် မိမိတို့ကြိုးပမ်းလျက်ရှိပါသည်။ တရုတ်ဖြစ်စေ၊ အိန္ဒိယ

www.burmeseclassic.com

www.burmeseclassic.com





မြေးငယ်လေးနှင့်အတူ

နိုင်ငံဖြစ်စေ မိမိတို့နိုင်ငံအပေါ် မလိုလားသော သဘောထားအမြင်များ ရှိမည်ဆိုပါက ယင်းမှာ မိမိတို့ကို အကျိုးဖြစ်ထွန်းစေလိမ့်မည် မဟုတ်ပါ။ အကယ်၍ အမေရိကန်နိုင်ငံသည် မိမိတို့နိုင်ငံအပေါ် ထားရှိသော သဘောထားပြောင်းလဲမည်ဆိုပါက မိမိနိုင်ငံသည် ယင်းနိုင်ငံနှင့် နွေးထွေးသော ဆက်ဆံရေး ဖြစ်ပေါ်လာနိုင်ပါမည်။

မေး –ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံစုံ၌လုပ်ကိုင်နေသည့် ကုမ္ပဏီကြီးတစ်ခုက လာရောက်ကာ လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံ တည်ဆောက်ပြီး ယင်းစက်ရုံကို ကန်ထရိုက် စာချုပ်အရ သတ်မှတ်ထား သည့် နှစ်ကာလအပိုင်းအခြားတစ်ရပ်အတွင်း လုပ်ကိုင်ပြီးနောက် ယင်းစက်ရုံ ကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည့်စနစ်ဖြင့် လုပ်ကိုင်သည့် နည်းလမ်းမှာ ခေတ်စားလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ဤကဲ့သို့ သော စီမံကိန်းမျိုးကို လုပ်ဆောင်ရန် စဉ်းစားခြင်းရှိပါသလား။ ယင်းသို့ သော စီမံကိန်းကို လူကြီးမင်းအနေဖြင့် ကြိုဆိုပါသလား။

ဖြေ –မိမိတို့သည် အစိုးရအဖွဲ့၏ တာဝန်ဝတ္တရားများကို ရယူခဲ့ပြီးနောက် မိမိတို့ လုပ်ဆောင်ရန် ရွေးချယ်ဆုံးဖြတ်ရသည့် လုပ်ငန်းတစ်ရပ်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းမှာ စီးပွားရေးမူဝါဒ တစ်ရပ် ချမှတ်ပြဋ္ဌာန်းရခြင်းဖြစ်ပြီး ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို မိမိတို့ ဖိတ်ခေါ်ခဲ့ပါသည်။ မိမိတို့၏ မူဝါဒပေါက် မြောက်အောင်မြင်စေရန် လိုအပ်သည့် စည်းမျဉ်းဥပဒေများနှင့် လုပ်ထုံးလုပ် နည်းများကို ပြဋ္ဌာန်းပေးခဲ့ပါသည်။ ခင်ဗျားပြောသည့် ရင်းနှီးမြှုပ်နှံမှုမျိုး ပြုလုပ်နိုင်ရန်လည်း ဥပဒေစည်းမျဉ်းများ ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါသည်။

**မေး –မြန်မာနိုင်ငံ၌ မည်ကဲ့သို့သော နယ်ပယ်ကဏ္ဍမျိုးတွင် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံရန် လူကြီးမင်းအနေဖြင့် စိတ်ဝင် စားမှုရှိပါသလဲ။ လျှပ်စစ်ဓာတ်အားစီမံကိန်းမျိုးလား၊ လမ်းဖောက်လုပ်ခြင်း စီမံကိန်းမျိုးလား။**

**ဖြေ** –မိမိတို့နိုင်ငံတွင် ပြည်ပ ရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ် နှံစေလိုသော ကဏ္ဍတစ်ရပ်မှာ ရေအား လျှပ်စစ်လုပ်ငန်းဖြစ်ပါသည်။ ခင် ဗျား သိရှိသည့်အတိုင်း မိမိတို့နိုင်ငံသည် မဂ္ဂါဝပ် ၃၀၀၀၊ မဂ္ဂါဝပ် ၅၀၀၀ အထိ ထုတ်လုပ်နိုင်သော အရင်းအမြစ်များ ရှိပါသည်။ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု ပြုလုပ်ရန် အခြားအလားအလာရှိသည့် နယ်ပယ်မှာ ကမ်းလွန် ရေနံလုပ်ငန်းဖြစ်ပါသည်။ အကြောင်းမှာ မိမိတို့နိုင်ငံတွင် သဘာဝဓာတ် ငွေ့ ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ အမြောက်အမြားရှိသောကြောင့် ဖြစ်ပါသည်။ ဤလုပ်ငန်းနယ်ပယ်ကဏ္ဍတွင် စိတ်ဝင်စားမှုရှိသည့် ကုမ္ပဏီ များလည်း ရှိပြီးဖြစ်ပါသည်။

**မေး –လူကြီးမင်း၏ နိုင်ငံတွင် တက်(စ်)ဆာကို၊ အာကိုနှင့် ယူနိုကယ် ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေကြပြီ ဖြစ်ပါသည်။ ရေနံနှင့်ဓာတ် ငွေ့လုပ်ငန်းတွင် နောက်ထပ်ယှဉ်ပြိုင်လုပ်ကိုင်နိုင်သည့် လုပ်ငန်းများ ရှိသေး ပါသလား။**


**ဖြေ** – မှန်ပါသည်။ ယင်းကုမ္ပဏီများသည် မိမိတို့နိုင်ငံတွင် ဖက်စပ် လုပ်ငန်းများ လုပ်ကိုင်နေကြပါသည်။ မိမိတို့နိုင်ငံ၏ ဓာတ်ငွေ့၊ ဓာတ်မြေ ဩဇာနှင့် မကြာသေးမီ စသည့် ရေနံဓာတုလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ တိုးတက်လာမည့် အလားအလာ အများအပြား ရှိပါသည်။

**မေး –လာမည့်ရာစုနှစ်တွင် မြန်မာနိုင်ငံအတွက် လူကြီးမင်း၏ရှုမြင် ချက် များကို သိလိုပါသည်။ မျက်မှောက်ကာလ လူကြီးမင်း ဦးစီးပေးသည့် လုပ်**

www.burmeseclassic.com

www.burmeseclassic.com





တပ်မတော်နေ့၌ စစ်ကြောင်းများကို စစ်ဆေးနေစဉ်။

**ငန်းများမှာ မည်သည့်လုပ်ငန်းများဖြစ်ကြပြီး အနာဂတ်ကာလတွင် မြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် မည်သည့်လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်ပါမည်နည်း။**

**ဖြေ** – မိမိတို့၏ အနာဂတ်မျှော်မှန်းချက်မှာ မိမိတို့နိုင်ငံ ရရှိနိုင်သော သဘာဝ အရင်းအမြစ်များကို အသုံးပြုကာ ငြိမ်းချမ်းသာယာ၍ တိုး တက်ကြွယ်ဝပြီး ခေတ်မီသော ဒီမိုကရေစီနိုင်ငံတော်၊ ဖွံ့ဖြိုးပြီး နိုင်ငံတော်အဖြစ် ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရန်ပင် ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အသင်းဝင် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပြီး အာဆီယံ "မျှော်မှန်းချက်သဏ္ဍာန် ၂၀၂၀"ဟု ခေါ်တွင်သော ကြေညာချက်ပါ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အားလုံးက ချမှတ်ထားသည့် အနာဂတ်မျှော်မှန်းချက်ကို ပြည့်ဝလာစေရေးအတွက် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

**မေး – မည်သည့် အာဆီယံနိုင်ငံများသည် မြန်မာနိုင်ငံအပေါ် နားလည်မှု အရှိဆုံးနိုင်ငံများဟု လူကြီးမင်း ယူဆပါသလဲ။**

**ဖြေ** – မိမိတို့သည် အာဆီယံနိုင်ငံများအားလုံးမှ ခေါင်းဆောင်များနှင့် အလွန်ရင်းနှီးသော ဆက်ဆံမှုများ ရရှိထားပြီးဖြစ်သဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအားလုံးသည် မြန်မာနိုင်ငံအပေါ် နားလည်မှုရှိကြပြီး မိမိတို့

www.burmeseclassic.com



နိုင်ငံနှင့် အလွန်ကောင်းမွန်သည့် ဆက်ဆံရေးထားရှိကြပြီး ဖြစ်သည်ဟု မိမိ ပြောနိုင်ပါသည်။

**မေး –အမေရိကန်နိုင်ငံအပေါ်ထားရှိသည့် လူကြီးမင်း၏ ရှုမြင်ချက်ကို သိလိုပါသည်။**

**ဖြေ** –မိမိတို့သည် အမေရိကန်နိုင်ငံအပေါ် မည်ကဲ့သို့သော မကောင်းသည့် စိတ်ထားမျိုးမှ မထားရှိပါဟု မိမိထပ်လောင်းပြောကြားလိုပါသည်။ ခင်ဗျားသိသည့်အတိုင်း ကျွန်တော်သည် စစ်သားတစ်ဦးဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်တစ်ဦးလည်း ဖြစ်ပါသည်။ မိမိသည် ဗုဒ္ဓအဆုံးအမများအား လိုက်နာနိုင်ရန် ကြိုးစားလျက်ရှိပါသည်။ ဗုဒ္ဓအဆုံးအမအရ လူတစ်ဦးတစ်ယောက်က အခြားလူတစ်ဦးတစ်ယောက်ကို မလိုမုန်းထားသည့် စိတ်ဓာတ် မမွေးမြူရပါ။ သို့အတွက်ကြောင့် မိမိအနေဖြင့် စစ်သားတစ်ဦးဖြစ်လျှင်သော်မှ မိမိနိုင်ငံ၏ သာယာဝပြောရေးနှင့် လုံခြုံမှုရှိရေး၊ ငြိမ်းချမ်းတည်ငြိမ်မှုရှိရေးတို့အတွက် လုပ်သင့်လုပ်ထိုက်သည်တို့ လုပ်ရလျှင်သော်မှ အခြားနိုင်ငံများကို မိမိတို့က ရန်လိုမုန်းထားမှု မထားရှိပါ။ အမေရိကန်နိုင်ငံသည် မိမိတို့နိုင်ငံအပေါ် မကောင်းသည့် သဘောထားအမြင်အချို့ ရှိကောင်းရှိနိုင်သော်လည်း မိမိတို့သည် အမေရိကန်နိုင်ငံအပေါ် မကောင်းသည့်သဘောထားအမြင် မထားရှိပါ။

**မေး –လူကြီးမင်းတွင် သားသမီးခုနစ်ဦးရှိပြီး လူကြီးမင်းသည် အဘိုး တစ်ဦး ဖြစ်နေပါပြီ။ လူကြီးမင်းသည် ဆေးလိပ်မသောက်၊ အရက်မသောက်၊ အလွန်အေးချမ်းစွာ နေထိုင်သူဖြစ်ပါသည်။ လူကြီးမင်း၏ဘဝတွင် မည်သည့်အခါတွင်မျှ ဒေါသဖြင့် အော်ဟောက်ခဲ့ပုံမရပါ။ မည်ကဲ့သို့ အေးချမ်းတည်ငြိမ်သည့်ဘဝကို ရယူတည်ဆောက်ခဲ့ပါသလဲ။**

**ဖြေ** –ခင်ဗျားသိသည့်အတိုင်း မိမိသည် အေးချမ်းတည်ငြိမ်သူဖြစ်အောင် ကြိုးပမ်းလျက်ရှိပါသည်။ ယခုအခါတွင် မိမိအငြိမ်းစား ယူသည့်အခါ ဘာသာရေးကို ဇောက်ချ လုပ်ကိုင်သွားရန် ရည်မှန်းထားပါသည်။ မိမိသည် လောကီ ကာမဂုဏ်အာရုံများ မခံစားလိုတော့ပါ။ မိမိသည် အေးချမ်းသည့် ဘဝတစ်ခုတွင်သာ နေထိုင်လိုပါတော့သည်။ ယခုအခါ မိမိလုပ်ကိုင်နေခြင်းမှာ မိမိ၏နိုင်ငံတော်ကို ချစ်မြတ်နိုးသောကြောင့်သာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်အဖြစ်နှင့် နိုင်ငံတော်အာဏာကို ဦးနုထံလွှဲပြောင်းခဲ့ပြီးနောက်၊ ၁၉၅၈ စက်တင်ဘာလတွင် ဗိုလ်ကြီးအဆင့်မျှသာ ရှိပါသေးသည်။ သူသည် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (ကက/ပြည်)၏ စိတ်ဓာတ်စစ်ဆင်ရေးဌာနၥ တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ထိုအချိန်မှစ၍ ဗိုလ်ကြီးသန်းရွှေသည် ဗိုလ်ချုပ်ကြီးနေဝင်း၏ စစ်အာဏာရှင်စနစ် ထူထောင်ရေး မဟာစီမံကိန်း ကြီး၌ အရေးပါသည့် အခန်းကဏ္ဍမှနေ၍ စတင် ပါဝင်လာခဲ့သည်ဟု ဆိုနိုင်သည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် အိမ်စောင့်အစိုးရ၏ ဝန်ကြီးချုပ်အဖြစ်နှင့် အခိုက်အတန့် အာဏာရရှိခဲ့သည့် ကာလတိုအတွင်း မကြာခင် သူ အကောင်အထည်ဖော်တော့မည့် စစ်အာဏာရှင်အတွက် ရေခံမြေခံများကို စနစ်တကျ စတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံရေး စီးပွားရေး၊ ဝါဒဖြန့်ချိရေး စသည့် နယ်ပယ်အသီးသီး၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ယင်းသို့ ပြင်ဆင် တည်ဆောက်သည့်အထဲတွင် "နိုင်ငံတော်ကြံ့ခိုင်ရေး အသင်း" တစ်ခုလည်း ပါဝင်ခဲ့သည်။ ပါတီနိုင်ငံရေးနှင့် ဆက်စပ်ပတ်သက်မှု လုံးဝ မရှိသည့် သာမန်လူမှုရေးအသင်းအဖွဲ့တစ်ခုသာဖြစ်သည်ဟု ဝါဒဖြန့်၍ ဝန်ထမ်းများနှင့် အရပ်သားများကို အတင်းအကျပ် ၎င်း အသင်းသို့ ဝင်ရောက်စေခဲ့သည်။ အသင်းကြီး၏ ဗဟိုကောင်စီဒုဥက္ကဋ္ဌ နေရာနှင့် အတွင်းရေးမှူးနေရာများကို သူ၏ ညာလက်ရုံးနှင့် ဘယ်လက်ရုံးများဖြစ်ကြသည့် ဒု-ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ဗိုလ်မှူးချုပ်မောင်မောင် (နောင် သံအမတ်)တို့ကို ကိုင်တွယ်စေခဲ့သည်။ များမကြာမီမှာပင် ၎င်းအသင်းသည် နိုင်ငံရေး ခါးပိုက်ဆောင် တပ်အင်အားစု တစ်ခုဖြစ်သည်ကို လူတိုင်းသိရှိခဲ့ကြသည်။ ဗိုလ်ကြီးသန်းရွှေသည် အဆိုပါကြံ့ခိုင်ရေးအသင်းကြီး ဖွဲ့စည်းထူထောင်ရာတွင် အစအဆုံးပါဝင်ခဲ့ပေသည်။ သူကိုယ်တိုင် စစ်အာဏာရှင်ဖြစ်လာသောအခါ စစ်တပ် လက်ကိုင်တုတ် နိုင်ငံရေးအင်အားစုအဖြစ် အသုံးချနိုင်စေရန် ၁၉၉၃ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

www.burmeseclassic.com

www.burmeseclassic.com



ကို လူမှုရေးအသင်းတစ်ခုအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်လျက် စတင်ဖွဲ့စည်းခဲ့သည်။ အသင်းကြီးစတင်ဖွဲ့စည်းစဉ်က ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော်အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးကို ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးဟူသည့် ရည်ရွယ်ချက် (၅)ရပ်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ သို့သော် အဆိုပါအဖွဲ့သည် ၂၀၁၀ ရွေးကောက်ပွဲ မတိုင်ခင်မှာပင် လူမှုရေးအသင်းမှ နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲဖွဲ့စည်းကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဟူ၍ ပါတီစုံ ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ခဲ့သည်။

ထို့နောက် ၁၉၆၂ မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာ ကို အပြီးအပိုင် သိမ်းပိုက်လိုက်သောအခါ ဗိုလ်ကြီးသန်းရွှေသည် တပ်မဟာ (၁) စိတ်ဓာတ်စစ်ဆင်ရေးအရာရှိအဖြစ်နှင့် တာဝန်ထမ်းဆောင်ခဲ့ရချိန်လည်းဖြစ်သည်။ အာဏာသိမ်းခဲ့ပြီးနောက် ထိုစဉ်က လူတိုင်းစိတ်ဝင်စားနေသည့် ဆိုရှယ်လစ်ဝါဒကို ဇန်းပြုပြီး မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်ဝါဒအမည် တစ်ပါတီအာဏာရှင်ဝါဒ တစ်ခုကို သွတ်သွင်းရန်အတွက် ဦးဘငြိမ်နှင့် ဦးချစ်လှိုင် (ကိုကိုမောင်ကြီး)တို့ကို ဆရာတင်ပြီး ၁၉၆၃ ခုနှစ်တွင် ဗဟိုနိုင်ငံရေး သိပ္ပံကျောင်းကို စတင်ဖွင့်လှစ်ခဲ့သည်။ နောက်ပိုင်းတွင် အဆိုပါ ကျောင်းကို တက္ကသိုလ်အဆင့်သို့ အဆင့်မြှင့်ခဲ့သည်။ စိတ်ဓာတ်စစ်ဆင်ရေး အရာရှိအဖြစ် နှစ်အတန်ကြာ အတွေ့အကြုံရှိနေပြီဖြစ်သည့် ဗိုလ်ကြီးသန်းရွှေကို ယင်းကျောင်း၌ နည်းပြဆရာတစ်ဦးအဖြစ် ပြောင်းရွှေ့ခန့်ထားခဲ့သည်။

စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်ကြီးသန်းရွှေတို့သည် ထိုအချိန်မှစ၍ ရင်းနှီးလာခဲ့သည်ဟု ဆိုရပေမည်။ လူ့မနောကို နှေးကြုံနေသောသူ့အဖို့ အထက်အရာရှိကြီးများ အာရုံစိုက်မှုကို ရရှိအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားအားထုတ်ပြနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





န–အ–ဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ယင်းနောက် ဗဟိုနိုင်ငံရေးတက္ကသိုလ် နည်းပြဆရာကလေး ဗိုလ်ကြီးသန်းရွှေသည် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ၌ ခမရ (၁၀၁)သို့ ဌာနချုပ်တပ်ခွဲမှူးအဖြစ် ယာယီပြောင်းရွှေ့ခဲ့သည်။ ထိုမှတစ်ဖန် ၃ လအကြာတွင် ဗိုလ်မှူးအဆင့်သို့ တိုးမြှင့်ခံရပြီး စစ်ဦးစီးမှူး (ဒုတိယတန်း)အဖြစ် ကက/ကြည်းကို ခေါ်ယူတာဝန်ပေးအပ်ခံရသည်။ ဗိုလ်မှူးသန်းရွှေသည် ကက/ကြည်း၌ တာဝန်ထမ်းဆောင်နေစဉ်အတွင်း အထက်လူကြီးများ သဘောကျအောင် နေထိုင်ပြနိုင်သည့်အတွက် နောက်ပိုင်းတွင် ခလရ (၁) တပ်ရင်းမှူး၊ စစ်ဦးစီးမှူး (ပထမတန်း)၊ တပ်မဟာစစ်ဇုဗ္ဗဟာမှူး၊ တပ်မ (၈၈) တပ်မမှူး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် စသည့် စစ်တပ်ထိပ်ပိုင်းရာထူးများကို တစ်ဆင့်ပြီးတစ်ဆင့် ရရှိလာခဲ့တော့သည်။

ဒု–ဗိုလ်ကလေးဘဝမှ ဒုတိယကာကွယ်ရေး ဦးစီးချုပ်ဖြစ်လာသည့် ကာလအထိ ဘဝတစ်လျှောက်လုံး ဗိုလ်ချုပ်ကြီးနေဝင်း၏ ဩဇာလွှမ်းမိုးမှုကို ခံခဲ့ရသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သူ့လက်ထဲ နိုင်ငံတော်အာဏာများ ရရှိလာသောအခါ ၁၉၉၂ ခုနှစ် နောက်ပိုင်းမှစ၍ ဦးနေဝင်း၏

www.burmeseclassic.com



သြဇာလွှမ်းမိုးမှုအောက်မှ ရုန်းထွက်နိုင်ဖို့အတွက် အမျိုးမျိုးအဖုံဖုံကြိုးပမ်းအား ထုတ်လာသည်ကို တွေ့ရပေသည်။

ဗိုလ်ချုပ်မှူးကြီး၏ မိသားစုလည်း သူတို့အပေါ် တစ်ချိန်က ဦးနေဝင်းနှင့် သူ့သားသမီးများက မောက်မာစွာ ဆက်ဆံခဲ့ရပုံများကို တစ်သက် မမေ့နိုင်ခဲ့ချေ။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပည့်သားချင်းများကလည်း သူ့စကားကို သံယောင်လိုက်၍ ဦးနေဝင်း ခေါင်းဆောင်သည့် မဆလအစိုးရ၏ မှားယွင်းသည့် ပေါ်လစီများနှင့် ညံ့ဖျင်းသည့် စီမံခန့်ခွဲမှုများကြောင့် တိုင်းပြည် ချွတ်ခြုံကျခဲ့ရပုံကို ဝေဖန်ပြောဆိုလာခဲ့သည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် သူ၏အဖွဲ့သားများသည် သူတို့၏အာဏာတည်ဆောက်ရေး ခိုင်မာလာသည်နှင့်အမျှ ဗိုလ်ချုပ်ခင်ညွန့်အပါအဝင် ဦးနေဝင်းမိသားစု နှင့် နွယ်ငင် ဆက်စပ်ပတ်သက်နေသူများ၏ လုပ်ပိုင်ခွင့်များကို တစ်စတစ်စ ထိန်းချုပ်မှုများ ပြုလုပ်ခဲ့ကြတော့သည်။

ဦးနေဝင်းမြေးများ အာဏာသိမ်းရန် ကြံစည်မှု မဖြစ်ပွားခင် ဒေါက်တာ ခင်စန္ဒာဝင်း၏ သားများ၏ ဆက်သွယ်ရေးပြိုဟ်တု ဖုန်းကိစ္စကို မလိုက်လျောခဲ့သည့်အတွက် စန္ဒာဝင်းတို့ မိသားစုက မကျေမနပ်ဖြစ်ခဲ့သည်။ ထို့ပြင် ပြည်သူလူထုထံ ဖုန်းတစ်လုံးလျှင် ကျပ်ငွေ ၅ သိန်းကြိုတင်ငွေ ကောက်ခံထားသည်ကိုလည်း ပြန်အမ်းရန်နှင့် လုပ်ပိုင်ခွင့်ကို နဝတ ရုပ်သိမ်းလိုက်မှုကြောင့် စတင်ပဋိပက္ခဖြစ်ပွားခဲ့သည်ဟုဆိုသည်။ ယင်းကိစ္စနှင့် ပတ်သက် နောက်ပိုင်းတွင် ဆက်သွယ်ရေးနှင့်ကြေးနန်းစာတိုက်ဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းတင်ကိုလည်း နဝတက ဖြုတ်ပစ်လိုက်သည်။

၁၉၉၇ ခု၊ နိုဝင်ဘာလတွင် နဝတ အာဏာသိမ်းစစ်ကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး တစ်ဒါဇင်ကျော် အစုလိုက်အပြုံလိုက် ဖြုတ်ချခံရပြီးနောက် တပ်မတော်အတွင်း ကျားသေကို အသက်ပြန်သွင်းရန် ရည်ရွယ်သည့် လှုပ်ရှားမှုတစ်ခု စတင်ပေါ်ပေါက်လာခဲ့သည်။ ပထမဆုံး စတင်လှုပ်ရှားမှုမှာ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး သည် ၁၉၉၈ ဇွန်လအတွင်း အမေရိကန်ပြည်ထောင်စုကို သွားရောက်ခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စု၌ ခိုလှုံနေသော လုပ်ဖော်ကိုင်ဖက် ဗိုလ်မှူးချုပ်ဟောင်းမောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com





အိန္ဒိယဝန်ကြီးချုပ် မိုဟန်ဆင်း နှင့်အတူ တွေ့ရစဉ်။

တွေ့ဆုံဆွေးနွေးခဲ့သည်။ အမေရိကန်၌ ရောက်ရှိနေစဉ်အတွင်း ဗီအိုအေ၊ အာရ်အက်ဖ်အေ အသံလွှင့်ဌာနနှင့် တွေ့ဆုံ၍ နအဖ စစ်အစိုးရ နှင့် N.L.D ပါတီကို ဝေဖန် တိုက်ခိုက်သော ပြောဆိုမှုများကို ပြုလုပ်ခဲ့သည်။ အဆိုပါ အခြေအနေများကို ဝင်ရောက်ထိန်းသိမ်းပေးနိုင်သူမှာ ဗိုလ်ချုပ်ကြီးနေဝင်း တစ်ဦးတည်းသာရှိကြောင်းနှင့် အချိန်မီ ဝင်ရောက် ထိန်းသိမ်းပေးဖို့ နှိုး ကြောင်းပေးခဲ့သည်။

ထို့နောက် ၂၀၀၁ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ဦးနေဝင်း၏ နှစ် ၉၀ ပြည့် မွေးနေ့အခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ တခမ်း

www.burmeseclassic.com

www.burmeseclassic.com



တနား ကျင်းပပြုလုပ်ခဲ့သည်။ မွေးနေ့အခမ်းအနားပွဲကို ရိုက်ကူးထားသော ဗီဒီယိုအခွေ၌ ဦးနေဝင်းသည် ဇရာထောင်း၍ ဖွတ်ဖွတ်ကြေနေသော်လည်း ကျန်းမာစွာဖြင့် မပျက်စီးသေးကြောင်း ပြုံးပြုံးရွှင်ရွှင် ညှော်ခံ နှုတ်ဆက်နေပုံများကို ရိုက်ကူးပြသထားသည်။ ထို့နောက်ပိုင်းတွင် ဦးနေဝင်းသည် စင်ကာပူသို့ ဆေးကုသရန် ထွက်ခွာသွားသည့်သတင်း ပေါ်ထွက်လာခဲ့သည်။

ဦးနေဝင်း၏ မွေးနေ့အခမ်းအနားကို နအဖ စစ်အစိုးရ ကိုယ်တိုင်က ကမကထ ပြုလုပ်ပြီး ကျင်းပပေးခဲ့သယောင် ထင်ခဲ့ရသော်လည်း အဆိုပါ အခမ်းအနားပွဲသို့ ထိပ်တန်းဗိုလ်ချုပ်ကြီးများနှင့် ဝန်ကြီးအဖွဲ့ဝင်များ အပါအဝင် အစိုးရ အရာရှိကြီးများ မတက်ရောက်ရန် ဗိုလ်ချုပ်မှူးကြီးက ကြိုတင် အမိန့်ထုတ်ထားခဲ့သည်။ သတင်းရယူဖို့အတွက် အလယ်အလတ်အဆင့် နအဖ စစ်ဗိုလ်နှစ်ဦးသာ တက်ရောက်ခဲ့သည်။

ထိုအချိန်မှစ၍ ဦးနေဝင်းနှင့် သူ့မိသားစု၏ လှုပ်ရှားမှုများကို အမြဲမပြတ် စောင့်ကြည့်ရန် သူ၏ လူယုံတော် စစ်ထောက်လှမ်းရေး၊ ဒုညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းကို သီးသန့်တာဝန်ပေးခဲ့သည်။

အာဏာနှင့် ပတ်သက်၍ မည်သူ့ကိုမှ ချမ်းသာ မပေးတတ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဦးနေဝင်း၏ သားမက် ဦးအေးဇော်ဝင်းနှင့် မြေးများဖြစ်ကြသော အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့ကို နိုင်ငံတော်အာဏာ သိမ်းရန် ကြံစည်မှု၊ နိုင်ငံတော်လုပ်ကြံမှုစသည့် စွပ်စွဲချက်များဖြင့် ၂၀၀၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ဖမ်းဆီး၍ နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့သည်။ အာဏာသိမ်းရန် ကြံစည်မှုနောက်ကွယ်၌ ပါဝင်ပတ်သက်မှု ရှိမည်ဟု သံသယရှိခဲ့သော လေတပ် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မြင့်ဆွေ (လေ)၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ချစ်သန်း၊ ကမ်းရိုးတန်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အေးကြွေး ရဲချုပ် ဗိုလ်မှူးကြီးစိုးဝင်း တို့ကိုလည်း ဖယ်ရှားပစ်ခဲ့သည်။ သို့သော် ဦးနေဝင်း၏ သမီးဖြစ်သူ ဗိုလ်မှူးဟောင်း ဒေါ်ခင်စန္ဒာဝင်း နှင့် ဦးနေဝင်း တို့ကို အသက်အရွယ်ကြီးပြီး ဘာမှ မလုပ်နိုင်သည်ဟု ယူဆ၍ တစ်ကြောင်း၊ စစ်တပ်အတွင်း၌လည်း တစ်စုံရာ ဩဇာရှိနေနိုင်သည်ဟု ယူဆ

www.burmeseclassic.com

www.burmeseclassic.com





ထားသောကြောင့်လည်းကောင်း နိုင်ငံတော်အာဏာ သိမ်းရန် ကြံစည်မှုဖြင့် တရားစွဲဆိုခြင်း မပြုဘဲ နေအိမ်အကျယ်ချုပ်သာ ချထားခဲ့သည်။

ဤသို့ဖြင့် အာဏာရှင်ဟောင်း ဦးနေဝင်းသည် အသက် ၉၃ နှစ်အရွယ် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ ၅ရက်နေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် မေခလမ်း အိမ်အမှတ် ၁၉ ရှိ သမီး ဒေါ်ခင်စန္ဒာဝင်း၏ နေအိမ်တွင် သေဆုံးသွားသည့်အခါ နေ့မကူးစေဘဲ ချက်ချင်းသင်္ဂြိုဟ်ခိုင်း၍ အသုဘချစေသည်။ အင်းစိန်ထောင်တွင်း၌ သေဒဏ် ပြစ်ဒဏ်ချထားခံရသော ဦးနေဝင်း၏ သမက်၊ မြေးများနှင့် ပြည်ပရောက်နေသော သားသမီးများကိုလည်း လာရောက်ခွင့် မပေးသည့်အပြင် နအဖအဖွဲ့နှင့် မြန်မာ့တပ်မတော် အတွင်း ဦးနေဝင်း၏တပည့်ဟောင်းများကိုလည်း တက်ရောက်ခွင့်မပေးခဲ့ချေ။

ထို့နေ့ နေ့လယ် (၁)နာရီခန့်တွင် မြောက်ဥက္ကလာပမြို့နယ်ရှိ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ခဲ့သည့် ဦးနေဝင်း၏ နောက်ဆုံးခရီးကို သမီး ခင်စန္ဒာဝင်းနှင့် ပုဂ္ဂိုလ် အချို့သာ လိုက်ပါပို့ဆောင်နိုင်ခဲ့သည်။ ဦးနေဝင်း၏ အသုဘသို့ မဆလခေတ် နိုင်ငံတော်ကောင်စီဝင်ဟောင်း ဗိုလ်မှူး ချုပ်

www.burmeseclassic.com



သောင်းတင် (ရေ)လိုက်လံပို့ဆောင်ခဲ့မှုကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အကြီးအကျယ် ဒေါသပေါက်ကွဲကာ ဗိုလ်မှူးချုပ် သောင်းတင်၏ သားရေတပ်ဗိုလ်မှူးမိုးသက်တင်ကို အကြောင်းမဲ့ ရာထူးမှ ဖြုတ်ပစ်ခဲ့သည့်အပြင် ဗိုလ်မှူးချုပ်သောင်းတင်၏သားမက် တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးချိုသန်းမောင်ကိုလည်း ချက်ချင်းပင် အရပ်ဘက်ဌာနသို့ ပြောင်းရွှေ့ပစ်ခဲ့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)
## စစ်သက်ရှည် ဗိုလ်ချုပ်မှူးကြီး

နဝတမှ နအဖ အဖြစ် ပြောင်းလိုက်ပြီးနောက် မြန်မာ့တပ်မတော်တစ်ခုလုံးကို သူ့စိတ်ကြိုက် ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီးနောက် အာဏာကို ပိုင်ပိုင်နိုင်နိုင်တည်ဆောက်နိုင်ချိန်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အသက်သည် ၆၄ နှစ်အတွင်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။ ၁၉၅၆ ခု၊ တပ်မတော် အက်ဥပဒေအရ မည်သည့် စစ်သည်မဆို အသက် ၆၀ ပြည့်လျှင် တပ်မတော်၌ ဆက်လက် စစ်မှုထမ်းခွင့် မရှိချေ။ မြန်မာ့တပ်မတော်သမိုင်းကို ပြန်ကြည့်လျှင် ဂန္ထဝင်စာချုပ်အရ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ပြန်လည် စုဖွဲ့ခဲ့သည့်အချိန်မှ ယနေ့အထိ ကာကွယ်ရေးဦးစီးချုပ်ပေါင်း (၈)ဦးရှိသည့်အနက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေမှ လွဲ၍ မည်သူမျှ အသက် ၆၀ ကျော်သည်အထိ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ရာထူးကို ဆက်လက် ဖက်တွယ်ထားခြင်း မရှိပေ။

ယုတ်စွအဆုံး မြန်မာ့တပ်မတော်၌ ပထမဆုံး စစ်အာဏာရှင်ကြီးဖြစ်ခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်း ပင်လျှင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရာထူးကို အသက် ၆၀ ကျော်သည်အထိ ထမ်းဆောင်ခဲ့ခြင်း မရှိချေ။ သို့သော် မြန်မာ့တပ်မတော်၏ တတိယမြောက် စစ်အာဏာရှင်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသာ အသက် ၇၈ နှစ်အထိ ကာကွယ်ရေး ဦးစီးချုပ်ရာထူးကို ဖက်တွယ်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ပြီးခေတ် မြန်မာ့တပ်မတော်၏ ပထမဆုံးကာကွယ်ရေးဦးစီးချုပ် ကရင်လူမျိုး ဒုတိယဗိုလ်ချုပ်ကြီး စမစ်ဒွန်း (B.C5106) သည် တာဝန်က ဖယ်ရှားခံရလိုက်သည့် ၁၉၄၉ ဇန်နဝါရီလ ၃၁ ရက်၌ အသက် ၆၀ မပြည့်သေးပေ။ သူ၏နေရာကို ဆက်ခံခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်း(B.C-3502) သည် အသက် ၆၀ ပြည်ပြည့်ချင်း ၁၉၇၂ ခုနှစ်၊ ဧပြီ ၂၀ ရက်နေ့တွင် စစ်စည်းကမ်းကို လေးစားလိုက်နာသောအားဖြင့် ဗိုလ်ချုပ်ကြီးစန်းယု (B.C -3567)ကို လွှဲပြောင်းပေးခဲ့သည်။ တစ်ဖန် ၁၉၈၈ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် သေဆုံး၌ ဖွားမြင်ခဲ့သော ဗိုလ်ချုပ်ကြီးစန်းယု ကလည်း အသက် (၆၀) မပြည့်ခင် ၁၉၇၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် သူ၏ရာထူးကို ဗိုလ်ချုပ်ကြီး သူရတင်ဦး (B.C-3651)ထံသို့ လွှဲပြောင်းပေးခဲ့သည်။ ဗိုလ်ချုပ်ကြီး သူရတင်ဦး၏ ရာထူးကို ဆက်ခံခဲ့သော ဗိုလ်ချုပ်ကြီးသူရကျော်ထင် (B.C-5332) ကလည်း သူ့အသက် (၆၀) ပြည့်သည့် ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဗိုလ်ချုပ်ကြီး စောမောင်ထံ (B.C-6118)သို့ ထံသို့လွှဲပေးခဲ့သည်။

သို့သော် ဗိုလ်ချုပ်ကြီး သန်းရွှေသည် ဘိုးသက်ရှည် စစ်သားကြီးခေါ်ရလောက်အောင် သူ့အသက် (၇၈) နှစ်ကျမှ စစ်တက္ကသိုလ် အပတ်စဉ် (၁၉) ကျောင်းဆင်း ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် (ကြည်း–၁၄၂၃၂) ထံသို့ မလွှဲချင် လွှဲချင်ဖြင့် လွှဲပြောင်းပေးလိုက်ရသည်။ သူသည် အသက် ၇၈ နှစ်တိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရာထူးကို ရယူထားသလို လုပ်ပိုင်ခွင့်အာဏာ အားလုံးကို ဆက်လက်ရယူ ထိန်းချုပ်ထားခဲ့သည်။ သူသည် သူ့ကို ပြန်လှန်မလှန်နိုင်စေရန်အတွက် နေရာသစ်များနှင့် ရာထူးငယ် အများအပြားကို တီထွင် ဖန်တီးပေးထားသည်ကို တွေ့ရသည်။

မူလက နဝတ စစ်ကောင်စီ၌ အတွင်းရေးမှူး (၁) နှင့် (၂)သာ ထားရှိခဲ့ရာမှ အသစ်ပြန်လည် ဖွဲ့စည်းခဲ့သော နအဖ စစ်ကောင်စီလက်ထက်တွင် အတွင်းရေးမှူး (၃) ဆိုသည့် နေရာသစ်ကို ထပ်မံတိုးချဲ့၍ သူ့တပည့်ကျော် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့် (B.C-8809)ကို ပူးတွဲလုပ်ကိုင်ခဲ့သည်။ ဤသို့ဖြင့် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်သည် နအဖအဖွဲ့၌ (၅) ဦးမြောက် အာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်လာသည်။ ၁၉၉၈ ခုနှစ်၊ စက်

www.burmeseclassic.com

www.burmeseclassic.com



တင်ဘာလမှ အာဏာ ရယူထားသော အတွင်းရေးမှူး (၁)နှင့် (၂)တို့၏ လုပ်ပိုင်ခွင့်အာဏာနှင့် ဩဇာအရှိန်အဝါ များကိုလည်း လျှော့နည်းသွားစေခဲ့သည်။ ဒုတိယ ဗိုလ်ချုပ်ကြီးဝင်းမြင့်သည် ၁၉၈၈ ရှစ်ဆယ့်ရှစ် ဒီမိုကရေစီ လူထုအရေးတော်ပုံအတွင်း အန္တပြ ပြည်သူလူထုကို ရက်စက်၍ ပစ်ခတ် သတ်ဖြတ်ချေမှုန်းရာ၌ ရှေ့တန်းမှ တက်ကြွစွာ ပါဝင်ခဲ့သည့် တပ်မ (၁၁)၏ လက်မရွံ့ တပ်မမှူးကြီးဖြစ်ခဲ့သလို ဗိုလ်ချုပ်မှူးကြီး ကာကွယ်ရေး ဦးစီးချုပ်ဖြစ်လာသည့် ၁၉၉၂ တွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကို တိုင်းမှူးအဖြစ် ပြောင်းရွှေ့ခန့်အပ်ခံရပြီး ၁၉၉၅ ခုနှစ် စစ်ရေးချုပ်အဖြစ်နှင့် သူ့အနီးသို့ ခေါ်ယူထားခဲ့ခြင်း ခံရသူဖြစ်သည်။ ယခုအခါ The Popular Newsဂျာနယ်နှင့် ရတီမဂ္ဂဇင်းတို့ကို ထုတ်ဝေနေသူမှာ ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းမြင့်၏သမီး နန်းကလျာဝင်းဖြစ်ပေသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၇ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနရှိပါလျက် တပ်မတော်ရေးရာဝန်ကြီးဌာန တီထွင် ဖန်တီးပြီး သူ့တပည့်စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးတင်လှ (B.C-8752)ကို ပူးတွဲ ကိုင်စိုင်းခဲ့သည်။ ထို့နောက် ၁၉၉၈ ခု၊ နိုဝင်ဘာ ၁၄ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်ရာထူးကို ဒုတိယ ဗိုလ်ချုပ်ကြီး တင်လှ ကို ပူးတွဲကိုင်စိုင်းခဲ့သည်။ ဒုဗိုလ်ချုပ်ကြီး တင်လှသည် ရှစ်ဆယ့်ရှစ် ဒီမိုကရေစီ အရေးတော်ပုံတွင် လူထုအား ရက်စက်စွာ ဖြိုခွင်းခဲ့သော တပ်မ၂၂ ၏ လက်မရွံ့ တပ်မမှူးကြီး ဖြစ်ခဲ့သည်။ ၎င်းအား ဗိုလ်ချုပ်မှူးကြီး ကာကွယ်ရေး ဦးစီးချုပ် ဖြစ်သည့်အချိန် ၁၉၉၂ ၌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးအဖြစ် ပြောင်းရွှေ့ခန့်အပ်ပြီးနောက် ၁၉၉၅ တွင် စစ်ထောက်ချုပ်အဖြစ် သူ့အနီးသို့ ခေါ်ယူထားခဲ့သည်။

ဤသို့ အတွင်းရေးမှူးရာထူးများ ဖောင်းပွနေမှုသည် သူ့တပည့်များကိုနေရာပေးရန်နှင့် အချင်းချင်း အင်အားချိန်ခွင်ရှာထိန်းညှိရန်အတွက် ပြုလုပ်ခြင်းဖြစ်သည်ဟု နိုင်ငံရေးအကဲခတ်သမားများက ဆိုသည်။

ထို့နောက် ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ရှောက်ယာဉ် ပျက်ကျသေဆုံးသွားသော အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တင်ဦး၏ နေရာကို (၂) နှစ်နီးပါး လစ်လပ်ထားပြီး ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လူယုံတော် လေကြောင်းရန်ကာကွယ်ရေးဌာနချုပ်မှူး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းကို ပေးအပ်ခဲ့သည်။ သို့သော် လာဘ်စားမှုဖြင့် ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် အဖြုတ်ခံရလိုက်သော အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၏ နေရာကို ၂၀၁၀ ခုနှစ်အထိ အစားထိုး ခန့်အပ်ခြင်း မပြုခဲ့တော့ချေ။

နအဖ စတင်ပွဲ့စည်းစဉ်က ဒုတိယဝန်ကြီးချုပ်တာဝန် ပေးထားသော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်းတို့ကို ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလတွင် တစ်သုတ်တည်း ဖြုတ်ခဲ့ပြီး၊ နောက်ပိုင်း ခန့်ထားသော ဒုဝန်ကြီးချုပ် (၃) နေရာကိုလည်း မထားတော့ပေ။

ဤသို့ဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မိမိအာဏာ တည်မြဲရေးအတွက် မလိုအပ်ဘဲ ရာထူးဌာန တိုးချဲ့ဖွဲ့စည်းလိုက်၊ ပြန်ဖျက်လိုက်ဖြင့် ဖြစ်ပျက် သံသရာလည်လျက် ရှိနေခဲ့ပေသည်။

ထို့နောက် တဖြည်းဖြည်း အာဏာကြီးထွားလာသော ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ကို သံသယရှိရာမှ အတွင်းရေးမှူး(၁) ရာထူးကို အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ လွှဲပေးရန်နှင့် ကက/လှမ်း ညွှန်မှူး ရာထူးကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လူယုံ တပည့်ကျော် ဗိုလ်ချုပ်ကျော်ဝင်းထံ လွှဲပြောင်းပေးရန် ပြောကြားခဲ့ရာ ဗိုလ်ချုပ်ခင်ညွန့်သည် အတွင်းရေးမှူး(၁) ရာထူးကို လက်လွှတ်နိုင်သော်လည်း ကက/လှမ်း ညွှန်မှူး ရာထူး လက်လွှတ်လိုက်ရပါက တပ်နှင့်အဆက်ပြတ်ပြီး "မျောက်သစ်ကိုင်း လွတ်" ဘဝ ရောက်သွားနိုင်သည်မို့ လက်သင့် မခံနိုင်ကြောင်း ခပ်ပြတ်ပြတ် ပြန်ပြောခဲ့သည်။

ထိုစဉ်အတွင်း နအဖ ခေါင်းဆောင်များ နောက်ကွယ်မှ ကွပ်ကဲဆောင်ရွက်ခဲ့သော စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ကြည်ရွာအနီး၌ ဒီပဲယင်း လူသတ်ပွဲ ဖြစ်ပေါ်လာသောကြောင့် နိုင်ငံတကာ ဖိအားများ ဖိတက်လာချိန်တွင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဗိုလ်ချုပ်ကြီးရာထူး တိုးပေး၍ ဝန်ကြီးချုပ်ရာထူးကို ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် လွှဲပြောင်း ခန့်အပ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com






ဗိုလ်မှူးဇော်ဖြိုးဝင်းနှင့် ဇနီး မသန္တာရွှေ သမီးငယ်

ဝန်ကြီးချုပ်ဖြစ်လာသည့် စစ်ထောက်လှမ်းရေးအကြီးအကဲဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း သူ့ကိုယ်သူ ပွဲထုတ်ဖို့ ကြိုးစားသည့်အနေဖြင့် သူ၏ မဟာဗျူဟာ လေ့လာရေးဌာနမှ ပြုစုရေးဆွဲထားသော နအဖ၏ နိုင်ငံရေးလမ်းပြမြေပုံ (Road Map)(၇)ချက်ကို ဩဂုတ်လ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ခင်ညွန့်၏ နအဖအတွင်းရေးမှူး (၁)ရာထူးကို သူ့တပည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းထံ လွှဲအပ်ပေးခဲ့သည်။ အတွင်းရေးမှူး (၂) ရာထူးကိုမူ နောက်ထပ် သူ့တပည့် လူယုံစစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (နောင်သမ္မတ)ကို ပူးတွဲကိုင်ခိုင်းခဲ့လေသည်။

မြန်မာ့ တပ်မတော်မှာ ထိပ်တန်း ရာထူးကြီးတွေ ရရှိဖို့အတွက် စွမ်းရည် (၃)ရပ်နဲ့ ပြည့်စုံနေရုံဖြင့် မလုံလောက်ဘဲ "တော်(၃)တော်"ဆိုသည့် "ပင်ကိုယ်တော်"၊ "ဆွေမျိုးတော်"၊ "အဖားတော်"ဖို့လည်း လိုအပ်ပေသည်။ ပင်ကိုယ်တော်လည်းမတော်၊ ဆွေမျိုးလည်း မတော်ပါက အဖားတော်ဖို့ လိုပေသည်။ အဖားတော်သူများသာ စစ်တက္ကသိုလ် စစ်ကျောင်းများ၌ နောက်ဆုံးအဆင့် သင်တန်းဆင်း ဖြစ်စေကာမူ အဖားတော်သောကြောင့် တပ်မတော်၏ ထိပ်ဆုံးရာထူးကြီးများကို ရရှိခဲ့သည်ကို တွေ့ရပေသည်။ ဒါ့ကြောင့် ထိပ်တန်းရလိုသူတိုင်းသည် ပင်ကိုယ်တော်ဖို့ထက် ဆွေမျိုးတော်ဖို့ အရေးကြီးသည်။ ဆွေမျိုးတော်ဖို့ထက် အဖားတော်ဖို့က ပိုအရေးကြီးပေသည်။

သာဓကပြရရင် နအဖစစ်အစိုးရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၏ဘဝဖြစ်စဉ်ကို လေ့လာပါက သိသာလှပေသည်။ ယနေ့ သက်တော်ရှည် ဝန်ကြီးများ၌ တစ်ပါး အပါအဝင်ဖြစ်နေသော ဦးသောင်းသည် တစ်ချိန်က ဒုတိယဗိုလ်မှူးကြီးမောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်တို့နှင့်အတူ စစ်တက္ကသိုလ်အပတ်စဉ်(၁)မှ ကျောင်းဆင်းအရာရှိတစ်ဦးဖြစ်သည်။

ဗိုလ်လောင်းမောင်သောင်းသည် ပင်ကိုယ်တော်သူတစ်ဦးဖြစ်သည့်အတွက် စစ်တက္ကသိုလ်အပတ်စဉ် (၁)၌အကောင်းဆုံးဗိုလ်လောင်း (Best Cadet) ဆုကို ရရှိခဲ့သူဖြစ်သည်။ သူ၏ကိုယ်ပိုင်နံပါတ်မှာ (ကြည်း–၇၈၅၆) ဖြစ်ပြီး၊ ဗိုလ်ချုပ်ထွန်းကြည်၏ ကိုယ်ပိုင်နံပါတ်မှာ (ကြည်း–၇၈၆၄)၊ ဒုဗိုလ်မှူးကြီးမောင်အေး၏ ကိုယ်ပိုင်နံပါတ် (ကြည်း–၇၈၇၅) ဖြစ်သည်။

ပင်ကိုယ်တော်သော ဗိုလ်မောင်သောင်းကို ထိုစဉ်က ၃–ကာကွယ်ရေး ဦးစီးချုပ်ဖြစ်သည့် ဗိုလ်မှူးချုပ်အောင်ကြီးက သူ၏ကိုယ်ရေးအရာရှိ

www.burmeseclassic.com

www.burmeseclassic.com



(P.S.O)ခန့်အပ်ခဲ့သော်လည်း ဗိုလ်မောင်သောင်းသည် ကံမကောင်းခဲ့ချေ။ စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့ ၁၉၆၃ တွင် ခွာပြဲခဲ့ရာ ဗိုလ်မောင်သောင်း ကြားက ချောင်ထိုးခံခဲ့ရသည်။ ထိုစဉ်က ဗိုလ်မောင်သောင်းသည် ပင်ကိုယ်တော်ခဲ့သော်လည်း ဖားသည့်နေရာမှာ လျှော့ခဲ့သည့်အတွက် ချောင်ထိုးခံရသည်။ သူသည် မည်သူ့အာဏာအရှိဆုံးလည်းကို မတွက်ဆတတ်ပေ။ သူ့ကို ဦးနေဝင်းက တပ်မှထွက်ခိုင်း၍ သတ္တုတွင်း ဝန်ကြီးဌာနအောက်ရှိ 'ဘခရ'ခေါ် ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနတွင် အထူးအရာရှိခန့်အပ်ကာ တောထဲသို့ နယ်နှင်လိုက်သည်။ သို့သော် ပင်ကိုယ်တော်သည့် ဦးသောင်းသည် မဆလခေတ် ကုန်ခါနီးမှာ ပင် ဘခရ၏ ညွှန်ချုပ်ဖြစ်လာခဲ့သည်။

၁၉၈၈ ခုနှစ် မင်းပြောင်းမင်းလွှဲ၌ ဦးသောင်းအတွက် ကံဇာတာ တက်လာခဲ့ပြန်သည်။ အဘယ့်ကြောင့်ဆိုသော် ဦးသောင်းနှင့်ကျောက်ဆည် တစ်နယ်တည်းသားရပ်ဆွေရပ်မျိုးတော်သည့် ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် စစ်တက္ကသိုလ် အပတ်စဉ် (၁)၌ အတူ ကျောင်းတက်ခဲ့သော သူငယ်ချင်းများ တစ်ပြုံတစ်မကြီး အာဏာသိမ်း စစ်ကောင်စီ၌ ပါဝင်ခဲ့သောကြောင့် ဖြစ်သည်။ ထိုအချိန်၌ပင် ဦးသောင်းသည် ပင်ကိုယ်တော်ဖို့ထက် အဖားတော်ဖို့နှင့် ကြံဖန်ပြီး သူကြီးသမက် သူငယ်ချင်း တော်စပ်ပါသည် ဟူ၍ အတင်း ဆွေမျိုး စပ်ခဲ့သလို ဆွေမျိုးတော်စပ်ပြခဲ့သည်။ ထို့အပြင် သူ့ဇနီး ဒေါ်မေကြည်စိန် ကိုလည်း မယ်တော်ကြီး ဒေါ်ကြိုင်ကြိုင် နှင့် သမီးတော်များထံ နေ့စဉ် အခစားဝင်ခိုင်းခဲ့သည်။

ယင်းသို့ အဖားတော်မှုကြောင့် မယ်တော်ကြီးသည် လင်တော်မောင် ဗိုလ်ချုပ်မှူးကြီးထံ ကိုယ့်တပည့် မောင်သောင်းလေး ကိုလည်း ကြည့်ရှုဦးဟု သံတော်ဦးတင်ခဲ့သဖြင့် ၁၉၉၆ တွင် အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်ခံရသည်။

ထို့နောက် ၁၉၉၇ တွင် နအဖ ပြောင်းလဲ ဖွဲ့စည်းပြီးနောက် ဦးသောင်းသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးတန်း ဖြစ်လာခဲ့သည်။ ထိုစဉ်က၌ ဦးသောင်းသည် အဖားတော်မှုကြောင့် ဩဇာအရှိန်အဝါကြီးလာသော သက်တော်ရှည်အမတ်ကြီးဖြစ်လာခဲ့လေသည်။ သူရှာဖွေသမျှတွင် တပ်ချုပ်ကြီး

www.burmeseclassic.com



(၂)ဦးထံ ပုံမှန်ဝင်ထွက် ကန်တော့ခဲ့ရာ နှစ်ဦးစလုံးက သဘောကြ နှစ်ခြိုက်လာခဲ့လေသည်။ ထို့နောက် အလွန်စားပေါက်ချောင်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (M.I.C)တွင်ပါ ဥက္ကဋ္ဌအဖြစ် ပူးတွဲတာဝန်ပေးအပ်ခဲ့သည်။

နအဖ စစ်အုပ်စုအတွင်း ပင်ကိုယ်မတော်သော်လည်း အဖားတော်သူတစ်ဦးမှာ စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်းပင် ဖြစ်သည်။ သူသည် အငြိမ်းစား ဗိုလ်မှူးကြီးတစ်ဦးဖြစ်ပြီး လူကြီးကြိုက် ပေါင်းသင်းဆက်ဆံတတ်သော အရည်အချင်းကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လူယုံတော် သက်တော်ရှည်အမတ်ကြီးအဖြစ် မကြာခင်ဖြစ်လာခဲ့လေသည်။

သူသည် ဒေါ်ခင်ခင်ရီနှင့် အိမ်ထောင်ကျ၍ သားနေအောင်၊မိုးအောင်၊ ဗိုလ်မှူးပြည်အောင်(ကကရေ)တို့ ထွန်းကားခဲ့သည်။ မွေးစားသမီးတစ်ဦးရှိ၍ အမည်မှာ ခင်ငုရီဖြိုးဖြစ်သည်။

ဝန်ကြီး ဦးအောင်သောင်း၏ 'ဖားချက်'ကလည်း ကမ်းကုန်ပင်ဖြစ်သည်။ မျက်မြင်ကိုယ်တွေ့ အနီးကပ်တစ်ယောက် အပြောအရ ဦးအောင်သောင်းသည် ဗိုလ်ချုပ်မှူးကြီး အိမ်တော်သို့ ရောက်သည်ဆိုလျှင်ပထမဆုံး အခန်းဝရောက်ကတည်းက ဒူးထောက်လိုက်သည်။ ပြီးမှ ဒူးနှင့်ဝပ်သွားကာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ကြင်ရာတော် ဒေါ်ကြိုင်ကြိုင် ၏ခြေထောက်ကိုင်ပြီး နဖူးနှင့်ထိကာ ဘကြီးနှင့် အမေကြီး နေကောင်းသလားမေးမြန်း၍ ကန်တော့ပါသည်။ ပြီးမှ နောက်သို့ဆုတ်ပြီး ကော်ဇောတွင်ကျုံ့ကျုံ့လေးထိုင်ကာ မြွက်ကြားလာမည့် အမိန့်တော်ကိုစောင့်မျှော်နေသည်ဟု သိရသည်။ ပြီးလျှင် အိမ်တော်သို့ လက်ဖွဲ့ပစ္စည်းကြီးငယ် အသွယ်သွယ် ဆက်သ၍ ကန်တော့ပြန်သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဒေါ်ကြိုင်ကြိုင်တို့၏ ဆုတောင်းခံယူပြီးမှ ပြန်လေ့ရှိသည်။

ဦးအောင်သောင်းသည် ဒေါ်အောင်ဆန်းစုကြည်ကို လုံးဝ ကြည့်မရပေ။ သူသည် ဒေါ်အောင်ဆန်းစုကြည်ကို နှာမ်နှိမ်စေရန် အင်္ဂါသားဗိုလ်ချုပ်စိုးဝင်းကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် ဒေါ်ကြိုင်ကြိုင်အား အကြံပေးခဲ့သည်။ ထို့ပြင် သူကိုးကွယ်နေသော သဃ်န်းကျွန်းမြို့နယ်မှ အကြားအမြင် ဆရာမတစ်ဦး၏ အကြံပေးချက်အတိုင်း ကြံ့ခိုင်ဆူပင် စိုက်၍

www.burmeseclassic.com

www.burmeseclassic.com



ယတြာချေရန် ဗိုလ်ချုပ်မှူးကြီးအား တိုက်တွန်းခဲ့သည်။ ကြက်ဆူပင်သည် ဒေါ်အောင်ဆန်းစုကြည်၏ ကက်ကင်းခာတ်ဖြစ်စေရန် ချေခိုင်းခြင်း ဖြစ်သည်။ သို့သော် ယတြာ အချေကောင်းမှုကြောင့် တန်ပြန်သက်ရောက်မှုဖြစ်ပွားကာ တစ်ပြည်လုံး ဥက္ကောဋ္ဌေယျ ကျွက်ကျွက်ဆူသွားသဖြင့် ကြပ်ခြေးသို့ ကြောက်ပြေးရကိန်း ဆိုက်သွားခဲ့ရလေသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီရေး လှုပ်ရှားနေသူများအပေါ် လုံးဝ ကြည့်မရသည့် သဘောထားတင်းမာသော ဦးအောင်သောင်းသည် ကြံ့ဖွံ့အသင်းကြီး၏အတွင်းရေးမှူး အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ ထို့နောက် ကြံ့ဖွံ့ လူမှုရေးအသင်းကြီးကို ပါတီအဖြစ် ပြန်လည်ဖွဲ့စည်းရာတွင် ပါတီ၏ အကြီးအကဲအတွင်းရေးမှူးအဖွဲ့ဝင်အဖြစ် မြှောက်စားခံရသည်။

ဦးအောင်သောင်းသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အိမ်တော်သို့ အချိန်မရွေး ဝင်ထွက်သွားလာခွင့် ရရှိထားသည့်အပြင် ဗိုလ်ချုပ်မှူးကြီး မိသားစုနှင့်လည်း မကြာခဏ ထမင်းဆုံစားလေ့ရှိသည်။ ဗိုလ်ချုပ်မှူးကြီးထံ အချိန်မရွေး ဝင်ထွက်သွားလာခွင့် ရရှိသူများထဲ၌ တပ်ချုပ်ကြီး၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်းလည်း ပါဝင်ပေသည်။

ဦးအောင်သောင်းသည် မန္တလေးတိုင်း၊ တောင်သာမြို့နယ် ဝဲလောင်ရွာသားတစ်ဦးဖြစ်ပြီး ယခင်က ကျောင်းဆရာတစ်ဦးဖြစ်သည်။ ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလတွင် စစ်ထဲသို့ ဝင်ရောက်၍ အလုပ်သင် ဗိုလ်လောင်းခေါ် တပ်မတော် လေ့ကျင့်ရေးကျောင်း (O.T.S)အပတ်စဉ် ၃၁ ကို တက်ရောက်ခဲ့သူ ဖြစ်သည်။ သူ၏ ကိုယ်ပိုင်နံပါတ်မှာ (ကြည်း–၁၀၁၀၇) ဖြစ်သည်။ သူသည် ကကကြည်းမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အပတ်စဉ်တူ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို တို့ထက် အပတ်စဉ် တစ်ခု စောသူဖြစ်သည်။

ဦးအောင်သောင်းသည် ၁၉၈၀ ပြည့်နှစ်လောက်တွင် တပ်မ ၈၈ လက်အောက်ခံ ကလော အခြေစိုက် ခလရ (၈၀)၌ တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၈၈ စက်တင်ဘာလတွင် နဝတမှ အာဏာသိမ်း ပြီးတ

www.burmeseclassic.com



ခဲ့ပြီးနောက် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည် ၏လက်အောက်၌ စစ်ဗျူဟာမှူးအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ဆရာသမားများအကြိုက် သိတတ်သူပီပီ ဗိုလ်ချုပ်ထွန်းကြည် လိုအပ်သမျှ အစွမ်းကုန် ဖြည့်ဆည်းခဲ့သဖြင့် မကွေးတိုင်း တဝတဥက္ကဋ္ဌတာဝန် ကိုပါ ပူးတွဲ ထမ်းဆောင်ခွင့် ရရှိခဲ့သည်။ ဗိုလ်ချုပ်ထွန်းကြည်သည် ၁၉၉၂ တွင် ကုန်သွယ်ရေးဝန်ကြီး ဖြစ်လာသောအခါ လူယုံတော်တပည့်ရင်း ဖြစ်သည့် ဗိုလ်မှူးကြီးအောင်သောင်းကိုပါ သူနှင့်တစ်ပါတည်းခေါ်ဆောင်သွားခဲ့ပြီး ကုန်သွယ်လယ်ယာ ဦးစီးဌာန၌ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ပေးခြင်း ခံခဲ့ရသည်။

ထို့နောက် တပ်မှ အငြိမ်းစား ယူပြီးနောက် ၁၉၉၆ ခုနှစ်၊ မေလ ၂၉ တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဖြစ်လာသည်။ ထိုစဉ်က အစိုးရက မွေးမြူရေးနှင့် ရေလုပ်ငန်းကို အစွမ်းကုန် တိုးချဲ့နေချိန်ဖြစ်၍ ဝန်ကြီး ဦးအောင်သောင်းသည် လုပ်ပိုင်ခွင့် အကြီးအကျယ်ရရှိကာ ကြွယ်ဝချမ်းသာ လာခဲ့သည်။ ထိုအချိန်မှစ၍ ဆရာရင်း ဗိုလ်ချုပ်ထွန်းကြည်ကို ကျောခိုင်းက တပ်ချုပ်ကြီး(၂) ဦးကို အစွမ်းကုန် ဖားခဲ့လေသည်။ သူသည် သူ့အား စောင့်ရှောက်ခဲ့သော ဆရာရင်း ဗိုလ်ချုပ်ထွန်းကြည် သူ့ဇနီး ဒေါ်ခင်ခင်ရီ ကလည်း တော်ဝင်မိသားစုအိမ်တွင် ချောင်းပေါက်မတတ် ဝင်ထွက်သွားလာရင်း လိုအပ်သမျှ ကူညီဖြည့်ဆည်းပေးခဲ့သည်။

၁၉၉၇ ခုနှစ်တွင် အမှတ် (၁) စက်မှုဝန်ကြီး ဒုဗိုလ်ချုပ်ကြီး စိန်အောင် သည် ကျန်းမာရေး ချွတ်ယွင်းလာသည့်အတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဦးအောင်သောင်းအား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ကိုသာမက အမှတ် (၁) စက်မှုဝန်ကြီးတာဝန်ကိုပါ ပူးတွဲကိုင်ခိုင်းခဲ့လေသည်။

သူသည် စက်မှု (၁) ဝန်ကြီး ဖြစ်လာချိန်၌ နိုင်ငံခြားမှ မှာယူတင်သွင်းရသည့် စက်ရုံ၊ အလုပ်ရုံများ၏ စက်ပစ္စည်းများအပေါ် ကော်မရှင်ဖြတ်ခုတ်၍ တပ်ချုပ်ကြီးနှစ်ဦးကို ပုံမှန်ခွဲဝေ ဆက်သခဲ့သည်။ ထို့ပြင် တရားဝင် မှတ်ပုံတင်၍ နိုင်ငံတော်ကို နှစ်စဉ်အခွန်တွေ အများအပြား ပေးဆောင်နေသော ဒေါ်ဝင်းဝင်းနုပိုင် စင်ကာပူအခြေစိုက် ရောင်ခြည်ဦး

www.burmeseclassic.com

www.burmeseclassic.com





သံဃာ့မဟာနာယက ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းနေစဉ်

ကုမ္ပဏီ၏ မန္တလေးဘီယာချက်စက်ရုံကို ၂၀၀၁ တွင် အတင်းအဓမ္မ သိမ်းပိုက်ခဲ့သည်။ ဒေါ်ဝင်းဝင်းနုက နိုင်ငံတကာ တရားရုံးများ၌ တရားစွဲဆိုရန် ပြင်ဆင်သည့်အခါမှ ကြားခံပွဲစားများကို စေလွှတ်၍ တိတ်တဆိတ် လျော်ကြေးပေးကာ ကျေအေးစေခဲ့သည်။

ထိုစဉ်အတွင်း ဦးအောင်သောင်းကို ကြည့်မရသည့် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ၎င်း၏ခြေလှမ်းအမှားကို စောင့်ကြည့်နေစဉ် ဧရာဝတီတိုင်း သာပေါင်းမြို့နယ်အတွင်း တရုတ်နိုင်ငံ အကူအညီဖြင့် တည်ဆောက်ခဲ့သော စက္ကူစက်ရုံစီမံကိန်းတွင် ၎င်းသည် ဒေါ်လာသန်းချီ လာဘ်စားမှုကို စုံစမ်းစစ်ဆေးတွေ့ရှိခဲ့၍ အရေးယူရန် ပြင်ဆင်နေစဉ်မှာပင် ဆရာသမားတပ်ချုပ်ကြီး(၂) ဦး ၏ အကာအကွယ်ပေးမှုကြောင့် အရေးယူခြင်း မခံခဲ့ရပေ။ သူ၏ သား ဗိုလ်မှူးပြည့်အောင်သည် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ မွေးစားသမီး နန္ဒာအေးနှင့် လက်ထပ်ထားသူ ဖြစ်သည်။

ဦးအောင်သောင်းသည် ခလရ (၇၀)၌ တပ်ရင်းမှူး တာဝန်ထမ်းဆောင်နေစဉ်အတွင်း မကွေး၊ မြင်းခြံ၊ မိတ္ထီလာ "မသုံးလုံးနယ်မြေ" မှ အပစ်မဲ့ရွာသားများကို ကွန်မြူနစ်များဟု စွပ်စွဲပြီး ဝါးရင်းတုတ်ဖြင့် ရက်

www.burmeseclassic.com

www.burmeseclassic.com



စက်စွာ ရိုက်ခဲ့သည့်အတွက် "ဝါးရင်းတုတ် အောင်သောင်း"ဟု နာမည်ကြီးခဲ့သူလည်းဖြစ်ကြောင်း သိရသည်။ ဦးအောင်သောင်း၏ သား ဦးနေအောင်သည် United Amara Bank (U.A.B) ဘဏ်ကိုလည်း တည်ထောင်ထားသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား အရေးယူလိုက်ခြင်း

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဩဇာအရှိန်အဝါကြီးထွားလာမှုကြောင့် အစိုးရိမ်လွန်ကာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့တွင် ဖမ်းဆီးလိုက်ပြီးနောက် မရှေးမနှောင်းမှာပင် ဗိုလ်ချုပ်ခင်ညွန့်၏ တပည့် စစ်ထောက်ရေးအကြီးအကဲများကို ဖမ်းဆီးထိန်းသိမ်း လိုက်လေသည်။

ထို့နောက် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်နေ့ ရက်စွဲတပ်ထားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၇/၂၀၀၄)ဖြင့် အမျိုးသား ထောက်လှမ်းရေးအဖွဲ့ဥပဒေ (၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် −၁၀)ကို ရုပ်သိမ်းလိုက်ကြောင်း နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်မှတ်ဖြင့် ထုတ်ပြန်ကြေညာခဲ့လေသည်။ ဖျက်သိမ်းခဲ့ရသည့် အကြောင်းကို သတင်းစာများ၌ ယခုအခါ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ အများပြည်သူတို့၏ အကျိုးငှာလည်းကောင်း၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ရှေးရှု၍လည်းကောင်း၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ဆက်လက်ကျင့်သုံးရန် မသင့်တော်တော့ကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဌာန်း၍ အမျိုးသားထောက်လှမ်းရေးအဖွဲ့ (N.I.B)ကိုလည်းဖျက်သိမ်းလိုက်ကြောင်း ဖော်ပြ ထားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်ကို ဖြုတ်ချလိုက်သည့် အကြောင်းကို အစိုးရထုတ် သတင်းမီဒီယာများ၌ ဗိုလ်ချုပ်ကြီးခင်ညွှန့်ကို ၎င်း၏ကျန်းမာရေးအခြေအနေအရ ၂၀၀၄ အောက်တိုဘာလ ၁၉ ရက် နေ့မှစပြီး တာဝန်မှ အနားယူခွင့်ပေးလိုက်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်ဟူ၍ ဖော်ပြထားရာ အဆိုပါသတင်းကို ကြားသိသူတိုင်း မှင်တက်အံ့သြထိတ်လန့် တုန်လှုပ်သွားစေခဲ့သည်။

ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် နဝတ လက်ထက်မှစပြီး အတွင်းရေးမှူး(၁) တာဝန်၊ နအဖအစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် တာဝန်အပြင် အမျိုးသားထောက်လှမ်းရေးအဖွဲ့ အကြီးအကဲအဖြစ် နဝတ၊ နအဖ စစ်အစိုးရ လုပ်ငန်းတာဝန်များကို သူ့ခြေ၊ သူ့လက်လုပ်ကိုင်နေသူ ဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့် ၎င်း၏ ထောက်လှမ်းရေး တစ်ဖွဲ့လုံး ဖယ်ရှားခံရသည့်အကြောင်း ရန်ကုန်မြို့တွင် အောက်တိုဘာ ၁၆ ရက်နံနက်ပိုင်းမှစပြီး ဟိုနားသည်နားလူစုစုဖြင့် တီးတိုးပြောဆိုနေကြသည်။

စစ်အစိုးရအတွင်း အာဏာလုပွဲဖြစ်ခဲ့ခြင်းလား။ ဗိုလ်ချုပ်ခင်ညွှန့် ဖယ်ရှားခံရသည့်အတွက် သူ စခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး ရှေ့ဆက်မည်ကဲ့သို့လုပ်ကြမှာလဲဆိုသည့် စိုးရိမ်မှုများ ဖြစ်ခဲ့ကြသည်။

နိုင်ငံရေးအကဲခတ် လေ့လာသူများကလည်း ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် Don't shine over your master "ဆရာထက် တပည့်က တစ်မူး ပိုမရျူနဲ့" ဆိုသည့် ပါဝါ(အာဏာ)ဥပဒေကို လိုက်နာမှု မရှိဘဲ နံပါတ် (၁) နှင့် နံပါတ် (၂) တို့ကို ကျော် လုပ်ခဲ့သောကြောင့် အာဏာမှ ဖယ်ရှားခံရသည်ဟု ဆိုကြသည်။

အချို့ကမူ စက်မှု (၁) ဝန်ကြီး ဦးအောင်သောင်းက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အား ဗိုလ်ခင်ညွှန့်သည် အာဏာရယူဖို့ ကြိုးစားနေကြောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com






မဲပေးနေစဉ်

ဗိုလ်နေဝင်းမြေးများကိစ္စ၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် သဘောထားပျော့ပျောင်းသည့် ကိစ္စများအား သွေးထိုးပြောဆိုနိုင်ခဲ့ကာ နောက်ကျောကို ဓားနှင့် ထိုးသလို ဆောင်ရွက်ခဲ့သည့်အတွက် ဖယ်ရှားခံရသည်ဟုလည်း ဆိုကြသည်။

www.burmeseclassic.com



ဤသို့ သို့လော သို့လော သံသယများ ပျံ့နှံ့နေစဉ်အတွင်း ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့ ကုန်းမြင့်သာယာရှိ ဇေယျာသီရိ ဗိမာန်၌ နအဖ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့လေသည်။

ဗိုလ်ချုပ်ကြီး သူရရွှေမန်းက နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ခင်ညွန့်ကို အောက်တိုဘာလ ၁၉ ရက်နေ့က တာဝန်မှ အနားယူခွင့် ပေးလိုက်သည်ကို အားလုံးသိပြီးဖြစ်ကြောင်း၊ ဝန်ကြီးချုပ်ဟောင်း၏ ဂုဏ်သိက္ခာ၊ မိသားစု၏ ဂုဏ်သိက္ခာကို ထောက်ထားငဲ့ညှာသောအားဖြင့် ကျန်းမာရေးအခြေအနေအရဟု ဖော်ပြထားသော်လည်း အခြားအကြောင်းများလည်းရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ခင်ညွန့်အား တာဝန်မှ အနားပေးပြီး နောက်ပိုင်းတွင် ပြည်သူများ အပိုင်းမှာရော နိုင်ငံတကာမှာပါ ပထမအချက်အနေဖြင့် မိမိတို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်နေသော အမျိုးသားညီလာခံ အပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်ကို ဆက်လက်အကောင်အထည်ဖော်မည့်အခြေအနေ၊ ဒုတိယအချက်အနေဖြင့် ဥပဒေဘောင်အတွင်း ရောက်ရှိပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် သဘောထားအခြေအနေ၊ တတိယအချက်အနေဖြင့် နိုင်ငံတော်၏ နိုင်ငံခြားရေး မူဝါဒပြောင်းလဲမှုရှိ၊ မရှိ အခြေအနေတို့ကို စိတ်ပါဝင်စားစွာ သို့သော၊ သို့လောမေးမြန်းတွေးတော ပြောဆိုမှုများ ရှိနေသည်ကို တွေ့ရကြောင်း။

ဥပဒေဘောင်အတွင်း ရောက်ရှိနေကြသော အဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့် တရားဝင် လက်မှတ်ရေးထိုးထားသူများ မဟုတ်ဘဲဝန်ကြီးချုပ်ဟောင်းနှင့် ဆက်သွယ်၊ ဆက်ဆံမှုများ၊ ရင်းနှီးမှုများလည်း ရှိသည့်အတွက်ကြောင့် ၎င်းအဖွဲ့များနှင့် ပတ်သက်၍ မည်ကဲ့သို့ရှိမည်ကို သိလိုသော ဆန္ဒလည်းရှိကြကြောင်း၊ ယင်းအချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကြီး အပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်ကို အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု အတိအလင်းပြောကြားလိုကြောင်း။

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်မှူးကြီးနှင့်ဇနီး မဟတ္တမဂန္ဓီရုပ်တုအား လက်ခံနေစဉ်။

ဥပဒေဘောင်အတွင်း ရောက်ရှိပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍လည်း ယခင်ကပင် ကျင့်သုံးလိုက်နာဆောင်ရွက်လာခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသော နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒများနှင့်အညီ တစ်စုံတစ်ရာ အပြောင်းအလဲမရှိ၊ ဆက်လက် လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း။

တတိယအချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကိုလည်း အပြောင်းအလဲမရှိ ဆက်လက် ကျင့်သုံးပြီး နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်၌လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့်ချစ်ကြည်ရင်းနှီးစွာ ယခင်အစဉ်အလာများနှင့်အညီ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဆောင်ရွက်ရာတွင် တပ်မတော်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်ကို စွဲကိုင်ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော် ကြီးချုပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တကွ အစိုးရအဖွဲ့နှင့် ဗဟိုအာဏာပိုင်အဖွဲ့များကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

အစိုးရအဖွဲ့ဝင်ဝန်ကြီးများအပါအဝင် ဝန်ကြီးချုပ် တို့သည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ မဟုတ်ကြ ကြောင်း။


တစ်နည်းပြောရလျှင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ အမိန့်ညွှန်ကြားချက်များ၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် မှန်ကန်ညီညွတ်စွာ နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်နိုင်မည်ဟု ယူဆသော ပုဂ္ဂိုလ်များကို စိစစ်ရွေးချယ်ပြီး နိုင်ငံတော်၏ တာဝန် အသီးသီးကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခန့်အပ်တာဝန်ပေးထားသည့် Selected Member များဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ပေးအပ်ထားသော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ နိုင်ငံတော်၏မူဝါဒများ၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ဆန့်ကျင်သွေဖည်မည်ဆိုလျှင် ပြည်သူအများ၏ အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင် ထိုပုဂ္ဂိုလ်များကို တာဝန် ပေးအပ်ခြင်းမှ ရုပ်သိမ်းရမည်သာ ဖြစ်ကြောင်း၊ ကုန်းတွင်းထွက်ပေါက်ဖြစ်သည့် မူဆယ်ဒေသ၌ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ စည်းကမ်းဥပဒေလိုက်နာခြင်း မရှိဘဲ ကျပ်သန်းထောင်ချီ၍ လာဘ်ပေးလာဘ်ယူပြုလုပ်ပြီး နိုင်ငံတော်၏အကျိုးစီးပွား ကုန်သွယ်သူများ၏အကျိုးကို များစွာထိခိုက်နစ်နာအောင် ဆောင်ရွက်ခဲ့သော တာဝန်ရှိ ဝန်ထမ်းများကို မိမိတို့ ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ရကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော အမျိုးသားရေးမူဝါဒများကို ထိခိုက်နစ်နာစေမည့် အခြေအနေ အချိန်အခါတိုင်းတွင် နိုင်ငံတော်၏ မျက်နှာကိုသာကြည့်ပြီး လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်သည်သာ ဖြစ်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com





မယ်တော်ကြီး ဒေါ်ကြိုင်ကြိုင်

ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ခင်ညွန့် အနေဖြင့် ယခုပြောခဲ့သည့် အချက်များနှင့် ငြိစွန်းပတ်သက်နေသည်ဟု ပြောရမှာဖြစ်ကြောင်း၊ ၎င်းအနေနှင့် နံပါတ် (၁) အမိန့်နာခံမှုမရှိကြောင်း၊ မိမိတို့ တပ်မတော်သားများတွင် အမိန့်နာခံမှုမှာ အရေးကြီးပါကြောင်း၊ အထက်မှပေးသည့် အမိန့်ကို နာခံပြီး တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နံပါတ် (၂) အဂတိ လိုက်စားမှု၊ လာဘ်ယူမှုများနှင့် ပတ်သက်ဆက်စပ်၊ တာဝန်ရှိနေကြောင်း၊ ဥပဒေနှင့် မညီသည့်အချို့ကိစ္စများ လုပ်ဆောင်ခဲ့ကြောင်း၊ လာဘ်ယူမှုများမှာ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်၏ မိသားစုနှင့် ဆက်သွယ်ဆက်စပ်တာတွေရှိကြောင်း။

ယခုလိုဖြစ်ရသည့် အခြေအနေကို အတိုချုပ် ရှင်းလင်းပြောကြားမှာဖြစ်ကြောင်း။ ၁၂-၉-၂၀၁၄ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးခင်ညွန့် စင်

www.burmeseclassic.com

www.burmeseclassic.com



ကာပူ နိုင်ငံသို့ ကျန်းမာရေးအတွက် ဆေးကုသရန် သွားရောက်ခဲ့ကြောင်း၊ ချစ်ကြည်ရေးခရီး ခေါင်းစဉ် တပ်ခဲ့ပါကြောင်း၊ ထိုကာလနှင့် တိုက်ဆိုင်စွာ မူဆယ် ၁၀၅ မိုင်၊ နမ့်ဖက်ကာဒေသတွင် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ တာဝန်သိ လုပ်သားပြည်သူတစ်ဦး၏ နိုင်ငံတော်ဝန်ကြီးချုပ်ထံ လိပ်မူတိုင်ကြားသတင်းပို့မှုကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက မိတ္တူစာ အဖြစ် လက်ခံရရှိခဲ့ကြောင်း၊ တိုင်းမှူးက တိုင်ကြားမှုအချက်အလက်များ အပေါ် မှန်ကန်မှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးရန် ခုံအဖွဲ့ဖွဲ့၍ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ကြောင်း၊ စုံစမ်းတွေ့ရှိမှုများအရအမှုမှာ ကျယ်ပြန့်သည့်အတွက် တိုင်းအဆင့်ဖြင့် ကိုင်တွယ်ဖြေရှင်း၍ မရနိုင်သဖြင့် အဆင့်မြင့်အဖွဲ့ စေလွှတ်ပေးမှသာ သင့်လျော်မည်ဖြစ်၍ ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆေးရေး အရာရှိချုပ်ခေါင်းဆောင်သောအဖွဲ့ကို စေလွှတ်ပေးလိုက်ကြောင်း၊ သို့ရာတွင် အမှု၏အခြေအနေမှာ အဆိုပါအဖွဲ့ဖြင့် ဆောင်ရွက်ရန်လည်း လုံလောက်မှုမရှိပြန်သဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးပါဝင်မှသာ ပြည့်စုံမည်ဖြစ်၍ စာရင်းစစ်ချုပ်နှင့်အဖွဲ့ကို ထပ်မံစေလွှတ် လိုက်ကြောင်း၊ အမှုအခြေအနေ တဖြည်းဖြည်းပေါ်ပေါက်ချက်များမှာ မည်သို့မျှ မမျှော်မှန်းခဲ့သော အတိုင်းအတာထိ ဖြစ်လာကြောင်း၊ လွန်စွာကြီးမားသော ကြောက်မက်ဖွယ်ကောင်းသော လာဘ်ယူမှုဖြစ်ပါကြောင်း၊ ထို့အပြင် အများပြည်သူနှင့် ကုန်သည်များအပေါ် အနိုင်အထက် ပြုကျင့်မှု၊ ဥပဒေနှင့် မညီညွတ်သော ဆောင်ရွက်မှုများဖြစ်ကြောင်း၊ တချို့အမှုမှာ လူကိုယ်ရင်းနှီးပေးရသည့် အမှုများရှိကြောင်း၊ တစ်ဖန်တစ်ဖက်မှ ထောက်လှမ်းရေးတပ်နှင့် တစ်ဖက်မှ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုတပ်၊ ရင်းတပ်ဖွဲ့ အချင်းချင်းသင့်မြတ်မှု မရှိသည်ကို တွေ့ရကြောင်း၊ ထိုသို့ သင့်မြတ်မှု မရှိသည့်အတွက် ယခုလို တိုင်ကြားသည်ဟု သုံးသပ်ဖော်ထုတ်ရပါကြောင်း၊ ထို့ပြင် အခြားအဖြစ်အပျက်များလည်း များစွာရှိကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ နောက်ဆုံးတွင် ဥပဒေနှင့်အညီ တပ်စည်းကမ်း နယ်ဘက်စည်းကမ်းများအရ အရေးယူရန် ပြင်ဆင်ထားပါကြောင်း။

ထောက်လှမ်းရေးတပ်ဖွဲ့နှင့် ပတ်သက်၍ အနည်းငယ် ထပ်မံ ရှင်းပြလိုပါကြောင်း၊ ကကလှမ်းသည် အခြားညွှန်ကြားရေးမှူးရုံးများ၊ ဦးစီးရုံးများ

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိသားစုအား စစ်တက္ကသိုလ် ဗိုလ်လောင်းဆင်းပွဲ၌ တွေ့မြင်ရစဉ်။

နည်းတူ ကကကြည်း၏ ကွပ်ကဲမှုအောက်တွင်ရှိကြောင်း၊ ကကလုမ်းအောက်တွင် ထောက်လှမ်းရေးတပ်များနှင့် လူဝင်မှုစစ်ဆေးရေးအဖွဲ့ ရှိပြီး မူဆယ်၊ မြဝတီ၊ မောင်းတော နှင့် တာချီလိတ် တို့တွင်ရှိသည့် အဖွဲ့ မျိုးတို့ဖြစ်ကြောင်း၊ ၎င်းတို့ အချင်းချင်း မသင့်မမြတ်ဖြစ်သည့်အပြင် ပြည်သူများ၊ ဝန်ထမ်းများအပေါ်တွင်လည်း မောက်မောက်မာမာ ဆက်ဆံမှုများ ရှိခဲ့ရာမှ နောက်ဆုံး ယခုကဲ့သို့ ဖြစ်လာသည်ဟု မိမိတို့ သုံးသပ်ပါကြောင်း၊ ထိုတိုင်ကြားစာမှာ ထူးခြားသည်က ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ကို လိပ်မူတာဖြစ်ကြောင်း၊ မိတ္တူဖော်ပြမှုတွင် လူကြီးများနှင့် မိမိအပါအဝင် သက်ဆိုင်ရာ စစ်ဆေးရေး အထူးအဖွဲ့ မှူးများပါ ပါကြောင်း၊ သို့ရာတွင် ၎င်းစာမှာ ယခုအထိ မိမိတို့ထံ မရောက်ပါကြောင်း၊ ဘာကြောင့် မရောက်သည်ကို မသိရှိကြောင်း၊ ရမခ တိုင်းမှူးထံသို့မှူ နီးသည့်အတွက် ရောက်သွားခြင်းဖြစ်နိုင်ကြောင်း။

ဖြစ်စဉ်ကို ဆက်လက်ပြောရပါက… စစ်ဆေးရေးအဖွဲ့များက စစ်ဆေးသည့်အခါ ဌာန(၄)ခုနှင့် ဖွဲ့စည်းထားသည့် နစရ (နယ်စပ်ဒေသလူဝင်မှု စစ်ဆေးရေးကွပ်ကဲမှု တပ်ရင်း) ကကလှမ်း၊ လဝက၊ ပြည်ထဲရေးနှင့် ဘဏ္ဍာ/အခွန်က ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားသည့်အတွက်ကြောင့်

www.burmeseclassic.com



တရားစီရင်သည့်အခါ တစ်ပေါင်းတည်း တစ်ပြေးညီ စီရင်နိုင်ရန်အတွက် တပ်ပိုင်းတွင် တပ်က အားလုံးထုတ်ပစ်လိုက်ပြီး နယ်ဘက်ဌာနကဝန်ထမ်းများကိုလည်း ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်လိုက်ကြောင်း၊ ထို့နောက် အားလုံးတစ်ပြေးညီစစ်ဆေးကြောင်း၊ စစ်ဆေးတွေ့ရှိချက်များကို တရားသူကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက စွဲချက်တင်ပို့ခဲ့ရာ တရားရုံးက သက်သေခံပစ္စည်းတင်သွင်းရာတွင် အနည်းဆုံးဈေးနှုန်းဖြင့် တန်ဖိုးသင့် တွက်ချက်မှုအရ ငွေကျပ် သိန်းပေါင်းနှစ်သောင်းငါးထောင်ခန့်နှင့် တန်ဖိုးမဖြတ်ရသေးသော ပစ္စည်းများကို အနည်းဆုံးဈေးဖြင့် တန်ဖိုး သင့်တွက်ချက်ရာ ကျပ်သိန်းပေါင်း ငါးထောင်ခန့် တန်ဖိုးဖြစ်၍ စုစုပေါင်း ကျပ်သိန်း (၃သောင်း)ဟု တင်ပြထားကြောင်းကို သိရှိရပါကြောင်း၊ ကျောက်စိမ်း (၄၂) တန်နှင့် ပုလဲ အလုံးပေါင်း(၁၃၀၀)၏ တန်ဖိုးမပါသေးကြောင်း၊ ထို့ကြောင့် ပါဝင် ပတ်သက်သည့် တပ်ဌာန (၃)ခုမှ ဝန်ထမ်း(၁၈၆)ယောက်သည် တရားဥပဒေအရ ပြစ်ဒဏ်များ ခံယူသွားပြီဖြစ်ကြောင်း။

ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူနိုင်ငံမှ ပြန်ရောက်သည့်အခါ ၎င်း၏ ထောက်လှမ်းရေးတပ်ဖွဲ့များမှ သတင်းပို့ချက်အရ ဖြစ်စဉ်ကို သိရှိရသည့်အခါ စိတ်မကောင်းဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းများဖြစ်သည်ဟု မိမိတို့ သိရကြောင်း၊ မိမိတို့ တပ်မတော်သားများတွင် တပ်၏ စည်းမျဉ်းစည်းကမ်း ဥပဒေများကို လိုက်နာရသလို၊ နယ်ဘက်စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကိုလည်း လိုက်နာကြရကြောင်း၊ ဥပဒေကျူးလွန်ပြီဆိုပါက ဥပဒေအရ မည်သည့်တပ်မတော်သားကိုမဆို အပြစ်ပေးရမည်ဖြစ်ကြောင်း။

တပ်မတော်၏ အစိတ်အပိုင်းအားလုံးသည် တပ်မတော်၏စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည်သာဖြစ်ကြောင်း၊ မည်သူမျှ ဥပဒေ၏ အထက်တွင် ကင်းလွတ်စွာမရှိကြောင်း၊ ပြည်သူများအပေါ် မောက်မာစွာ ဆက်ဆံခြင်း၊ အနိုင်အထက်ပြုခြင်းများအပါအဝင် ဥပဒေ နှင့် မညီညွတ်သောဥပဒေကို ဆန့်ကျင်ချိုးဖောက်သော ဖြစ်စဉ်ဖြစ်ရပ်များ၊ ပေါ်ပေါက်သည့်အခါတိုင်း မိမိတို့ တိကျထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သည်သာ ဖြစ်ကြောင်း။

မည်သူမျှ ဥပဒေ၏အထက်တွင်မရှိ။ လူပုဂ္ဂိုလ်တိုင်း ဥပဒေအရာတွင် တစ်ပြေးညီသာဖြစ်သည်ဟူသော သဘောထားနှင့်အညီ အရေးယူဆောင်

www.burmeseclassic.com

www.burmeseclassic.com





ရှုက်ရသည်မှာ မိမိတို့ တပ်မတော်က အစဉ်တစိုက် လက်ခံကျင့်သုံးနေသော မူဝါဒပင်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူစဉ်ကာလအတွင်း ဥပဒေပြုမှု ကိစ္စများတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပြီး အကြံဉာဏ်များ ရယူ၍ မျှတသောတရားဥပဒေဖြစ်ရန် ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ယခုဖြစ်စဉ်တွင် ဥပဒေအရ အရေးယူရမည့်ကိစ္စဖြစ်၍ ဥပဒေနှင့် အညီ ဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း။

ယခု ဖြစ်စဉ်ကြောင့် မိမိတို့ စိတ်မကောင်းဖြစ်ရကြောင်း၊ ဗိုလ်ချုပ်ကြီးခင်ညွန့် အနေနှင့် ၎င်း၏တပည့်သားမြေးအပေါ် ညှာတာထောက်ထားမှု လွန်ကဲပြီး ဒေါသဖြစ်ခဲ့ရာမှ ယခုကိစ္စ အစပျိုးတာဖြစ်သည် ဟု သုံးသပ်ရပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၊ ဒုဥက္ကဋ္ဌနှင့် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ကပ္ပတိန်၊ မေဂျာ လောက်မှစပြီး အတူတာဝန်ထမ်းဆောင်လာသည်မှာ ယနေ့ထိဖြစ်ကြောင်း၊ ၎င်းအနေနှင့် ထောက်လှမ်းရေး/[illegible]ရ စသည့် ၎င်း၏အရာရှိရဲဘော်များ ဥပဒေနှင့်ညီညွတ်မှု ရှိမရှိ၊ မှုခင်းမှု ရှိမရှိ၊ နိုင်ငံတော်နှင့် တပည့်သားမြေးတို့တွင် မည်သည့်ဘက်က ရပ်တည်ရမည် စသည်တို့ကို သုံးသပ်ရမှာဖြစ်ကြောင်း၊ ယခု[illegible]မှု ထိုသို့ ရှေ့ပ

www.burmeseclassic.com



တည်နိုင်ဘဲ ဒေါသများ ဆင့်ကဲဆင့်ကဲ ဖြစ်လာကြောင်း၊ ထိုသို့ သုံးသပ်၍ နိုင်ငံတော်နှင့် ဥပဒေဘက်က ရပ်တည်နိုင်မှု မရှိခြင်းမှာ ထိုလာဘ်ပေး လာဘ်ယူကိစ္စများတွင် ပတ်သက်နေခြင်းကြောင့် ဖြစ်သည်ဟု ယူဆနိုင်ကြောင်း။

၃၀-၉-၂၀၀၄ ရက်နေ့တွင် ၅ ပတ် တစ်ကြိမ်ပြုလုပ်သည့် အစိုးရအဖွဲ့ စုံညီအစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်တက်ရောက်ပြီး လမ်းညွှန်သြဝါဒ ပေးပြီး ဆုံးဖြတ်ပေးတာရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲက ဝန်ထမ်းအားလုံးကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလကစ၍ ဝန်ထမ်းထောက်ပံ့ငွေ ၅၀၀၀ိ/၊ လစဉ်ချီးမြှင့်ပေးပြီးဖြစ်၍ ဝန်ကြီးဌာနများအနေနှင့် ဝန်ထမ်း သက်သာချောင်ချိရေးကို အကြောင်းပြပြီး စီးပွားရေးလုပ်ဆောင်မှုများ မပြုလုပ်ရန် ထပ်မံ သတိပေး ညွှန်ကြားခဲ့ကြောင်း၊ ၂၀၀၃ ခု ဒီဇင်ဘာလတွင်ပင် တပ်ပိုင်း ဆိုင်ရာကိုလည်း သီးခြားညွှန်ကြားခဲ့ကြောင်း၊ မိမိတို့ တပ်ပိုင်းကိုလည်း စိုက်ပျိုးရေးဝင်ငွေ၊ မွေးမြူရေးဝင်ငွေနှင့် သတ်မှတ်ထားသည့် တပ်ရင်းရန်ပုံငွေနှင့် ပတ်သက်သည့် ဝင်ငွေမှလွဲ၍ ကျန် စီးပွားရေးလုပ်ငန်းများအားလုံး ၃၁-၃-၂၀၀၄ ရက်နေ့မှစ၍ ရပ်စဲပြီးဖြစ်ရမည်။ အချို့လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့ လုပ်ငန်းများ လွှဲပြောင်းပေးရမည်။ လွှဲပြောင်းမရသည့် လုပ်ငန်းများရှိပါက ဖျက်သိမ်းရမည်ဟု ညွှန်ကြားခဲ့ပြီး ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ပြီးပါက တိုင်းမှူး၊ တပ်မမှူး၊ ညွှန်ကြားရေးမှူးများ၊ အရာရှိချုပ်များကိုယ်တိုင် ဆောင်ရွက်ပြီးဖြစ်ကြောင်း လက်မှတ်ရေးထိုး တင်ပြကြရန်နှင့် စစ်ဆေးမှုများ ပြုလုပ်မှာဖြစ်ကြောင်း ညွှန်ကြားခဲ့ပြီးဖြစ်ကြောင်း။ ဒါကြောင့် ယင်းညွှန်ကြားချက်များကို တိတိကျကျ လိုက်နာကြရန် အစိုးရအဖွဲ့ စုံညီအစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲက ထပ်မံ သတိပေး ညွှန်ကြားခဲ့ကြောင်း။

ယင်းညွှန်ကြားချက်နှင့်အညီ ၁-၁၀-၂၀၀၄ ရက်နေ့တွင် လဝက/ ကြည်းက ညွှန်ကြားစာ တစ်စောင် ထုတ်ပြန်၍ ဌာနဆိုင်ရာ ဝန်ထမ်း သက်သာချောင်ချိရေးအတွက် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများ

www.burmeseclassic.com

www.burmeseclassic.com





မိုလ်ချုပ်မှူးကြီး မိသားစု ယတြာချေ၍
ရွှေတိဂုံစေတီတော်၌ ထားရှိသော ဆင်းတုတော် (ယခုအခါ မရှိတော့ပါ)

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ချက်များ ၁၄–၁၀–၂၀၀၄ ရက်နေ့ အရောက် ပြန်လည်စိစစ် တင်ပြရန် ညွှန်ကြားခဲ့ကြောင်း။ ယင်း ၁–၁၀–၂၀၀၄ ရက်နေ့တွင်ပင် ဒုတိယစာတစ်စောင်ထုတ်ပြန်ပြီး ကြီးကြပ်ကွပ်ကဲမှု အားနည်းခြင်း၊ စည်းကမ်းနှင့် စနစ်တကျရှိမှု အားနည်းခြင်းတို့ကြောင့် မဖြစ်သင့် မဖြစ်ထိုက်သည်များ မဖြစ်ပေါ်စေရေးအတွက် စည်းကမ်းနှင့် စနစ်တကျရှိစေရေး အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ကြရန် ညွှန်ကြားခဲ့ကြောင်း၊ ယင်းညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးခင်ညွန့် အနေဖြင့် များစွာ စိတ်ထိခိုက်ခံစားရသည်ဟု သိရကြောင်း။


ထိုသို့ သိရသည့်အတွက် နိုင်ငံတော်အကြီးအကဲက ဗိုလ်ချုပ်ကြီးခင်ညွန့်အား ၄–၁၀–၂၀၀၄ တွင် ခေါ်ယူ တွေ့ဆုံပြီး နိုင်ငံတော်အကြီးအကဲအနေဖြင့် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုတာဝန်များပေးရန် မည်မျှအထိ ပြုစုပျိုးထောင်ခဲ့ရသည်ကိုလည်းကောင်း၊ ထောက်လှမ်းရေးမှူးချုပ်ရုံးတွင် မည်သို့မျှ ခန့်အပ်၍ မရနိုင်သည့် ဗိုလ်ချုပ်ကြီးရာထူးအဆင့်ပေးရန် ဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ အဆင့်အထိ တိုးမြှင့်ခန့်ထားပေးသည်ကိုလည်းကောင်း၊ လုပ်ပိုင်ခွင့် အာဏာများ မည်မျှအထိ တိုးပေးသည်ကိုလည်းကောင်း၊ ဖြည်းဖြည်းနှင့် အေးအေးဆေးဆေး နားဝင်အောင် ပြောကြားခဲ့ကြောင်း၊ ၎င်းနောက် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဝန်ကြီးချုပ်ရာထူးနှင့် တပ်မတော်ထောက်လှမ်းရေးမှူးချုပ် တာဝန်နှစ်ခုစလုံးကို တစ်ယောက်တည်း ယူထားခြင်းအားဖြင့် နောင်တွင် မကောင်းနိုင်ကြောင်း၊ သို့ပါ၍ ထောက်လှမ်းရေးမှူးချုပ် အသစ်ခန့်ပြီး အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းမည်၊ ထို့နောက် နစက၊ နစရ များ ကွပ်ကဲမှုများကို ပြောင်းပေးမည် ဟု အချက် (၃) ချက် ပြောလိုက်ကြောင်း။

နိုင်ငံတော်အကြီးအကဲက ထောက်လှမ်းရေးမှူးချုပ် အသစ်ခန့်ထားခြင်းဖြင့် ဗိုလ်ချုပ်ကြီးခင်ညွန့်အနေနှင့်လည်း ဝန်ကြီးချုပ်ရာထူးတွင် စိတ်လက် ပေါ့ပါးစွာ တာဝန်ကို ပိုမို ထိရောက်အောင် ထမ်းဆောင်သွားနိုင်မှာဖြစ်သည်ဟု အဖွဲ့နှင့်တိုင်ပင်ကာ စဉ်းစားသုံးသပ် ဆောင်ရွက်ထားခဲ့ကြောင်း၊ သို့ရာတွင် ၁၄/၁၀–၂၀၀၄ ရက်နေ့ နံနက်ပိုင်း၌ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထောက်လှမ်းရေးဌာနချုပ်ရှိ ဌာနကြီးမှူးများဖြစ်သည့် ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com





ယခုအခါ ပန်းချီပြခန်း ဖွင့်လှစ်နေသော ဗိုလ်ချုပ်ကြီးခင်ညွန့် (ငြိမ်း)

မှူးချုပ်များနှင့် ဗိုလ်မှူးကြီးတစ်ဦးတို့ကို ခေါ်၍ အစည်းအဝေးပြုလုပ်ပြီး ညွှန်ကြားချက်ပေးသည်ဟု သိရှိရကြောင်း၊ အစည်းအဝေးတွင် ဗိုလ်ချုပ်ကြီး ခင်ညွန့်က “မင်းတို့အချင်းချင်း မညီညွတ်၍ ယခုလိုဖြစ်ရတာ”ဟု ပြောကြောင်း (၎င်းစကားသည် ၁၀၅ မိုင် နမ့်ဖက်ကာကိစ္စနှင့် ပတ်သက်၍ ဖြစ်မည်ဟု မိမိတို့ခန့်မှန်းရကြောင်း) ထို့နောက် တိုင်းမှူး တပ်မမှူးများ၏ နောက်ကြောင်းများ လိုက်ရန်၊ ၎င်းတို့နှင့် ပတ်သက်သည့် သတင်းများ စုံစမ်းပြီး သတင်းတည်ဆောက်ထားရန်၊ ပြီးပါက ဆက်စပ်သည့်ကိစ္စများကို အစိုးရ အဖွဲ့ (Cabinet) အစည်းအဝေးတွင် ပြောမည်ဟု ပြောကြောင်း၊ ထိုသို့ ဖြစ်လာမှုများသည် နောက်ဆုံး၌ တပ်မတော် ပြိုကွဲမှု အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့်အပြင် နိုင်ငံတော်အတွက်ပါ လွန်စွာ အန္တရာယ်ကြီးသည့် အခြေအနေ သို့ ဦးတည်လျက် ရှိနေသဖြင့် ၁၉–၁၀–၂၀၀၄ ရက်နေ့၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တာဝန်မှအနားပေးလိုက်ခြင်း ဖြစ် ကြောင်း။

ယနေ့ ရှင်းလင်းပွဲကို တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များသည် အမြင်ကျယ်သော အတွေ့အကြုံရင့်ကျက်သော ပြည်တွင်းပြည်ပအသိအမြင်၊ အတွေ့အကြုံရှိသော ဓနအင်အားရှိသောပုဂ္ဂိုလ်များဖြစ်သည့် အတွက် နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်တို့

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ရှင်းလင်း သိမြင်ခြင်းအားဖြင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားနှင့် ပုဂ္ဂလိက အကျိုးစီးပွားတို့ကို ယှဉ်တွဲဖြစ်ထွန်းစေရအောင် မှန်ကန်မျှတစွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုသည့် သဘောထား ခံယူချက်ဖြင့် ယခုကဲ့သို့ ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း။

ထိုသို့ ရှင်းပြရခြင်းအပေါ် မိမိတို့အနေဖြင့် ဝမ်းမြောက်ဝမ်းသာမရှိသည့်အပြင် မလုပ် မဖြစ် လုပ်ရသည့်သဘော အနေအထားဖြစ်ပါကြောင်း၊ ကိုယ့်ကြမ္မာ ကိုယ်ငင်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အလွန် အန္တရာယ်ကြီးသည့်ကိစ္စဖြစ်ပါကြောင်း၊ မည်မျှအတိုင်းအတာအထိ အန္တရာယ်ကြီးသည်ကို ပြောရန် အချိန်ကျရောက်ပါက၊ ပြောသင့်ပါက မိမိ ထပ်မံ၍ ပြောပြမှာဖြစ်ကြောင်း၊

မိမိတို့ ထုတ်ပြန်ထားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် (၂/၂၀၀၄)၊ ဗိုလ်ချုပ်ကြီးခင်ညွန့်အား တာဝန်မှ ရပ်စဲခြင်း (၃/၂၀၀၄)၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းကို နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်း။ (၄/၂၀၀၄) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်ကို အတွင်းရေးမှူး (၁) ခန့်အပ်ခြင်း၊ အမိန့်များ ထုတ်ပြန်ခဲ့ရာ အားလုံးအသိဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ကို သင့်မြတ်သည့်သူကို ရွေးချယ်တာဝန်ပေးတာဖြစ်ကြောင်း။ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် "ဖွံ့ဖြိုးရေးကောင်စီက တာဝန်ပေးတာဖြစ်ကြောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ ဗျူဟာမှူး၊ တပ်မမှူး၊ တိုင်းမှူး အဆင့်ဆင့်ဖြင့် တပ်ပိုင်းဆိုင်ရာ အတွေ့အကြုံများ တိုင်းမှူးတာဝန်ဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးအပါအဝင် အတွေ့အကြုံပေါင်းများစွာကို ဖြတ်သန်းခဲ့သူဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ရောက်သည့်အခါတွင်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း

www.burmeseclassic.com

www.burmeseclassic.com





လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်
ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တို့ တွေ့ဆုံခဲ့စဉ်က

ရေးမှူး (၁) အတွေ့အကြုံများ ရှိသည်ဖြစ်၍ ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းကို အသင့်တော်ဆုံးဟု ဆုံးဖြတ်ပြီး ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ရန် တာဝန်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ တပ် သဘာဝအရ အမြဲတမ်း(Training) ပေးထားသည့်အတွက် မည်သူမျှ မရှိသည့်အတွက် အလုပ်မဖြစ်ဆိုသည့် ကိစ္စမျိုး၊ လုပ်ငန်းများ ပျက်သွားမည်ဆိုသည့် ကိစ္စမျိုး မိမိတို့တပ်တွင် မရှိကြောင်း၊ ဆင့်ကဲဆင့်ကဲတာဝန်ယူသည့်နေရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ကို ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန် ပေးခန့်အပ်သည်နှင့်အညီ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအနေဖြင့်လည်း နိုင်ငံအကျိုးနှင့် ပြည်သူများအကျိုးကို နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပါသည်။

(၂၀၀၄ ခုနှစ်၊ အောက်တိုဘာ (၂၄) ရက်နေ့ ရန်ကုန်မြို့၊ ကမ်းမြင်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ရှင်းလင်းပြောကြားချက်)

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် လက်ဦးမှု အရယူကာ ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဖယ်ရှား၍ ၎င်း၏နေရာတွင် သူ ယုံကြည်စိတ်ချရသော ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အစားထိုး ခန့်အပ်လိုက်လေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)
## အာဏာရှင်လက်ထက် လက်ဝါးကြီးအုပ်ထားသော စီးပွားရေးလုပ်ငန်းများ

ဆယ်စုနှစ်များစွာ အုပ်စိုးခဲ့သော စစ်အာဏာရှင်စနစ်ကြောင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအားလုံးနီးပါးကို စစ်တပ်နှင့် လက်ဝေခံခရိုနီကြီးများက လွှမ်းမိုး လက်ဝါးကြီးအုပ်ထားသည်။ ယနေ့တိုင် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ အားလုံးကို စီးပွားရေးလုပ်ငန်းကြီး ၂ ခုက လက်ဝါးကြီးအုပ်ထားသည်။ ယင်းတို့မှာ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် (UMEHL)နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)တို့ဖြစ်သည်။ ၎င်းလုပ်ငန်းကြီး ၂ ခုမှာ မြန်မာ့စီးပွားရေးကဏ္ဍ အားလုံးနီးပါးကို ချုပ်ကိုင်ထားသောကြောင့် ခရိုနီကြီးများပိုင် ကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများသည် မြန်မာနိုင်ငံ၌ စီးပွားရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်ရန်အတွက် စစ်တပ်နှင့် စစ်တပ်ပိုင် မြန်မာ့စီးပွားရေးဦးပိုင် လီမိတက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း လုပ်ငန်းကြီးနှစ်ခုနှင့် အတူတကွ ပူးတွဲလုပ်ကိုင်နေရသည်။

မြန်မာ့စီးပွားရေးဦးပိုင် ကုမ္ပဏီလီမိတက် (Union of Myanmar Economic Holdings Limited)ကို (နဝတ) အစိုးရ အမိန့်ကြော်ငြာစာ အမှတ် ၇/၉၀ ဖြင့် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် တည်ထောင်ခဲ့သည်။ ထို့နောက် ၁၉၉၀ ပြည့်နှစ် ဧပြီ ၂၇ ရက်နေ့ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ မှတ်ပုံတင်ခဲ့သည်။ မှတ်ပုံတင်အမှတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



(၂၈/၉၀–၉၁) ဖြစ်ပြီး ကနဦး မတည်ငွေမှာ ကျပ် ၁၀ ဘီလျံ(အမေရိကန်ဒေါ်လာ ၁ဒသမ ၄ ဘီလျံ) ရှိသည်။ ပုဂ္ဂလိကပိုင် လွှဲပြောင်းသည့် ကာလနှင့် ယခင်ဆိုရှယ်စီးပွားရေး အမိန့်ပေး စီးပွားရေးစနစ်မှ အသွင်ပြောင်းသည့် အချိန်တွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း အများအပြားကို ဦးပိုင်ကုမ္ပဏီထံသို့ လွှဲပြောင်းပေးခဲ့သည်။ စီးပွားရေး ဦးပိုင် ကုမ္ပဏီကို ထူထောင်ရသည့် ရည်ရွယ်ချက်မှာ လက်ရှိနှင့် အငြိမ်းစား တပ်မတော်ဝန်ထမ်းများ၊ ၎င်းတို့၏ မိသားစုဝင်များ၏ အစုရှယ်ယာများ ထည့်ဝင်ငွေများဖြင့် ထည့်ဝင်၍ အမြတ်ကို ခွဲဝေရန် ဖြစ်သည်။ ၄၀ ရာခိုင်နှုန်းသော အစုရှယ်လာကို ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ တပ်မတော် စစ်လက်နက် ဝယ်ယူစုဆောင်းရေး ညွှန်ကြားရေးမှူး ဦးစီးဌာနမှပိုင်၍ အဆင့် (က) ရှယ်ယာဟု လူသိများသည်။ ၆၀ ရာခိုင်နှုန်းကိုမူ တပ်မတော်ဝန်ထမ်းများ၊ တပ်တွင်း သမဝါယမများ၊ စစ်ပြန် စစ်မှုထမ်းဟောင်းများနှင့် စစ်ပြန် စစ်မှုထမ်းအသင်းများက ပိုင်ဆိုင်ကြပြီး အဆင့်(ခ)ရှယ်ယာဟု ခေါ်ဆိုကြသည်။


မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်ကုမ္ပဏီလီမိတက်သည် လုပ်ငန်းမျိုးစုံ လုပ်ကိုင်ဆောင်ရွက်နေပြီး၊ ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အဆောက်အဦးဆောက်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ဘိလပ်မြေစက်ရုံ၊ အထည်ချုပ်စက်ရုံ၊ ပလပ်စတစ် စက်ရုံ၊ ဆီအုန်းခြံ စိုက်ပျိုးခင်း၊ ကုန်တိုက်ကြီးများ၊ သတ္တုလုပ်ငန်း စသည်တို့ဖြင့် ကဏ္ဍများစွာ ပါဝင်သည်။ ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင် ကုမ္ပဏီလီမိတက်တွင် လက်ခွဲ ၃၀ ကျော်ခန့် ရှိနေသည်။ ထင်ရှားသည့် လက်ခွဲကုမ္ပဏီများမှာ

(၁) ဗန္ဓုလ သယ်ယူပို့ဆောင်ရေး (ပါရမီဘတ်စ်ကားများ)
(၂) မြဝတီကုန်သွယ်ရေး
(၃) ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းကုမ္ပဏီ
(၄) မြဝတီ ဘဏ်
(၅) မြဝတီ ခရီးသွားလုပ်ငန်း
(၆) မြဝတီ စီးပွားရေးလုပ်ငန်း အင်တာပရိုက်စ် အုပ်စု
(၇) ပျဉ်းမပင် စက်မှုဇုန် (အထည်ချုပ်လုပ်ငန်း)

www.burmeseclassic.com

www.burmeseclassic.com





ပုဂံလေကြောင်းလိုင်းနှင့် ထူးကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇ။

(၈) ကျောက်စိမ်းတွင်းများ (ကချင်ပြည်နယ်အတွင်း)

(၉) ပတ္တမြားနှင့် နီလာမိုင်းတွင်း (ရှမ်းပြည်နယ်အတွင်း)

စသည်တို့ဖြစ်သည်။

ထို့အပြင် အခြားကုမ္ပဏီ (၂၂) ခုနှင့် ဖက်စပ်လုပ်ငန်းများလည်း လုပ်ကိုင်နေသေးသည်။ ၎င်းဖက်စပ် ကုမ္ပဏီများတွင် ဦးတေဇပိုင်သည့် ထူးထရိတ်ဒင်း ကုမ္ပဏီ၊ ဦးကျော်ဝင်း ပိုင်သည့် ရွှေသံလွင် ကုမ္ပဏီ၊ ဦးထွန်းမြင့်နိုင်နှင့် မြန်မာဘီယာလီမိတက်တို့ ပိုင်ဆိုင်သည့် အေးရှားဝေါလ် ကုမ္ပဏီတို့လည်း ပါဝင်သည်။ ထို့အပြင် ၎င်းဦးပိုင်လုပ်ငန်းကြီးသည် မှူးယစ်ရာဇာများနှင့် မြိုးမြိုးမြက်မြက် အမြတ်ထွက်စေသည့် မိတ်ဖက်လုပ်ငန်းများလည်း ရှိနေသည်။ မြန်မာ့တပ်မတော်နှင့် ချိတ်ဆက်နေသည့် အတွက်ကြောင့် ဦးပိုင်သည် အထူးဦးစားပေး ကန်ထရိုက်လုပ်ငန်းများ လည်း ရရှိတတ်ပြီး နိုင်ငံခြားနှင့် ချိတ်ဆက် ဖက်စပ်လုပ်ကိုင်ရေတွင် လည်း လက်ဦးမှု ရရှိကြသည်။ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ (FDIs)သည် ဦးပိုင်မှတဆင့် ဖက်စပ်ဆောင်ရွက်ကြရသည်။ လက်ပံတောင်း ကြေးနီစီမံကိန်းသည် ထင်ရှားသည့် သာဓကတစ်ခုပင်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း)နှင့် ဒုဗိုလ်ချုပ်မှူးကြီး မောင်အေးတို့မှာ ယနေ့တိုင် ဦးပိုင်ကုမ္ပဏီ၏ အကြံပေးဘုတ်အဖွဲ့ဝင်များဖြစ်ကြသည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ မှတ်တမ်းများအရ ဦးပိုင်ကုမ္ပဏီလီမိတက်၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (CEC)များမှာ

| | | | |
|---|---|---|---|
| ၁။ | ဥက္ကဋ္ဌ | – | ဗိုလ်ချုပ်ခင်ဇော်ဦး |
| ၂။ | ဒု–ဥက္ကဋ္ဌ | – | ဗိုလ်ချုပ်လှအောင်သိန်း |
| ၃။ | မန်နေဂျင်းဒါရိုက်တာ | – | ဗိုလ်ချုပ်ဝင်းသန်း |
| ၄။ | မန်နေဂျင်းဒါရိုက်တာ | – | ဗိုလ်ချုပ်ဇာနည်ဝင်း |
| ၅။ | ဒုမန်နေဂျင်း ဒါရိုက်တာ | – | ဗိုလ်မှူးကြီးမြင့်အောင် |
| ၆။ | ဒုမန်နေဂျင်း ဒါရိုက်တာ | – | ဒု–ဗိုလ်မှူးကြီးသန်းထွန်း |
| ၇။ | ဒုမန်နေဂျင်းဒါရိုက်တာ | – | ဗိုလ်မှူးကြီး ဝင်းကြည် |
| ၈။ | CEC (ဥပဒေအကြံပေး) | – | ဦးသက်အောင် |
| ၉။ | CEC | – | ဗိုလ်မှူးကြီး စိန်ဂျော့ |
| ၁၀။ | CEC | – | ဗိုလ်မှူးချုပ် စိုးငွေး |
| ၁၁။ | CEC | – | ဒုဗိုလ်မှူးကြီး ကျော်ဇေယျ |
| ၁၂။ | CEC | – | ဗိုလ်မှူးမောင်မောင်မြမိုး |
| ၁၃။ | CEC | – | ဗိုလ်မှူးကြီးသောင်းဝင်း |


တို့ဖြစ်ကြသည်။

မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (Myanmar Economic Corporation)ကို ၁၉၉၇ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက် (UMEHL)နှင့် အပြိုင်ထူထောင်ခဲ့သည်။ အကြောင်းမှာ စစ်တပ်အရာရှိ အချို့က ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အပြည့်အဝ ပံ့ပိုးမှု မပေးနိုင်ဟု ယူဆကြသောကြောင့် ဖြစ်သည်။ ၎င်းကို မြန်မာ့တပ်မတော် စစ်ထောက်ချုပ်ရုံးက တာဝန်ခံလည်ပတ်ပြီး၊ လက်ရှိတာဝန် ထမ်းဆောင်နေသူ တပ်မတော် ဝန်ထမ်းများ၏ ပုဂ္ဂလိက အစုရှယ်ယာငွေများ

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း။

ဖြင့် လည်ပတ်နေသည်။ ၎င်းသည် (UMEHL) ကဲ့သို့ပင် လုပ်ငန်းအစုကြီး ကွန်ဂလိုမာရိတ်ဖြစ်ပြီး၊ မြန်မာ့တပ်မတော်ကပင် ဦးဆောင်လုပ်ကိုင်နေသည်။ သို့သော်လည်း တပ်မတော်နှင့် ၎င်း၏ဝန်ထမ်းများအတွက် ပို၍ အကျိုးဆောင်ပေးရန် ပို၍ စိတ်ထက်သန်ပုံရသည်။

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ စာရင်းအရ (MEC) ကို ဦးဆောင်နေကြသူများမှာ–

| | | | |
|---|---|---|---|
| ၁။ | ဥက္ကဋ္ဌ | – | ဗိုလ်ချုပ်ထင်အောင်ကျော် |
| ၂။ | မန်နေဂျင်းဒါရိုက်တာ | – | ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ဗိုလ်မှူးချုပ် သူရမြင့်သိန်း |
| ၃။ | ဥပဒေအကြံပေး | – | ဗိုလ်မှူးကြီးစိုးတင့်နှင့် ဒေါ်အေးအေးကြည် |
| ၄။ | ဒုအင်ဂျင်နီယာချုပ် | – | ဒုဗိုလ်မှူးကြီးထွန်းထွန်းဦး |
| ၅။ | စီမံခန့်ခွဲရေးဌာန | – | ဒုဗိုလ်မှူးကြီးသန်းထွန်း |
| ၆။ | ကုန်သွယ်ရေးဌာန | – | ဗိုလ်မှူးမျိုးဦးတို့ ဖြစ်သည်။ |

MECသည် စီးပွားရေးကုမ္ပဏီ (၂၇) ခုကို လုပ်ကိုင်ဆောင်ရွက်နေပြီး ၎င်းတို့တွင် သံမဏိစက်ရုံမှ ၅ ခု၊ ဘဏ် တစ်ခု၊ ဘိလပ်မြေ စက်ရုံ (၁)ခု၊ ဆန်စက်များ ပါဝင်ပြီး ဦးပိုင်ကုမ္ပဏီလီမိတက်ကဲ့သို့ပင် ထဲ့အတွာပေါင်းစုံတွင် ဆောင်ရွက်နေသည်။ ၎င်းတို့အနေဖြင့် မိမိအပြည့်အဝ ပိုင်

www.burmeseclassic.com



နှင့် ဖက်စပ်လုပ်ငန်း ကုမ္ပဏီ ၁၀၁ ခုကို လုပ်ကိုင်နေပြီ ခရိုနီ နီးစပ်သူများ ပိုင်သည့် ကုမ္ပဏီများ၊ ဒေဝူးအင်တာနေရှင်နယ်၊ အီတာလျံ–ထိုင်း ကော်ပိုရေးရှင်း၊ ကာဝါဆာကီ Plant sustem L.td စသည်ကဲ့သို့သော နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများလည်းပူးတွဲ လုပ်ကိုင်နေကြသည်။

MEC မှ အပြည့်အဝပိုင်သော ကုမ္ပဏီများမှာ–

၁။ အင်းဝဘဏ်

၂။ သံမဏိစက်ရုံများ

၃။ သန့်လျင် ရေနံချက်စက်ရုံ

၄။ သကြားစက်ရုံများ

၅။ ဆောက်လုပ်ရေးကုမ္ပဏီများ

၆။ ဆန်စက်

၇။ နို့ထွက်ပစ္စည်းစက်ရုံ

၈။ သတ္တုတွင်း ကုမ္ပဏီများ

၉။ သတ္တုထုတ်လုပ်ရေးနှင့် ကုန်သွယ်ရေးကုမ္ပဏီ

၁၀။ ဟိုတယ်များ စသည်တို့ဖြစ်သည်။

ယခုအခါ စစ်တပ်လွှမ်းမိုးချုပ်ကိုင်ထားသည့် ဈေးကွက်ကို စစ်တပ်ခေါင်းဆောင်များ အလွှမ်းသင့်သော ပုဂ္ဂိုလ်ရေး ရင်းနှီးမှုအပေါ်အခြေခံ၍ စီးပွားရေးအခွင့်အလမ်းများစွာ ရရှိခဲ့သော ခရိုနီ စီးပွားရေးလုပ်ငန်းရှင်များ မြောက်မြားစွာ ပေါ်ပေါက်လာခဲ့သည်။ ယင်းတို့သည် အပြန်အလှန်အားဖြင့် သူတို့စီးပွားရေးလုပ်ငန်းများကို လည်ပတ်စီမံရန် စီးပွားရေးအရည်အချင်းမရှိကြသည့် စစ်ဗိုလ်များကို နည်းပညာဖြင့် ကူညီကြရသည်။

ယခုအခါ စစ်တပ်နှင့် အချိုးပူးပေါင်း၍ စီးပွားဖြစ်နေသော ခရိုနီစီးပွားရေးလုပ်ငန်းရှင်ကြီးများမှာ

၁။ ဦးတေဇ (ထူးထရိတ်ဒင်း ကုမ္ပဏီ)

၂။ ဦးထွန်းမြင့်နိုင် (ခေါ်) စတီဗင်လော (အေးရှားဝေါလ်)

၃။ ဦးဇော်ဇော် (မက်စ်မြန်မာကုမ္ပဏီ)

၄။ ဦးပြည့်အောင်နှင့် ဦးနေအောင် (အောင်ပြည့်ဖြိုးကုမ္ပဏီလီမိတက်နှင့် GE)

www.burmeseclassic.com

www.burmeseclassic.com





လက်ရှိနိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်

၅။ ဦးအောင်သက်မန်း (ဧရာရွှေဝါ ကုမ္ပဏီ)
၆။ မိုက်ကယ်မိုးမြင့် (မြင့်နှင့်အပေါင်းအပါများ အုပ်စု)
၇။ နေဝင်းထွန်း (Ruby Dragon Jade and Gems Co.L.td.)
၈။ ဦးခင်ရွှေ (ဇေကမ္ဘာ ကုမ္ပဏီနှင့် မြရိပ်ညိုပိုက်ဆံအုပ်စု)

www.burmeseclassic.com

www.burmeseclassic.com



၉။ ဦးဌေးမြင့် (ယုဇနကုမ္ပဏီ)
၁၀။ ဦးအိုက်ထွန်း (အိုလံပစ်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)
၁၁။ ဦးချစ်ခိုင် (ဧဒင်အုပ်စု)
၁၂။ ဦးအောင်ကိုဝင်း (ကမ္ဘောဇဘဏ်)
၁၃။ ဆာ့ချ်ပန်း (ခေါ်) ဦးသိန်းဝင်း [Serge Pun and Associates (Myanmar) Ltd.]
၁၄။ ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ)
၁၅။ ဦးဝင်းအောင် (ဒဂုံအင်တာနေရှင်နယ်လီမိတက်)
၁၆။ ဦးအောင်မြတ် (မားသားထရိတ်ဒင်းကုမ္ပဏီ)
၁၇။ ဦးတင်ဝင်း (တင်ဝင်းထွန်း ကုမ္ပဏီ)
၁၈။ ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ)

ယင်းကုမ္ပဏီကြီးများသည် မိမိကြွယ်ဝချမ်းသာရေးကိုသာ အဓိက ဦးတည်၍ မည်သူသေသေ ငတေမာလျှင် ပြီးရော စိတ်ထားဖြင့် ပြည်သူလူထု တရားဝင် ပိုင်ဆိုင်သော ဘိုးဘွားခြံမြေများ၊ နေအိမ်များ၊ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်စားသောက်နေသော လယ်ယာတို့ကို အကြောင်းအမျိုးမျိုးပြကာ မတရားသိမ်းဆည်း ခံရမှုကြောင့် လူထုတစ်ရပ်လုံး သည် မြေမဲ့၊ ယာမဲ့၊ အိုးမဲ့၊ အိမ်မဲ့ ဘဝသို့ကျရောက်ခဲ့ကြရသည်။ ၎င်းတို့၏ နစ်နာချက်များကို သက်ဆိုင်ရာ အာဏာပိုင်များထံ အထောက်အထား အပြည့်အစုံဖြင့် ပြသ တိုင်တန်းခဲ့သော်လည်း အစိုးရနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ပြည်သူလူထုရင်ဆိုင်နေရသော အဓိက ပြဿနာများကို မဖြေရှင်းပေးသည့်အပြင် အဂတိလိုက်စား၍ ၎င်းတို့၏ လက်ဝေခံရိုးနီများဘက်မှ အကာအကွယ် ပေးနေသောကြောင့် ပြည်သူလူထု၏ မကျေနပ်မှုများ မြင့်တက်လာပြီး အကြောင်းအရာမျိုးစုံနှင့် ဆန္ဒပြမှုများ မြန်မာနိုင်ငံအနှံ့ နေရာအနှံ့၌ ဆက်တိုက်ဖြစ်ပွားနေပေ သည်။

ယခုအခါ သမ္မတ ဦးသိန်းစိန် အစိုးရ သက်တမ်း ၃ နှစ်အတွင်း ဘိုးဘွားပိုင် အိုးအိမ်ခြေမြေနှင့် လယ်ယာမြေ သိမ်းဆည်းသည့် ပြဿနာများ မြန်မာနိုင်ငံအနှံ့တွင် ဖြစ်ပွားနေရာ အဆိုပါ ပြဿနာ ဖြေရှင်းရန် လွှတ်တော်မှ ကော်မတီတစ်ရပ် ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့သော်လည်း သမ္မတ

www.burmeseclassic.com

www.burmeseclassic.com





ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်

ဦးသိန်းစိန်အနေဖြင့် ထိုကိစ္စအား ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပေ။ အထူးသဖြင့် စီးပွားရေးတွင် ခရိုနီချယ်လှယ်မှုအား မတွန်းလှန်နိုင်သေးခြင်း၊ သမ္မတအနားတွင်ရှိသော စီးပွားရေး၊ နိုင်ငံရေး အကြံပေးပုဂ္ဂိုလ်များကလည်း ကိုယ်ကျိုးစီးပွားအတွက်သာ အဓိက လုပ်ဆောင်နေသောကြောင့် ပြည်သူလူထု၏ နစ်နာချက်များသည် လျစ်လျူရှု ခံနေရပေသည်။

၂၀၁၁ ဇူလိုင်လမှ ၂၀၁၃ ဇန်နဝါရီ ၂၄ ရက်နေ့အထိ လယ်ယာမြေနှင့် အခြားခြံမြေများ သိမ်းခံရမှုကြောင့် တိုင်ကြားမှု ၅၆၅ ဆောင်တွင်

www.burmeseclassic.com

www.burmeseclassic.com



ယခင်စစ်အစိုးရမှ စ၍ ယနေ့တိုင် စစ်တပ်က မြေဧက ၂၄၇၀၇၇ ကို အတင်းအကျပ်နှင့် တရားမဝင် သိမ်းဆည်းခဲ့သည်ဟု သိရသည်။

ထို့ကြောင့် သမ္မတ ဦးသိန်းစိန်အစိုးရသည် အပြောနှင့်လက်တွေ့ တခြားစီဖြစ်နေသောကြောင့် အကျိုးဆက်အနေဖြင့် ခရိုနီစီးပွားရေးလုပ်ငန်းရှင် လက်တစ်ဆုပ်စာသာ သုံးမကုန် ဖြုန်းမကုန် ချမ်းသာသွားသော်လည်း လူထုတစ်ရပ်လုံးသည် ဆင်းရဲသထက်ဆင်းရဲကာ စားရမဲ့ သောက်ရမဲ့ ဘဝသို့ ကျရောက်သွားခဲ့ရပေသည်။

မြန်မာနိုင်ငံသည် သယံဇာတ ပေါကြွယ်ဝပြီး မြေခံ ရေခံကောင်းမွန်သောနိုင်ငံဖြစ်သော်လည်း သန်း ၆၀ ကျော်သော လူထုတစ်ရပ်လုံးက ဆင်းရဲမွဲတေ၍ အာရှတိုက်၏ အဆင်းရဲဆုံးနိုင်ငံ စာရင်း၌ ပါရှိနေသည်။

မြန်မာနိုင်ငံရှိ လူဦးရေသန်း ၆၀ ခန့်အနက် ၃၇ သန်းခန့်မှာ အလုပ်လုပ်ကိုင်နိုင်သူများ ဖြစ်သော်လည်း မိမိနိုင်ငံတွင်း၌ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှု၊ လုပ်ခလစာနည်းပါးမှု၊ အဂတိလိုက်စားမှု၊ အခွန်အတုပ်အမျိုးမျိုးကောက်ခံနေမှု၊ အထွေထွေ စားသောက်ကုန်ကြီးမြင့်မှုနှင့် လူနေမှုစရိတ် ကြီးမြင့်မှုတို့ကြောင့် မြန်မာနိုင်ငံရှိ လူဦးရေ ၇ ရာခိုင်နှုန်းသည် ပြည်ပနိုင်ငံများသို့ ခေတ်သစ်ကျွန်အဖြစ် ပြောင်းရွှေ့လုပ်ကိုင် နေကြရပေသည်။ ပြည်ပနိုင်ငံများ၌လည်း ဘဝလုံခြုံမှုမှအစ လုပ်ခလစာ ခေါင်းပုံဖြတ်ခံနေပေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)
## နေပြည်တော်တည်ဆောက်

မြန်မာသမိုင်းတွင် သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်းခေတ်၊ အင်းဝခေတ်၊ ဟံသာဝတီခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေး ခေတ်၊ ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ် မဆလခေတ်စသည့်ခေတ် အသီးသီးတွင် အုပ်စိုးခဲ့သောဘုရင်များ၊ မင်းများ၊ အကြီးအကဲများသည် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သော သရေခေတ္တရာ၊ ပုဂံ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ဟံသာဝတီ (ပဲခူး)၊ ရွှေဘို၊ အမရပူရ၊ မန္တလေး၊ ရန်ကုန်တို့တွင် မင်းနေပြည်တော် မြို့ကြီး တည်ဆောက်၍ စိုးစံခဲ့ကြသည်၊

ကုန်းဘောင်ခေတ်၌ ဦးအောင်ဇေယျ ခေါ် အလောင်းမင်းတရားသည် ရတနာသိင်္ဃမြို့၊ ဒီပဲယင်းမင်းက စစ်ကိုင်းမြို့၊ မြေဒူးမင်းက ရတနာပူရ အင်းဝမြို့၊ ဗဒုံမင်းက အမရပူရမြို့ စစ်ကိုင်းဖလ်နန်းရှင်က ရတနာပူရ (ဒုတိယ)မြို့၊ သာယာဝတီမင်းက အမရပူရ (ဒုတိယ)မြို့၊ မင်းတုန်းမင်းက ရတနာပုံမြို့တို့ကို တည်ဆောက်ခဲ့သည်။

ထိုသို့ တည်ဆောက်ရာတွင် မြတ်စွာဘုရား ထားရှိတော်မူခဲ့သော ဗျာဒိတ်တော်အရ "ဇမ္ဗူဒိတ်၊ နိမိတ်ထွန်း၊ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၊ သြဘာနိမိတ်ထွန်း"ဟု ယုံကြည်၍ မြို့တော်သစ်များကို တည်ဆောက် ခဲ့သလို အခြား အကြောင်းအရင်းများဖြစ်သည့် ဗေဒင်လိပ်နီးခန်းအရ၊ လုံခြုံ

www.burmeseclassic.com

www.burmeseclassic.com



ရေးအရ၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးအရ၊ မြို့သစ်နေပြည်တော်သစ်များ တည်ဆောက်ခြင်း၊ ပြောင်းရွှေ့ခြင်းများကို ပြုလုပ်သည်ကို သမိုင်းတွင် အထင်အရှားတွေ့မြင်ရပေသည်။

ထိုသို့ နေပြည်တော်သစ် တည်ခြင်း၊ ပြောင်းရွှေ့ခြင်းလုပ်ရာ၌ ဖော်ပြပါ ဗျာဒိတ်၊ သိုက်၊ အတိတ်နိမိတ်၊ တဘောင်အိပ်မက်၊ စနည်းဘဝေါ စသည်တို့နှင့် အမြဲဆက်စပ်လျက်ရှိသည်ကို တွေ့ရသည်။ ထို့ပြင် ဗေဒင်၊ ယတြာ၊ အင်း၊ အိုင်၊ ခတ့် လက်ဖွဲ့ ဂါထာ မန္တန်များကိုပါ အသုံးချကြသည်။ ကာယသိဒ္ဓိ ခေါ် ဓားပြီး၊ လုံပြီး၊ တူမီးသေနတ်ပြီးခြင်း၊ ကိုယ်ခံဖြစ်သည့် လက်သိုင်း၊ ဓားသိုင်း၊ တုတ်သိုင်း၊ ကြိုးသိုင်း စသည့် အတတ်ပညာများကို အသုံးချခြင်း၊ လာဘ်လာဘ ရွှင်လန်းရန်၊ အရောင်းအဝယ်ကောင်းရန်၊ လူချစ်လူခင်များရန်၊ အပြောအဆိုကောင်းရန်၊ ဉာဏ်ပညာထက်မြက်ရန် ပီယဆေးများကိုလည်း ထိုးကြသည်။ ရတနာဒီပံ ဖယောင်းတိုင်လည်း ထွန်းကြသည်။ ကိုယ်ကာယပေါ်တွင် ပီယဆေးထိုးကြသည်။ အမျိုးသမီးများကလည်း ပီယဆေး ထိုးကြသည်။

အိမ်ဆောက် နန်းတည် မြို့ရွာရပ်ကွက်များ တည်ဆောက်ရာတွင် အင်းများ မြှုပ်နှံကြသည်။ ထိုသို့ မြှုပ်နှံခြင်းဖြင့် ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သူရဲ၊ ကဝေ၊ စုန်း၊ သဘက်၊ ဘီလူး၊ မှင်စာ အခြားခြားသော မမြင်နိုင်သည့် ဘေးအန္တရာယ်များ၏ ရန်ကို ကာကွယ်တားဆီး ပေးနိုင်သည်ဟု ယုံကြည်ကြသည်။


ယင်းသို့ မင်းနေပြည်တော်တည်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ပျက်စီးခြင်းသည် ဗျာဒိတ်၊ သိုက်၊ အတိတ်၊ နိမိတ်၊ တဘောင်၊ အိပ်မက်၊ စနည်းဘဝေါများနှင့် ဆက်စပ်နေကြောင်း မြန်မာရာဇဝင် အသီးသီး၌ ပါရှိရာ၊ ယခု နအဖခေတ်၌ နေပြည်တော်ကို ပျဉ်းမနားမြို့၌တည်ခဲ့သည့် အကြောင်းမှာလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေအတွက် လုံခြုံရေး၊ ဗေဒင်ကိန်းခန်း၊ မိမိ၏ဘုန်းတော် အာနုဘော်ကြီးမားစေရန်နှင့် မိမိအာဏာတည်တံ့ရေး အတွက် ဖြစ်ကြောင်း သိသာလှပေသည်။

နအဖ စစ်အစိုးရသည် ပျဉ်းမနားမြို့၌ နေပြည်တော်သစ်ကို ၂၀၀၁ ခုနှစ်မှစ၍ လျှို့ဝှက်တည်ဆောက်ခဲ့သည့် အဆိုပါ စီမံကိန်း၏ ကန်ထရိုက်

www.burmeseclassic.com

www.burmeseclassic.com





ပြည်ထောင်စုလွှတ်တော်မြင်ကွင်း

များအဖြစ် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏သားဖြစ်သူ အောင်သက်မန်းပိုင် ရောရွှေဝါ ကုမ္ပဏီအပြင် အေးရှားဝေါလ်၊ ထူး၊ ယုဇန၊ တက်လမ်း၊ တက်ခမ်၊ ACE၊ ဒဂုံအင်တာနေရှင်နယ်၊ မက်စ်မြန်မာ၊ ဒမ်းကိုး စသည့် ကုမ္ပဏီများ ပါဝင်ခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံပိုင် ကုမ္ပဏီများလည်း ပါဝင်ခဲ့သည်၊

ထို့နောက် ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့ အစိုးရဝန်ကြီးများ၊ ရန်ကုန်ရုံးစိုက်ရာမှ နေပြည်တော်သို့ ပထမဆုံးပြောင်းရွှေ့ခဲ့သည်။ ၂၀၀၅ ဒီဇင်ဘာလ ၅ ရက်နေ့တွင် နေပြည်တော်၊ ပျဉ်းမနားတွင် တော်ဝင် သယ်ယူပို့ဆောင်ရေး ယာဉ်လိုင်း စတင်ပြေးဆွဲ၍ ၂၀၀၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်၏ မြို့တော်ဝန်အဖြစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ခန့်အပ်ခဲ့သည်။

၂၀၀၆ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် (၆၁) ကြိမ်မြောက် တပ်မတော်နေ့ကို ပထမဆုံးအကြိမ်အဖြစ် နေပြည်တော် စစ်ရေးပြ ကွင်း၌ တောင်ကျင်းပခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ် မတ်လ ၃၀ ရက်နေ့မှာပင် ပျဉ်းမနားလယ်ဝေး၊ တပ်ကုန်း မြို့နယ်များပေါင်း၍ ပျဉ်းမနားခရိုင်ဖွဲ့စည်းပြီး နေပြည်တော်ကို မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုမြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာ စာ အမှတ် ၃၄/၂၀၁၀ ဖြင့် ပြည်ထောင်စုနယ်မြေ ဖြစ်သည့် နေပြည်တော်တွင် ခရိုင်နှင့်မြို့နယ်များ သတ်မှတ်၍ ယင်းသတ်မှတ်ချက်အရ နေပြည်တော်ခရိုင် ပေါ်ပေါက်လာပြီး၊ ၎င်းခရိုင်တွင် (၁)ဇေယျာသီရိ မြို့နယ်၊ (၂) ဇမ္ဗူသီရိမြို့နယ်၊ (၃) ဒက္ခိဏ သီရိမြို့နယ်၊ (၄) ဥတ္တရသီရိ မြို့နယ်၊ (၅)ပုဗ္ဗသီရိမြို့နယ်၊ (၆) ပျဉ်းမနားမြို့နယ်၊ (၇) လယ်ဝေးမြို့နယ်၊ (၈) တပ်ကုန်း မြို့နယ်ဟူ၍ မြို့နယ် ၈ ခုဖြင့်ဖွဲ့စည်းခဲ့သည်။

## အာဏာလွှဲပြောင်းပေးခြင်း

နအဖ ဥက္ကဋ္ဌနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် ယခင်ပုံစံအတိုင်း ဆက်လက် အုပ်ချုပ်ရန် မဖြစ်နိုင်တော့သည့်အတွက် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ ဖိအားပေးမှုကြောင့် နအဖ ကြေညာချက်၁/၂၀၀၈ ဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမှုဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်သွားမည်ဟု ကြေညာခဲ့လေသည်။

ထို့နောက် နှစ်ပေါင်း ၁၄ နှစ်ကြာ ရေးဆွဲနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြန်ဆုံး ရေးဆွဲကာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ အတာအယောင် ကို ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် မုန်တိုင်းဒဏ်ခံရသည့် (၄၇)မြို့နယ်မှအပ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပခဲ့သည်။ ဧရာဝတီတိုင်းအတွင်း ကျန်ရှိသည့် မြို့နယ် (၈)မြို့နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် (၄၀) တွင် မေလ ၂၄ ရက်နေ့တွင် ထပ်မံ ကျင်းပခဲ့သည်။

ထို့နောက် မေ ၂၆ ရက်နေ့တွင် မြန်မာပြည်တစ်ဝန်းလုံးတွင် ကျင်းပသည့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေမူ ကြမ်းကို

www.burmeseclassic.com

www.burmeseclassic.com



အတည်ပြုပေး ထောက်ခံသည့်ရာခိုင်နှုန်းမှာ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ရှိကြောင်းကြေညာ၍ မေလ ၂၉ ရက်တွင် နအဖ ၇/၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အတည်ပြုကြောင်း ပြဋ္ဌာန်းလိုက်လေသည်။

ယင်းနောက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်၊ တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် အသီးသီးအတွက် ပြည်ထောင်စု မြန်မာနိုင်ငံ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပခဲ့လေသည်။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်မှ ၁၇ ရက်နေ့အထိ ရွေးကောက်ပွဲကော်ရှင်က အနိုင်ရရှိသော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ထုတ်ပြန်ခဲ့သည်။

ထို့နောက် ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် နအဖ ကြေညာချက် ၅/၂၀၁၁ ဖြင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအား ၂၀၁၁ ခုနှစ်၊ မတ် ၃၀ ၌ လွှတ်တော်တွင် ကတိသစ္စာပြုပြီးနောက် နအဖ အစိုးရက ကျင့်သုံးလျက် ရှိသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာ ၃ ရပ်ကို လွှဲပြောင်းပေးလိုက်ကြောင်း ကြေညာ၍ နအဖကို ဖျက်သိမ်းရန် ကြေညာခဲ့လေသည်။

ထိုနေ့မှာပင် ပြည်ထောင်စု လွှတ်တော်နာယက၏ ရှေ့မှောက်၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဦးသိန်းစိန်၊ ဒုတိယ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူဖြစ်သည့် သီဟသူရ ဦးတင်အောင်မြင့်ဦး (နောင်တွင် ရေတပ်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဉာဏ်ထွန်းဖြင့် ပြောင်းလဲ) နှင့် ဒေါက်တာစိုင်းမောက်ခမ်း တို့ ကတိသစ္စာပြုခဲ့ကြသည်။

တစ်ဖန် ထိုနေ့မှာပင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း ကြေညာခဲ့သည်။

အမျိုးသားကာကွယ်ရေး ကောင်စီနှင့် လုံခြုံရေးကောင်စီ၌ အောက်ပါပုဂ္ဂိုလ် ပါဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ နိုင်ငံတော်သမ္မတ – ဦးသိန်းစိန်
၂။ ဒုတိယသမ္မတ – သီဟသူရ ဦးတင်အောင်မြင့်ဦး (ယခု ဦးဉာဏ်ထွန်း)
၃။ ဒုတိယသမ္မတ – ဒေါက်တာစိုင်းမောက်ခမ်း (ခ) မောင်အုန်း
၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ – သူရဦးရွှေမန်း
၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ – ဦးခင်အောင်မြင့်
၆။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် – ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် (နောင် ဗိုလ်ချုပ်မှူးကြီး)
၇။ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် – ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (နောင်–ဒုတိယဗိုလ်ချုပ်မှူးကြီး)
၈။ ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး – ဗိုလ်ချုပ်လှမင်း (နောင် ဒုတိယ ဗိုလ်ချုပ်ကြီး)
၉။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး – ဦးဝဏ္ဏမောင်လွင်
၁၀။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီး – ဒုတိယဗိုလ်ချုပ်ကြီးကိုကို
၁၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး – ဗိုလ်ချုပ်သိန်းဌေး (နောင်–ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး)

တို့ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေ၏ လူယုံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၁၉၄၅ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသ ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် အဘ ဦးမောင်ဖြိုး၊ အမိ ဒေါ်ခင်ညွန့်တို့မှ ဖွားမြင်ခဲ့သူ ဖြစ်သည်။ အခြေခံပညာကို ပုသိမ်ခရိုင်၊ ငပုတောမြို့နယ် ကျုံကူးရွာ၊ မူလတန်းကျောင်း၊ ချောင်းဝရွာ အလယ်တန်းကျောင်းနှင့် ပုသိမ်မြို့၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ပညာသင်ကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စစ်တက္ကသိုလ် အပတ်စဉ် ၉ ၌ တွင် ပညာသင်ကြားခဲ့ရာ ဝိဇ္ဇာဘွဲ့ (စစ်တက္ကသိုလ်) ရရှိခဲ့ပြီး၊ ၁၉၆၇ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ရှမ်း(၁)တွင် ဗိုလ်ကြီး အဆင့်ဖြင့်လည်းကောင်း၊ ၁၉၈၂ အထိ ရမခ၊ ခလရ (၁၀၉)နှင့် ခလရ (၈၉)တို့တွင် ဗိုလ်မှူးအဆင့်ဖြင့်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ဒုတိယ ဗိုလ်မှူးကြီးအဖြစ် ခလရ (၈၉)၊ နတခနှင့် ကက(ကြည်း) တို့တွင် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး၌ ရုံးလုပ်ငန်းအပြင် ဗိုလ်ချုပ်မှူးကြီး၏ အပါးတော်မြဲတာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဦးသိန်းစိန်သည် ဗိုလ်ချုပ်မှူးကြီး၏ မြှောက်စားမှုကြောင့် ၂၀၀၆ မှ စတင်၍ နယကအဖွဲ့ဝင် အဖြစ်လည်းကောင်း၊ အတွင်းရေးမှူး (၂) အဖြစ်လည်းကောင်း၊ အတွင်းရေးမှူး (၁)အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၀၈ တွင် ခေတ္တဝန်ကြီးချုပ်၊ ၂၀၀၈ အောက်တိုဘာလ မှစတင်၍ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့ရသည်။

၁၉၈၈ တွင် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်ကို ရရှိခဲ့သည်။ ၂၀၁၀ တွင် ကြံ့ဖွံ့ပါတီ၏ ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ကာ ၂၀၁၀ ရွေးကောက်ပွဲတွင် ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်တွင် နိုင်ငံတော်သမ္မတဖြစ်လာခဲ့သူ ဖြစ်သည်။ ဗိုလ်ချုပ်သိန်းစိန်သည် လမ်းပြမြေပုံ (၇) ချက်ရေးဆွဲပြီး အမျိုးသားညီလာခံ ကျင်းပချိန်၌ ညီလာခံဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခံရသည်။ သူသည် သဘောထား တင်းမာပြီး မောက်မာလှသည့် လက်ရှိ ထိပ်တန်းစစ်ခေါင်းဆောင်များအကြား၌ သဘောထားပျော့လွန်းသူ၊ ကြိုးဆွဲရာကမည့် ရုပ်သေးရုပ်တစ်ရုပ်အဖြစ် မှတ်ချက်ပေးခြင်း ခံရသည်။

သို့ကလို ရုပ်ပြကောင်း၍ ဇန်းဖုံးလှသောကြောင့် ဒီပဲယင်း လူသတ်သမား ဗိုလ်ချုပ်ကြီးစိုးဝင်း သေဆုံးသွားသောအခါ နိုင်ငံတကာ ဖိအားများကို ရင်ဆိုင်နိုင်ရန်အတွက် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းစိန်သည် ဗိုလ်ချုပ်မှူးကြီး၏စကား မည်မျှနားထောင်သနည်းဆိုသော် ဝီကီလိခ်စ် ဖော်ထုတ်ဖွင့်ချခဲ့သော သံတမန်ပေါက်ကြားစာများအရ ၂၀၀၇ ခုနှစ် ရွှေဝါရောင် သံဃာ့အရေးအခင်းအပြီး အာဆီယံအစည်းအဝေး၌ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုယ်စားမစ္စတာ ဂန်ဘာရီအား မြန်မာ့အရေးနှင့် ပတ်သက်၍ စကားပြောဆိုရန် အာဆီယံခေါင်းဆောင်များက ခွင့်ပေးခဲ့လျှင် အစည်းအဝေးခန်းမှ သပိတ်မှောက်ထွက်ဖို့ဖြစ်သည်။ ထို့ပြင် အမေရိကန်နိုင်ငံက ပြုလုပ်ထားသော ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှု လျှော့ပါးရန် နိုင်ငံတကာကို လှည့်ဖျားရန် မှာကြားခဲ့သည်။ မှာကြားထားသည့်အတိုင်း ဦးသိန်းစိန်ကလည်း ဒဏ်ခတ်ပိတ်ဆို့ အရေးယူထားမှုကို လျှော့ပါးစေရန် လက်တစ်လုံးခြား လှည့်ဖျားနိုင်ခဲ့သည်။

ထို့ကြောင့်လည်း စင်ကာပူနိုင်ငံမှ အလွန်လှပသော သစ်ခွပန်းအမည်ကို ဦးသိန်းစိန်အား ဂုဏ်ပြုသည့်အနေဖြင့် 'ဒမ်ဒရိုဗီယမ်သိန်းစိန်'ဟု မှည့်ခေါ်ခဲ့သည်။ သူသည် အာဆီယံအဖွဲ့၌ အောင်မြင်စွာ စည်းရုံးနိုင်ခဲ့သူဖြစ်ပြီး နဝတ၊ နအဖ စစ်အစိုးရအဖွဲ့ဝင် ဗိုလ်ချုပ်များအနက် အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံး ခြေချနိုင်ခဲ့သူလည်း ဖြစ်သည်။

ထို့ပြင် သမ္မတ ဦးသိန်းစိန်သည် ထိပ်တန်းစစ်ဗိုလ်ချုပ်များ အနက်အဂတိ လိုက်စားမှုအနည်းဆုံးဟု ဆိုကြသည်။ သူ့သားသမီးများကလည်း ဗိုလ်ချုပ်ကြီးဟောင်း ဦးရွှေမန်း၊ သီဟသူရ ဦးတင်အောင်မြင့်ဦးတို့ သားသမီးများလို စီးပွားရေးကိစ္စ၌ နာမည်ပျက် မရှိချေ။ ယင်းကြောင့် သူ့ဇနီး ဒေါ်ခင်ခင်ဝင်း၏ လက်သုံးစကားမှာ "အန်တီတို့က ပိုက်ဆံ ရှိတာ မဟုတ်ဘူး၊ အစိုးရပေးတဲ့ အိမ်မှာ နေရတာ"ဟု ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံ၏ သမ္မတ ဦးသိန်းစိန်၏ ပြည်ထောင်စုအစိုးရအဖွဲ့၌ ဝန်ကြီးဌာနပေါင်း (၄၀)ခုရှိ၍ ဝန်ကြီး၊ ဒုဝန်ကြီးအပါအဝင် ဝန်ကြီးပေါင်း ၉၆ ဦးရှိသည်။ သမ္မတ၊ ဒုတိယသမ္မတ (၂) နှင့်ဆိုလျှင် အစိုးရအဖွဲ့ဝင်ပေါင်း ၉၉ ဦးရှိသည်။

ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာ့လူဦးရေအများဆုံးရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံပင်လျှင် ဝန်ကြီးဌာန (၂၆)ခုနှင့် ဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



၂၆ ဦးသာ ရှိသည်။ ထိုနည်းတူစွာ အမေရိကန်ပြည်ထောင်စုတွင် ဝန်ကြီးဌာန (၁၇) ခုနှင့် ဝန်ကြီးအရေအတွက် (၂၀)ဦးသာ ရှိသလို ဗြိတိန်နိုင်ငံ၌ ဝန်ကြီးဌာန ၂၀၊ ဝန်ကြီးပေါင်း (၄၇)သာသာ ရှိ၍ ကမ္ဘာ့ဒုတိယလူဦးရေအများဆုံးနှင့် ဖွံ့ဖြိုးပြီးအိန္ဒိယနိုင်ငံသည်ပင် ဝန်ကြီးဌာန (၃၁) ခုနှင့် ဝန်ကြီးအရေအတွက် (၃၁)ဦးသာ ရှိသည်။

မြန်မာနိုင်ငံကဲ့သို့ စီးပွားရေးချွတ်ခြုံကျ၍ အရှေ့တောင်အာရှတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး အောက်ဆုံးအဆင့်သို့ ရောက်ရှိနေသော မြန်မာနိုင်ငံ၌ အစိုးရအဖွဲ့ဝင်ပေါင်း ၉၉ ဦး ရှိနေသောကြောင့် ကမ္ဘာပေါ်တွင် ဝန်ကြီး အရေအတွက် အဖောင်းပွဆုံးနိုင်ငံ ဖြစ်နေသည်မှာ အမြင်မတော် ဆင်တော်နှင့် ခလောက်ဆိုသလို ဖြစ်နေပေသည်။

လက်ရှိ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးလိုလို ဆင်းရဲကျပ်တည်းနေသည့်အချိန်၌ အစိုးရအဖွဲ့ဝင်များ၏ မြင့်မားသည့် လစာများကို ခံစားနေခြင်းသည် တိုင်းပြည်ဘဏ္ဍာကို အကျိုးမဲ့ ဖြုန်းတီးရာလည်း ရောက်ပေသည်။

လက်ရှိအစိုးရအဖွဲ့၌ သမ္မတတစ်ဦး၊ ဒုတိယသမ္မတ နှစ်ဦး၊ ပြည်ထောင်စုဝန်ကြီး ၄၀ ဦး၊ ဒုတိယဝန်ကြီး ၅၆ ဦး ရှိသည်။ ယင်းအရေအတွက်သည် ပြည်နယ်/နှင့် တိုင်း ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် အခြားပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များကိုပါ ထည့်ပါက ဝန်ကြီးအဆင့် ဦးရေ ၅၅ ဦး ခန့်ရှိသည်။

လက်ရှိ ပြည်ထောင်စု အစိုးရအဖွဲ့ဝင်များ၏ တစ်လအတွက် ကုန်ကျငွေမှာ–

(က)သမ္မတ = ၅၀ x ၁
= သိန်း ၅၀

(ခ) ဒုတိယသမ္မတများ = ၄၀ x ၁
သိန်း ၈၀

(ဂ) ဝန်ကြီးအဆင့် = ၃၀ x ၄၀
သိန်း ၁၂၀၀

www.burmeseclassic.com

www.burmeseclassic.com



(ဃ) ဒုတိယဝန်ကြီး = ၂၀ x ၅၆
= သိန်း ၁၁၂၀

စုစုပေါင်း တစ်လအတွက် ကုန်ကျငွေပေါင်း ၂၄၅၀ သိန်း ရှိသည်။ အဆိုပါ ကုန်ကျငွေသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများ အစိုးရအဖွဲ့ဝင်များ၊ အခြားဝန်ကြီးအဆင့် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၀၀၀ နီးပါး၏ ကုန်ကျငွေ မပါသေးပေ။ ယင်းတို့ပါ ထည့်တွက်ပါက လစဉ် ကုန်ကျငွေ သိန်း ၃၅၀၀ အထက်၌ ရှိပေမည်။

ဤသို့ နိုင်ငံတော်၏ ဘဏ္ဍာငွေများထဲမှ လစဉ် ပုံမှန် အစိုးရအဖွဲ့ဝင်များသည် မြင့်မားသည့် လစာနှင့် အခြားအခွင့်အရေးပေါင်းစုံ ခံစားနေကြသော်လည်း သန်း ၆၀ နီးပါးရှိ ပြည်သူလူထု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု အစရှိသည်တို့ကို တိုးတက်အောင် ဘာတစ်ခုမျှ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိဘဲ စံစားနေကြသည်မှာ စိတ်သန့်ပါ၏လားဟု အစိုးရ အဖွဲ့ဝင်တိုင်း မိမိကိုယ်ကို ပြန်မေး သင့်ပေသည်။

ယခုအခါ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ကောက်ခံမည်ဟု ဦးသိန်းစိန် အစိုးရအဖွဲ့၏ တင်ပြမှုကို ၂၀၁၄ မတ်လ ၁၉ ရက်က ပြည်ထောင်စု လွှတ်တော်တွင် အတည်ပြုခဲ့သည်။

အစိုးရက လက်ရှိ ကောက်ခံနေသော လျှပ်စစ်ဓာတ်အားနှုန်းထားများဖြစ်သော အိမ်သုံး တစ်ယူနစ်လျှင် ၃၅ ကျပ်၊ စက်မှုသုံး တစ်ယူနစ်လျှင် ၇၅ ကျပ်၊ အစိုးရသုံး တစ်ယူနစ်လျှင် ၃၅ ကျပ်၊ နိုင်ငံခြားငွေဖြင့် တစ်ယူနစ်လျှင် U.S.D ၀ ဒသမ ၁၂ ဖြင့် ကောက်ခံနေမှုအားဧပြီ ၁ ရက်နေ့မှစ၍သတ်မှတ်ထားသည့် ပြင်ဆင်ထားသည့် နှုန်းထားများအတိုင်း တိုးကောက်ရန်အတည်ပြုခဲ့သည်။

ထိုသို့ အစိုးရက တိုးမြှင့်ကောက်ခံသည့် လျှပ်စစ်ဓာတ်အားခအတွက် ပြည်ထောင်စုလွှတ်တော်၏အတည်ပြုဆုံးဖြတ်ချက်ကို မဲခွဲဆုံးဖြတ်ရာတွင် N.L.D အပါအဝင် အတိုက်အခံပါတီများမှ ကိုယ်စားလှယ် ၁၈ ဦးသာ မတ်တတ်ရပ် ကန့်ကွက်ခဲ့ကြရာ ကန့်ကွက်သူနည်းသဖြင့် လွှတ်တော်က အတည်ပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဖြင့် ထုတ်လုပ်မှုမှာ ၈၀ ရာခိုင်နှုန်း ရှိကြောင်း အရင်းမှာ ၁၅ ကျပ်ခန့်သာရှိကြောင်း၊ အိမ်တစ်ယူနစ်လျှင် ၃၅၊ စက်မှုသုံး တစ်ယူနစ်လျှင် ၇၅ ကျပ်နှင့် ရောင်းချနေသောကြောင့် မည်သည့်အတွက်မှ အရှုံးမပေါ်နိုင်ကြောင်း၊ နိုင်ငံတော်မှ အရှုံးခံထုတ်လုပ်နေရခြင်းဟုဆိုကာ သုံးစွဲခတိုးမြှင့် ကောက်ခံနေခြင်းသည် ပြည်သူများရေရှည်တွင် အကျိုးရှိစေရန် ဆိုသည်ထက် လျှပ်စစ်ကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်မည့် ကုမ္ပဏီများအား အကာအကွယ် ပေးခြင်းသာ ဖြစ်သည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဓာတ်အားသုံးစွဲခမှာ များပြားနေသဖြင့် ကုန်ထုတ်လုပ်မှုတွင် ယှဉ်ပြိုင်နိုင်စွမ်းလည်း ရှိမည် မဟုတ်ပေ။

နိုင်ငံတော်၏ သယံဇာတကို ပြည်သူများကိုယ်တိုင် မသုံးစွဲရဘဲ စစ်အစိုးရတစ်ဖြစ်လဲ လက်ရှိ အစိုးရသည် မိမိတို့ကိုယ်ကျိုးအတွက် အခြေခံကာ ပြင်ပသို့ ထုတ်လုပ် ရောင်းစားနေသည့်အတွက် ပြည်သူလူထုသည် ဝန်ထုပ်ဝန်ပိုး တစ်ခုအနေဖြင့် ခံစားနေရသည်။ အစိုးရသည် မီတာခကိုသာ တိုးမြှင့် ကောက်ခံနေသော်လည်း လျှပ်စစ်မီး မှန်မှန်လာမှု အပေါ်တွင်တော့ တာဝန်ယူမှု၊ တာဝန်ခံမှုလည်း မရှိချေ။ တိုးမြှင့်ကောက်ခံသော နှုန်းထားအရ လုပ်ငန်းရှင်ကြီးများအား အစိုးရက သက်သာစေရန် စက်မှုသုံးယူနစ် ၃ သိန်းနှင့်အထက် ဆိုလျှင် ၁၀၀ ကျပ် နှုန်းထားသာ သတ်မှတ်ထားပေးသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား အများအပြား သုံးစွဲရသော နိုင်ငံပိုင် စက်ရုံအလုပ်ရုံများကို အစိုးရနှင့် နီးစပ်သော လုပ်ငန်းရှင်ကြီး ခရိုနီကြီးများ၊ နယ်ပယ်စုံ လုပ်ကိုင်နေသော ခရိုနီကုမ္ပဏီအုပ်စုကြီးများ ကသာ အများစု ရယူလုပ်ကိုင်နေသည်။

ထို့အတွက် ယခုအတည်ပြုလိုက်သော နှုန်းထားများအရ ဆိုလျှင် အရင်းအနှီး အခြေခံ အဆောက်အအုံ နည်းပညာလုံလောက်မှု မရှိဘဲ ကိုယ်စွမ်းကိုယ်စနှင့် ရုန်းကန်ရပ်တည်နေရသော အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများသာ ပိုမိုထိခိုက်မည်ဖြစ်ပြီး ယင်း အသေးစား အလတ်စား စက်မှုလုပ်ငန်းမှ ထွက်ရှိသော စားသောက်ကုန်များ အပါအဝင် လူသုံးကုန်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို မှီဝဲသုံးဆောင်နေသော အောက်ခြေပြည်သူလူထုသည်သာ ကုန်ဈေးနှုန်းကြီးမြင့်ဒဏ်ကို ပိုမို ခံစားရမည် ဖြစ်လေသည်။

လက်ရှိအစိုးရသည် အစစ်အမှန် ဒီမိုကရေစီကို ပြောင်းလဲနေသည် ဆိုပါက ပြည်သူ့ဆန္ဒကို အလေးထားဖို့ လိုသလို ပြည်သူလူထုကိုလည်း စောင့်ရှောက်ရန် တာဝန်ရှိပေသည်။

သမ္မတ ဦးသိန်းစိန်သည် တက်ခါစ၌ စာနယ်ဇင်းများကို စတုတ္ထမဏ္ဍိုင်အဖြစ် လုပ်ဆောင်စေရမည်ဟူ၍ ကတိပြု ပြောကြားခဲ့သော်လည်း ၂၀၁၄ မတ် ၁၉ ရက်က သမ္မတဦးသိန်းစိန် လက်မှတ်ရေး၍ ပြဋ္ဌာန်းလိုက်သော သတင်း မီဒီယာဥပဒေနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှစ်ရပ်သည် စာနယ်ဇင်းသမားများကို အခြားသော မျှော့ကြိုးဥပဒေများဖြင့် အရေးယူနိုင်သည့် အခြေအနေ ရှိနေဆဲပင်ဖြစ်လေသည်။

ထို့ပြင် နိုင်ငံတကာ ဂျာနယ်လစ်များ ကာကွယ် စောင့်ရှောက်ရေး အဖွဲ့ (C. P. J)၏ အမှုဆောင်ညွှန်ကြားရေးမှူး Joel Simon က ၂၀၁၄ မတ်လ ၁၇ ရက်က သမ္မတထံ မေတ္တာရပ်ခံစာ ပေးပို့ခဲ့သည်။ ပေးစာ၌ မြန်မာနိုင်ငံ၌ စာနယ်ဇင်း လွတ်လပ်ခွင့် တဖြည်းဖြည်း ဆုံးရှုံးလာပြီး ယခင် အစိုးရ လက်ထက် စာနယ်ဇင်းများအပေါ် ဖိနှိပ်မှုများနှင့် ဆင်တူလာသည်ကို ပြသနေကြောင်း၊ သမ္မတကြီး၏ အစိုးရအနေဖြင့် နိုင်ငံခြားသတင်းဌာနများ၏ သတင်း တင်ပြမှုများကိုလည်း လျှော့ချရန် ကြိုးပမ်းချက်အနေဖြင့် နိုင်ငံခြားသတင်းသမားများ၏ ဗီဇာသက်တမ်း လျှော့ချခြင်းနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများသို့ သွားရောက်ခွင့် ပိတ်ပင်ခြင်းကဲ့သို့သော လုပ်ရပ်များကို လုပ်ဆောင်နေကြောင်း၊ ထို့ကြောင့် လက်ရှိပြဋ္ဌာန်းရန် သမ္မတကြီး၏ အတည်ပြုချက် စောင့်စားနေသော မီဒီယာဥပဒေကို စွန့်ပယ်ရန်နှင့် သတင်းသမားများကို နှောင့်ယှက်သော၊ ခြိမ်းခြောက်သော၊ ထောင်ဒဏ် ချမှတ်နိုင်သော အခြား ဥပဒေများကို ဖျက်သိမ်းရန်နှင့် အကြောင်းပြန်ချက်ကို စောင့်ဆိုင်းနေကြောင်း ရေးသားပေးပို့ခဲ့သည်။

သို့သော် C.P.J၏ တောင်းဆိုထားသော ပယ်ချရန် တိုက်တွန်းခဲ့သော အချက်များကို လျစ်လျူရှု၍ မတ်လ ၁၉ ရက်နေ့တွင် သမ္မတ

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းစိန်သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ပြဋ္ဌာန်းလိုက်သည်။

ထို့ပြင်ဂျာနယ်လစ်များနှင့် ဂျာနယ်လစ်အဖွဲ့အစည်းများ ကန့်ကွက်နေသည့်ကြားမှ ပြည်သူ့ထိခိုက်စေမည့် အများပြည်သူ့ဝန်ဆောင်မှု မီဒီယာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းထားသည်။

လက်ရှိမြန်မာနိုင်ငံတွင် ပြည်သူလူထု ၃၅ ရာခိုင်နှုန်းကျော်သည် စံမမီသည့် အိမ်ရာများ၊ ကျူးကျော်အိမ်ရာများ၌ နေထိုင်နေခဲ့ကြသည်။ လက်ရှိသမ္မတ ဦးသိန်းစိန် အစိုးရနှင့် ပေါင်းစားနေသော ခရိုနီကြီးများ၏ လောဘဇောတိုက်မှုကြောင့် ပြည်သူလူထုသည် ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင် စားသောက်နေထိုင်ခဲ့သော မိမိပိုင် လယ်ယာများ မတရားသိမ်းပိုက်အနိုင်ကျင့်ခံရပြီး အိုးမဲ့၊ အိမ်မဲ့၊ လယ်မဲ့၊ ယာမဲ့ ပေါများလာကာ ဒုက္ခဆင်းရဲကျရောက်ခဲ့ရသည်။ ကျူးကျော်နေသည်ဟုဆိုကာ ဖြိုချ၊ ထိုးလှဲခံရမှုကြောင့် ဘဝပျက်သူလည်း မနည်းလှပေ။ မကြာခင် ရက်ပိုင်းအတွင်း ၂၀၁၄ မတ်လ ၁၇ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင် မြို့နယ် အုံတုံပင်ကျေးရွာရှိ ထန်းတက်တောင်သူများကို ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင် စားသောက်နေသော ယင်းတို့ထမင်းအိုးဖြစ်သည့် ထန်းပင်များကို သက်ဆိုင်ရာ အာဏာပိုင်များက မတရားသိမ်းပိုက်၍ ထန်းပင်များကို ထိုးလှဲခံရမှုကြောင့် လုပ်ကိုင်စားသောက်စရာ မရှိတော့ဘဲ မုံရွာ–ပုသိမ် လမ်းမကြီးနံဘေး၌ တောင်းရမ်း စားသောက်မှု စတင်ပြုလုပ်ခဲ့ကြသည်။ ယခုအခါ မြန်မာနိုင်ငံသည် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူနေ သည့် အချိန်အခါလည်းဖြစ်ရာ နိုင်ငံတကာ မျက်နှာစာ၌ အရှက်ရစရာဖြစ်သလို တိုင်းပြည်၏ ဂုဏ်သိက္ခာလည်း နစ်ပြားမတန် ကျဆင်းခဲ့ရတော့သည်။

ယခင်စစ်အစိုးရလက်ထက်မှ သမ္မတဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း(၃) ခုသို့ ပေးရန် အကြွေးပေါင်း အမေရိကန် ဒေါ်လာ သန်းပေါင်း ၉၅၉၃ ဒသမ ၈၉၄ ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်၏ ပြောကြားချက်ကို ၂၀၁၄ခုနှစ် မတ်လ ၂၁ ရက်ထုတ် ပုဂ္ဂလိက သတင်းစာများတွင် ဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် နိုင်ငံ၏ လိုငွေဖြည့်ဆည်းရန်အတွက် အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက် လက်မှတ်များ ထုတ်ရောင်းချထားမှုမှ ပြည်တွင်းကြွေးမြီ ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ကျပ် ဘီလျံ ၁၀၈၂၄၅ ရှိကြောင်း၊ သမ္မတ ဦးသိန်းစိန်အစိုးရ၏ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မတ်လ ၂၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ ဝန်ခံသွားခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ် ပြည်တွင်းပြည်ပကြွေးမြီကျပ် ဘီလျံ ၂၀၂၂၆ ပေးရန်ရှိကြောင်း သိရသည်။ အဆိုပါပြည်တွင်း ကြွေးမြီ အခြေအနေအရ ပြည်တွင်းကြွေးမြီနှင့် ဂျီဒီပီ အချိုးမှာ ၂၁ ဒသမ ၁ ရာခိုင်နှုန်းရှိ၍ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၁၅ ဒသမ ၉ ရာခိုင်နှုန်းရှိရာ ပြည်တွင်းပြည်ပ ကြွေးမြီနှင့် ဂျီဒီပီအချိုးခန့်မှန်းခြေ ၃၇ ရာခိုင်နှုန်း ရှိပေသည်။

ဤသို့ ကြွေးမြီများ ခေါင်ခိုက်နေသော်လည်း ပညာရေးအသုံးစရိတ်သည် ၂၀၁၃-၂-၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၉၀၈ ဘီလျံသာရှိ၍ ကျန်းမာရေးအတွက် ၂၀၁၃-၂၀၁၄ တွင် ကျပ် ၄၀၀ ကျော် ဘီလျံသာရှိသည်။

ထို့ပြင် ပြည်သူလူထု အစိုးရအပေါ် မကျေနပ်ချက်များ နှိပ်ကွပ်ရန်အတွက် အဓိကရုဏ်းနှိမ်နင်းရေး ယာဉ်များအပါအဝင် အဓိကရုဏ်း နှိမ်နင်းစီမံကိန်းများအတွက် ပြည်ပမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၅၃၃ ဒသမ ၆၉၂ သန်းနှင့် ပြည်ပမှ အကူအညီရငွေ အမေရိကန်ဒေါ်လာ ၂၁၈ ဒသမ ၉၈၇ သန်း ရယူသုံးစွဲနေကြောင်း သိရှိရသည်။

သမ္မတဦးသိန်းစိန် လက်ထက်၌ ခွင့်ပြုထားသော ပုဂ္ဂလိကဘဏ် ၂၂ ဘဏ် ရှိသည့်အနက် ၁၂ ဘဏ်မှာ ထိပ်တန်း အခွန်ဆောင် စာရင်းတွင် ပါဝင်ခြင်း မရှိသလို ဘဏ်၌ မတည်ထားသည့် ငွေများလည်း ငွေဖြူ ဖြစ် မဖြစ် ပွင့်လင်းမြင်သာမှု မရှိချေ။

မည်သို့ဆိုစေ ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေသည် လက်ရှိအခြေအနေ၌ ကိုယ်ယောင်ဖျောက်၍ မြန်မာနိုင်ငံရေး ကန့်လန့်ကာနောက်ကွယ်သို့ ရောက်သွားသော်လည်း လက်ရှိအစိုးရ၏ ယန္တရားကို ချုပ်ကိုင်ထားဆဲ ပင် ဖြစ်သည်။ သို့သော် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်က

www.burmeseclassic.com

www.burmeseclassic.com



ရောဝတီ သတင်းဌာနနှင့် ကြံ့ဖွံ့ပါတီ ဒုဥက္ကဋ္ဌ ဦးဌေးဦးနှင့် သီးသန့်တွေ့ဆုံစဉ် အငြိမ်းစား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်ရှိအခြေအနေ နိုင်ငံရေးကို စိတ်ဝင်စားဆဲဖြစ်၍ လက်ရှိနိုင်ငံရေးကို မျက်ကွယ်ပြုမထားသော်လည်း နောက်ကွယ်မှ ကြိုးကိုင်နေခြင်း မရှိဟု ဆိုသည်။

လက်ရှိ ဒီမိုကရေစီအပြောင်းအလဲတစ်ခုလုံးသည် ဗိုလ်ချုပ် မှူးကြီးသန်းရွှေ စနစ်တကျ စီစဉ်ဆောင်ရွက်ခဲ့သောကြောင့် ၂၀၁၅ ခုနှစ်၊ အထွေထွေ ရွေးကောက်ပွဲ၌ တရားမျှတမှု အနိုင်ရသူများအား တရားဝင် အာဏာလွှဲပြောင်းပေးမှု၊ ပြည်သူလူထုလိုလားသော လူထုခေါင်းဆောင်အား သမ္မတ တင်မြှောက်ခွင့်အပါအဝင် တည်ငြိမ်အေးချမ်းစွာ ချောချော မွေ့မွေ့ ဖြတ်သန်းနိုင်ဖို့ အခြေအနေအားလုံးသည် ဗိုလ်ချုပ်မှူးကြီး၏ လက်ထဲတွင်သာ ရှိနေပေသည်။

အဘယ်ကြောင့်ဆိုသော် လက်ရှိအစိုးရအဖွဲ့၌နေသော ပုဂ္ဂိုလ်အခြေအနေများ၌ သဘောထား တင်းမာသူ၊ ပျော့ပြောင်းသူအားလုံးကို သူကိုယ်တိုင် စနစ်တကျ ရွေးချယ် နေရာချထားပေးကာ စီမံခန့်ခွဲထားသောကြောင့်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် အလွန်တရာ အကဲဆတ်သော အနေအထားတွင် တည်ရှိနေပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သူယုံကြည်စိတ်ချ၍ သူနှင့် သူ့မိသားစုအား ဘဝအာမခံချက်ပေးမည့်သူကိုသာ သမ္မတအဖြစ်(ဝါ) နိုင်ငံတော်အုပ်ချုပ်ခွင့်အာဏာကို လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သုံးသပ်လိုက်ရပါသည်။

မည်သို့ဆိုစေ ယခုအခါ မြန်မာပြည်သူများ၏ ထောက်ခံမှုနှင့် ချစ်ခင်မှုအများဆုံး ရရှိထားသည့် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၅ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲ၌ တရားမျှတစွာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိပြီး မြန်မာနိုင်ငံ၏သမ္မတဖြစ်လာရေး ပြည်သူတစ်ရပ်လုံးက မျှော်လင့်နေကြသည်။

သို့သော် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည် သမ္မတ ဖြစ်လာရေးအတွက် လက်ရှိဖွဲ့ပုံအခြေခံဥပဒေအခန်း (၃)၌ ပါဝင်သည့် နိုင်ငံတော်အကြီးအကဲကဏ္ဍ၌ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ

www.burmeseclassic.com

www.burmeseclassic.com



၏အရည်အချင်းများကို ကန့်သတ်ထားသော ပုဒ်မ ၅၉ (က) (ခ) (ဂ) (ဃ) (င) (စ) (ဆ)အချက် (၇) ချက်ကို ပြုပြင်ရန်လိုသလို ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရန်အတွက် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ၇၅ ရာခိုင်နှုန်း သဘောတူညီရမည့် ပုဒ်မ ၄၃၆ (က)ကိုလည်း ပြင်ဆင်ပေးရန် လိုပေသည်။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ငြိမ်း)သည် အများပြည်သူ အားလုံး မျှော်လင့် တောင့်တနေသော ဒေါ်အောင်ဆန်းစုကြည်သမ္မတ ဖြစ်ရေးအတွက် အဟန့်အတားဖြစ်နေသော ပုဒ်မများကို ပြင်ဆင်ရန် ဆောင်ကြဉ်းပေးနိုင်ပါက မြန်မာနိုင်ငံရေးသမိုင်းတွင် ဒီမိုကရေစီဖခင်ကြီးအဖြစ် ပြည်သူတစ်ရပ်လုံးက ကမ္ဗည်းထိုးပေးမည်မှာ မလွဲပါကြောင်း ဆန္ဒပြုလိုက်ပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



## သန်းဝင်းလှိုင်

အမည်ရင်း ဦးသန်းဝင်း ဖြစ်သည်။ ၁၉၅၈ ခု၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၌ အမိ ဒေါ်တင်အေး (ကွယ်လွန်)၊ အဖ ဦးစိန်ထွန်း (ဗေဒင်လက္ခဏာဆရာ) (ကွယ်လွန်)တို့မှ ဖွားမြင်သည့် တစ်ဦးတည်းသော သားဖြစ်သည်။

ငယ်စဉ်က စာပေနှင့် ပန်းချီဝါသနာထုံ၍ ကျောင်းနံရံကပ်စာစောင်တို့တွင် ဆောင်းပါးများ ရေးသားကာ ပန်းချီ သရုပ်ဖော်ပုံများ ရေးဆွဲခဲ့သည်။ ကျောင်းပန်းချီပြိုင်ပွဲ၌ ဆုအကြိမ်ကြိမ် ရရှိခဲ့သည်။ ကျောင်းနေစဉ်ကပင် ကျောင်းစာကြည့်တိုက်မှူးအဖြစ် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၁၀ တန်းအောင်မြင်ပြီးနောက် ၁၉၈၀ ပြည့်နှစ်တွင် တပ်မတော် (လေတပ်)သို့ ဝင်ရောက်၍ စစ်မှုထမ်းရွက်ခဲ့သည်။ ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလထုတ် သင့်ဘဝမဂ္ဂဇင်းပါ အနာဂတ်အာကာသ လွန်းပျံ ယာဉ် သိပ္ပံဆောင်းပါးဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၈၂ တွင် တပ်မတော် (လေတပ်)မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော ကျောက်မျက်ရတနာလက်စွဲ စာအုပ်သည် ပထမဆုံး လုံးချင်းစာအုပ်ဖြစ်ပြီး ဆက်လက်၍ နေမဝင်သေးသည့် ဘုရင်များ (ပ၊ ဒု တွဲ)၊ လူတိုင်းအတွက် သုတဗေဒင်၊ ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ၊ ၂၀ ရာစု မြန်မာ့သမိုင်းကို ပြောပြနေသော နေ့ရက်များ၊ အနှစ်ချုပ် မြန်မာ့သမိုင်းအဘိဓာန် (ပ၊ ဒုတွဲ)၊ ၂၀ ရာစု အကျော်ကြားဆုံး အာရှခေါင်းဆောင်များ၊ အသုံးချရူပသျှတ္တရပညာ၊ အကျော်ဇေယျ စာဆိုတော်များ၊ မြန်မာသမိုင်းတွင် မေ့ပျောက်၍မရသော အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဥသြအော်မြည် ကုန်းဘောင်တည်၊ နယ်ချဲ့ဆန့်ကျင်ရေး ငြိမ်းချမ်းရေးဖခင်ကြီး မျိုးချစ်စာဆိုတော်ကြီး သခင် ကိုယ်တော်မှိုင်း၊ နီပေါနန်းကျဘုရင်၊ ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မ၊ ဂျပန်ဧကရာဇ်ဘုရင်၊ ထိုင်းဘုရင်မင်းမြတ်၊ နိုင်ငံ့ဥသျှောင် မင်းဧကရာဇ်များ၊ နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂဠုန်ဦးစော၏ နောက်ဆုံးနေ့များ၊ သူတို့မြင်သော ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါက်တာဘမော်၏ နိုင်ငံရေးဆောင်ရွက်ချက်များ၊ ၁၉ ရာစု မြန်မာ့သမိုင်းကို ပြောပြနေသော နေ့ရက်များ၊ အထင်ကရ မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များ၊ မြန်မာ့ သမိုင်းတစ်ကွေ့မှ နိုင်ငံခြားသားများ၊ အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါ။ လူငယ့်ဂုဏ်ရည် မြင့်တက်စေဖို့၊ ဗိုလ်ချုပ်အောင်ဆန်း ဘွဲ့ကဗျာနှင့် သီချင်းများ၊ တော်လှန်ရေးကောင်စီ ဘာကြောင့် အာဏာသိမ်းပိုက်ခဲ့သလဲ၊ အာဏာရှင်ဗိုလ်နေဝင်း၏ ဓာတ်သိမ်းခန်း လူငယ်နှင့် ခေါင်းဆောင်မှု၊ သခင်ငိုကာသစ်၊ သင်ချေးရောင်းတတ်သလား စသည်တို့ ရေးသားထုတ်ဝေခဲ့သည်။ သို့သော် ဝန်ကြီးချုပ် ဦးနုဘဝနှင့် စာပေမှတ်တမ်း၊ တို့ဖခင် ဗိုလ်ချုပ်အောင်ဆန်း ဘာမှာခဲ့သလဲ၊ ရှန်းထွက်ခဲ့ရသော ဗမာပြည်၊ အနက်ဖော်ရခက်သော နေ့စဉ်သုံး မြန်မာဝေါဟာရအဘိဓာန်၊ ဗိုလ်ချုပ်အောင်ဆန်း၏ဘဝနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံမှတ်တမ်း၊ မြန်မာ့သမိုင်းဝင် စာချုပ်စာတမ်းများ၊ လူငယ်နီတိ၊ နှစ် ၃၀၀ နိုင်ငံရေးအဘိဓာန်၊ သခင်သန်းထွန်း၏ အတိတ် ပစ္စုပ္ပန် အနာဂတ် ပုံရိပ်၊ ရှေးခေတ်မြန်မာ စစ်ပညာ အဘိဓာန်၊ အာဏာရှင်ခေတ် မြန်မာစစ်ဗိုလ်ချုပ်များ၊ ဗိုလ်အောင်ကျော် ဘဝနှင့်သူ့လုပ်ဆောင်ချက်၊ ဦးခင်ညွန့် သို့မဟုတ် ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူ စသည် စာအုပ်များသည် ယနေ့တိုင် မထုတ်ဝေရသေးပေ။

ယခင်က သုတစွယ်စုံ မဂ္ဂဇင်းတွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ၁၉၈၆ မှ ၁၉၉၆ ခုနှစ်အထိ(၁၀)နှစ် တိုင်တိုင် ရေးသားခဲ့သည်။ ထို့ပြင် မြန်မာ့ဈေးကွက် စီးပွားရေးဂျာနယ် နှင့် မြရိပ်ညို ဂျာနယ်တို့တွင် ပထမဆုံး တာဝန်ခံထုတ်ဝေခဲ့ပြီး ယင်းဂျာနယ် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက် ခဲ့သည်။ သန်းဝင်းလှိုင် ကလောင်အမည်အပြင် သိပ္ပံချစ်သူ၊ ရွှေပြည်အောင်၊ စိန်လှိုင်တင်၊ နေရဲစွမ်း၊ ပြည်ဟိန်းအောင်၊ သန်းရွှေနိုင် စသည့် ကလောင်ကွဲများဖြင့် ပိတောက်ပွင့်သစ်၊ မြန်မာသစ်၊ နွယ်နီ၊ စံပယ်ဖြူ ချယ်ရီ၊ မုခ၊ နှလုံးအိမ်၊ ပေဖူးလွှာ မဂ္ဂဇင်းများ၌ ရေးသားခဲ့သည်။ ယခုအခါ မိုးမခ၊ ခေတ်ပြိုင်၊ သစ္စာ၊ မိုးကြိုး၊ ချိုးလင်းဟ၊ အလင်းအိမ် စသည့် အင်တာနက် စာမျက်နှာများ၌ သမိုင်းဆိုင်ရာ ဆောင်းပါးများနှင့် စာပေဆိုင်ရာဆောင်းပါးများ ရေးသားလျက် ရှိသည်။

၂၀၀၀ ပြည့်နှစ်၊ မေလတွင် နအဖစစ်အစိုးရက ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ စာအုပ်ကို အကြောင်းပြု၍ ပုဒ်မ ၁၇/ ၂၀ ဖြင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ရာ အင်းစိန်၊ သာယာဝတီထောင်များ ၌ ရက်ပေါင်း ၂၃၈၇ ရက် (၆ နှစ်နှင့် ၈ လ) တိတိ ကျခံပြီးနောက် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ တွင် သာယာဝတီထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်။ လွတ်မြောက်ခဲ့ပြီးနောက် သမိုင်းဆိုင်ရာစာအုပ် စုစုပေါင်း (၁၅) အုပ် ပိတ်ပင်တားမြစ်ခြင်းခံရပြီး နအဖစစ်အစိုးရ က ၎င်းအား ပြန်လည်ဖမ်းဆီးရန် စီစဉ်နေသည်ကို ကြိုတင်သိရှိခဲ့သဖြင့် ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ခေတ္တ တိမ်းရှောင်လာခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ဒီမိုကရေစီ မိခင်ကြီး ဒေါ်အောင်ဆန်းစုကြည်စာအုပ်ကို ရေးသားထုတ်ဝေ၍ စာပေမြတ်နိုးသူများ အားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဖြင့် ဖြန့်ဝေပေးခဲ့သည်။ ယင်းနောက် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးအတွေးအမြင်များ၊ အကျော်ဒေယျမြန်မာအမျိုးသမီးများ၊ မေ့ပျောက်၍မရသော အာဇာနည်နေ့၊ ဒေါ်အောင်ဆန်းစုကြည်၏ လက်ရွေးစင် မိန့်ခွန်းပေါင်းချုပ်၊ ဥူးဣသရိယ (သို့မဟုတ်) အမှောင်ခွင်း၍ အလင်းဆောင်နေသူ စသည့် စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။ ယခုအခါ တတိယနိုင်ငံ၌ အခြေချနေထိုင်ရန် ပြင်ဆင်လျက်ရှိပြီး **SAW** အထက်တန်းကျောင်း၌ ၇၊ ၈၊ ၉၊ ၁၀ တန်း ကျောင်းသားများကို မြန်မာဘာသာနှင့် သမိုင်းဘာသာရပ်များကို ၂၀၁၀ မှ ၂၀၁၃ ခုနှစ်လိုင်လအထိ ပို့ချခဲ့သည်။ ယခုအခါ သမိုင်းဆိုင်ရာနှင့် စာပေယဉ်ကျေးမှုဆိုင်ရာစာပေများ ပြုစုလျက်ရှိသည်။

ဆက်သွယ်ရန်လိပ်စာ
Ph: (66) 897033128
(ခေတ္တ) ထိုင်းနိုင်ငံ၊ မဲဆောက်မြို့။
Email: jamesparr007@gmail.com

www.burmeseclassic.com